
မင်းလူ

ခုနှစ်စဉ်အလွမ်း

လုံးချင်းဝတ္ထု

မင်းလူ

E-Books

ပုံနှိပ်မှတ်တမ်း

ခုနှစ်စဥ်အလွမ်းမင်းလူ

ဒုတိယအကြိမ်၊ အောက်တိုဘာ၊ ၂၀၁၇ တန်ဖိုး • ****ကျပ်

ထုတ်ဝေသူ • ကံကော်ဝတ်ရည်

E-Book Creator• Whispers of Words

© မင်းလူမူပိုင်ဖြစ်ပါသည် (စာရေးသူခွင့်ပြုချက်မရှိပဲ-ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ သွယ်ဝိုက်အကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများ မပြုလုပ်ရ)

မာတိကာ

About Us
အခန်း [၁]
အခန်း [၂]
အခန်း [၃]
အခန်း [၄]
အခန်း [၅]
အခန်း [၆]
အခန်း [၇]
အခန်း [၈]
အခန်း [၉]
အခန်း [၁၀]
အခန်း [၁၁]
အခန်း [၁၂]
အခန်း [၁၃]
အခန်း [၁၄]
အခန်း [၁၅]
အခန်း [၁၆]
အခန်း [၁၇]
အခန်း [၁၈]
အခန်း [၁၉]
အခန်း [၂၀]
အခန်း [၂၁]
အခန်း [၂၂]
အခန်း [၂၃]
အခန်း [၂၄]
အခန်း [၂၅]
အခန်း [၂၆]
အခန်း [၂၇]
အခန်း [၂၈]
အခန်း [၂၉]
အခန်း [၃၀]
အခန်း [၃၁]

အခန်း [၃၂]

အခန်း [၃၃]

အခန်း [၃၄]

အခန်း [၃၅]

အခန်း [၃၆]

အခန်း [၃၇]

အခန်း [၃၈]

အခန်း [၃၉]

အခန်း [၄၀]

အခန်း [၄၁-ဇာတ်သိမ်း]

About Us

ကျွန်တော်တို့ အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက **E-BOOKS READER** အသုံးပြုသူများနှင့် **DIGITAL DEVICES** တွေမှာ စာဖတ်သူများအတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ **E-BOOKS READER** အသုံးပြုသူများလည်း များပြားလာပြီဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ **E-BOOKS READER** အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန်အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို **DIGITAL** နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ) အသုံးမပြုပါ။

”စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်”

စာပေထုတ်ဝေသူတို့ နှင့် ဆရာ၊ ဆရာမများအနေဖြင့် မြန်မာနိုင်ငံအတွင်းက **E-BOOKS MARKET** အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် အကြံပြုလိုပါသည်။ **E-BOOKS DIGITAL MARKET** ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာရှိနေပါပြီ။ **DIGITAL**

PRODUCT ဖြစ်သည့် အတွက် ဆရာ၊ ဆရာမများအတွက်လည်း ပိုမိုအကျိုးများပါသည်။ ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့်ချိုးဖေါက်နေမှုများကို လည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည်ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ **E-BOOK** ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ်ပြုသင့်တယ်"လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။ စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ်နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံစာပေလောက အတွက် အနာဂတ်ကလေးငယ်များအတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (**E-BOOK** ရှိလျှင်) **E-BOOK** များကို အဓိက ဖတ်ကြပါသည်။ ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။ ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

အခန်း [၁]

သမီး၏ အခန်းထဲသို့ ဝင်လိုက်လျှင် အချိန်ကာလသည် အစီအစဉ် မကျတော့ဘဲ ကမောက်ကမ ဖြစ်သွားရစမြဲပင်။ တကယ်ဆိုတော့ အချိန်.. ဆိုသည့်မှာ တစ်လမ်းသွားစနစ်တစ်ခု ဖြစ်သည်။ သို့ရာတွင် ထိုစနစ်သည် ပျက်ပြယ်၍ မိမိ၏ စိတ်အစဉ်တို့သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသော ဦးတည်ရာ သုံးမျိုးသို့ ကူးချည်သန်းချည် လူးလာဆန်ခတ် ဖြစ်ဖြစ်သွားရလေသည်။

သူသည် သမီးအခန်းကို တစ်ပတ်လျှင် တစ်ကြိမ် ဝင်ရောက်ရှင်းလင်း ပေးလေ့ရှိသည်။ ဒါကို သမီးက သိပ်ကျေကျေနပ်နပ် ရှိလှသည်တော့ မဟုတ်။ သို့ရာတွင် မိခင်တစ်ယောက်အနေဖြင့် သမီး၏ အခန်းထဲသို့ အချိန်မရွေး ဝင်ရောက်ခွင့်ရှိသည်ဟု သူ ထင်သည်။

မိမိမှာ သော့ပိုတစ်ချောင်း ရှိကြောင်း သမီး သိသည်။ သမီး၏ အခန်းထဲသို့ ဝင်ချင်သည့်အချိန် ဝင်လို့ရသည်။ သို့တိုင်အောင် အပြင်သွားလျှင် အခန်းကို သော့ခတ်ထားခဲ့မြဲ ဖြစ်၏။သမီး၏ သီးခြားနေလိုတတ်သော အကျင့် တစ်ခု ဖြစ်သည်။ ထိုအကျင့်ကို မိမိကပင် မွေးမြူပေးခဲ့မိလေသလား မသိ။

သမီး၏ အခန်းဆီသို့ တိုက်ရိုက်သွားလို့ မရ၊ မီးဖိုဆောင်ဘက်မှ ကွေ့ပတ်ပြီး ဝင်ရသည်။ ထို့ကြောင့် သမီး၏ အခန်းသည် အိမ်မှာ တသီးတသန့် ဖြစ်နေသည်။ ဒါကိုပင် သမီးက နှစ်သက်သည် ထင်၏။

အခန်းထဲသို့ ဝင်ခဲ့သည်။ သမီး၏ အခန်းသည် မိန်းကလေး တစ်ယောက်၏ အခန်းနှင့် မတူ။ အတန်ငယ် သပ်သပ်ရပ်ရပ် နေတတ်သော ယောကျ်ားလေး တစ်ယောက်၏ အခန်းနှင့်သာ တူသည်။ မိန်းကလေး တစ်ယောက်အနေနှင့်ဆိုလျှင် ပစ်စလက်ခတ်လည်း မဟုတ်၊ သပ်သပ်ရပ်ရပ်လည်း မဟုတ်ဟု ဆိုရမည်။

ခုတင်နားသို့ ရောက်သွားသည်။ သမီး ခင်းသွားသော အိပ်ရာခင်းမှာ သိပ်ပြန့်ပြန့်ပြူးပြူး မရှိလှ။ သူ့အကြိုက် ဆိုလျှင် အိပ်ရာခင်းသည် တင်းပြီး အတွန့်အလိပ် မရှိမှ။ ထို့ကြောင့် အိပ်ရာခင်း တစ်စကို ခပ်တင်းတင်း ဆွဲပြီး မွေ့ရာအောက်သို့ ခပ်များများ ထိုးထည့်လိုက်သည်။

စောင်ကို ခေါက်ထားသော်လည်း နေရာ အထားအသိုက ကြည့် မကောင်း။ ခုတင်အစွန်းဘက် ရောက်နေသည်။ ထို့ကြောင့် ရွှေ့ပေးလိုက်၏။ ခေါင်းအုံးနားမှာ စာအုပ်တစ်အုပ် ဖွင့်လျက်သား မှောက်ထားသည်။ သမီး ဖတ်လက်စ ဖြစ်လိမ့်မည်။ အစောင်လင်း၏ ပစ်တိုင်းထောင် ဝတ္ထု။ တိုင်းမဂ္ဂဇင်း တစ်စောင်က ခေါင်းအုံးအောက်မှာ တစ်ဝက်လောက် ထွက်နေသည်။

သမီး၏ စာအုပ်များကိုတော့ သူ နေရာ မပြောင်းမရွှေ့။ တစ်ခါတစ်ရံ ကျမှသာ စာအုပ်စင်ပေါ်မှ စာအုပ်များကို ပြန်စီပေးတတ်သည်။ သမီး၏ စားပွဲပေါ်မှာလည်း ကျောင်းစာအုပ်တွေ အထပ်လိုက် အထပ်လိုက်၊ သမီးက သူ့စားပွဲကို ရှင်းလင်းတာ သဘောမကျမှန်း သိ၍ စားပွဲကို မရှင်းတော့။

ခုတင်ခြေရင်းက တန်းပေါ်မှာ ထဘီဟောင်း နှစ်ထည် လွှားထား သည်။ သမီးသည် အဝတ်အစား ခုံမင်တတ်သူတစ်ယောက် မဟုတ်ချေ။

မိမိတို့ အခြေအနေဆိုလျှင် သမီးသည် ပေါ်သမျှ၊ ဆန်းသမျှ ခါးပေါ် တင်နိုင်သည်။ သမီးသာ ဝတ်ချင်သည်ဆိုလျှင် နောက်ဆုံးပေါ် အဝတ်အထည် မှန်သမျှ တစ်လလောက် မထပ်ဘဲ ဝတ်နိုင်အောင် ဝယ်ပေးနိုင်သည်။ ဝယ်လည်း ဝယ်ပေးခဲ့ဖူးသည်။

သမီးက မဝတ်ချေ။ ချည်သား များများပါသော အင်္ကျီ လေးငါးထည်နှင့် ကချင်၊ ယော၊ ရခိုင်ထဘီ လေးငါးထည်လောက်နှင့်ပင် ပြီးသည်။ မချုပ်ရသေးသော အင်္ကျီစတွေ၊ ထဘီတွေက ဗီရိုထဲမှာ တစ်ပုံ တစ်ပင် ရှိနေ၏။

သမီးသည် အိမ်ကို လာလည်လေ့ရှိသော နွမ်းပါးသည့် ဆွေမျိုးသား ချင်းများကို အဝတ်အစားတွေ ပေးပစ်တတ်သည်။ တစ်ခါတစ်ရံ အိမ်မှာ အဝတ်လာလျှော်သော ဆော်လီမားအား ပါတိတ်ထဘီ အသစ်စက်စက်ကို ပေးချင် ပေးတတ်၏။

မှန်တင်ခုံသည် ရှင်းလင်းလွန်းလှသည်။ အလှပြင်ပစ္စည်း ကိရိယာ ဟူ၍ မရှိသလောက်ပင်။ ဘီးနှစ်ချောင်း၊ ဆံပင်ရှင်းသည့် ဘရပ်ရှ်တစ်ခု၊ ကလစ်တို့၊ တွယ်ချိတ်တို့ ထည့်ထားသော ခွက်တစ်ခုနှင့် ကိုယ်လိမ်းပေါင်ဒါ တစ်ဘူးသာ ရှိသည်။ ထို ယာဒလေ ပေါင်ဒါဘူးမှာ မိမိ ဝယ်ပေးထားခြင်း ဖြစ်သည်။ နှစ်နှင့်ချီ၍ ကြာနေပြီ။ အခုထိ မကုန်သေး။ မှန်တင်ခုံဘေးတွင် စားပွဲဝိုင်း ပုပုလေးပေါ် တင်ထားသော ကျောက်ပျဉ်နှင့် သနပ်ခါးတုံး လေးငါးတုံး ရှိသည်။

တကယ်ဆိုတော့ သမီး၏ အခန်းထဲမှာ ရှင်းလင်းစရာဆို၍ များများ စားစား ရှိလှသည် မဟုတ်ချေ။ အိပ်ရာခင်းလေး ဆွဲဆန့်ရုံ၊ စောင်ကလေး နေရာရွှေ့ရုံ၊ ကြမ်းပြင်ကို ဖုန်စုပ်စက်ဖြင့် ...

ကြွက်မွေးတံမြက်စည်းနှင့်ဟိုနား ဒီနား ခါရုံလောက်သာ ဖြစ်သည်။

သူကတော့ ဒီလို လုပ်ပေးရသည်ကိုပင် ကျေနပ်နေသည်။ မိမိနှင့် သမီးတို့၏ ချစ်ခင်မှုသည် ခိုင်ခိုင်မာမာ ရှိနေကြောင်း ပြဆိုသည့် အချက် တစ်ချက် ဖြစ်သည်ဟု ယူဆနိုင်စရာ ရှိသောကြောင့်ပင်။

သမီး၏ အခန်းထဲသို့ ရောက်သည့်အခါတိုင်း မလုပ်ဘဲ မနေနိုင်တာ တစ်ခုရှိသည်။ စားပွဲအံဆွဲကို ဖွင့်ကြည့်မိခြင်းပင် ဖြစ်သည်။ သမီး သိလျှင် ကြိုက်မှာ မဟုတ်မှန်း သိသော်လည်း မကြည့်ဘဲ မနေနိုင်ချေ။

အံဆွဲထဲမှာ ပစ္စည်းများများ မရှိ။ ဖောင်တိန်ဟောင်း နှစ်ချောင်း၊ အရေးမကြီးသော စာရွက်စာတမ်း အချို့၊ လိပ်စာတွေ၊ ဖုန်းနံပါတ်တွေ ရေးထား သော မှတ်စုစာအုပ်ဟောင်း တစ်အုပ်နှင့် သမီးငယ်ငယ်က ဆွဲခဲ့သော ပုံလေး တစ်ပုံ။

သမီး တက္ကသိုလ် တက်ခါစတုန်းက သမီးမှာ ရည်းစားသန်တွေ ဘာတွေများ

ရှိနေမလားဟု စိုးရိမ်ခဲ့သည်။ ထို့ကြောင့် သမီး မရှိခိုက်တွင် သမီး၏ စားပွဲအံဆွဲထဲမှာ စာတွေ၊ ဓာတ်ပုံတွေ ရှိချင် ရှိမည်ဟု ရှာကြည့် ခဲ့မိခြင်း ဖြစ်သည်။

စာတွေ၊ ဓာတ်ပုံတွေတော့ မတွေ့။ သမီး ဆွဲထားသော ပုံကလေး ကိုသာ ရှာတွေ့သည်။ ကတ်ပြားတစ်ခုပေါ်တွင် ခဲတံရောင်စုံဖြင့် ဆွဲထားခြင်း ဖြစ်သည်။ ရက်စွဲ ထိုးထားခြင်းကြောင့် သမီး ဆယ့်သုံးနှစ်အရွယ်က ဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။

ပုံက ယောကျ်ား တစ်ယောက်၏ မျက်နှာပုံ ဖြစ်သည်။ ပုံအောက်မှာ "ဖေဖေ့ပုံ" ဟု ရေးထားသည်။ အံ့ဩဖို့ ကောင်းသည်မှာ သမီးသည်

သူ့အဖေကို မှတ်မိလောက်သော အရွယ်မှစ၍ မြင်ဖူးခဲ့ခြင်း မရှိသော်လည်းသမီး ဆွဲထားသောပုံသည် သူ့အဖေနှင့် ခပ်ဆင်ဆင် ဖြစ်နေ ခြင်းပင်။

ကလေးတစ်ယောက်၏ လက်ရာဖြစ်၍ ပီပီပြင်ပြင် မရှိလှသော်လည်း နှုတ်ခမ်းတင်းတင်း စေ့ထားပုံမှာ အသက်ပါလှသည်။ သမီးသည် လူမှန်းသူမှန်း ကောင်းစွာ မသိတတ်သေးသည့် အရွယ်က မြင်ဖူးခဲ့သော သူ့အဖေ၏ ရုပ်သွင်ကို စွဲလမ်း မှတ်မိနေလေသလား။

မည်သို့ပင်ဖြစ်စေ ထိုပုံကို ကြည့်မိသည့်အခါတိုင်း စိတ်မှာ တုန်လှုပ် ချောက်ချားခြင်း ဖြစ်ရသည်။ တစ်သက်လုံး မေ့ဖျောက်ပစ်ထားချင်သူ တစ်ယောက်ကို သတိရစေသည်။ စိတ်အစဉ်သည် နှစ်ပေါင်းများစွာကို ကျော်ဖြတ်သွားပြီးလျှင် . . .။

*****

အခန်း [၂]

စကားရည်လုပွဲသည် ချစ်ကြည်ရေးပွဲတို့၏ ထုံးစံအတိုင်း သရေပွဲ ဖြစ်သွားသည်။

သီရိဆောင်နှင့် ယောက်ျားလေးဆောင် ဖြစ်သော ရွှေဘိုဆောင်တို့မိတ်ဆက်စကားရည်လုပွဲ ကျင်းပကြသည်။ သူက အဆိုရှင် သီရိဆောင်ကျောင်းသူများဘက်မှ ခေါင်းဆောင် ဖြစ်သည်။

စကားရည်လုပွဲ ခေါင်းစဉ်က- "အိမ်ထောင်တစ်ခုကို တည်ဆောက်ရာတွင် အချစ်ထက် စီးပွားရေးခိုင်မာမှုက ပို၍ အရေးကြီးသည်"ဟူ၍ ဖြစ်၏။

တစ်ဖက်က အချေရှင်များမှာ ကျောင်းသားသုံးယောက် ဖြစ်သည်။ သူတို့သည် စကားပြော သိပ်ကောင်းကြသူများ မဟုတ်ကြချေ။ သို့ရာတွင် သူတို့ ပြောသော အချက်အလက်တွေက ရှင်းလင်းပြီး ထိထိမိမိ ရှိသည်။ ပရိသတ်ကလည်း သဘောကျသည်။ ထို့ကြောင့် သူတို့ နောက်ကွယ်မှ တစ်ယောက်ယောက်က ကူညီပြီး အချက်အလက်တွေ စုပေးခြင်းဖြစ်မည်ဟု ထင်ရသည်။ ဆရာတစ်ယောက် ဖြစ်ချင်ဖြစ်မည်။ ပြင်ပက စာဖတ်များသော ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်ချင် ဖြစ်မည်။

စကားရည်လုပွဲ နားထောင်သည့် ပရိသတ်များ တဖွဲဖွဲ ပြန်ကုန်ကြ သည်။ ပါဝင် ယှဉ်ပြိုင်ကြသော နှစ်ဖက် ကျောင်းသား၊ ကျောင်းသူများ၊ဆရာ၊ ဆရာမများနှင့် ပြိုင်ပွဲဖြစ်မြောက်ရေး စီစဉ်ကြသော ကျောင်းသား အချို့တို့သာ ကျန်တော့သည်။

ကျောင်းသားအုပ်စုထဲတွင် လူစိမ်းတစ်ယောက်ကို သတိပြုမိသည်။ ကျောင်းသားဟုတ်ပုံ မရ။ ပေါ်ပလင် ရှပ်အင်္ကျီအဖြူ၊ ပင်နီအင်္ကျီနှင့် အရောင် လွင့်စပြုနေသော ယောလုံချည်တို့ကို ဝတ်ထားသည်။ ဆံပင်ကို မသပ်မရပ် ဖြီးထားသည်။ အသက် အစိတ်ဝန်းကျင်လောက် ရှိမည်။

အရပ်မြင့်မြင့် ပိန်ပိန်သွယ်သွယ် ဖြစ်သည်။ နဂိုကတော့ ဒီလောက် ပိန်လိမ့်မည် မထင်။ အအိပ်၊ အနေ၊ အစား မမှန်သောကြောင့် ပိန်နေခြင်း ဖြစ်လိမ့်မည်။ သူ့ရုပ်ရည်ကတော့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ခပ်စိမ်းစိမ်း ရေးရေး ထင်နေသည့်တိုင် ကြည့်ပျော်သောရုပ်ရည် ရှိသည်။ အသားက ခပ်လတ်လတ်။

စကားရည်လုပွဲတွင် ပါဝင်ကြသူများကို မိမိတို့အဆောင်က ထမင်း စားပွဲဖြင့် ဧည့်ခံသည်။ ဆရာ၊ ဆရာမများက တစ်ဝိုင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူတွေက တစ်ဝိုင်း ထိုင်ကြသည်။ မိမိတို့ဝိုင်းမှာ ပင်နီအင်္ကျီနှင့်လူလည်း ပါသည်။

ထမင်းမစားခင် လိမ္မော်ရည် သောက်ကြပြီး ရှေ့ဘိုအဆောင်အဖွဲ့မှ ကိုခင်မောင်မြင့်က မိတ်ဆက်ပေးသည်။

"ကဲ---နည်းနည်းလောက် မိတ်ဆက်ပေးပါရစေ၊ ကျွန်တော်တို့သုံးယောက်ကိုတော့ သိပြီးသားပဲ၊ အဲ.. သူ့ကိုတော့ သိမှာမဟုတ်သေးဘူး၊ ကိုမြတ်ထွန်းတဲ့၊ အရှေ့မိုးကောင်ကင် ဂျာနယ်က လက်ထောက်အယ်ဒီတာပဲ၊ ကိုမြတ်ထွန်းရေ....၊ သူတို့ကတော့ ... ကျွန်တော်တို့နဲ့ မောင်နှမတွေလို ခင်မင်နေကြတာပဲ၊ သူက မခင်မိ၊ သူက ကြူကြူစိန်၊ သူက ခင်နွယ်ညွန့်တဲ့"

"အခုလို မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်"

ဟု သူတို့ထဲမှ အသွက်ဆုံးဖြစ်သော ကြူကြူစိန်က ပြောသည်။ ကိုမြတ်ထွန်း ဆိုသူက ဘာမျှ ပြန်မပြောဘဲ ပြုံးရုံသာ ပြုံးပြသည်။ သူပြုံးပုံက တစ်မျိုးပဲဟု မခင်မိ ထင်မိ၏။

"ဒီနေ့ မခင်မိတို့ ပြောသွားတာ တော်တော် ကောင်းပါတယ်၊ ဖက်စ်တွေကို ဘယ်လို ရှာသလဲ" ဟု ကိုမောင်မောင်ကြီးက မေးသည်။

"ဖတ်ထားတဲ့ စာအုပ်တွေထဲက ရတာတွေလည်း ရှိတယ်၊ နောက်ပြီး ဆရာမ ဒေါ်ခင်မျိုးချစ်ဆီလည်း သွားပြီး အကူအညီ တောင်းခဲ့သေးတယ်"

ကိုမောင်မောင်ကြီးက ကိုစိန်မြင့်ကို တံတောင်ဖြင့် တွက်လိုက်ပြီး-

"ဟာ... စောစောက သိရင်ဗျာ ဆရာလတ်ကတစ်ဆင့် ဆရာမဆီ သွားပြီး အစ်အခေါက် မေးလိုက်လျှင် သူတို့ ပြောမယ့်ဟာတွေ.. ကိုယ်တို့ကြိုသိရတာပေါ့"

"ဘယ်ရမလဲဗျာ၊ ဆရာမက သိပ်ပါးတာ၊ ကျွန်တော်တို့ကိုဘယ်ပြောမလဲ"

ကိုစိန်မြင့်က ကြောင်နက် စီးကရက်ဘူးထဲက တစ်လိပ်ထုတ်၍ လက်ပတ်နာရီ မှန်ပေါ်မှာ ဆောင့်ရင်း ပြန်ပြောသည်။ ..

"ဆရာမက မပြောတာတောင် ဆရာလတ်ကြီးကို ချွဲပြီးမေးရင် ရတာပေါ့ဗျ၊ ခုတော့ သူတို့ဘက်က ပြောသွားတာတွေ တစ်ချက်တစ်ချက်များ ဟိုက်ခနဲ ဖြစ်သွားတာပဲ၊ ဘယ်လို ပြန်ချေရမလဲဆိုတာ တော်တော် စဉ်းစား ယူရတယ်"

"ကိုခင်မောင်မြင့်တို့ ပြောတာလည်း တော်တော်ကောင်းပါတယ်""

ခင်နွယ်ညွန့်က ပြောရာ ကိုခင်မောင်မြင့်က

"""ဒီမှာလေဗျာ ကျွန်တော်တို့ရဲ့ အက်ဗိုက်ဆာ"

ကိုမြတ်ထွန်းကို လက်မဖြင့် ညွှန်ပြသည်။ . ထိုအခါကျမှကိုမြတ်ထွန်းက-

"တကယ်တော့ ကျွန်တော်က ဂျာနယ်အတွက် သတင်းယူဖို့ လာတာပါ၊ ကျွန်တော့် ဂျာနယ်ထဲမှာ ဒီ စကားရည်လုပွဲ အကြောင်း သတင်း ဆောင်းပါး ရေးမလို့ပါ၊ ကိုခင်မောင်မြင့်တို့က အချက်အလက်လေးတွေ လိုချင်တယ်ဆိုလို့ နည်းနည်းပါးပါး ရှာပေးလိုက်တာပါ"

“ကိုမြတ်ထွန်းတို့ ဂျာနယ်မှာ ဒီအကြောင်း ပါမှာပေါ့”

“ဟုတ်တယ်၊ ဒါကြောင့် ဓာတ်ပုံတွေ ဘာတွေတောင် ရိုက်တာပေါ့””

”ဟင်... ဒါဆို ကိုမြတ်ထွန်းတို့ ဂျာနယ်က ယောက်ျားလေး ဘက်ကို အသားပေးပြီး ရေးမှာပေါ့၊ ကိုမြတ်ထွန်းက သူတို့ကို ကူညီထားတာ မဟုတ်လား”

ကြူကြူစိန်က ပြောလိုက်သည်။

“ဟာ... မဟုတ်ပါဘူး၊ ကျွန်တော် မျှမျှတတဖြစ်အောင် ရေးမှာပါ။ သူတို့ဘက်သာအောင် ရေးလိုက်လို့ ဘယ်ဖြစ်မလဲ၊ တော်ကြာ ကျောင်းသူ တွေက ကျွန်တော်တို့ ဂျာနယ်ကို သပိတ်မှောက်ပြီး မဖတ်ဘဲ နေပါဦးမယ်”

ရယ်ကြသည်။ ထို့နောက် ပျော်ပျော်ပါးပါး ထမင်းစားကြသည်။ ကိုမြတ်ထွန်းက ပြန်ခါနီးတွင် နှုတ်ဆက်ရင်း-

“မခင်မိက စကားပြော ကောင်းသားပဲ”

ဟု ပြောသွားသည်။ ဤသည်မှာ ဇာတ်လမ်း၏ အစ ဖြစ်သည်။

*****

အခန်း [၃]

ကိုခင်မောင်မြင့်သည် အဆောင်ကို လာလည်တတ်သည်။ ခင်နွယ်ညွှန့်ဆီ လာခြင်း ဖြစ်၏။ ကိုခင်မောင်မြင့်က ခင်နွယ်ညွှန့်ကို စိတ်ဝင်စားနေသည်။ ခင်နွယ်ညွှန့်ကလည်း ကိုခင်မောင်မြင့်ကို အရေးပေးသည်။ ကိုခင်မောင်မြင့် က ရုပ်ချောသည်။ အသားဖြူဖြူ အလေးမသူ ဖြစ်သဖြင့် ကိုယ်လုံးကိုယ်ထည် တောင့်တင်းသန်မာသည်။ စပို့ရှပ်လက်တို ဝတ်လာသည့် အခါတွင် လက်မောင်းကြွက်သား အဖု အဖုနှင့် အလွန် ကြည့်ကောင်းလှသည်ဟု ခင်နွယ်ညွှန့်က ပြောဖူးသဖြင့် နေ့စဉ်နေ့တိုင်း စပို့ရှပ်ချည်း ဝတ်လာလေ့ ရှိသည်။

တစ်ခါတစ်ရံ သူနှင့်အတူ ကိုမောင်မောင်ကြီးတို့၊ ကိုစိန်မြင့်တို့ ပါလာတတ်သည်။ သူတို့ကတော့ အဆောင်က မိန်းကလေးတွေနှင့် ပတ်သက်မှု မရှိချေ။ အပျော်သက်သက် လိုက်လာခြင်းသာ ဖြစ်သည်။

ကိုမောင်မောင်ကြီးသည် သူတို့ရွာက သူကြီးသမီးနှင့် စေ့စပ်ထားပြီး ဖြစ်သည်။ ကိုစိန်မြင့်ကတော့ မန္တလေးမှာ ကျန်ခဲ့သည့် ရည်းစားကိုသာ တမ်းတပြီး လွမ်းနေသူ။

မည်သို့ပင်ဖြစ်စေ သူတို့သုံးယောက်သည် မိန်းကလေး သူငယ်ချင်း များကို စောင့်ရှောက်တတ်၊ အကူအညီ ပေးတတ်သဖြင့် ခင်မင်နှစ်လိုဖွယ် ကောင်းလေသည်။

တစ်ရက်တွင် သူတို့နှင့်အတူ ကိုမြတ်ထွန်း အဆောင်ကို ရောက်လာသည်။ စကားရည်လုပွဲအကြောင်း ပါသော ဂျာနယ်များ လက်ဆောင် လာပေးခြင်း ဖြစ်၏။ နောက်ပိုင်းတွင်လည်း နှစ်ပတ်တစ်ခါ ဂျာနယ်ထွက်သည့် အခါတိုင်း လာပို့လေ့ရှိသည်။ တစ်ခါတစ်ရံ ကိုခင်မောင်မြင့် တို့ မပါဘဲ သူတစ်ယောက်တည်း လာတတ်သည်။ ထိုအခါတွင် မခင်မိက ဧည့်ခံစကားပြောရသည်။

သူပြောသော စကားများမှာ များသောအားဖြင့် သူ့ဂျာနယ်လုပ်ငန်းအကြောင်းသာ ဖြစ်သည်။

"ဂျာနယ်ဆိုတာက သတင်းစာနဲ့လည်း မတူဘူး၊ မဂ္ဂဇင်းနဲ့လည်းမတူဘူး၊ အဲ... နှစ်ခုစလုံးနဲ့ တူတယ်လို့လည်း ပြောလို့ရတယ်""

"တူလည်း တူတယ်၊ မတူလည်း မတူဘူး ဟုတ်လား"

"ဒီလိုလေ မခင်မိရဲ့ သတင်းစာက အချက်အလက်ကို အဓိက ထားတယ်၊ လတ်တလော ဖြစ်နေတဲ့ အဖြစ်ပျက်တွေကို အမြန်ဆုံး ဖော်ပြ ရတယ်၊ တကယ် ဖြစ်ပျက်တဲ့အတိုင်း မှန်ကန်တိကျအောင် ဖော်ပြရတယ်၊ မဂ္ဂဇင်းကျတော့ ဝတ္ထုတို့၊

ဆောင်းပါးတို့ကို အဓိက ထားတယ်၊ ရသပိုင်းကို ဦးစားပေးတယ် ဆိုပါစို့”

ကိုမြတ်ထွန်းက သူ့စကားကို မခင်မိ စိတ်ဝင်စားမှု ရှိ၊ မရှိ အကဲခတ်လိုက်ပြီးမှ ဆက်ပြောသည်။

“ကျွန်တော်တို့ ဂျာနယ် ဆိုတာကတော့ သတင်းအချက်အလက်ကို အသုံးပြုတာတော့ မှန်တယ်၊ ဒါပေမဲ့ သတင်းကို အရင်းအတိုင်းချည်းပဲ မရေးဘဲ ထင်မြင်ချက်ကလေးတွေ၊ ဝေဖန်ချက်ကလေးတွေနဲ့ ဖော်ပြတာပေါ့၊ ဂျာနယ်က နှစ်ပတ်မှတစ်ခါ ထုတ်ရတာဆိုတော့ သတင်းစာလို သတင်းတွေကို ချက်ချင်း မဖော်ပြနိုင်ဘူးလေ၊ ဒီတော့ သတင်းစာတွေမှာ ပါပြီးသား သတင်း ကိုပဲ ပိုပြီး ထူးခြားအောင်၊ ပိုပြီး အသေးစိတ် ပြည့်စုံအောင် အမြင်တစ်မျိုး၊ ရှုထောင့်တစ်မျိုးက ရေးရတာမျိုးလည်းရှိတယ်။

နောက်တစ်ခု သတင်းစာနဲ့ မတူတာက ဂျာနယ်မှာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဖြစ်ပျက်ခဲ့တဲ့ ကိစ္စပဲ ဖြစ်ဖြစ် ပြန်ပြီးဖော်ပြချင် ဖော်ပြလို့ ရတယ်။ နောက်တစ်ခုကတော့ ဂျာနယ်ဟာ ဆောင်းပါးတို့၊ ဝတ္ထုတို့ စတဲ့ သုတပိုင်း၊ ရသပိုင်းကိုလည်း လက်လွှတ်လို့ မရဘူး။ အရှင်းဆုံး ပြောရမယ်ဆိုရင် ဂျာနယ်ဆိုတာ သတင်းကို ရသမြောက်အောင် တင်ပြရတာမျိုးပါပဲ၊ သြော်... ကျွန်တော်က ကျွန်တော့် အလုပ်အကြောင်းတွေ လျှောက်ပြောနေလို့ မခင်မိများ ပျင်းနေပြီလား မသိဘူး”

“ကျွန်မ မပျင်းပါဘူး၊ စိတ်ဝင်စားဖို့ ကောင်းပါတယ်”

“ကဲ.. ကျွန်တော်လည်း သွားလိုက်ဦးမယ်၊ အလုပ်ကလေးတွေရှိလို့၊ နောက်တစ်ခါ ဂျာနယ်ထွက်မှပဲ စာအုပ်ပေးရင်းနဲ့ လာခဲ့ဦးမယ်”

ကိုမြတ်ထွန်းက သူ့အလုပ်ကို တော်တော် စိတ်ဝင်စားပုံ ရသည်။ ကျွမ်းကျွမ်းကျင်ကျင် ရှိပုံလည်း ရ၏။ ကြိုးလည်း ကြိုးစားသည်။

ကိုမြတ်ထွန်းသည် သာမန်အားဖြင့် စကားနည်းသူဟု ဆိုနိုင်သည်။ သို့ရာတွင် သူ စိတ်ဝင်စားသော အကြောင်းအရာ ဆိုလျှင်တော့ ရှည်လျားစွာ သူ ရှင်းလင်း ပြောဆိုနိုင်သူ ဖြစ်သည်။ သူသည် အရည်အချင်းရှိသူ တစ်ယောက် ဖြစ်ကြောင်း မခင်မိ အသိအမှတ် ပြုလိုက်သည်။

✳✳✳✳✳

အခန်း [၄]

"ချစ်ရေး ခင်ရေး လိုက်လေ ဝေးတယ် xxx စိန်ခေါ်ပါလို့ ပြေးလေသလားကွယ် xxx လှမ်းလင့်သူအား မြူသလို လိုနယ် xxx ယိမ်းနွဲ့လှည့်စား ရှောင်ဖယ် xxx မာယာတွေပိုလွန်းသူရယ် xxx စိန်ပြီကွဲ့ ထားသက်လှယ်"

ညဘက်ဆိုလျှင် အဆောင်ရှေ့မှာ ကျောင်းသားတွေ သီချင်းလာ ဆိုတတ်သည်။ များသောအားဖြင့်တော့ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ တစ်ကိုယ်တော် သမားတွေလည်း ရှိသည်။ တချို့က မယ်ဒလင်နှင့်၊ တချို့က တယော၊ တချို့က မြန်မာဂီတာ။

သူတို့ ပင်တိုင်ဆိုသော သီချင်းတွေကိုကြည့်။ ဘယ်အုပ်စုကဆိုတာ သိနိုင်သည်။ ကိုသန်းလှိုင် သီချင်းတွေချည်း ဆိုသော အုပ်စုက ဒဂုံဆောင်မှ ကိုစိန်သန်းတို့ အဖွဲ့။ ကိုမြကြီး သီချင်းတွေ ဆိုလျှင် ပဲခူးဆောင်မှ ကိုကျော်စွာတို့ အဖွဲ့။ ကိုစောညိန်း သီချင်းတွေ အမြဲဆိုလေ့ရှိတာက ကိုခင်မောင်မြင့်တို့ အုပ်စု ဖြစ်သည်။

ကိုခင်မောင်မြင့်၏ အသံကို ကြားရသည်နှင့် ခင်နွယ်ညွန့်က-

"မိရေ ... အိုက်လိုက်တာကွယ်၊ ဝရန်တာထွက်ပြီး လေညှင်းခံ ရအောင်"" ဟု ပြောသည်။မခင်မိက-

"""စောစောတုန်းကတော့ မအိုက်ဘဲ ခုကျမှ ချက်ချင်း အိုက်လာတာ အံ့ဩစရာပဲနော်" ဟု စသည်။

"မိကလည်း သိရက်သားနဲ့ "

သူတို့နှစ်ယောက် ဝရန်တာမှာ ထွက်ရပ်သည်။ အဆောင်ရှေ့ လမ်းပေါ်မှ ရေတမာပင်အောက်က ကိုခင်မောင်မြင့်တို့ အုပ်စုသည် သူတို့ကို လှမ်းမြင်သွားသည်။ ကိုခင်မောင်မြင့် အားတက်လာပြီး အသံကို မြှင့်၍ ဆိုသည်။

"အသံက မဆိုးပါဘူးနော်"

မခင်မိက မြှောက်ပေးလိုက်သည်။ ခင်နွယ်ညွန့်က ကျေနပ်စွာ ခေါင်းညိတ်ရင်း နားထောင်နေသည်။

မခင်မိသည် ထူးခြားမှုတစ်ခု သတိပြုမိလိုက်မိ၏။ ခါတိုင်း ကိုခင်မောင်မြင့်တို့ သီချင်းလာဆိုလျှင် မယ်ဒလင်ဖြင့်သာ ဆိုလေ့ရှိသည်။ ဒီနေ့ကျတော့ တယောနှင့် ဖြစ်သည်။ တယောလက်သံကလည်း အတော်ကျွမ်းကျွမ်းကျင်ကျင် ထိုးတတ်သူတစ်ယောက်၏ လက်သံလို ညက်ညောလှသည်။

ကိုခင်မောင်မြင့် သီချင်းဆိုပြီးသောအခါ တခြားအဖွဲ့ တစ်ဖွဲ့က ကံ့ကော်မြိုင်တန်း သီချင်းကို ဆိုသည်။ ခင်နွယ်ညွှန့်သည် အဆင်သင့် ဖျော်ထားသော လက်ဖက်ရည်ခါးခါး ထည့်ထားသည့် ဓာတ်ဘူးကို အဆောင် စောင့်ကြီး ဂိုရမ်းမှတစ်ဆင့် ပေးခိုင်းလိုက်သည်။ ကိုခင်မောင်မြင့် က လက်ဖက်ရည် ကြိုက်တတ်သည် မဟုတ်လား။

လက်ဖက်ရည်ဓာတ်ဘူး ပို့ခိုင်းပြီး ခဏ အကြာတွင်-

““ခုလို တိုက်ကျွေး ပြုစုတဲ့အတွက် သီရိဆောင်မှ ပျိုမေများ ကျန်းမာ ချမ်းသာကြပါစေ ခင်ဗျား”

ဟု အော်လိုက်သော ကိုမောင်မောင်ကြီး၏ အသံပြဲပြဲကို ကြားရသည်။ ထို့နောက် ဆက်လက်၍ -

“အဲဒါကြောင့် ကျေးဇူးတုံ့ပြန်သောအားဖြင့် ကျွန်တော်တို့ အဖွဲ့ရဲ့ အထူးဧည့်သည်တော် ကိုမြတ်...”

စကားမဆုံးခင် တစ်ယောက်က ပါးစပ် လှမ်းပိတ်ဟန် တူသည်။ စကားတွေ ဗလုံးဗထွေး ဖြစ်သွားသည်။ နောက် သူတို့ချင်း ဘာတွေ ပြောနေ ကြသည် မသိ။ ရေတမာပင်အောက်မှာ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို ဝိုးတဝါး မြင်ရ၏။

“အဲ... အဲ၊ အဲဒီ ဧည့်သည်တော် အမည်မဖော်လိုသော ဧည့်သည် တော်ပေါ့လေ၊ သူ့ကိုယ်စား ကျွန်တော်ကပဲ ချစ်ပြုံးနှင်းဆီ သီချင်းနဲ့ ဖျော်ဖြေ ပါ့မယ်၊ သူကတော့ တယောပဲ ထိုးပါရစေတဲ့ခင်ဗျာ၊ ဒါကြောင့် တယောလေး နဲ့ အတောလေး စလိုက်ပါတော့ ကိုမြတ်၊ အဲ... အဲ ဧည့်သည်တော်ကြီးရေ”

မခင်မိ ပြုံးမိ၏။ တယောသမားမှာ ကိုမြတ်ထွန်း ဖြစ်ကြောင်း သိလိုက်ရသည်။ သူ ဘာကြောင့်များ အဆောင်ရှေ့မှာ ကျောင်းသားတွေနဲ့ အတူလာနေတာပါလိမ့်။

တယောသံ ချွဲချွဲနွဲ့နွဲ့ ပေါ်ထွက်လာသည်။ မခင်မိသည် လွမ်းသလိုလို ဖြစ်လာလေ၏။

မခင်မိနှင့် ကိုမြတ်ထွန်းတို့ ပိုမို ရင်းနှီးလာသည်။ ကိုမြတ်ထွန်းက ဂျာနယ် ထွက်သည့်ရက်တိုင်း ရောက်လာတတ်သည်။ မခင်မိကလည်း ထိုရက်မျိုး ဆိုလျှင် ကိုမြတ်ထွန်းကို မျှော်နေခြင်း မဟုတ်သည့်တိုင် အဆောင်က ဘယ်မှ မထွက်ဘဲ စောင့်နေမိသည်တော့ အမှန်ပင်။

အဆောင်မှ သူငယ်ချင်းတွေက ကိုမြတ်ထွန်းနှင့် မခင်မိကို စကြ၊ နောက်ကြသည်။ ထိုအတွက် မခင်မိသည် ရှက်မိသော်လည်း ကိုမြတ်ထွန်းကို အဆောင်လာမလည်ဖို့တော့ မတားမြစ်ခဲ့ချေ။

သူသည် ကိုမြတ်ထွန်းကို လေးစားခင်မင်မိနေပြီ။ ကိုမြတ်ထွန်းကသူ့အပေါ် စိတ်ဝင်စားနေကြောင်းကို ရိပ်မိသည်။ သူကလည်း ကိုမြတ်ထွန်းကို သံယောဇဉ် တွယ်တာမိ၏။

ခင်နွယ်ညွှန့်မှတစ်ဆင့် ကိုခင်မောင်မြင့်တို့ဆီမှာ ကိုမြတ်ထွန်း အကြောင်း တစ်စွန်းတစ်စ စုံစမ်းသည်။

ကိုမြတ်ထွန်းသည် ရန်ကုန်တက္ကသိုလ်မှာ ဥပစာ (က) တန်း တက်ခဲ့ ဖူးသည်။ သူ့ကို ကျောင်းစရိတ် ထောက်ပံ့နေသည့်ဦးလေး ဆုံးပါးသွားသဖြင့် ကျောင်းမှ ထွက်ပြီး စာနယ်ဇင်းလောကသို့ ခြေစုံပစ်ဝင်သွားသည်။ သူ၏ အပြင်းအထန် ကြိုးစားမှုကြောင့် လက်ထောက်အယ်ဒီတာ ဖြစ်လာခဲ့ခြင်းပင်။

သူက ကြိုးစားသည်။ ရိုးဖြောင့်သည်။ သတ္တိလည်း ရှိသည်ဟု စာနယ်ဇင်းလောကတွင် နာမည်ရသည်။ ကိုခင်မောင်မြင့်တို့ကတော့ သူ့ အကြောင်း အကောင်းချည်း ပြောကြသည်။ အမှတ်ပြည့် ပေးထားသည်။ တစ်ခါတစ်ရံတွင် အင်းလျားကန်စောင်းမှာ လမ်းလျှောက်ဖြစ်ကြသည်။ ကိုခင်မောင်မြင့် နှင့် ခင်နွယ်ညွှန့်တို့ ပါသော်လည်း သူတို့က တဖြည်းဖြည်း နောက်ချန်နေခဲ့သဖြင့် မခင်မိနှင့် ကိုမြတ်ထွန်းတို့က တစ်တွဲလိုလို ဖြစ်သွားကြ သည်။

ထိုအခါမျိုးတွင် ကိုမြတ်ထွန်းက စီးကရက် တဖွာဖွာနှင့် စကားတွေ ပြောတတ်သည်။ ကိုမြတ်ထွန်း စီးကရက် အသောက်များကြောင်း မခင်မိက သတိပြုမိသည်။

"ကိုမြတ်ထွန်းက စီးကရက် တော်တော်ကြိုက်တယ်နော်" ဟုပြောလိုက်သည်။

"ဟုတ်တယ် မခင်မိ၊ စီးကရက်တင် မကဘူး၊ လက်ဖက်ရည်လည်းကြိုက်တယ်"

"တစ်နေ့ ဘယ်နှခွက်လောက် သောက်ဖြစ်လဲ"

"အမှန်မရှိပါဘူး မခင်မိရဲ့ တော်တော် များတယ်လို့ပဲ ပြောရမယ်၊ ဂျာနယ်တိုက်မှာက ညှိသည်များတယ် မဟုတ်လား၊ ညှိသည်တွေကို လက်ဖက်ရည် လိုက်တိုက်ရင်း ကျွန်တော်လည်း ဝင်ဝင်သောက်ဖြစ်သွား တာပဲ"

"စီးကရက်ကရော"

"တစ်နေ့ကို ဆယ် လိပ်ဝင်နှစ်ဘူးလောက် ကုန်တယ်"

"များတာပေါ့၊ ဆေးလိပ်သောက်တာ အဆုတ်ရောဂါ ရတတ်တယ်လို့ ကြားဖူးတယ်"

"“ကျွန်တော့်လို တစ်ကိုယ်တည်းသမား ... တစ်ကောင်ကြွက် တစ်ယောက်အဖို့တော့ ဆေးလိပ်ကိုပဲ အဖော်ပြုနေရတာပါပဲဗျာ”" ဟု ပြောပြီး မခင်မိကို တစ်ချက် စိုက်ကြည့်သည်။ မခင်မိက မျက်လုံးလေးကို လွှဲဖယ်လိုက်သည်။

"သြော်... ဒါနဲ့ ဒီတစ်ပတ် ဂျာနယ်ထဲက ကျွန်တော့် ဆောင်းပါး ဖတ်ပြီးပြီလား"

ကိုမြတ်ထွန်းက စကားလမ်းကြောင်း လွှဲလိုက်သည်။

"ဖတ်ပြီးပါပြီ"

"မခင်မိဘယ်လို သဘောရသလဲဟင်"

"သူတောင်းစားလောက အကြောင်းကို စေ့စေ့စပ်စပ် အပင်ပန်းခံ လေ့လာပြီး ရေးထားတာလို့ ထင်တာပဲ"

"ကျွန်တော် ဆိုလိုတာက ဒီလိုလေ၊ မခင်မိကို သူတောင်းစား တစ်ယောက်က ပိုက်ဆံလာ တောင်းရင် မခင်မိ ပေးလား"

""ပေးတာပေါ့"

""ဘာဖြစ်လို့ ပေးတာလဲ"

""သနားလို့"

"တကယ် သနားတာရော ဟုတ်ရဲ့လား"

မခင်မိက ခဏ စဉ်းစားပြီး-

""ထင်တာပဲလေ၊ တစ်ခါမှတော့ သေသေချာချာ မတွေးမိဘူး"

"များသောအားဖြင့်တော့ သူတောင်းစားတစ်ယောက်က ပိုက်ဆံ လာတောင်းရင် ပြီး ပြီးရောဆိုပြီး ပေးလိုက်ကြတာပါပဲ၊ ပိုက်ဆံငါးပြား လောက်ကတော့ သိပ်မှ အကြောင်း မဟုတ်ဘဲ၊ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်ရင် သူတို့ကို သူတောင်းစားသက်ရှည်အောင် အားပေး ကူညီနေတာနဲ့ မတူဘူးလား"

"မရှိလို့ တောင်းစားတာပဲဟာ"

"မရှိလို့ တောင်းစားတာ၊ သိပ်မှန်တဲ့စကားပေါ့၊ ရှိရင် ဘယ့် တောင်းစားမလဲ၊ အဲ... တစ်ခု ရှိတာက ကျွန်တော် ဆောင်းပါးထဲမှာ ရေးထားသလို သူတောင်းစား နှစ်မျိုး ရှိတယ်ဗျ၊ တစ်မျိုးက တကယ် အတိ ဒုက္ခရောက်နေလို့၊ မျက်မမြင်လို့၊ ခြေလက်မသန်စွမ်း ဖြစ်နေတာမျိုးပေါ့၊ ဒါမျိုးတွေကတော့ တတ်နိုင်သလောက် ပေးကမ်း စွန့်ကြဲရမှာပဲလေ၊ ကျွန်တော်တို့ဆီမှာ ဒုက္ခိတတွေကို ပြုစုကျွေးမွေးတဲ့ နေရာဌာနမျိုးမှ မရှိ သေးဘဲ"

ကိုမြတ်ထွန်းက ကပ္ပိတန် စီးကရက်ဘူးကို တိုက်ပုံအကျႌအိတ်ထဲမှ ထုတ်သည်။ ပြီးမှ အိတ်ထဲ ပြန်ထည့်ထားလိုက်သည်။

"ကျွန်တော် စီးကရက် လျှော့သောက်ဖို့ ဆုံးဖြတ်လိုက်ပြီ" ဟု စကားမစပ်.. ပြောသည်။ ခုန မခင်မိက စီးကရက် သိပ်သောက်တာ မကောင်းဘူး" ဟု ပြောသောစကားကို အလေးဂရုပြုသည့် သဘော။

"အဲ..ခုနစကားကို ဆက်ရဦးမယ်၊ သူတောင်းစား နောက်တစ် .. မျိုးကတော့ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းမှုလည်း မရှိ၊ ရောဂါလည်း မရှိဘူး၊ သန်သန်မာမာ ရှိရက်သားနဲ့ အချောင်ရမှန်းသိလို့ တောင်းတာ၊ အလုပ် မလုပ်ချင်လို့၊ ပျင်းလို့တောင်းတာ၊ ဒီလိုလူမျိုးကိုတော့ အားမပေးသင့်ဘူး၊ ဒါမှ သူတို့ အချောင်မရမှန်းသိပြီး ကိုယ့်လုပ်အားနဲ့ကိုယ် ရှာဖွေစားသောက် ချင်တဲ့စိတ်တွေ

ပေါ်လာမှာ""

"သူတို့က အလုပ်လုပ်ချင်နေပြီတဲ့၊ ဘယ်သူက အလုပ်ပေးမှာလဲ"

မခင်မိက မေးလိုက်သည်။ ကိုမြတ်ထွန်း ပါးစပ်ဟပြီး အံ့သြသလို ဖြစ်သွားသည်။

"ဟာ... ကောင်းလိုက်တဲ့ မေးခွန်းဗျာ၊ ကြည့်စမ်း အဲဒီအကြောင်း ကို နောက်ဆက်တွဲအနေနဲ့ ထပ်ရေးရမယ်၊ ဟုတ်တယ်ဗျ၊ ဆရာမ ခင်းနှင်းယု ရေးတဲ့ "မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်"ဆိုတဲ့ဝတ္ထု ဖတ်ဖူးလား၊ အဲဒီထဲမှာ ပါတယ်၊ လွတ်လပ်ရေး ကြေညာစာတမ်းထဲမှာ ဘုရားကျွန်တွေကို လွတ်လပ်ခွင့် ပေးတဲ့အကြောင်း၊ သူတို့ဟာလည်း တခြာလူတွေနဲ့ အခွင့်အရေး အညီအမျှ ရှိတဲ့ အကြောင်း ထည့်ပြီး ကြေညာထားတယ်၊ ဒါပေမဲ့ အဲဒီ ကြေညာစာတမ်းကို ဘုရားကျွန်တွေ ကိုယ်တိုင်တောင် မသိကြဘူး၊ သိတဲ့လူတွေကလည်း လျစ်လျူရှုနေတယ်၊ ဘုရားကျွန်တွေကို တန်းတူဆက်ဆံဖို့ ဝန်လေးနေကြတဲ့ အကြောင်း ရေးထားတာ၊ တကယ်တော့ သူတောင်းစားတွေ ပပျောက် စေချင်တာ ပါးစပ်က ပြောရုံနဲ့ မပြီးဘူး၊ သူတို့ ကောင်းရောင်း၊ ကောင်းဝယ် အသက်မွေးဝမ်းကျောင်း ပြုနိုင်ဖို့ အလုပ်အကိုင်တွေ ဖန်တီးရမယ်၊ သူတို့ကို တခြားလူတွေနဲ့ တန်းတူ အခွင့်အရေး ပေးရမယ်"

ကိုမြတ်ထွန်းသည် တရားပွဲတစ်ခုမှာ ဟောပြောနေသည့် ဟန်မျိုးဖြင့် ပြောနေသည်။ ထို့နောက်-

"မခင်မိ၊ ကျွန်တော် ပြောတာတွေကို ဆောင်းပါး ရေးပါလား"

"ဟင်...

"ဒီလိုလေ၊ ကျွန်တော့်ဆောင်းပါးကို ပြန်ရေးတဲ့သဘောမျိုး ရေးပါလားလို့ ပြောတာပါ၊ မခင်မိလို တက္ကသိုလ်ကျောင်းသူတစ်ယောက်က ရေးတာဆိုရင် ပိုပြီး ထိရောက်တာပေါ့"

"ကျွန်မ မရေးတတ်ပါဘူး ကိုမြတ်ထွန်း"

"ရေးလျှင် ဖြစ်နိုင်ပါတယ်၊ မခင်မိက စကားပြောကောင်းတာပဲဟာ"

"ကျွန်မက စကားပြောကောင်းတယ်""

"အင်းလေ စကားရည်လုပွဲတုန်းကပြောတာ ကျွန်တော် နားထောင်ရသားပဲ"

မခင်မိက ပြုံး၍ -

"ဒါက ဆရာမတွေ ခိုင်းလို့ လုပ်ရတာ၊ ကိုမြတ်ထွန်းက မသိလို့ နေမှာ၊ အဲဒီ စကားရည်လုပွဲမှာ ပြောဖို့ ဆရာမတွေက ရေးပေးတာကို ကျွန်မ အလွတ်လောက်နီးနီး ကျက်ပြီး ပြန်ပြောရတာပါ" ကိုမြတ်ထွန်းက တစ်ခုပြောမည် ပြုပြီးမှ နောက်ကိုလှည့်ကြည့်၍-

"""ဟောဗျာ"

"ဘာဖြစ်လို့လဲ"

"ကိုခင်မောင်မြင့်နဲ့ မခင်နွယ်ညွှန့်တို့ ဘယ်ရောက်သွားကြပါလိမ့်"

မခင်မိလည်း နောက်ကို လှည့်ကြည့်၍-တကယ်တော့ ကိုခင်မောင်မြင့်တို့သည် နောက်က လျှောက်လိုက် လာသယောင်ယောင်နှင့် ကျောင်းဝင်းထဲ ပြန်ကွေ့ဝင်သွားကြခြင်း ဖြစ်သည်။ရှောင်ထွက်ပေးကြခြင်းပင်။

"အင်းလျားဆောင်ထဲများ ဝင်နေကြသလား မသိဘူး"

ဟု မခင်မိက ပြောသည်။ ထို့နောက် သူတို့ နှစ်ယောက်တည်း ဆက်လျှောက်လာခဲ့ကြသည်။

မခင်မိသည် ရှက်သလိုလို ဖြစ်လာ၏။ အခုလို သူနှင့် ကိုမြတ်ထွန်းတို့ နှစ်ယောက်တည်း တွဲလျှောက်လာနေကြသည်ကို သူများတွေ မြင်လျှင် ဘယ်လို ထင်ကြမည်နည်း။ ချစ်သူစုံတွဲဟု ထင်ကြမည် ဖြစ်၏။ ထိုသို့ တွေးမိသောအခါ မခင်မိ ရင်ခုန်သွားမိသည်။ ကိုမြတ်ထွန်းကို မရဲတရဲကြည့်လိုက်သောအခါ တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးနေပုံရကြောင်းတွေ့ရသည်။

"မခင်မိ" ဟု ကိုမြတ်ထွန်းက ခေါ်သည်။ ကိုမြတ်ထွန်း၏ အသံသည် တည်တည်ငြိမ်ငြိမ် ဖြစ်သော်လည်း စိတ်လှုပ်ရှားမှု အရိပ်အယောင်တွေ ပါဝင်နေသည်။ သူက ဆက်၍-

"စကားရည်လုပွဲတုန်းက မခင်မိပြောတဲ့ ခေါင်းစဉ်နဲ့ ပတ်သက်ပြီး ဘယ်လို သဘောရသလဲဟင်"

"ကျွန်မတော့ သေသေချာချာ မစဉ်းစားကြည့်မိပါဘူး၊ ပြောသာ ပြောလိုက်ရတာ"

မခင်မိတို့ဘက်က တင်ရသော အဆိုက- "အိမ်ထောင်တစ်ခုကို တည်ဆောက်ရာတွင် အချစ်ထက် စီးပွားရေး ခိုင်မာမှုက အရေးကြီးသည်" ဟု။ ကိုခင်မောင်မြင့်တို့က ထိုအဆိုကို ဆန့်ကျင် ချေပရသည်။ ခု ကိုမြတ်ထွန်းက မေးခြင်းသည် ဘာသဘောလဲဟု မခင်မိ အဖြေရှာကြည့်နေဆဲမှာ-

"စကားရည်လုပွဲဆိုတာဟာ ကိုယ်ပြောရမယ့် ခေါင်းစဉ်ကို ယုံကြည် သည် ဖြစ်စေ၊ မယုံကြည်သည် ဖြစ်စေ ထောက်ခံပြောရတာမျိုးပဲ မဟုတ်လား မခင်မိရဲ့ ကျွန်တော်ကတော့ ကျွန်တော် ကူညီလိုက်ရတဲ့ လူတွေကျတဲ့ဘက်က ခေါင်းစဉ်ကို တကယ် ယုံကြည်တာပါ။ အိမ်ထောင်ရေးမှာ အချစ်ကသာ အဓိကပါဗျာ"

နောက်ဆက်တွဲ အဓိပ္ပာယ်တွေ အများကြီး ပါသောစကား။ ထိုစကားသည် ကိုမြတ်ထွန်းက မခင်မိကို ချစ်ခွင့်ပန်ခြင်း၏ နိဒါန်းပင် ဖြစ်ပေသည်။

*****

အခန်း [၅]

ကိုမြတ်ထွန်း၏ အချစ်ကို လက်ခံလိုက်သည်။ ထိုနေ့က ကိုမြတ်ထွန်း ဖြစ်နေပုံမှာ ရယ်စရာကောင်းသည်ဟု ဆိုရမလား၊ သနားစရာကောင်းသည် ဆိုရမလား မသိ။ ကိုမြတ်ထွန်းသည် ပင်ကိုအားဖြင့် အလွန်တည်ငြိမ်သူ ဖြစ်သည်။ တော်ရုံတန်ရုံ ဝမ်းသာစရာ၊ ဝမ်းနည်းစရာလောက်ကို မတုန်မလှုပ် နေနိုင်စွမ်းသည်။

အခုတော့ ကိုမြတ်ထွန်း အဆောင်ကို လာသောအခါ မခင်မိက ဆင်းမတွေ့ ရဲချေ။ သူ ရှက်နေသည်။ ထို့ကြောင့် ကိုမြတ်ထွန်း၏အချစ်ကို လက်ခံ တုံ့ပြန်ကြောင်း စာကလေးတစ်စောင်ရေးပြီး ခင်နွယ်ညွှန့်ကို ပေးခိုင်းလိုက် ရသည်။

ကိုမြတ်ထွန်းကို ဆင်းမတွေ့ရဲသည့်တိုင် ကြည့်တော့ ကြည့်လိုက်ချင်သေးသည်။ ထို့ကြောင့် အဆောင်အပေါ်ထပ်က အုတ်တိုင်ကိုကွယ်ပြီး ကိုမြတ်ထွန်း ထွက်အလာကို အသာချောင်းကြည့်နေလိုက်သည်။

ကိုမြတ်ထွန်း အဆောင်ထဲက ထွက်လာသည်။ အဆောင်အဝင်စပ်က အုတ်ခုံမှာ ထိုင်ပြီး ချက်ချင်း ထပြန်ရပ်သည်။ အနောက်ဘက်သို့ ပြန်လှည့်လာမည်ပြုပြီး ခြေလှမ်းပြင်ပြီးမှ ပြန်လှည့်ထွက်သွားသည်။ သူ စိတ်လှုပ်ရှားနေကြောင်း သိသာသည်။ သူ့ကို အခုလို ဂနာမငြိမ်သည့် ပုံစံမျိုးဖြင့် တစ်ခါမျှ မမြင်ဖူးခဲ့ချေ။

ကိုမြတ်ထွန်းသည် ရေတမာပင်အောက်မှာ ရပ်လိုက်သည်။ ပြီးတော့ အိတ်ထဲကစာကို ထုတ်ပြီး ဖတ်သည်။ နောက်တစ်ခေါက် ထပ်ဖတ်ဟန် တူသည်။ ဝင်းခတ်ထားသော သံတိုင်တွေ ကွယ်နေသဖြင့် သူ့မျက်နှာထား ကိုတော့ ကောင်းကောင်း မမြင်သာ။

သူသည် အဆောင်ဘက်ကို တစ်ချက် မျှော်ကြည့်သည်။ ပြီးတော့ သူ့အနေဖြင့်ဆိုလျှင် ကလေးကလားဆန်သည်ဟု ယူဆရသော အပြုအမူ တစ်ခုကို ပြုလုပ်လိုက်၏။

ရေတမာပင်ရွက်များကို လှမ်းခုန်၍ ခူးယူလိုက်ခြင်းပင် ဖြစ်လေသည်။

မခင်မိသည် ကြည့်ရင်းက ပြုံးမိသည်။ စိတ်ထဲကလည်း ပျော်ရွှင် သွားလေ၏။

"ကျွန်တော့် မေတ္တာကို ဘာလို့ လက်ခံခဲ့တာလဲ"

ကိုမြတ်ထွန်းက မေးသည်။

“ပြောဖို့ လိုသေးလို့လား ကိုမြတ်ထွန်းရယ်”

“လိုတာပေါ့၊ ဒါ အရေးကြီးတဲ့ ကိစ္စတစ်ခုပဲ”

“ကျွန်မ မေတ္တာကို ကိုမြတ်ထွန်း ရနေပြီပဲဥစ္စာ၊ ပြီးရောပေါ့”

“မပြီးသေးဘူးလေ၊ အကျိုးတရားတစ်ခု ဖြစ်လာဖို့ဟာ အကြောင်း .. တရားရှိမှ မဟုတ်လား၊ တွက်နည်း မသိဘဲ ရတဲ့အဖြေမျိုးဆိုတာ ဘယ်ကောင်းပါ့မလဲ”

““ကျွန်မတော့ အဲဒါတွေ မပြောတတ်ပါဘူး၊ ကျွန်မ ကိုမြတ်ထွန်းကို သံယောဇဉ်ဖြစ်ရာက စတာလို့ပဲ ပြောတတ်တယ်”

““ကျွန်တော့်ဘက်ကတော့ ပြောရလိမ့်မယ် မခင်မိရယ်၊ ဘာကြောင့်လဲဆိုတော့ မခင်မိတို့ မိဘတွေက ချမ်းသာတယ် မဟုတ်လား”

မခင်မိက တစ်ခုခု ပြောမည်ပြုစဉ် ကိုမြတ်ထွန်းက လက်ကာပြပြီး -

“ကျွန်တော်က တစ်ကောင်ကြွက် တစ်မျက်နှာ၊ အခု လုပ်နေတဲ့ အလုပ်ကရတဲ့ လခကလွဲလို့ တခြား ဘာမှ မရှိဘူး၊ အခြေအနေချင်းက ကွာခြားလွန်းတယ်လေ၊ ကျွန်တော် မခင်မိကို ချစ်ခဲ့တာဟာ မခင်မိက ချမ်းသာလို့ မခင်မိတို့ မိဘတွေရဲ့ စည်းစိမ်ချမ်းသာကို မက်မောလို့ အထင်ခံရမှာကို အစိုးရိမ်ဆုံးပဲ၊ တကယ်တော့ ကျွန်တော်ဟာ မခင်မိကိုမြင်မြင်ချင်း၊ မခင်မိရဲ့ မိဘတွေ ချမ်းသာတာကို မသိခင်ကတည်းက မေတ္တာရှိခဲ့တာပါ၊ နောက်တော့ မခင်မိတို့ ချမ်းသာတာကို သိတဲ့အခါမှာ ကျွန်တော်လို ပစ္စည်းမဲ့ တစ်ယောက်နဲ့ မခင်မိလို သူဌေးသမီးတစ်ယောက် ပေါင်းစပ်လို့ ဖြစ်နိုင်ပါ့မလားလို့ တွေးမိခဲ့ပါတယ်၊ မဖြစ်နိုင်ဘူးထင်လို့ ရှေ့ဆက် မကြိုးစားဘဲ နေဖို့တောင် ဆုံးဖြတ်ခဲ့ပါသေးတယ်၊ ဒါပေမဲ့ဗျာ...

“ကိုမြတ်ထွန်းကို ကျွန်မ တစ်ခု ပြောပါရစေဦး”

မခင်မိက ဖြတ်ပြောလိုက်သည်။

“ခုန ကိုမြတ်ထွန်းပြောခဲ့တဲ့ ကျွန်မက ချမ်းသာတာတို့၊ ကိုမြတ် ထွန်းက ဆင်းရဲတာတို့ ဆိုတာတွေကို ကျွန်မ တစ်ခါမှ မစဉ်းစားမိပါဘူး၊ ရှင်းရှင်းပြောရရင် ကျွန်မ ကိုမြတ်ထွန်းရဲ့ မေတ္တာကို တုံ့ပြန်ခဲ့တာဟာ ဘာကြောင့်လဲလို့ဆိုတာ ကျွန်မကိုယ် ကျွန်မလည်း မသိဘူး၊ ဘာကြောင့်လဲ ဆိုတော့ ကျွန်မဟာ ကိုမြတ်ထွန်းအပေါ်မှာ ဦးနှောက်နဲ့ ဆုံးဖြတ်ခဲ့တာမှ မဟုတ်ဘဲ၊ နှလုံးသားနဲ့ ဆုံးဖြတ်ခဲ့တာပါ၊ စာရေးဆရာကြီး တစ်ယောက်က ပြောဖူးတယ်၊ ဦးနှောက်နဲ့ ဆုံးဖြတ်တာဟာ အမှားနည်းတယ်တဲ့၊ နှလုံးသားနဲ့ ဆုံးဖြတ်တာကတော့ မှန်ချင်လည်း မှန်မယ်၊ မှားချင်လည်း မှားမယ်၊ မရေရာဘူးတဲ့၊ ဒါပေမဲ့ နှလုံးသားနဲ့ ဆုံးဖြတ်လိုက်လို့ မှားသွားရင်လည်း အဲဒီ အမှားက ခံသာပါတယ်တဲ့၊ တကယ်လို့ ကျွန်မ ကိုမြတ်ထွန်းကို ချစ်ခဲ့တာဟာ မှားသွားတယ် ဆိုရင်တောင် ကျွန်မ ဘယ်တော့မှ နောင်တရမှာ မဟုတ်ပါဘူး”

“မခင်မိကို ကျွန်တော် သိပ်လေးစားပါတယ်”ဟု ကိုမြတ်ထွန်းက

လှိုက်လှဲသော အသံဖြင့် ပြောသည်။

"ကျွန်မ တစ်ခုတော့ ပြောချင်တယ်. ကိုမြတ်ထွန်းရယ်" ..

"ပြောပါ မခင်မိ"

"ကျွန်မဟာ သိပ်အစွဲလမ်း ကြီးတတ်ပါတယ်၊ ဆုံးဖြတ်ချက် တစ်ခုကိုချဖို့ နှောင့်နှေးမိတတ်သလို ဆုံးဖြတ်ပြီးရင်လည်း နောက်ဆုတ်လေ့ မရှိပါဘူး၊ ကျွန်မရဲ့ မေတ္တာကို ယုံကြည်စေချင်ပါတယ်၊ ကိုမြတ်ထွန်း အပေါ်မှာ ကျွန်မ ဘယ်တော့မှ သစ္စာမဖောက်ပါဘူး၊ ဘယ်လို အခြေအနေ မျိုးမှာပဲ ဖြစ်ဖြစ်၊ ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် ကျွန်မ မေတ္တာက အမြဲ ထာဝရ တည်မြဲနေမှာပါ"

"မခင်မိ၊ ကျွန်တော် ပြောရမယ့်စကားတွေကို မခင်မိကချည်း အကုန်ပြောသွားပါပေါ့လား၊ ကျွန်တော့်အတွက် ပြောစရာ မကျန်တော့ဘူး"

"ပြောဖို့ မလိုတော့ပါဘူးလေ၊ ကိုမြတ်ထွန်း ပြောပြီးပြီလို့ ကျွန်မယူဆထားပါ့မယ်"

"ကျွန်တော် ပြောဖို့ တစ်ခု ကျန်ပါသေးတယ်"

""ဘာလဲဟင်"

"မိကို ကိုယ် သိပ်ချစ်တယ်"

"အဲဒီ စကားတစ်ခွန်းနဲ့ပဲ အရာရာ ပြီးပြည့်စုံသွားပါပြီရှင်"

တစ်ယောက်နှင့်တစ်ယောက် ကြည့်ပြီး ပြုံးမိကြသည်။

ကိုမြတ်ထွန်းသည် ချစ်သူတစ်ယောက် ဖြစ်နေသည့်တိုင်အောင် အခွင့်အရေး မယူတတ်ချေ။ မခင်မိကို လက်ဖျားနှင့်ပင် မတို့။ နှစ်ယောက် တွေ့ကြပြီ ဆိုလျှင် မခင်မိ မျက်နှာကို ငေးကြည့်၍ စကားတွေသာ ပြောနေ တတ်သည်။

တစ်ခါတစ်ရံ အင်းလျားကန်ပေါင်ပေါ်မှာ လမ်းလျှောက်ကြသည်။ မမကြည့် အအေးဆိုင်မှာ ထိုင်သည့်အခါ ထိုင်သည်။ ဦးချစ်ဆိုင် သွားသည့် အခါ သွားသည်။ တစ်ခါတလေ ရုပ်ရှင်ကြည့်သည်။ မြန်မာကား ကြည့်ချင် လျှင် ဆုထူးပန်၊ သွင်၊ မြို့မ၊ ရွှေဂုန်တို့ကို သွားသည်။ နိုင်ငံခြားကား ကြည့်ချင်လျှင် ကာလ်တန်၊ ရှင်ရယ်၊ ဂလုပ်၊ အိတ်ဆယ်စီယာတို့သို့ သွားသည်။

ကိုမြတ်ထွန်းသည် မခင်မိဆီသို့ မကြာ မကြာ ရောက်လာတတ် သော်လည်း နေ့စဉ်နေ့တိုင်း လာနိုင်သည်တော့ မဟုတ်။ ဂျာနယ်ထွက်ခါနီး သုံးလေးရက် အလိုလောက်ဆိုလျှင် အလုပ်တွေများပြီး မလာနိုင်။ ဂျာနယ် ထွက်တော့မှ မခင်မိအတွက် ဂျာနယ်တစ်စောင်နှင့်အတူ ရောက်လာတတ် သည်။ ပြီးတော့ ဂျာနယ်ထဲက ဆောင်းပါးတွေအကြောင်း ဆွေးနွေးလေ တော့သည်။

မခင်မိက ကိုမြတ်ထွန်းပြောသည့် အကြောင်းရာတိုင်းကို နားလည် သည်တော့ မဟုတ်ချေ။ တစ်ခါတစ်ရံတွင် ကိုမြတ်ထွန်းက နိုင်ငံရေး အကြောင်း

ပြောတတ်သည်။ မခင်မိက နိုင်ငံရေးကို သိပ်စိတ်ဝင်စားသူမဟုတ်။ သို့ရာတွင် ကိုမြတ်ထွန်း ပြောသမျှကိုတော့ မပျင်းမရိ နားထောင် နေလေ့ရှိသည်။

ကိုမြတ်ထွန်းသည် အများနှင့်မတူသော လူတစ်ယောက် ဖြစ်သည်။ တစ်ခါတစ်ရံမှာ သူ့အယူအဆများသည် လူအများ လက်ခံထားသော အယူအဆများနှင့် ကွဲပြားနေတတ်သည်။ တချို့ ကိစ္စများတွင် အစဉ်အလာ အယူအဆများကို လက်မခံဘဲ တချို့ ကိစ္စတွေမှာကျတော့ ရှေးရိုးဆန်နေ တတ်ပြန်သည်။

ဘာပဲဖြစ်ဖြစ် ကိုမြတ်ထွန်းသည် ကိုယ်ကျင့်တရားကိုတော့ အလွန် ထိန်းသိမ်းသူ ဖြစ်လေသည်။ မခင်မိကတော့ တစ်ခါတစ်ခါ ကိုမြတ်ထွန်းကို လူတစ်မျိုးပဲဟု ထင်မိသည့်တိုင် လေးလေးစားစား ချစ်နေမိမြဲပင် ဖြစ်သည်။

*****

အခန်း [၆]

ကျောင်းပိတ်ရက်တွင် မခင်မိ နယ်ပြန်သွားသည်။ အိမ်ပြန်ရောက်သောအခါ သူ မမျှော်လင့်သော ကိစ္စတစ်ခုနှင့် ကြုံရလေသည်။ ကိုမြတ်ထွန်းနှင့် သူ့အကြောင်းကို အိမ်က သိနေခြင်းပင် ဖြစ်သည်။ မခင်မိမှာ အမေ မရှိတော့။ ဖခင်ဖြစ်သူ ဦးဘရွှေနှင့် အဒေါ် ဒေါ်မြရွှေတို့က ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသည်။ မခင်မိ၏ အထက်က

မခင်အိကတော့ ဆန်စက်ပိုင်ရှင်တစ်ယောက်၏ သားနှင့် လက်ထပ်သွားခဲ့ပြီးဖြစ်သည်။

ဦးဘရွှေက သစ်ကုန်သည် ဖြစ်သည်။ သစ်တောကြိုးဝိုင်းများမှ လုပ်ကွက်များကို ကန်ထရိုက် ဆွဲသည်။ သစ်များကို ခုတ်လှဲပြီး ရန်ကုန်သို့ မျှောချသည်။ ရန်ကုန်မှာ ဦးဘရွှေ၏ မိတ်ဆွေ ဦးတောက်ထိန် ရှိသည်။ ဦးတောက်ထိန်က သစ်စက်တည်ထားပြီး ရောက်လာသော သစ်တွေကို ခွဲသည်။

ဦးဘရွှေနှင့် ဦးတောက်ထိန်တို့သည် စီးပွားဖက်များဖြစ်၍ အလွန်ရင်းနှီးသည်။ တစ်ဦး၏ လုပ်ငန်းတွင် တစ်ဦးက အပြန်အလှန် အစုရှယ်ယာ ဝင်ထားခြင်းဖြင့် ပို၍ ခိုင်မာစေသည်။ ထို့အပြင် ဦးတောက်ထိန်၏ သစ်စက်မှာ မန်နေဂျာလုပ်နေသော ဦးတောက်ထိန်၏ သားကြီး ဝီလီ တောက်ထိန်နှင့် မခင်မိကို လက်ဆက်ပေးရန် ရည်ရွယ်ထားကြသည်။

ကိုမြတ်ထွန်းနှင့် မခင်မိတို့ အကြောင်းကို ဦးတောက်ထိန်တို့ သိရှိသွားပြီး ဦးဘရွှေထံ အကြောင်းကြားခဲ့ခြင်းပင် ဖြစ်လေသည်။

ဦးဘရွှေသည် စိတ်ထက်သူ ပြတ်သားသူဖြစ်သည်။ ကိုမြတ်ထွန်းနှင့် ဖြစ်သည့်ကိစ္စနှင့် ပတ်သက်ပြီး မခင်မိကို ပြင်းပြင်းထန်ထန် ဆူပူကြိမ်းမောင်းခြင်းတော့ မပြု၊ သို့ရာတွင်-

“သမီး အသက်အရွယ်နဲ့သမီး ချစ်သူရှာတယ်ဆိုတာကို ဖေဖေ ဘာမှ မပြောလိုပါဘူး၊ ဒါပေမဲ့ ဖေဖေ့အနေနဲ့ ပြောပိုင်ခွင့်ရှိတဲ့ အပိုင်းကိုတော့ ပြောရလိမ့်မယ်၊ အဲဒါကတော့ အဲဒီ မောင်မြတ်ထွန်းဆိုတဲ့ သူငယ်နဲ့ သမီးကို သဘောမတူနိုင်တဲ့ အကြောင်းပဲ၊ ဘာကြောင့်လဲဆိုတော့ သူဟာ အိုင်အစေ လောက်သာ အစောင်တဲ့အတွက် သမီးထက် ပညာအရည်အချင်း နိမ့်တယ်၊ ပြီးတော့ ပစ္စည်းဥစ္စာမှာလည်း မယှဉ်သာအောင် ကွာခြားလွန်းတယ်၊ သူ့ရဲ့ အလုပ်အကိုင်ကလည်း ဘာမှ အာမခံချက် မရှိဘူး။ စာနယ်ဇင်းသမား ဆိုတာ ကြိုးတန်းပေါ်မှာ လမ်းလျှောက်နေသူတွေပဲ၊ တစ်နေ့ မဟုတ် တစ်နေ့ ကြိုးတန်းပေါ်က ပြုတ်ကျမှာ ကျိန်းသေတယ်။ အဒေးလေ သမီးကလည်း ကောလိပ်ကျောင်းတောင်

ရောက်နေပြီပဲ၊ ကိုယ့်ဘာသာကိုယ် သင့်တော်မယ် ထင်တာကို စဉ်းစားဆုံးဖြတ်ပေါ့၊ တစ်ခုတော့ ရှိတယ်နော်၊ သမီးက အဲဒီ သူငယ်ကို ယူဖို့ ဆုံးဖြတ်တယ် ဆိုရင်တော့ ဖေဖေတို့နဲ့ အရင်ဆုံး အဆက်ဖြတ် ရလိမ့်မယ်”

ဦးဘရွှေက ခပ်အေးအေးပင် ပြောသည်။ ခပ်အေးအေး ဆိုသည်ထက် အေးစက်စက်ဆိုလျှင် ပို၍ မှန်လိမ့်မည်။ ဒေါသတကြီး ဆူပူကြိမ်းမောင်း လိုက်တာထက် ပိုပြီး ပြင်းထန်သည်။ ဒေါသဆိုသည်မှာ ရုတ်ကရက် ပေါက်ကွဲ လိုက်ခြင်းမျိုး ဖြစ်သည်။ ပြန်လည် ငြိမ်သက်သွားနိုင်သည်။ သွေးအေးအေးနှင့် ဆုံးဖြတ်ခြင်းမျိုးကား ပြင်ဆင်မှု၊ ပြောင်းလဲမှု မရှိတတ်။

ကျောင်းဖွင့်သောအခါ မခင်မိ ရန်ကုန် ပြန်လာခဲ့သည်။ ပြန်ခါနီး အဖေ့ကို ကန်တော့သောအခါ အဖေ မျက်နှာတစ်ချက် ပျက်သွားသည်ကို တွေ့ရသည်။ စိတ်ထဲမှာ အဖေ့ကို နောက်ဆုံး မြင်ရခြင်းများ ဖြစ်လေမလားဟု ထင်မိသည်။ ထိုစဉ်ကတည်းက သူ့မှာ ဆုံးဖြတ်ချက် ပါလာခဲ့ပြီးသား ဖြစ်လေသည်။

သူတို့အကြောင်း အဖေ သိသွားသည့်အကြောင်း၊ အဖေပြောသော စကားများအကြောင်း ကိုမြတ်ထွန်းကို ပြန်ပြောပြသောအခါ ကိုမြတ်ထွန်းက-

“ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ဘာမှ မတိုက်တွန်းချင် ဘူး၊ အဆုံးအဖြတ်လည်း မပေးချင်ဘူး၊ မခင်မိဘာသာ စဉ်းစားဆုံးဖြတ် တာက ပိုပြီး မှန်ကန်လိမ့်မယ် ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ နဂိုကတည်းက လက်မဲ့သမားပဲ။ ဘာမှ ဆုံးရှုံးစရာအကြောင်း မရှိဘူး။ မခင်မိကို လက်ထပ်ခွင့် ရမယ်ဆိုရင်သာ ကျွန်တော့်အတွက် အပေါင်းလက္ခဏာ ဖြစ်လာမှာပါ။ မခင်မိအဖို့မှာကတော့ ကျွန်တော့်ကို လက်ထပ်မယ်ဆိုရင် ဆုံးရှုံးလက်လွှတ်ရမယ့် တန်ဖိုးက သိပ်ကြီးမားနေတယ်။ ဒါကြောင့် မခင်မိ ဘာသာ ဆုံးဖြတ်ပါ။ အဲဒီလို ဆုံးဖြတ်တဲ့အခါမှာလည်း ကျွန်တော့် အတွက် ဘာမှ ငဲ့ညှာပြီး မစဉ်းစားပါနဲ့။ နောက်တစ်ခုက ဒီကိစ္စကို ခုချက်ချင်း မဆုံးဖြတ်ပါနဲ့ဦး။ အေးအေးဆေးဆေး အချိန်ယူပြီး စဉ်းစားပါ။ တစ်လ လောက်ပေါ့။ ဒီကြားထဲမှာ ကျွန်တော် မခင်မိဆီ မလာဘဲနေမယ်။ တစ်လ ပြည့်တဲ့ အခါကျမှ ကျွန်တော် လာခဲ့ပါ့မယ်”

ကိုမြတ်ထွန်းပြောသောစကားတွေက အလွန်မှန်သည်။ သူ့အနေ ဖြင့် ကိုမြတ်ထွန်းကို လက်ထပ်လိုက်လျှင် ဖခင်၏ စွန့်ပစ်ခြင်းကို ခံရပေ လိမ့်မည်။ အဖေက ပြောသည့်အတိုင်း လုပ်လိမ့်မည် ဖြစ်ကြောင်း သူသိသည်။

အဖေ၏ စွန့်ပစ်ခြင်းကို ခံရလျှင် ပူပင်ကြောင့်ကြကင်းစွာ သုံးစွဲ နေထိုင်ရသော ဘဝကိုပါ စွန့်လွှတ်ရလိမ့်မည်။ ထို့ထက်မက တက္ကသိုလ် ကျောင်းသူဘဝကိုပါ စွန့်လွှတ်ရပေလိမ့်မည်။ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော သူဌေးသမီးအဖြစ်နှင့် လုံးဝ ကွာခြားသော သာမန်ဂျာနယ်သမားလေးတစ် ယောက်၏ ဇနီးအဖြစ်သို့ သက်ဆင်းရလိမ့်မည်။ စွန့်လွှတ်ရမည့် အရာများကား အတိုင်းအတာ ကြီးမားလွန်လှသည်။ စွန့်စားမှုတစ်ခု၏ တန်ဖိုးကား မသေး ငယ်လှချေ။ စည်းစိမ်ချမ်းသာကို ဖယ်ထားလိုက်။ အဖေ့ကို ခွဲခွာနိုင်သလား။

အဖေ့အကြောင်း စဉ်းစားကြည့်သည်။ အမေဆုံးပြီး နှစ်နှစ်အကြာမှာ အဖေ နောက်မိန်းမယူသည်။ ထိုစဉ်က သူသည် ခြောက်တန်းကျောင်းသူ ဖြစ်သည်။ အဖေက သူတို့ ညီအစ်မ နှစ်ယောက်ကို ရန်ကုန်သို့ ပို့၍ ကျောင်းအိပ်ကျောင်းစား

ထားသည်။ ထိုစဥ်ကတည်းကစ၍ ကျောင်းပိတ်ရက် အိမ်ပြန်သောအခါကျမှ အဖေနှင့် တွေ့ရလေတော့သည်။

အဖေသည် နောက်မိန်းမနှင့် ကလေး မရချေ။ သို့တိုင်အောင် သူတို့နှင့် မိထွေးဖြစ်သူတို့၏ ဆက်ဆံရေးမှာ ပုံမှန်ထက် မပိုခဲ့။ သူက ဆယ်တန်းအောင်ပြီး တက္ကသိုလ် ဆက်တက်ဖြစ်သည်။ အစ်မဖြစ်သူ မခင်အိက ကျောင်းဆက်မတက်ဖြစ်။ အဖေ သဘောတူသည့် သူနှင့်လက်ထပ်လိုက်သည်။

အဖေက သူ့ကို မချစ်ဘူးတော့ မဟုတ်။ ချစ်သည်။ သူကလည်း အဖေ့ကို ချစ်ပါသည်။ သို့ရာတွင် သူက ခုထိ ကျောင်းအိပ်ကျောင်းစားချည်း နေခဲ့ရသဖြင့် အဖေနှင့် အနေဝေးခဲ့သည်။ ထို့ကြောင့် အဖေနှင့်သမီး သိပ်တရင်းတနီး မရှိလှချေ။ ပြီးတော့ အဖေက သမီးရယ်လို့ တယုတယ ဆက်ဆံပြောဆိုလေ့ မရှိ။ ခပ်မှန်မှန်သာ နေလေ့ ရှိသည်။

ထိုအချက်များသည် သူ့အား ကိုမြတ်ထွန်းဘက်သို့ တွန်းပို့နေသော အချက်များပင် ဖြစ်သည်။

သူသည် ကိုမြတ်ထွန်းကို ချစ်သည်။ ကိုမြတ်ထွန်းနှင့် အတူနေရ လျှင် ဆင်းရဲသော်လည်း စိတ်ချမ်းသာလိမ့်မည် ထင်သည်။ ကိုမြတ်ထွန်းနှင့် ခွဲခွာဖို့အရေးကို စဥ်းစားကြည့်သောအခါ အဖေ၏ စွန့်ပစ်ခြင်းခံရသည်ထက် ပို၍ဆိုးသော စိတ်ဒုက္ခကို ခံစားရလိမ့်မည်ဖြစ်ကြောင်း သိလာရသည်။ ထို့ကြောင့် ကိုမြတ်ထွန်းကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်သည်။

ကိုမြတ်ထွန်းက တစ်လ အချိန်ယူဖို့. ပြောသော်လည်း သူက ဆယ်ရက်အတွင်းမှာ ဆုံးဖြတ်ချက် ချလိုက်သည်။ ခင်နွယ်ညွန့်တို့၊ ကြူကြူစိန် တို့က လောလောဆယ် ဘာမျှ မဆုံးဖြတ်သေးဘဲ အဖေ့ကို အချိုသတ်ထားရင်းကျောင်းဆက်တက်ဖို့ အကြံပေးကြသေးသည်။ မဖြစ်နိုင်။ အဖေ့ကို မညာချင်။ အဖေကလည်း အညာခံမည် မဟုတ်ချေ။ ဒီကြားထဲမှာ ဝီလလီတောက်ထိန်နှင့် ကိစ္စကို စီစဥ်မည်ပင်ဖြစ်သည်။ ပြီးတော့လည်း အဖေ၏ ဆန္ဒကို ဆန့်ကျင်မိမှတော့ အဖေ့အထောက်အပံ့ကို လည်း ကြာရှည်ဆက်မယူချင်တော့ပြီ။

ကိုမြတ်ထွန်းကတော့-

"မခင်မိကို ကျောင်းဆက်မထားပေးနိုင်တဲ့တွက် ကျွန်တော်စိတ်မကောင်းပါဘူး။ မခင်မိနဲ့ လက်ထပ်ခွင့်ရတဲ့အတွက်တော့ ကျွန်တော် အများကြီးပဲ ဝမ်းသာပါတယ်။ နောက်တစ်ခုကတော့ လိုလေသေးမရှိအောင် ပြည့်စုံတဲ့ဘဝကို စွန့်လွှတ်ပြီး ကျွန်တော်တို့လို လူတန်းစားရဲ့ ဘဝထဲကို ဆင်းလာပံ့တဲ့ မခင်မိရဲ့သတ္တိကို ချီးကျူးပါတယ်။ အင်းလေ ကျွန်တော်ကတော့ မခင်မိကို ချစ်တာဟာ စည်းစိမ်ချမ်းသာနဲ့ ဘာမှ မဆိုင်ပါဘူး။ လူကိုသာ ချစ်တယ်ဆိုတာ သက်သေပြခွင့် ရသွားတာပေါ့" ဟု ပြောသည်။

"တစ်နေ့နေ့ကျရင်သာ ကျွန်မ မေတ္တာကို အပြစ် မမြင်မိပါစေ နဲ့နော်"ဟု သူ ပြန်ပြောသည်။

✻✻✻✻✻

အခန်း [၇]

သူတို့နှစ်ယောက် လက်ထပ်လိုက်ကြသည်။ ညှော်ခံပွဲကို ဆန်းကဖေးမှာ ပြုလုပ်သည်။ မင်္ဂလာ အခမ်းအနားကြီး ပြုလုပ်သည်တော့ မဟုတ်ချေ။ မိတ်ဆွေ အပေါင်းအသင်း အနည်းငယ်ကို လက်ဖက်ရည်နှင့်မုန့် တိုက် ကျွေးခြင်းသာ ဖြစ်၏။ စုစုပေါင်းမှ လူဆယ်ယောက်လောက်သာ ပါဝင်သည်။ ကိုခင်မောင်မြင့်၊ ကိုမောင်မောင်ကြီး၊ ကိုစိန်မြင့်၊ ခင်နွယ်ညွှန့်၊ ကြူကြူစိန်နှင့် စာနယ်ဇင်းလောကမှ ကိုမြတ်ထွန်းနှင့် အရင်းနှီးဆုံး မိတ်ဆွေများသာ ဖြစ်၏။

မင်္ဂလာဆောင်ကို ... ဘယ်လောက်ထိ.. အကျဉ်းချုံးသလဲဆိုလျှင် တရားရုံးမှာ လက်ထပ်စာချုပ် ပြုလုပ်ခြင်းတောင် မရှိခဲ့။ ဒါကလည်း ကိုမြတ်ထွန်း၏ ဆန္ဒအတိုင်း ဖြစ်သည်။

သူက

"စာချုပ်စာတမ်းဆိုတာ တစ်ယောက်ကို တစ်ယောက် မယုံကြည် လို့သာ ချုပ်ဆိုကြတာ မဟုတ်လား၊ တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြတယ် ဆိုရာမှာ စာရွက်ပေါ်မှာ လက်မှတ်ထိုးရုံနဲ့ မခိုင်မြဲနိုင်ပါဘူး။ အိမ်ထောင်ရေး ဘဝတစ်ခုကို စာချုပ်တစ်ချုပ်နဲ့ ချုပ်ကိုင် ထိန်းသိမ်းထားနိုင်တယ်လို့ ကိုယ် မယုံကြည်ဘူး။ နောက်ပြီး ကိုယ်တို့ မြန်မာလူမျိုးတွေရဲ့ ထုံးတမ်းစဉ်လာမှာ စာချုပ်တွေ ဘာတွေ မလိုပါဘူး။ အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ်က အသိအမှတ်ပြုတယ်ဆိုရင် လင်မယားအရာမြောက်တာပါပဲ။ စာချုပ်ကတိပါးစပ်ကပြောတဲ့ ကတိတွေထက် နှလုံးသားထဲမှာ ထိန်းသိမ်းထားတဲ့ မေတ္တာ ကသာ အခိုင်လုံဆုံး၊ စိတ်အချရဆုံးပါ မိရယ်"

စားသောက်ပြီးကြတော့ ကိုခင်မောင်မြင့်တို့ အုပ်စုနှင့် ခင်နွယ်ညွှန့် တို့က သူတို့ငှားနေမည့် အိမ်ခန်းလေးသို့ လိုက်လာကြသည်။ တစ်ယောက် နှင့်တစ်ယောက် နောက်ကြ၊ ပြောင်ကြနှင့် ပျော်ပျော်ပါးပါးပင်။ ညနေ စောင်းတော့ ခင်နွယ်ညွှန့်တို့ ပြန်သွားကြသည်။ ပြန်ခါနီးတွင် ခင်နွယ်ညွှန့်က ပြောသွား၏။

"မိက သိပ်သတ္တိကောင်းတာပဲနော်" တဲ့။

ကိုခင်မောင်မြင့်တို့ကတော့ နေရစ်ခဲ့သည်။ မှောင်စပျိုးလာသောအခါ ကိုခင်မောင်မြင့်က-

"ကဲ...ကိုမြတ်ထွန်းရေ၊ ကျွန်တော်တို့ကတော့ လွှယ်လွှယ်ကူကူနဲ့နှင်ထုတ်လို့ရမယ့် ကောင်တွေ မဟုတ်ဘူးနော်" ဟု ပြောသည်။ ကိုမြတ်ထွန်းက-

““ကျွန်တော်ကလည်း သိပါတယ်ဗျာ။ ဒါကြောင့် အဆင်သင့်ဝယ်ထားပါတယ်”

ဆိုပြီး ရမ်ပုလင်းကို ထုတ်ပေးသည်။

“ဟာ...ဒါကြောင့်လည်း ကိုမြတ်ထွန်းကို လေးစားနေရတာပဲဗျ”

ကိုမောင်မောင်ကြီးက ပြောလိုက်သည်။ ကိုစိန်မြင့်က-

“ကဲ.. ဒါဆိုလည်း အမြည်းလေး ဘာလေး စီစဉ်ရအောင်””

ကိုမြတ်ထွန်း ထမည်အပြု ကိုခင်မောင်မြင့်က လက်ဆွဲထားပြီး-

“နေပါစေ ကိုမြတ်ထွန်း၊ ကျွန်တော်တို့ သွားဝယ်မယ်”

“မဟုတ်တာဗျာ၊ ကျွန်တော်က အိမ်ရှင်ပဲဟာ”

“ညားခါစမှာ ချွေချွေတာတာ နေမှပေါ့ဗျ။ မလုပ်နဲ့”

ဆိုပြီး ထွက်သွားကြသည်။ နှစ်ယောက်တည်း ကျန်ခဲ့သောအခါ မခင်မိက

“ကိုမြတ်ထွန်း သောက်မလို့လားဟင်”မေးသည်။

“နည်းနည်းပါးပါးပါ၊ ဘာလဲ မသောက်စေချင်ဘူးလား၊ ကိုယ်ကမသောက်ဘူးဆိုရင်လည်း ဟိုလူတွေက အတင်းတိုက်ကြမှာပဲ၊ စိတ်ချပါ၊ မလွန်စေရပါဘူး”

မခင်မိက ဘာမျှ ပြန်မပြောတော့။ ကိုခင်မောင်မြင့်တို့ ပြန်ရောက်လာသည်။ ဆော်ဒါ၊ ရေခဲ၊ အစိမ်းကြော်၊ဘဲကင် စသည်တို့ ဝယ်လာသည်။ မခင်မိအတွက် ခေါက်ဆွဲကြော်တစ်ထုပ်ဝယ်လာခဲ့၏။ မခင်မိက ခေါက်ဆွဲကြော်ထုပ်ကိုယူပြီး မီးဖိုခန်းထဲမှာ သွားစားသည်။ ပြီးတော့ အပြင်မထွက်တော့ဘဲ မီးဖိုထဲမှာပင် ထိုင်နေလိုက်သည်။

ခဏ ကြာတော့-

“မိရေလာပါဦး”

ဟု ခေါ်လိုက်သော ကိုမြတ်ထွန်းအသံကို ကြားရသည်။ မခင်မိ အခန်းပြင် ထွက်လာခဲ့သည်။

““ထိုင်ပါဦး မိရဲ့ ဧည့်သည်တွေကို စကားလေးဘာလေး ပြောပါဦး”

ကိုမြတ်ထွန်းဘေးမှာ သူဝင်ထိုင်သည်။ ကိုမြတ်ထွန်းတို့ လေးယောက်စလုံး မျက်နှာတွေ နီစပြုနေပြီ။ နှုတ်သွက်၊ လျှာသွက်လည်း ဖြစ်နေကြပြီ။ သူတို့သည် စကားပြောလျှင် လိုအပ်သည်ထက် အသံကို ပို၍ ကျယ်အောင် ပြောနေကြသည်။ သူတို့ထဲမှာ ကိုမြတ်ထွန်းက ဣန္ဒြေ အဆည်နိုင်ဆုံး ဖြစ်သည်။

"တကယ်ပါဗျာ၊ မခင်မိရဲ့ စိတ်ဓာတ်ကိုတော့ ကျွန်တော်တို့ သိပ်ချီးကျူးပါတယ်။ ဆင်စွယ်ရဲတိုက်နဲ့ နေနိုင်တဲ့ အထက်တန်းလွှာ လောကကနေ လမ်းပေါ် အခြေခံလူတန်းစားထဲကို ဆင်းလာရဲတဲ့ သတ္တိကို သိပ်လေးစားတယ်ဗျာ"

ဟု ကိုခင်မောင်မြင့်က ပြောသည်။ ကိုမောင်မောင်ကြီးတို့၊ ကိုစိန်မြင့်တို့ကလည်း စွန့်စားရဲသူ၊ ဘဝကို သုညက ပြန်လည်စတင်ဝံ့သူ စသည်ဖြင့် ချီးကျူးကြ၏။ သူတို့ပြောသော တချို့စကားလုံးတွေကို မခင်မိ နားမလည်ချေ။ သို့ရာတွင် ပြုံးနေလိုက်ရသည်။

နောက်တော့ ကိုမြတ်ထွန်းနှင့် သူ့ကိုဝိုင်းပြီး နောက်ပြောင်ကြသည်။ တချို့စကားတွေက သေသေချာချာ တွေးကြည့်လျှင် နည်းနည်းရှက်စရာ ကောင်းသည်။ ကြာတော့ သူတို့ဝိုင်းမှာ ထိုင်နေရတာ ငြီးစီစီ ဖြစ်လာသည်။

ဆေးလိပ်မီးခိုးတွေ၊ အရက်နံ့တွေ ရှုရှိုက်ရင်း မူးဝေသလို ဖြစ်လာ၏။ ထို့ကြောင့် "ကျွန်မ ခေါင်းထဲက နောက်တောက်တောက် ဖြစ်နေလို့" ဟု အကြောင်းပြပြီး အိမ်ခန်းထဲ ဝင်ခဲ့သည်။

သူသည် ယောကျ်ားများ အရက်သောက်ကြသည်ကို ခုတစ်ခါ ပထမဆုံးအကြိမ် နီးနီးကပ်ကပ် မြင်ဖူးခြင်းပင် ဖြစ်သည်။ အရက်ဝိုင်းတွေမှာ စကားများပြီး ရန်ဖြစ်တတ်ကြသည်ဟု ကြားဖူးသည်။ ထပြီး ထိုးကြ ကြိတ်ကြ တောင် ဖြစ်တတ်သတဲ့။

အိမ်ရှေ့ခန်းကို နားစွင့်မိသည်။ စကား ကျယ်ကျယ်လောင်လောင် ပြောကြသည်ကလွဲ၍ ငြင်းခုံသံ မကြားရ။

တစ်ခု သတိရမိပြန်သည်။ ယောကျ်ားတွေ အရက်သောက်လာလျှင် မိန်းမကို ရိုက်တတ်သတဲ့။ ကိုမြတ်ထွန်းက အရက်တွေမူးပြီး မိမိကို ရိုက်လေ မလား။ ဤသို့ တွေးမိသောအခါ သူ ကြောက်သွားလေသည်။ ထို့ကြောင့် အခန်းတံခါးကို အတွင်းထဲက ကန့်လန့် ထိုးထားလိုက်မိသည်။ ပြီးတော့ အိပ်ရာပေါ်မှာ လှဲလိုက်သည်။ အပြင်က စကားသံတွေကိုတော့ တစ်ချက် တစ်ချက် နားစွင့်မိ၏။

ကိုမြတ်ထွန်း၏ အသံ။

"ရပါသေးတယ်ဗျ၊ လုပ်စမ်းပါ၊ ရဲဆေးတင်တဲ့ သဘောပေါ့၊ ဒါမှ ဟဲ...ဟဲ"

"ကျွန်တော်တော့ တော်ပြီဗျာ၊ သိပ်များလို့ မကောင်းဘူး"

""တိုးတိုးပြောပါဗျာ၊ သူ ရှက်နေဦးမယ်"

မေးခနဲ အိပ်ပျော်သွားသည်။ သူ့နာမည် ခေါ်သံလိုလို ကြားရသည်။ အိပ်မက်လိုလို၊ တကယ်လိုလို။

""မိရေ...တံခါးဖွင့်ပါဦး"

သူ နိုးလာသည်။ အခန်းတံခါး ပိတ်ထားမိကြောင်း သတိရသည်။ စောစောက သတိ မထားမိခဲ့။ ခုမှ သူ အိပ်နေခဲ့တာ နှစ်ယောက်အိပ် ခုတင်ပါလားဟု

သတိထားမိပြီး ရင်ဖိုသွားသည်။

တံခါးကို ခပ်ဖွဖွ ခေါက်လိုက်သောအသံ ကြားရပြန်သည်။ သူသည် တံခါးနားသို့ လျှောက်သွားသည်။ ကန့်လန့်ဆီသို လက်လှမ်းပြီးမှ မဖွင့်ရဲ။

"မိရေ"

ကိုမြတ်ထွန်းက ခေါ်ပြန်သည်။ သူ တံခါးကန့်လန့်ကို အသံမမြည် အခေါင် ဆွဲလိုက်သည်။ တံခါးကို ဟရုံလောက် ဖွင့်ပေးလိုက်သည်။ ကိုမြတ်ထွန်း တံခါးကို တွန်းဖွင့်ပြီး အခန်းထဲ ဝင်လာသည်။

"ဘာဖြစ်လို့ တံခါး ပိတ်ထားရတာလဲ မိရယ် "

သူက ဘာမျှ ပြန်မပြော။ ကိုမြတ်ထွန်းကိုလည်း မကြည့်ရဲ။ခေါင်းငုံ့ထားသည်။

"မိက ကိုယ့်ကို ကြောက်နေလို့လား"

ကိုမြတ်ထွန်းဆီက အရက်နံ့စူးစူးရှရှက ဝေ့ဝဲလာသည်။ သူ ဝမ်းနည်းလာ၏။ မျက်ရည်တွေ အလိုလိုဝဲလာသည်။

"ဟင်... မိ ငိုနေတယ် ဟုတ်လား"

ကိုမြတ်ထွန်းက သူ့လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ သူ ဆတ်ခနဲ တုန်သွားသည်။

" ကိုယ် အရက်သောက်လာလို့ မိက ကြောက်နေတာလားဟင်၊ အင်းလေ တကယ်တော့ ကိုယ်ကလည်း မိကို ကြောက်နေတာပါပဲ"

ဟုပြောပြီး သူ့ကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ ကိုမြတ်ထွန်း၏ ရင်ကို မျက်နှာအပ်ထားသည်။ မျက်ရည်တွေက ရှပ်အင်္ကျီမှာ စိုကုန်သည်။

ဘဝလမ်းခရီးတွင် တစ်ဆစ်ချိုး အကွေ့တစ်ခုပင်တည်း။

အဖေ့ဆီ စာတစ်စောင် ရေးလိုက်သည်။ စာထဲတွင် သိပ်များများစားစား ရေးမထားချေ။ ကိုမြတ်ထွန်းနှင့် လက်ထပ်လိုက်ပြီဖြစ်ကြောင်း၊ အဖေ့ဆန္ဒကို ဆန့်ကျင်မိသည့်အတွက် ခွင့်လွှတ်စေလိုကြောင်း၊ အဖေက ခွင့်မလွှတ်ဘဲ အပြစ်ပေးလျှင်လည်း ခံမည်ဖြစ်ကြောင်းလောက်သာ ရေးထားသည်။

အဖေ့ဆီက ဘာစာမျှ ပြန်မလာခဲ့ချေ။ အဖေ လုံးဝခွင့်မလွှတ်ကြောင်း သိလိုက်သည်။ အမေသာရှိလျှင် မိမိ ခုလို လုပ်ဖြစ်ချင်မှ လုပ်ဖြစ်လိမ့်မည်ဟု တွေးမိသည်။ လုပ်ဖြစ်ခဲ့လျှင်လည်း အမေသာဆိုလျှင် ခွင့်လွှတ်လိမ့်မည် ထင်သည်။ ခုတော့ အားလုံး ပြီးဆုံးသွားခဲ့ပြီ။ အဖေ့ ပစ္စည်းဥစ္စာများကို မမက်မောသော်လည်း အဖေ့ကို လက်လွှတ် ဆုံးရှုံးရသည့်အတွက်တော့ ဝမ်းနည်းမိသည်။ သို့ရာတွင် ကိုယ့်လမ်းကိုယ် ရွေးခဲ့ပြီးပြီပဲ။ အရာရာကို ရင်ဆိုင်၍ ဆက်လျှောက်ဖို့သာ ရှိတော့သည်။

ကိုမြတ်ထွန်းကတော့ သူ့ကို တကယ်ကြင်နာပါသည်။ ကိုမြတ်ထွန်း နှင့်

နေရသည့်မှာ သိပ်ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ မဟုတ်သည့်တိုင် အရင်က နှင့် အများကြီးကွာတာတော့ အမှန်ပင်။ ဒါကိုသိသော ကိုမြတ်ထွန်းက သူ့ကို အရိပ်တကြည့်ကြည့် နေတတ်လေသည်။

သူတို့ငှားနေသော အိမ်ခန်းကလေးက ကိုးပေ၊ နှစ်ဆယ့်ခုနစ်ပေသော ရှိသည်။ သို့ရာတွင် မခင်မိအဖို့ ကျဉ်းကျပ်သည်ဟု မထင်မိချေ။ သူသည် ကျောင်းသူဘဝ သက်တမ်းတစ်လျှောက်လုံးလိုလို အဆောင်မှာ နေခဲ့သူသာဖြစ်သည်။ ထို့ကြောင့် အခန်းကျဉ်းများသည် သူ့အဖို့ သိပ်မဆန်းတော့။ ပြီးတော့လည်း မိထွေး၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီးနေရသော နှစ်ထပ်တိုက်ကြီးနှင့်စာလျှင် ကိုယ့်လက် ကိုယ့်ခြေ၊ ကိုယ်ပိုင်ဆိုင်သော ဒီအိမ်ခန်းကျဉ်းကလေးက ပို၍ အနေချောင်သည်ဟု ထင်မိလေ၏။

ကိုမြတ်ထွန်းကို ဂျာနယ်တိုက်က လခ နှစ်ရာ့ငါးဆယ် ပေးထားသည်။ တစ်ခါတစ်ရံ ဆောင်းပါးရေးခ နှစ်ဆယ်၊ အစိတ် ပိုရတတ်သည်။ ကိုမြတ်ထွန်းက သူ့ကို လစဉ် ငွေနှစ်ရာအပ်သည်။ အိမ်စရိတ်က တစ်လ တစ်ရာ့ငါးဆယ်ထက် ပိုမကုန်။ လောက်လောက်ငငရှိသည်ဟု ဆိုနိုင်သည်။

မခင်မိသည် ကျောင်းက အဆောင်တွေမှာ လှည့်နေခဲ့ရသူ ဖြစ်သဖြင့် ထမင်းဟင်း မချက်တတ်ချေ။ ထို့ကြောင့် အစပိုင်းတွင် ထမင်းချိုင့် မှာစား ရသည်။ ကြာတော့ ဆိုင်ချက် ထမင်းဟင်းကို ငြီးငွေ့လာသည်။

ဒီကြားထဲမှာ သူက ထမင်းဟင်း ချက်တတ်အောင် ကြိုးစား၍ သင်သည်။ နောက်ပိုင်းကျတော့ သူ့ဘာသာပင် ချက်သည်။ ချက်ခါစတော့ အဆင်မပြေ ဖြစ်ရလေသည်။

မီးဖိုခန်းကို စနစ်တကျ မပြင်ဆင်တတ်။ ထမင်းက ပျော့ချင်သည့် အခါပျော့ပြီး မာချင်သည့်အခါ မာနေသည်။ ဟင်းတွေက အစပ်အဟပ်မတည့်။ လက်အမှန်းအဆ မကျွမ်းကျင်သေးသဖြင့် ပေါ့သည့်အခါ ပေါ့၊ ငန်သည့်အခါ ငန်နေသည်။ ချဉ်ရည်ဟင်းချက်လျှင် ချဉ်စုတ်စုတ် ဖြစ်နေသည်။ တစ်ခါ တလေ ဟင်းက အကျက်လွန်ပြီး တူးနံ့ထွက်ချင် ထွက်နေသည်။

ကိုမြတ်ထွန်းကတော့ သူချက်သော ထမင်းဟင်းနှင့် ပတ်သက်၍ တစ်ခါမျှ အပြစ်မပြောခဲ့ဖူးချေ။ ထမင်းဝိုင်းတွင် "စားလို့ကောင်းရဲ့လား၊ ဘာလိုသေးလဲ" လို့ ထုံးစံအတိုင်း မေးရသော်လည်း ကိုယ့်လက်ရာ ကိုယ် သိသဖြင့် မျက်နှာမထားတတ်အောင် ဖြစ်နေရသည်ကို ကိုမြတ်ထွန်းက- "စားလို့ ကောင်းပါတယ်၊ ဘာမှ မလိုပါဘူး"ဟု အမြဲ ပြန်ပြောတတ်သည်။

""မိ သိပါတယ် ကိုမြတ်ထွန်းရယ်၊ မိ ချက်တဲ့ဟင်းတွေက မကောင်းပါဘူး"

"ဒီလိုပေါ့ မိရယ်၊ အလုပ်တစ်ခုဆိုတာ ကိုယ်မကျွမ်းကျင်သေး ခင်တော့ နည်းနည်း အဆင်မပြေဖြစ်တာပေါ့၊ တဖြည်းဖြည်း ကျွမ်းကျင်လာမှာပဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ ကိုယ့်မိန်းမ ကိုယ်တိုင်ချက်တဲ့ထမင်းဟင်းကို စားရတာ ဟိုတယ်က အတော်ဆုံး စားဖိုမှူးကြီးတွေရဲ့ လက်ရာကို စားရတာထက် ပိုပြီး ခံတွင်းတွေ့တယ်"

ကိုမြတ်ထွန်းက ခပ်ပြုံးပြုံး ပြောသည်။ ထိုစဉ်က အမှန်ပင် ပျော်စရာ ကောင်းခဲ့လေသည်။

ပျော်ရွှင်ကြည်နူးမှုဆိုသည်မှာ လက်ငင်းကြုံတွေ့ရသောအခိုက်တွင် သိပ်မသိသာလိုက်ဘဲ နောင်တစ်ချိန် ထိုအကြောင်း ပြန်စဉ်းစားကြည့်သော အခါကျမှ ဟိုတုန်းက ပျော်ခဲ့ပါလားဟု သိရခြင်းမျိုးဖြစ်သည်။

ဝမ်းနည်းစရာ၊ နာကြည်းစရာများကတော့ လတ်တလော ဖြစ်ပျက် နေသော အခိုက်အတန့်မှာလည်း တကယ် ထိခိုက်နာကျင်ရပြီး နောင် တစ်ချိန် ပြန်လည် သတိရသည့်အခါတိုင်းမှာလည်း တမြည့်မြည့် ခံစား ရလေသည်။

❊❊❊❊❊

အခန်း [၈]

ဒေါ်ခင်မိသည် သမီး ငယ်ငယ်က ဆွဲထားသော ကိုမြတ်ထွန်းပုံကို အံဆွဲထဲ ပြန်ထည့်လိုက်သည်။

ဖြစ်နိုင်လျှင် ကိုမြတ်ထွန်းအကြောင်းကို ပြန်မတွေးချင်။ သူနှင့် ပတ်သက်၍ သတိရစရာ သက်သေခံ ပစ္စည်းမှန်သမျှ မကြည့်ချင်၊ မမြင်ချင်။ ဖျောက်ဖျက်ပစ်လိုက်ချင်သည်။

သို့ရာတွင် မဖြစ်နိုင်ချေ။ အမှန်တကယ် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ခုကို ဘယ်ကဲ့သို့ မေ့ဖျောက်ပစ်လို့ ရမည်နည်း။ ထိုအကြောင်း အရာကို မှတ်သားထားသည့် ဦးနှောက်၏ အစိတ်အပိုင်းကို လှီးဖြတ် ထုတ်ပစ်မှသာ မေ့ကောင်း မေ့နိုင်လိမ့်မည်။ ပြီးတော့လည်း ကိုမြတ်ထွန်းနှင့် ပတ်သက်၍ ဘယ်လိုမျှ ဖျောက်ဖျက်မရသော သက်သေခံတစ်ခုလည်း ရှိနေသည်။ သမီးပင် ဖြစ်၏။

သူ သက်ပြင်းချလိုက်သည်။ စားပွဲပေါ်က နာရီကို လှမ်းကြည့် သည်။ လေးနာရီ ထိုးပြီးပြီ။ သမီး ပြန်လာခါနီးပြီ။ သူသည် သမီးအခန်း ထဲမှ ပြန်ထွက်လာခဲ့သည်။ မီးဖိုခန်း ဖြတ်အလျှောက်တွင် ပန်းကန်တွေ ဆေးနေသော မကောကို မြင်သည်။

“ဟဲ့... မကော၊ ဒေါ်ဒေါ်ကော”

”အဘွားလေး အိမ်ရှေ့မှာ ဒေါ်လေးမိ”

““ငါးရံ့ခြောက် ဖုတ်ပြီးပြီလား”

“မပြီးသေးဘူး ဒေါ်လေးမိ”

“ခက်တာပဲ”

ဆိုပြီး အိမ်ရှေ့သို့ ခပ်သုတ်သုတ် လျှောက်လာသည်။ ဧည့်ခန်းထဲမှာ ဒေါ်မြရွှေက တရားစာအုပ် တစ်အုပ် ဖတ်နေသည်။

“ဒေါ်ဒေါ်ကလည်း ငါးရံ့ခြောက် ဖုတ်ထားပါဆိုတာ ဘာလို့ မဖုတ်သေးတာလဲ၊ သမီးက ပြန်လာခါနီးပြီ”

ဒေါ်မြရွှေက ခပ်အေးအေးပင်။

“ဖုတ်မှာပေ့ါဟဲ့၊ အစောကြီး ရှိသေးတယ်”

“ဘယ်မှာ စောရမှာလဲ၊ လေးနာရီခွဲတော့မယ်၊ သမီး ပြန်လာရင်အဆင်သင့် စားရအောင်လို့”

“အေးပေါ ညည်းသမီးက ပြန်ပြန်လာချင်း စားမှာ မဟုတ်သေးပါဘူး၊ ရေချိုးဦးမှာပါ၊ သူ ရေချိုးနေတုန်း ဖုတ်လိုက်လည်း ရသားပဲ”

“ဒေါ်ဒေါ်တို့က အဲဒါ ခက်တာ၊ တော်ကြာ သမီးက ရောက်ရောက်ချင်း စားချင်တယ်ဆို ဘယ်လိုလုပ်မလဲ၊ သမီး ကြိုက်တတ်မှန်းသိလို့ တောသည်တွေ ဆီက ဈေးကြီးပေးပြီး တကူးတက မှာထားရတဲ့ဟာ”

ဒေါ်မြရွှေက တရားစာအုပ်ကို စားပွဲပေါ်တင်လိုက်ပြီး-

“တကတဲအေ ဖြစ်နေလိုက်တာ၊ ညည်းက သမီးတော်သလိုငါလည်း မြေးတော်တာပါပဲဟဲ့၊ ငါ့မြေးကို ငါကလည်း ဂရုစိုက်တာပါပဲ၊ ဒီအိမ်မှာ ချက်ရေးပြုတ်ရေးကို ငါပဲ တာဝန်ယူလာတာ နှစ်ပေါင်း မနည်း တော့ပါဘူး၊ ဘယ်အချိန် ဘာလုပ်ရမယ်ဆိုတာ ငါသိတယ်”

ဒေါ်မြရွှေ နည်းနည်း စိတ်တိုသွားမှန်း သိသဖြင့် ဒေါ်ခင်မိ ပြုံးလိုက် ပြီး

“ဟုတ်ပါတယ် ဒေါ်ဒေါ်ရယ်၊ နိမ့်ဆို ကျွန်မဘာသာ လုပ်လိုက် ပါတယ်၊ ငါးရံ့ခြောက်ဖုတ်တာက ဒေါ်ဒေါ်ဖုတ်မှ ဌာန်ကရိုဏ်းကျတာမို့လို့”

“ကဲပါ ကျုပ် ခုပဲ လုပ်လိုက်ပါ့မယ်၊ တကတည်း တရားစာအုပ် ဖတ်တာ အေးအေး မဖတ်ရဘူး၊ ညည်းတို့ သားအမိနဲ့ နေသမျှတော့ ဘယ်တော့မှလဲ တရားရမှာ မဟုတ်ပါဘူး”

ဒေါ်မြရွှေက တဖျစ်တောက်တောက် ပြောရင်း ထရပ်လိုက်သည်။ ဒေါ်ခင်မိက-

“ငါ့ရံ့ခြောက်ဖုတ်ရင် လျှပ်စစ်မီးနဲ့ မဖုတ်နဲ့နော်၊ မီးသွေးနဲ့ဖုတ် ”

“ငါ နားလည်တယ်ဟဲ့”

ဒေါ်မြရွှေက မျက်စောင်းတစ်ချက် ထိုးပြီး ထွက်သွားသည်။

ဒေါ်ခင်မိက ပြုံးပြီး“ဆီရွှဲရွှဲလေး ဆမ်းနော် ဒေါ်ဒေါ်ဟု လှမ်းအော်လိုက်သေးသည်။ ဒေါ်မြရွှေ တစ်စုံတစ်ခု ရေရွတ်သွား၏။

*****

အခန်း [၉]

သမီးက စကားနည်းသည်။ ဘာသိဘာသာ နေတတ်သည်။ မာနကြီးတာတော့ မဟုတ်။ တစ်ယောက်တည်း သီးသန့်အေးအေးဆေးဆေး နေလိုခြင်း ဖြစ်သည်။ သမီးမှာ အပေါင်းအသင်း သူငယ်ချင်းလည်း များများစားစား မရှိ။ တခြား မိန်းကလေးတွေလို အဝတ်အစား၊ အလှအပတို့၌ ခုံမင်ခြင်း မရှိချေ။ ရုပ်ရှင်တွေ ဘာတွေလည်း သိပ်ကြည့်လေ့ မရှိ။ ရုပ်မြင်သံကြား အစီစဉ်တွင် သတင်းကြေညာသည့် အချိန်တွင်သာ ပုံမှန်ကြည့်လေ့ ရှိသည်။ တခြား အစီအစဉ်များကို တစ်ခါတစ်ရံမှသာ ကြည့်သည်။

သမီးသည် စာတော့ တော်တော်ဖတ်သည်။ လူအများနှင့် ကင်းကွာ သည်တော့မဟုတ်။ တစ်ခါတစ်ရံ အဝတ်လျှော်သည့် ဆော်လီမား၏ မိသားစု စားဝတ်နေရေး အခြေအနေကို စိတ်ဝင်တစား မေးချင် မေးတတ်သည်။ တစ်ခါတလေ ဒရိုင်ဘာ ဦးဝင်းမြင့် နေမကောင်း ဖြစ်သည်ကို ကိုယ်တိုင် ဆေးခန်းလိုက်ပို့ပြီး ပြုစုချင် ပြုစုတတ်သည်။

ဘာပဲဖြစ်ဖြစ် သမီးသည် တခြားမိန်းကလေးနှင့် မတူ။ ထူးခြား သည်တော့ အမှန်ပင်။

သမီး ကျောင်းက ပြန်လာလျှင် ရေချိုး၊ ထမင်းစားသည်။ ပြီးတော့ ပန်းခြံထဲမှာ လမ်းလျှောက်သည်။ ဒေါ်ခင်မိနှင့် လည်းကောင်း၊ ဒေါ်မြရွှေနှင့် လည်းကောင်း ခဏတစ်ဖြုတ် စကားပြောသည်။ ရုပ်မြင်သံကြား ကြည့်သည်။ ဂြိုဟ်တုသတင်း ပြီးလျှင် သူ့အခန်းကလေးထဲ ဝင်သွားပြီး စာရေး၊ စာဖတ်ကာ နေတော့သည်။ ဒီနေ့ သမီး ကျောင်းပြန် နည်းနည်းနောက်ကျသည်။ ထမင်းစားပြီး

ပန်းခြံထဲ လမ်းလျှောက်ထွက်တော့ ညနေတောင် တော်တော်စောင်းပြီ။

ရာသီဥတုက နည်းနည်း ချမ်းစိမ့်စိမ့် ဖြစ်နေသည်။ သမီးက ရှုံသားအင်္ကျီ လက်ပြတ်ကလေးသာ ဝတ်သွားကြောင်း သတိပြုလိုက်မိသည်။ ထို့ကြောင့် ဒေါ်ခင်မိသည် သိုးမွေးဆွယ်တာကလေးကို ယူပြီး ပန်းခြံထဲ လိုက်သွားသည်။

ပန်းခြံက အိမ်ဘေးမှာ ရှိသည်။ သမီး၏ အခန်းပြတင်းပေါက်မှ ကြည့်လိုက်လျှင် ပန်းခြံကို မြင်နိုင်အောင် ပြုလုပ်ထားခြင်း ဖြစ်သည်။ ပန်းခြံထဲတွင် သာယာသော မြင်ကွင်းဖြစ်အောင် ဖန်တီးထားသည်။

အမြဲ စိမ်းလန်းအောင် ပြုပြင်ထားသော မြက်ခင်းကို အုတ်ခဲများ စီ၍ ဘောင်ခတ်ထားသည်။ အုတ်ခဲ နှစ်တန်းကြားတွင် ရွက်လှအပင်ပု အရောင်မျိုးစုံတို့က တစ်ကန့်၊ မောနင်းပန်း တစ်ကန့် စိုက်ထားသည်။ ပန်းခြံအတွင်း လမ်းလျှောက်လို့

ကောင်းစေရန် လမ်းသွယ်ကလေးတွေ ဖောက်ထား၏။ လမ်းဘေး တစ်ဖက်တစ်ချက်တွင် ပန်းအိုးတွေ စီချထားသည်။ စံပယ်ရုံ၊ ဇီဇဝါ၊ ပိန်းကျား၊ ရွှက်လှ စသည်တို့ကိုလည်း အဆင်ပြေအောင် စိုက်ထားသည်။ အရိပ်လည်းရ အပွင့်လည်း ပွင့်သည့် စွယ်တော်၊ ပျဉ်းမ၊ ကံ့ကော်၊ တရုတ်စံကားပင်တို့လည်း ရှိသည်။

ပန်းခြံ၏ မျက်နှာစာတစ်ဖက်တွင် ပင်လယ်ကဗွီးပင်တွေကို လုံးလုံး ဝိုင်းဝိုင်းဖြစ်အောင် ပုံသွင်း၍ တိဖြတ်ပြီး အတန်းလိုက် စိုက်သည်။ သစ်ပင်တိုင်း မှာ သစ်ခွပန်းမျိုးစုံကို ချိတ်ဆွဲထားသည်။

ဤသို့ဖြင့် ပန်းခြံထဲတွင် သုံးရာသီစလုံး ပန်းတွေ မပြတ်ပွင့်နေအောင် စီမံထားလေသည်။ သို့ရာတွင် သမီးကတော့ ပန်းတစ်ပွင့်တလေကိုတောင် တစ်ခါမျှ ခူးပြီး မပန်ခဲ့ဖူးချေ။

သမီးကို တရုတ်စံကားပင်အောက်မှာ တွေ့ရသည်။ သမီးသည် ပန်းခြံထောင့်က ယူကလစ်ပင်ကြီးကို ငေးကြည့်နေသည်။ တစ်ခုခုများတွေးနေသလား မသိ။ ကဗျာစပ်ဖို့ စိတ်ကူးနေတာလည်း ဖြစ်ချင် ဖြစ်မည်။

အနှောင့်အယှက် မပေးလိုသဖြင့် မခေါ်သေးဘဲ နေလိုက်သည်။ သမီးက အတော်ကြာအောင် ဆက်ငေးနေပြီးမှ ဒီဘက်အလှည့်တွင် သူ့ကို မြင်သွား သည်။

"မေမေ"

"မေမေ ရောက်နေတာကြာပြီ၊ သမီးများ တစ်ခုခု တွေးနေသလားလို့ မခေါ်ဘဲနေတာ"

“ကန်စွန်းနွယ်ပင်ကလေးကို ကြည့်နေတာပါ” ဆိုပြီး ယူကလစ်ပင်ကြီးကို နွယ်ပတ်နေသော ကန်စွန်းနွယ်ပင် များကို တချက် လှမ်းကြည့်သည်။

“ဟုတ်တယ် မေမေရဲ့ ဂျပန် ဟိုက္ကူကဗျာတွေ ဖတ်ပြီးကတည်းကကန်စွန်းနွယ်ပွင့်ကို စိတ်ဝင်စားနေတာ၊ အရင်က ဒီပန်းခြံထဲမှာ မရှိဘူးနော်၊ အခုမှ ဘယ်က ရောက်လာတာလဲ မသိဘူး၊ ကဗျာထဲမှာ ပါတယ်လေ-

“ပန်းလှကန်စွန်းနွယ်၊ ရေငင်ပုံးကြိုး သူကပ်တွယ်၊ ရေကိုတောင်းယူတယ်” တဲ့”

“မေမေတော့ နားမလည်ပါဘူး သမီးရယ်”

“ဒီလိုလေ၊ နံနက်စောစောမှာ မိန်းကလေးတစ်ယောက်က ရေခပ်ဖို့ သွားတယ်၊ ရေတွင်းရောက်တော့ ကန်စွန်းနွယ်ပင်ကလေး တစ်ပင် တွယ်တက် နေတာ တွေ့ရတယ်၊ ရေခပ်ဖို့ ရေပုံးကြိုးကို ဆွဲလိုက်ရင် ကန်စွန်းနွယ်ပင် ပြတ်ထွက်သွားမှာစိုးလို့ ရေမခပ်တော့ဘဲ တခြားအိမ် တစ်အိမ်ကပဲ ရေတောင်း ယူလိုက်တယ်တဲ့”

“သမီးရယ် ကန်စွန်းနွယ်ဆိုတာ အလေ့ကျပေါက်တဲ့ ပန်းပါ၊ ဒီပန်းခြံထဲမှာ အဖိုးတန်ပန်းတွေ အများကြီးရှိပါတယ်၊ နှင်းဆီ၊ စံပယ်၊ အာဖရိကန်ဒေဇီ၊ သစ်ခွဆိုလည်း ကတ်တီးလီးယား၊ ဗင်ဒါ၊ ဒန့်စင်းလေဒီ၊ စပိုက်ဒါ”

“မတူဘူး မေမေ၊ အမုန်ပဲ၊ တမင်အလှစိုက်ထားတဲ့ ပန်းပင်တွေက .. သူတို့ ပေါက်ချင်တဲ့နေရာမှာ ပေါက်ခွင့် မရှိဘူး၊ လူက စိုက်တဲ့နေရာမှာပဲ ပေါက်ရတယ်၊ သူတို့ အပွင့် ပွင့်ပုံကလည်း လူတွေရဲ့ အလိုကျ စနစ်တကျ ရှိလွန်းလှတယ်လို့.. ထင်ရတယ်၊ အလေ့ကျပေါက်တဲ့ ပန်းပင်တွေကျတော့သူတို့ ပေါက်ချင်တဲ့နေရာမှာ ပေါက်ချင်တဲ့ ပုံစံနဲ့ ပေါက်ကြတယ်၊ သူတို့ ပွင့်ပုံကလည်း လွတ်လွတ်လပ်လပ်နဲ့၊ တစ်ခုတော့ ရှိတာပေါ့လေ ရေလောင်း မယ့်သူ၊ မြေဩဇာကျွေးမယ့်သူ၊ ပေါင်းသင်ပေးမယ့်သူတော့ မရှိဘူးပေါ့၊ အဲဒီလို တခြားအပင်တွေနဲ့ ပြိုင်ဆိုင်ရုန်းကန်ပြီး ပွင့်ရတာကိုက သဘာဝကျ တဲ့အလှလို့ သမီး ထင်တယ်”

သမီးသည် တစ်ခါတလေ ခုလို စိတ်ကူးဆန်းဆန်းတွေ.ရတတ် သည်။ စကားဆန်းဆန်းတွေ ပြောတတ်သည်။ တစ်ယောက်သော သူသည် လည်း ခုလိုပဲ ပြောတတ်ကြောင်း သတိရလိုက်၏။

“ကဲပါ သမီးရယ်၊ ဘယ်လိုပဲပေါက်ပေါက် ပန်းဆိုရင် လှတာချည်းပဲလို့ ထားလိုက်ပါတော့၊ ကဲ... ရော့၊ ဆွယ်တာလေး ဝတ်ထားလိုက် ဦးနော်၊ အပြင်က နည်းနည်းအေးတယ်””

“သိပ်မချမ်းပါဘူး ... မေမေရဲ့ တစ်ခါတလေ အအေးဒဏ် ခံကြည့်ရတာ ကောင်းပါတယ်”

““အိုကွယ် .. အနွေးထည်ရှိရက်နဲ့ အအေးခံရမယ်လို့၊ တော်ကြာ အအေးမိပြီး ဖျားနာနေပါဦးမယ်၊ စာမေးပွဲကလည်း သိပ်ဝေးတော့တာ မဟုတ်ဘူး၊ ကဲပါ ဝတ်လိုက်စမ်းပါ”

သမီးက ဆွယ်တာအင်္ကျီကို လှမ်းယူပြီး ပြုံးလိုက်သည်။ သမီး သည် နှုတ်ခမ်းကို အပေါ်သို့ မကွေးဘဲ တစ်ဖြောင့်တည်းဖြစ်အောင် ထားပြီး ခက်ခဲစွာ ပြုံးတတ်၏။ အမွေရထားသောအပြုံး ဖြစ်သည်။ ဒေါ်ခင်မိကတော့ ဤကဲ့သို့ မပြုံးတတ်ချေ။

မှန်သည်။ ကိုမြတ်ထွန်းသည် သမီးနှင့် တူ၏။ အမှန်တော့ ဤသို့ ပြောရသည်မှာ သိပ်တော့ သဘာဝ မကျလှချေ။ သမီးကိုသာ အဖေနှင့် တူသည်ဟု ပြောသင့်သည်။ အဖေက သမီးနှင့် တူသည်ဟု ပြောခြင်းသည် သိပ်မဆီလျော်လှချေ။ သို့ရာတွင် မိမိအဖို့တော့ သမီးသည်သာ ပဓာနဖြစ်၍ ဤသို့သာ ဆိုသင့်သည်ဟု ဒေါ်ခင်မိ ထင်သည်။

*****

အခန်း [၁၀]

ကိုမြတ်ထွန်းသည် အိပ်ရာပေါ်မှာ ခေါင်းအုံးနှစ်လုံးကိုဆင့်၍ မှီထိုင်ရင်း ဆောင်းပါးစာမူတစ်ခုကို ဖတ်နေသည်။ မခင်မိ အခန်းထဲ ဝင်လာသည်။ ကိုမြတ်ထွန်း စာဖတ်တာ အနှောင့်အယှက် ဖြစ်မည်စိုး၍ ခုတင်ခြေရင်းနား မှာပင် အသာရပ်ရင်း စောင့်နေသည်။ ကိုမြတ်ထွန်းက စာထဲမှာသာ စိတ်ဝင်စား နေသည်။ ခဏနေတော့မှ စာမူကို အိပ်ရာပေါ်ချပြီး "တော်တော်ကောင်းတဲ့ ဆောင်းပါးပဲ"

ဟု သူ့ဘာသာသူ ပြောသလို ပြောလိုက်သည်။ မခင်မိ ခုတင်ပေါ် တင်ပါးလွှဲ ဝင်ထိုင်လိုက်တော့မှ သူ မြင်သည်။ သူက ပြုံးပြပြီး ""ဂျာနယ်အတွက် ဆောင်းပါးကောင်းတစ်ပုဒ် ရပြန်ပြီ"ဟု ပြောပြန်သည်။

"ကိုမြတ်ထွန်းကလည်း တစ်နေ့တစ်နေ့ အလုပ်အကြောင်းပဲ စဉ်းစားနေတာပဲနော်"

"စဉ်းစားရမှာပေါ့ မိရယ်၊ ဒါက ကိုယ့်ကို ထမင်းကျွေးထားတဲ့ အလုပ်ပဲဟာ၊ နောက်ပြီး ကိုယ် ဝါသနာပါတဲ့ အလုပ်လည်း ဖြစ်နေတယ် မဟုတ်လား"

"အလုပ်အကြောင်းလည်း စဉ်းစားတာ စဉ်းစားပေါ့၊ အိမ်အကြောင်း လည်း နည်းနည်းပါးပါး စဉ်းစားစမ်းပါဦး"

ကိုမြတ်ထွန်းက ခုတင်ဘေးရှိ စားပွဲဝိုင်းကလေးပေါ်မှ စီးကရက် ဘူးနှင့် မီးခြစ်ကို လှမ်းယူသည်။

"အိပ်ရာပေါ်မှာ ဆေးလိပ်မသောက်ပါနဲ့ဆိုတာ ဘယ်တော့မှ ပြောလို့မရဘူး"

ကိုမြတ်ထွန်းက ရယ်၍ စီးကရက်တစ်လိပ်ကို ထုတ်ပြီး မီးညှိနေသည်။ တစ်ဖွာ၊ နှစ်ဖွာ ဖွာသည်။

"အိပ်ရာထဲမှာ စီးကရက်နံ့တွေစွဲတော့ ဘယ်မှာ လေကောင်းလေသန့် ရတော့မှာလဲ၊ စီးကရက်ပြာတွေလည်း ကြမ်းပေါ် ခြွေချလိုချ"

"ကဲပါ မိရယ်၊ နောက်ကို ဆေးလိပ်ခွက်ထဲမှာပဲ ပြာခြွေပါ့မယ်၊ အင်း ... ဆိုစမ်းပါဦး၊ ခုနပြောတာ ကိုယ်က အိမ်အကြောင်း မစဉ်းစားဘူး ဟုတ်လား"

"အင်းလေ"

"မစဉ်းစားဘူးရယ်တော့ မဟုတ်ပါဘူး၊ အလုပ်များလို့ပါ၊ ပြီးတော့ မိကိုလည်း ကိုယ်က ယုံတယ်လေ၊ မိက အိမ်ထောင်ကို ကောင်းကောင်း ထိန်းသိမ်းနိုင်တာပဲဟာ၊

ဟုတ်တယ်၊ မိက အချိန်တိုတိုတွင်းမှာ အရမ်း တိုးတက်လာတာပဲ၊ ခုပဲကြည့် မိဟာ ညားခါစတုန်းက အိမ်မှုကိစ္စ သိပ် မတတ်သေးတာ၊ ခုတော့ တော်ရုံတန်ရုံ မိန်းမက မိကို ဘယ်မီမလဲ”

“အဲဒီလောက်နဲ့ ဘယ်ပြီးဦးမလဲ၊ လင်မယားရယ်လို့ စကားလေး ဘာလေး အေးအေးဆေးဆေး ပြောဖို့တောင် အချိန်မရဘူး၊ သူက အိမ်ပြန် သိပ်နောက်ကျတယ်၊ နေ့တိုင်းလိုပဲ”

“ဒါကတော့ကွယ် အခြေအနေအရပဲဟာ၊ ကိုယ်လည်း ကိုယ့်မိန်းမ နားမှာ အမြဲနေချင်တာပါပဲ၊ ဒါပေမဲ့ ခုချိန်မှာ ဂျာနယ်တွေက အပြိုင်အဆိုင် ထွက်နေတော့ သိပ်ကြိုးစားနေရတယ်လေ၊ ဒါမှလည်း ကိုယ်တို့ဂျာနယ် တည်တံ့နေနိုင်မှာ မဟုတ်လား”

“ကဲ.. အဲဒီလို အလုပ်ဘက်ကိုပဲ မဲနေလို့ အိမ်ကမိန်းမ ဘာတွေဖြစ်နေတယ်ဆိုတာ သူ မသိဘူး မဟုတ်လား”

“ဟင်.. ဘာဖြစ်လို့လဲ၊ မိ ဘာဖြစ်လို့လဲ”

ကိုမြတ်ထွန်းက ပျာပျာသလဲ မေးသည်။ မခင်မိက ချက်ချင်းမပြောသေး။ ခေါင်းငုံ့သွားသည်။ ထို့နောက် လေသံ ခပ်တိုးတိုးဖြင့် ကိုမြတ်ထွန်းကို မကြည့်ဘဲ ပြောသည်။

“မိမှာ မိမှာ ကလေးရှိနေပြီ ထင်တယ်”

“ဟင်... ဟုတ်လား”

ကိုမြတ်ထွန်းသည် ဆတ်ခနဲ ဖြစ်သွားသည်။ ခုတင်ပေါ်က ဆင်းသည်။ ပြီးတော့ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။ စီးကရက်ကို ပြာခွက်ထဲမှာ ထိုးခြေသည်။

“အဲဒါ ကိုမြတ်ထွန်း ဝမ်းမသာဘူးလားဟင်”

ဟု ထပ်မေးတော့မှ မခင်မိဘေးနားမှာ ဝင်ထိုင်ပြီး-

“ကိုယ် စိတ်တွေ သိပ်လှုပ်ရှားနေလို့ပါ၊ ဟုတ်တယ်၊ သိပ် ထူးဆန်းတာပဲနော်၊ ကိုယ် ကလေးအဖေ ဖြစ်တော့မယ်””

မခင်မိက ရှက်ပြီး ခေါင်းငုံ့သွားပြန်သည်။ ကိုမြတ်ထွန်းက မခင်မိ လက်ကို ဆုပ်ကိုင်လိုက်သည်။ မခင်မိက ကိုမြတ်ထွန်း ပခုံးပေါ် ခေါင်းမှီ ထားရင်က-

“‘‘ကိုမြတ်ထွန်း”

ဟု ခေါ်သည်။ ကိုမြတ်ထွန်းက “ဟင်”ဟု ထူးသည်။

“ဘာလေး လိုချင်လဲဟင်”

“လူကလေး လိုချင်တာပေါ့”

"အို... ကိုမြတ်ထွန်းကလည်း ယောက်ျားလေး လိုချင်လား၊ မိန်းကလေး လိုချင်လားလို့ မေးတာ"

"ဪ...မိရယ်၊ ဘာလေး မွေးမယ်ဆိုတာ သိနိုင်တာမှ မဟုတ်ဘဲ၊ ကိုယ်ကတော့ ဘာလေး လိုချင်တယ်လို့ပြောတာ တရားမျှတမှု မရှိဘူးလို့ ထင်တာပဲ"

"ဘယ်လိုရယ်၊ တရားမမျှတဘူး ဟုတ်လား"

" အင်းလေ၊ ကလေးတစ်ယောက်ယောက်အနေနဲ့ ယောက်ျားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် သူဖြစ်ချင်တာ ဖြစ်လာခွင့် ရှိတာပဲ၊ ဒါကို မိဘတွေက ဘာလေးဖြစ်စေချင်တယ်လို့ ပြောတာဟာ လူတစ်ယောက်ရဲ့ အခွင့်အရေးကို မမွေးခင်ကတည်းက ချုပ်ချယ်ကန့်သတ်တာနဲ့ မတူဘူးလား"

မခင်မိက ပြုံးမိသည်။

"ဪ.....ကိုမြတ်ထွန်းရယ်၊ သူ့မလည်း နေရာတကာတိုင်း ဂျာနယ် ဆောင်းပါးရေးဖို့ တွေးသလို တွေးနေတာကိုး၊ ဒါမျိုးကတော့ လူတိုင်းပြောကြ တာပါပဲ၊ မွေးလာတော့လည်း ဘာလေးပဲဖြစ်ဖြစ် ချစ်ကြတာချည်းပေါ့၊ မိကတော့ မိန်းကလေးပဲ လိုချင်တယ်၊ သမီး မိန်းကလေးဆိုရင် အဖေတွေကပိုချစ်တတ်တယ်တဲ့၊ ဒါမှ သူလည်း ခြေငြိမ်မှာ"

"အမယ် ကိုယ်က အခု ခြေမငြိမ်လို့လား"

"တခြားကိစ္စတော့ ငြိမ်ပါတယ်၊ ဂျာနယ်ကိစ္စ ဆိုရင်တော့ အားလုံးကို မေ့ထားတော့တာပဲ"

""ဒါကတော့ အလုပ်ကိုး"

"ဒါကြောင့်လည်း ပြောကြတာ သတင်းစာသမား၊ ဂျာနယ်သမား တွေဟာ သတင်းတစ်ပုဒ်ကို ကိုယ့်မိန်းမထက်တောင် ပိုချစ်ကြသတဲ့"

"တကယ်က ကိုယ့်မိန်းမထက် ဆိုတာတောင် နည်းသေးတယ်၊ ကိုယ့်ကိုယ်ကိုယ်ထက် ပိုချစ်တယ်ဆိုမှ မှန်မယ်"

"ယုံပါတယ်၊ ယုံပါတယ်""

"ကိုယ်ကတော့ ဂျာနယ်လုပ်ငန်းကို ကိုယ့်အသက်ထက် ပိုချစ် တယ်လို့ ပြောရလိမ့်မယ်၊ ကိုယ်က မိန်းမကို အသက်လောက် ချစ်တာကိုး"

"တော်စမ်းပါ"

"တကယ်ပြောတာပါ၊ ဟော စကားကောင်းနေတာနဲ့ တစ်ခုတောင်မေ့နေတယ်"

"ဘာလဲ"

"အိပ်ခါနီးမှာ ကိုယ့်ရင်သွေးလေးကို မွှေးမွှေးပေးဖို့လေ"

ဆိုပြီး မခင်မိ၏ ဗိုက်ကလေးကို ငုံ့နမ်းမည်ပြုသည်။ မခင်မိက “အို” ဟု ရေရွတ်ပြီး ကိုမြတ်ထွန်း နဖူးကို ခပ်ဖွဖွ တွန်းလိုက်သည်။

✳✳✳✳✳

အခန်း [၁၁]

ကလေးရှိပြီဟု သိရသည့် နောက်ပိုင်းတွင် အိမ်ကို ကိုမြတ်ထွန်း စောစော ပြန်လာတတ်သည်။ မခင်မိကိုလည်း အရင်ကထက် ပိုပြီး ဂရုစိုက်လာသည်။ မခင်မိ အလုပ်တစ်ခုခု လုပ်နေတာတွေ့လျှင်-

"ဟော... မိကလည်း ခက်တာပဲ၊ နားနားနေနေ နေပါလို့ပြောထားရက်နဲ့၊ ဖယ် ဖယ် ကိုယ်လုပ်လိုက်မယ်"

ဟု ပြောတတ်သည်။

"အမြဲတမ်း ငြိမ်နေတော့လည်း ထိုင်းမှိုင်းတတ်တယ်၊ နည်းနည်း ပါးပါး လှုပ်ရှားပေးမှ သွေးလေ အလျှောက်ကောင်းပြီး သွက်သွက်လက်လက် ရှိမှာ"

ကိုမြတ်ထွန်းက မခင်မိကို ထမင်းဟင်း မချက်စေချင်တော့ချေ။ အရင်လို ထမင်းချိုင့် မှာစားမည်ဟု ဆိုသည်။ မခင်မိက

"ထမင်းဟင်းချက်တာ ဒီလောက်လည်း မပင်ပန်းပါဘူး၊ ပြီးတော့ ဒီလို အချိန်ဆို ခံတွင်းပျက်တတ်တယ်၊ ဆိုင်ထမင်းဟင်းဆို စားနိုင်မှာ မဟုတ်ဘူး၊ ကိုယ့်ဘာသာ ကိုယ်ဆိုတော့ ကိုယ်စားချင်တာလေး ချက်ပြုတ် စားနိုင်တာပေါ့"

ဟု ပြောရသည်။ကိုမြတ်ထွန်းက အလုပ်က ပြန်လာလျှင် ဆီချက်ခေါက်ဆွဲ၊ ကီးမားပလာတာ၊ ကြက်သားကင် စသည်တို့ကို ဝယ်လာပေးတတ်သည်။ သွားခါနီးလျှင်လည်း "မိ ဘာစားချင်လဲ၊ ဘာဝယ်ခဲ့ရမလဲ"

ဟု အမြဲ မေးသည်။

ကိုယ်ဝန်ဆောင်ရသည့် အချိန်တွင် ချင်ခြင်းတပ်လေ့ ရှိသည် ကြားဖူးသည်။ တချို့ စားစရာ တစ်မျိုးမျိုးကို စွဲစွဲလမ်းလမ်း တောင့်တ နေတတ်သည်။ တချို့ကျတော့လည်း အရင်က မိမိ လုံးဝ မကြိုက်မနှစ် သက်သော အစားအစာကိုမှ စားချင်သည့်စိတ် ပေါ်ချင်ပေါ်နေတတ်ပြန်သည်။ တချို့မှာ ထူးထူးဆန်းဆန်းတွေ ဖြစ်တတ်သည်။ ကိုယ်ဝန်ရှိစဉ် တစ်လျှောက်လုံး သားရေကွင်းတွေကို ဝါးချင်သည့်ဆန္ဒမျိုး ဖြစ်နေသည့် လူမျိုး တွေ့ဖူးသည်။

မခင်မိကျတော့ ကောက်လှိုင်းတီမုန့် စားချင်သည့်အာသာ ဖြစ်ပေါ် နေသည်။ ရန်ကုန်မြို့မှာ ကောက်လှိုင်းတီမုန့်ရဖို့ သိပ်မလွယ်လှချေ။ သို့ရာတွင် ကိုမြတ်ထွန်းက မရရအောင် ရှာပေးသည်။ အင်းစိန်ဈေးထဲမှာ ရသည်ဟု ကြားသဖြင့် တကူးတက သွားဝယ်ပြီး ကျွေးသည်။

ညနေစောင်းလျှင် လင်မယားနှစ်ယောက် လမ်းလျှောက်ထွက်ကြ သည်။ မခင်မိသည် သမီးကို ကိုယ်ဝန်ရှိနေသောအချိန်မှာ ကိုမြတ်ထွန်းကို ပို၍ တွယ်တာမိသည်။ ဟိုအရင်က ကိုမြတ်ထွန်းသည် နေ့တိုင်းလိုလို အိမ်ပြန် နောက်ကျလေ့ရှိသည်။ အစပိုင်းတွင်သာ တစ်ယောက်တည်း မနေတတ်သလိုဖြစ်နေပြီး ကြာတော့ ရိုးသွားခဲ့သည်။

ခုကျတော့ ကိုမြတ်ထွန်းက စောစော ပြန်လာတတ်သည့်တိုင် တစ်ရက်တလေ နည်းနည်းနောက်ကျလျှင် မနေတတ် မထိုင်တတ်ဖြစ်ပြီး သတိရနေတတ်သည်။ ပြီးတော့ ကိုမြတ်ထွန်းအပေါ် ပိုပြီး အားကိုးချင်စိတ် ဖြစ်ပေါ်နေသည်။

ခုလို ကိုမြတ်ထွန်းနှင့် လက်တွဲလျှောက်ရသည်ကိုလည်း အလွန် ကျေနပ်ပြီး သာယာကြည်နူးနေမိသည်။ ချစ်သူဘဝတုန်းက တွဲလျှောက် ရတာမျိုးနှင့် မတူချေ။

ကိုယ်ဝန်ဆောင် မိခင်တစ်ယောက်အနေဖြင့် ခင်ပွန်းသည်ကို ဘေးမှာထားပြီး သွားရတာ အလွန်ဂုဏ်ယူစရာ ကောင်းသည်ဟု ထင်မိလေသည်။

ထိုအကြောင်းကို ကိုမြတ်ထွန်းကို ပြောပြသောအခါ -

"အင်း... ဟုတ်လိမ့်မယ်၊ သမီးရည်းစားဘဝမှာ ယောကျ်ားတွေက ရည်းစားနဲ့ တွဲလျှောက်ရတာကို ဂုဏ်ယူတတ်သလိုမျိုး ဖြစ်မှာပဲ"

"အဲဒီ အချိန်မျိုးမှာ မိန်းကလေးတွေက ရှက်နေတတ်ကြတယ်လေ၊ ခုကျတော့ကော၊ ယောကျ်ားတွေက ဗိုက်ကြီးသည်မိန်းမနဲ့ တွဲလျှောက်ရတာ ရှက်မှာပေါ့နော်"

"ဘာလို့ ရှက်ရမှာလဲ၊ ကိုယ့်မျက်နှာကို ကြည့်ပါလား၊ ရှက်တဲ့ မျက်နှာလားလို့၊ မရှက်တဲ့အပြင် ဆောင့်ကြွားကြွား၊ မြောက်ကြွကြွတောင် ဖြစ်နေသေးတယ်၊ ငါ လူဖြစ်ပြီ ဆိုပြီးတော့လေ"

"သွား..."

*****

အခန်း [၁၂]

မိုက်နာလေသည်။ အစပိုင်းတော့ သိပ်မသိသာလှ။ ရိုးရိုး မိုက်နာသလို ဝမ်းထဲက ရစ်ပြီး နာတာမျိုးလောက်သာ။ နောက်တော့ တစ်ချက် တစ်ချက် စူးခနဲ စူးခနဲ နာလာသည်။ တဖြည်းဖြည်း သိသာလာသည်။ ရိုးရိုး မိုက်နာတာနှင့် မတူတော့။

ဒီနေ့မှ ကိုမြတ်ထွန်းက အိမ်ပြန် နောက်ကျနေသည်။ မွေးရက်စေ့ဖို့တစ်ပတ်လောက် လိုသေးသဖြင့် မနက်က ဂျာနယ်တိုက်သို့ ထွက်သွားသည်။ ခါတိုင်းရက် ပြန်လာနေကျအချိန်ကို လွန်လာသည်။ မိုက်က ပိုနာလာသည်။ အိမ်ရှင်လင်မယားကို အကူညီတောင်းရသည်။ သူတို့က အတွေ့အကြုံ ရှိပြီးသူတွေမို့ မွေးခါနီးပြီဟု သိကြသည်။ သူတို့ကပင် ကားငှားပြီး ဆေးရုံလိုက်ပို့သည်။

မွေးခန်းထဲရောက်တော့ မခံမရပ်နိုင်လောက်အောင် နာနေပြီ။ ဝေဒနာကို အတော်ကြာအောင် အလူးအလဲ ခံစားရပြီးမှ မွေးသည်။ သမီးလေး။ ကြာသပတေးနေ့။ ညကိုးနာရီ မိနစ်ငါးဆယ်။ ခုနစ် ပေါင် လေးအောင်စ။

မိန်းမတို့သည် မွေးဖွားခါနီး ဝေဒနာခံစားနေရချိန်တွင် ခင်ပွန်းသည်ကို ဘေးမှာရှိစေချင်သည်။ ထိုအချိန်မှာ အားအငယ်ရဆုံးအချိန်လည်း ဖြစ်သည်။ အားပေးစကား တစ်ခွန်းသည် ကြီးစွာသော အင်အား။

ဒီလို အချိန်မျိုးမှာ ကိုမြတ်ထွန်းက အနားမှာ မရှိ။ သမီးကို မွေးပြီး သွားတော့မှ ဆရာမတစ်ယောက် လာပြောသည်။

“ညီမရဲ့ အမျိုးသား အောက်မှာ စောင့်နေတယ်။ ဘာလိုသေးလဲလို့ မေးခိုင်းတယ်၊ ကော်ဖီသောက်မလား၊ မှာခိုင်းလိုက်မယ်”

သူ ခေါင်းခါပြလိုက်သည်။

“သူကတော့ တော်တော် ပျော်နေမှာပဲနော်”

ဟု ဆရာမက ထွက်သွားခါနီး ပြောသွားသည်။ နာရ၊ ကျင်ရ၊ ညည်းရ၊ ညူရ၊ ရုန်းရ၊ ကန်ရသဖြင့် မောပန်းနွမ်း နယ်နေသော်လည်း ရုတ်တရက် အိပ်မပျော်သေးချေ။ သန်းခေါင်ကျော်တော့မှ တစ်ချက် မှေးခနဲ ဖြစ်သွားခါနီးတွင် ဂျူတီကုတ်ဝတ်ထားသော ဆရာဝန် တစ်ယောက် ခုတင်ဘေးမှာ လာရပ်သဖြင့် ကြည့်လိုက်ရာ ရုတ်တရက် အံ့သြပြီး -

“ကိုမြတ်ထွန်း”

ကိုမြတ်ထွန်းက နှုတ်ခမ်းကို လက်ညှိုးဖြင့် ကပ်၍ "ရှူး" ဟုလုပ်လိုက်ပြီးမှ -

"မနက်အထိ မစောင့်နိုင်တော့လို့ အကြံအဖန်လုပ်ပြီး တက်လာခဲ့ တာ၊ မိ နေကောင်းရဲ့လား"

မခင်မိက ခေါင်းညိတ်ပြသည်။

"ဆောရီးပဲ မိရယ်၊ ကိုယ် အိမ်ပြန် နည်းနည်း နောက်ကျသွားတယ်၊ အိမ်ရောက်ရောက်ချင်း သိလို့ ပြေးလာတာပဲ၊ ဒီရောက်တော့ မိက မွေးခန်းထဲ ရောက်နေပြီ၊ မိတော့ သိပ်အားငယ်နေမှာပဲနော်"

"ဒီနေ့ အလုပ် သိပ်များနေလို့လားဟင်"ဟူ၍သာ သူ မေးမိသည်။

"အလုပ်ကတော့ ခါတိုင်းလိုပါပဲ။ ကိုယ်လည်း စောစောပြန်မယ်လို့ လုပ်နေတုန်း ကာလာရိုက်တဲ့ စက်သမားလေးလက်ကို စက်ညှပ်သွားလို့၊ တိုက်မှာလည်း ချက်ချက်ချာချာလူ မရှိတာနဲ့ ကိုယ်ပဲ ဆေးရုံ လိုက်ပို့ရတယ်၊ ပြီးတော့ တစ်ခါ သူ့အိမ်ကို သွားအကြောင်းကြားပေးရတာနဲ့

စောစောက ဝမ်းနည်းအားငယ်ရသောစိတ်များ ပြေပျောက်သွား သည်။ ကိုမြတ်ထွန်းက မခင်မိ၏ လက်ဖဝါးကို ဆုပ်ကိုင်လိုက်ပြီး-

"သမီးလေးကော၊ ကျန်းကျန်းမာမာပဲ မဟုတ်လား"

"နေကောင်းပါတယ်""

"ကိုယ်ကြည့်ချင်လိုက်တာ"

"ကလေးခန်းထဲမှာ ထားတယ်၊ ခု ကြည့်လို့ရမှာ မဟုတ်ဘူး၊နက်ဖြန်မှ ကြည့်တော့နော်"

မခင်မိသည် ကိုမြတ်ထွန်း ဝတ်လာသော ဂျူတီကုတ်ကို ကြည့်လိုက်သည်။

"ဒါက ဘယ်က ရလို့ ဝတ်လာတာလဲ"

"ဒီဆေးရုံက မေထရွှန်ကြီးက စည်းကမ်းသိပ်ကြီးတယ်လို့ ကြားတယ် လေ၊ မတော်တဆ ကိုယ့်ကိုတွေ့သွားရင် ပြောနေကြမှာစိုးလို့ ဆရာဝန်ယောင် ဆောင်လာတာ၊ အပေါက်ဝက အလုပ်သမားရဲ့ မိန်းမက အဝတ်လျှော်တယ် လေ၊ သူ့မိန်းမဆီ လျှော်ဖို့ ပေးထားတဲ့အထဲက သွားယူ လာပေးလို့ ဝတ်လာ တာပါ၊ ဒါနဲ့ မိ မဆာဘူးလား"

"ခုတော့ နည်းနည်း ဆာလာသလိုပဲ"

"ဒါဆို ကော်ဖီနဲ့ မုန့်နဲ့ ပို့ခိုင်းလိုက်မယ်၊ ကဲ ..ကိုယ်လည်း သွားမှ၊ တော်ကြာ လူမိနေဦးမယ်၊ ကိုယ် အောက်မှာ တစ်ညလုံးရှိနေမယ် သိလား၊ဘာမှ အားမငယ်နဲ့"

ကိုမြတ်ထွန်း လှည့်ထွက်မည် အပြုတွင် မခင်မိက-

“ကိုမြတ်ထွန်း”

ဟု ခေါ်သည်။ ကိုမြတ်ထွန်း၏ လက်ကို ဖျစ်ညှစ် ဆုပ်ကိုင်လိုက်ပြီး

“သမီးက ကိုမြတ်ထွန်းနဲ့ တူတယ် သိလား”

ဟု ပြောသည်။

သမီးကို နာမည်ပေးဖို့ စဉ်းစားကြသည်။ မခင်မိက

“သမီးက ကြာသပတေးသမီးလည်း ဖြစ်တယ်၊ မိရဲ့နာမည်ရော ကိုမြတ်ထွန်းနာမည်ပါ ပါအောင် မိမိထွန်းလို့မှည့်ရင် မကောင်းဘူးလား”

“နေ့သင့်၊ နံသင့် မှည့်တာကတော့ မြန်မာ့ရိုးရာ အစဉ်လာမို့လို့ကိုယ် သဘောကျပါတယ်၊ ဒါပေမဲ့ သားသမီး နာမည်ထဲမှာ အဖေနာမည်ထည့်မှည့်တာကတော့ ကိုယ် မကြိုက်လှဘူး၊ ဒါက အနောက်တိုင်း ဓလေ့ထုံးစံကို အတုခိုးထားတာ”

“ဘယ်ဟုတ်မလဲ ကိုမြတ်ထွန်းရဲ့ မြန်မာမှာလည်း ဒီအလေ့အထ ရှိခဲ့ပါတယ်၊ နောက်ပိုင်း တဖြည်းဖြည်း ကွယ်ပျောက်သွားလို့ပါ၊ မိတို့ တက္ကသိုလ်မှာတုန်းက သင်ခဲ့ရဖူးတယ်၊ ဟိုး ပုဂံခေတ်ဦးကတည်းက ရှိခဲ့တာ၊ အဖေ့နာမည်ရဲ့ နောက်ဆုံးစာလုံးကို သားနာမည်ရဲ့ ရှေ့ဆုံးစာလုံး အဖြစ် အသုံးပြုတာလေ၊ ဥပမာ ပျူစောထီးရဲ့သားက ထီးမင်းယဉ်၊ သူ့သားကျတော့ ယဉ်မင်းပိုက်၊ နောက်ဆက်ပြီး ပိုက်သေလည်၊ သေလည်ကြောင် စသည် ဖြင့်ပေါ့”

“ထားပါတော့လေ၊ မိက ဒီနာမည်ကို ကြိုက်တယ်ဆိုရင်လည်း မှည့်လိုက်ပေါ့၊ အင်း- တကယ်တော့ မိဘက ပေးတဲ့နာမည်ကို လက်ခံရတယ် ဆိုတာကိုက ကလေးတွေဘက်က အခွင့်ရေးတစ်ခု ဆုံးရှုံးတာပဲ၊ သားသမီး တွေဟာ ကိုယ့်နာမည်ကိုယ် မှည့်ခွင့် ရှိသင့်တယ်”

”ဩော်... ကိုမြတ်ထွန်းရယ်၊ ကလေးက မွေးခါစမှာ စကားတောင် မပြောတတ်သေးတဲ့ဟာ၊ ကိုယ့်နာမည်ကို ဘယ်လိုလုပ် မှည့်မှာလဲ”

“ကိုယ်ဆိုလိုတာက ဒီလိုလေ၊ ဖြစ်သင့်တာက ကလေးတွေဟာ အသက် ဆယ့်ရှစ်နှစ်အထိ မိဘပေးတဲ့ နာမည်နဲ့နေ၊ ဆယ်ရှစ်နှစ်ပြည့်တဲ့ အခါမှာ ကိုယ်ကြိုက်တဲ့ နာမည်ပြောင်းတဲ့ အလေ့အထမျိုး တီထွင်ပေးသင့်တယ်”

ကိုမြတ်ထွန်းသည် တစ်ခါ တစ်ခါ ဤကဲ့သို့ပင် စကားဆန်းဆန်း အတွေးဆန်းဆန်းတွေ ပြောတတ်၊ ရတတ်သည်။

အံ့ဩဖို့ ကောင်းသည်မှာ “သားသမီးတွေဟာ အသက်ဆယ့်ရှစ် နှစ်ပြည့်ရင် ကိုယ့်နာမည်ကိုယ် စိတ်ကြိုက်ပြောင်းနိုင်ခွင့် ပေးဖို့ကောင်းတယ်” ဟု ... ကိုမြတ်ထွန်း ပြောခဲ့စဉ်က သမီးသည် တစ်လတောင် မပြည့်သေး။ ထိုအကြောင်းကို နောက်ထပ်လည်း တစ်ခါမျှ မပြောဖြစ်ခဲ့။ သမီးအနေဖြင့် သူ့အဖေ၏ စကားကို သိစရာအကြောင်း လုံးဝ မရှိချေ။

သို့ရာတွင် ရှစ်တန်းစာမေးပွဲ ဖြေခါနီးမှာ သမီးက ပြောလာသည်။ သူ့နာမည်ကို ပြောင်းချင်တယ်တဲ့။

“သမီးနာမည်က ဘာဖြစ်လို့လဲ၊ မကြိုက်ဘူးလား”

““မကြိုက်ဘူးတော့ မဟုတ်ပါဘူး မေမေ၊ သမီးနာမည်ကို သမီး ဘာသာ မှည့်ကြည့်ချင်လို့ပါ”

အံ့ဩသွားရုံကလွဲ၍ ဘာမျှ မတတ်နိုင်။ သမီး၏ ဆန္ဒဆိုလျှင် ဘာမဆို လိုက်လျောမည်ဟု ဆုံးဖြတ်ထားသည့်အတိုင်း ခွင့်ပြုလိုက်ရသည်။

သမီးက သူ့နာမည်ကို မိမိထွန်းမှ ခိုင်မာမာသို့ ပြောင်းလိုက်သည်။ ထိုစဉ်က သမီး၏ အသက် ၁၈ နှစ်တောင် မရှိသေးဘူး။ ၁၄နှစ်သာ ရှိသေးသည်။

✳✳✳✳✳

အခန်း [၁၃]

သူသည် သမီးကို တစိမ့်စိမ့်ကြည့်နေသည်။ ဪ... သမီးတောင် အသက် ၂၀ ပြည့်တော့မှာပါလား။ သမီးသည် မကြာခင်မှာ ဘွဲ့လည်းရတော့ မည်။ ထိုအခါ...။

ဒေါ်ခင်မိသည် ဆက်မစဉ်းစားမိအောင် အာရုံပြောင်းလိုက်သည်။ ဒီနေ့ ညနေ ထမင်းဝိုင်းမှာ လူစုံသည်ဟု ဆိုရမည်။ ဒေါ်မြရွှေပါ ပါလာသောကြောင့် ဖြစ်သည်။ ဒေါ်မြရွှေက ထမင်း စောစောစားတတ် သည်။ ဒေါ်ခင်မိကတော့ ညနေစာ စားချိန်ကို ပုံမှန် သတ်မှတ်မထားချေ။ သမီးပြန်အလာကို စောင့်ပြီးမှ သမီးနှင့်အတူတူ စားလေ့ရှိသည်။ ဒီနေ့ သမီး စောစောပြန်လာသဖြင့် သားအမိ မြေးဘွားသုံးယောက် ဆုံခြင်း ဖြစ်သည်။ ဟင်းတွေ စုံသည်။ ဆိတ်ကလီစာ ဆီပြန်၊ ကကတစ်ပေါင်း၊ ငါးပိကြော်၊ ကြာဆံဟင်းခါးနှင့် အဝေရာရွက်သုပ်၊ ဒေါ်မြရွှေ၏ လက်ရာ ဖြစ်သည်။

ဒေါ်ဒေါ်သည် ဟင်းချက် ကောင်းသည်။ ဖွယ်ဖွယ်ရာရာဖြစ်အောင် ချက်တတ်သည်။ ဆီတို့၊ ဘာတို့ ဖောဖောသီသီ သုံးနိုင်သဖြင့်လည်း ပို၍ စားလို့ကောင်းခြင်း ဖြစ်သည်။ သူတို့ အိမ်မှာ နေ့စဉ် အနည်းဆုံး ဟင်းသုံးမျိုးလောက်တော့ ချက်လေ့ ရှိသည်။ သို့ရာတွင် သမီးက အသား ငါး စသော မက်မက်စက်စက် စားလေ့ မရှိချေ။ သမီးကြိုက်တာက ချဉ်ရည်ဟင်း၊ ဆီပြန်ဟင်းတွေကို ငါးခြောက်ဖုတ်၊ ငါးပိထောင်း၊ အသုပ်၊ တို့စရာ၊ ဟင်းသီးဟင်းရွက်တို့သာဖြစ်သည်။

ဒီနေ့လည်း ဟင်းတွေ စုံပါလျက်နှင့် အဝေရာရွက်သုပ်၊ ငါးပိကြော်၊ ကြာဆံဟင်းခါးတို့ဖြင့်သာ စားနေသည်။ ဆိတ်ကလီစာ နှစ်ဖတ်၊ သုံးဖတ်သာ စားသည်။ ကကတစ်ပေါင်းကို လုံးဝ မတို့သေး။ ဒေါ်ခင်မိက တစ်ခုခု ပြောမည်ပြုစဉ် ဒေါ်မြရွှေက အရင်ဦးအောင်ပြောလိုက်သည်။

"သမီးလေး၊ ကကတစ်ပေါင်း စားကြည့်ပါဦးကွယ်၊ ကကတစ်တွေ ဒီနေ့ လတ်လွန်းလို့ ဝယ်လာခဲ့တာ၊ ကြော်ပြီးမှ ပြန်ပေါင်းထားတာ"

"တော်ပြီ ဘွားလေး၊ အဝေရာရွက်သုပ်နဲ့ပဲ တော်တော်လေးစားလို့ကောင်းနေပြီ"

ဒေါ်မြရွှေက မကျေမနပ် ဖြစ်သွားပြီး-

"ဟဲ့... မစားလို့ ဖြစ်မလား၊ ဘွားအလေးပ်တဲ့သူက စားစေချင် လွန်းလို့ ပင်ပင်ပန်းပန်း ချက်ထားတဲ့ဟာကို"

"“ဟုတ်သားပဲ သမီးရယ်"

ဒေါ်ခင်မိကလည်း ဝင်ပြောသည်။သမီးက ကကတစ် အမြီးပိုင်းကို ခပ်လိုက်ရာ ဒေါ်မြရွှေက ဇွန်းကိုချပြီး

"လုပ်ပြန်ပြီ၊ ဝမ်းဗိုက်သား ဆူဆူလေးကို စားစမ်းပါ" ဆိုပြီး ဗိုက်သားတစ်တုံးကို ခပ်၍ သမီးပန်းကန်ထဲ ထည့်ပေးလိုက်သည်။

"ငါးဆိုတာ အမြီးမှာသာ အဆီစုတာ ဘွားလေးရဲ့"

"တော်စမ်း... မိခိုင်၊ ငါထည့်ပေးတာစား၊ မစားရင်တော့ နောက်ကိုငါ လုံးဝ မချက်တော့ဘူး၊ မီးဖိုချောင်ထဲကိုလည်း ယောင်လို့တောင် မဝင်တော့ ဘူး၊ ညည်းတို့ သားအမိ ဖြစ်သလိုသာ စားကြပေတော့၊ တကတဲတော် ကျုပ်မှာဖြင့် မြေးလေး တစ်ယောက်ရယ်လို့ စားလို့ကောင်းအောင် အမျိုးမျိုးအဖုံဖုံချက်လိုက်၊ ပြုတ်လိုက်ရတာ၊ ညည်းကတော့.."

"ကဲပါ ဘွားလေးရယ် စားနေပါပြီ"

သမီးက ကကတစ်ကို ဖဲ့ပြီး စားပြလိုက်သည်။ ထိုအခါကျမှ ဒေါ်မြရွှေကလည်း ကျေနပ်သွား၏။ မြေးအဘွားနှစ်ယောက် ထမင်းဝိုင်းမှာဆုံတိုင်း ဒီလို ဖြစ်နေကျမို့ ဒေါ်ခင်မိ ပြုံးနေလိုက်သည်။

"အဝေရာရွက်သုပ် ဘယ်လိုနေလဲ မေမေ"

သမီးက မေးသည်။

"ကောင်းသားပဲ သမီးရဲ့"

"အဆိမ့်စားချင်ရင် ခပ်နာနာလေး ပြုတ်ပေးရတယ်။ သမီး တမင် ခါးခါးသက်သက်ကလေး စားချင်လို့ သိပ်ပြီး အရည်တွေ ညှစ်မထုတ်တာ"

ဒေါ်ခင်မိက အခါး သိပ်မကြိုက်ချေ။ သို့ရာတွင် သမီးက ကြိုက်သည်ဆို၍ သူပါ လိုက်ကြိုက်လိုက်၏။

သမီးသည် ထိုအသုပ်ကို တော်တော် ခံတွင်းတွေ့ဟန်တူသည်။ ဘောစကိုင်းဟု ခေါ်ကြသော အဝေရာရွက်သုပ်နည်းကို သမီးကပင် မေးမြန်း လာခဲ့ခြင်း ဖြစ်သည်။

"ကျောင်းစာကြည့်တိုက်နားက အပင်မှာ အလုပ်သမားကြီး တစ်ယောက် ခူးနေတာတွေ့လို့ သမီးက ဘာလုပ်ဖို့လဲ မေးကြည့်တော့မှ သူပြောပြလို့ စားလို့ကောင်းမှန်း သိတာ၊ အဲဒါနဲ့ သမီးလည်း သူ ခူးထားတဲ့ အညွန့်ကလေး တွေ နှစ်ကျပ်ပေးပြီး ဝယ်လာခဲ့တာ"

ထမင်းစားပြီးချိန်တွင် မကောက ရှောက်ပျော်သီးပန်းကန် လာချ ပေး၏။ ရေခဲသေတ္တာထဲက ထုတ်လာခြင်း ဖြစ်သောကြောင့် ငှက်ပျောသီးများမှာ အေးစက်ပြီး ရေမှုန်ကလေးတွေ သီးနေသည်။ သမီးက ဒေါ်မြရွှေနှင့် ဒေါ်ခင်မိတို့ကို တစ်လုံးစီ ယူပေးသည်။

ပြီးတော့ "မကော ရော့"ဟု မကောကို တစ်လုံး လှမ်းပေးသည်။ မကောက

မယူရဲ။ဒေါ်ခင်မိကို တစ်ချက် လှမ်းကြည့်သည်။

"ယူလိုက်လေ မကော"

ဆိုမှ လှမ်းယူပြီး ထွက်သွားသည်။ ဒေါ်မြရွှေ "မကောကို သိပ်ပြီး အရေးပေးမနေနဲ့ဦး"ဟု ပြောသည်။

"ဘာဖြစ်လို့လဲ ဘွားလေး"

"ရောင့်တက်မှာ စိုးလို့ပါ"

"""ဘွားလေးကလည်း"

"သူ့အဖို့ ဒီအိမ်မှာ နေရတာ တခြားအိမ်တွေထက် အများကြီး ကောင်းတယ်လို့ သူကိုယ်တိုင် ပြောတာပဲ၊ ဟုတ်လည်း ဟုတ်တယ်လေ ၊ ဒီမှာက ထမင်းဆိုလည်း ဘယ်နှထပ် စားစား၊ ဘယ်လောက် စားစား၊ အဝတ်အစား လည်း ဆင်သေးတယ်၊ မုန့်ဖိုးလည်း ပေးသေးတယ်၊ အဲ.. ဒါပေမဲ့ ဒူးနေရာ ဒူး၊ တော်နေရာ တော် ဆိုတာက ရှိသေးတယ် သမီးရဲ့ သိပ် ပစားပေးလွန်းရင် အရှိအသေတန်လာတတ်တယ်"

"မကောက နားလည်ပါတယ် ဘွားလေးရယ်၊ ဒီအိမ်မှာ သူ နေလာတာပဲ သုံးလေးနှစ်ရှိနေပြီ၊ သွေးရင်းသားရင်းလို ဖြစ်နေပါပြီ၊ ခုချိန်ထိ ဘာပြောစရာများ ရှိသေးလို့လဲ"

သမီးက ငှက်ပျောသီးတစ်လုံးကို နွာစားရင်း ဒေါ်ခင်မိဘက် လှည့်၍

"ဒါနဲ့ မေမေ၊ သမီး မေမေ့ကို ပြောစရာတစ်ခုရှိလို့"

"ပြောလေ သမီး"

"မကောအကြောင်းပါ""

ဒေါ်မြရွှေကို တစ်ချက်ကြည့်ပြီး ဆက်ပြောသည်။

"သူလည်း မိန်းကလေးဆိုတော့ လက်ဝတ်လက်စားလေး ဘာလေးဆင်ချင်မှာပေါ့၊ မကောကို နားကပ်ကလေးတစ်ရန်လောက် လုပ်ပေးချင်တယ်"

"အင်း.. လုပ်ပေးလိုက်မယ်လေ၊ ကောင်းသားပဲ"

ဒေါ်မြရွှေက မျက်စောင်းတစ်ချက် ထိုးသည်။

"သမီးမှာ ပိုက်ဆံရှိတယ် မေမေ၊ သမီးပဲ လုပ်ပေးလိုက်ပါ့မယ်""

"မေမေ လုပ်ပေးလိုက်ပါ့မယ်ကွယ်၊ သမီးပိုက်ဆံ သမီးဘာသာသုံးပါ"

"သမီးမှာ သုံးစရာလည်း မရှိပါဘူး၊ နောက်ပြီး မကောကို သမီး အနေနဲ့

ပေးချင်လို့ပါ”

“သမီး သဘောပဲလေ၊ ငွေလိုရင်လည်း မေမေ့ဆီက ယူပေါ့”

“သမီးမှာ လုံလောက်ပါတယ်””

ဒေါ်မြရွှေက မဲ့ပြုံး ပြုံးလိုက်ပြီး-

““အင်း ညည်းကတော့”

ဒေါ်ခင်မိက ဒေါ်မြရွှေကို ဆတ်ခနဲ ကြည့်လိုက်သည်။ ဒေါ်မြရွှေက စကားမဆက်ဘဲရပ်ထားသည်။ ဒေါ်မြရွှေ ဘာပြောချင်ကြောင်းကို ဒေါ်ခင်မိ သိသည်။ “ညည်းကတော့ ညည်းအဖေအတိုင်းပဲ”ဟု ပြောလိုခြင်းပင် ဖြစ်လိမ့်မည်။

✳✳✳✳✳

အခန်း [၁၄]

ကားကို စောင့်နေရန် မှာခဲ့ပြီး ဗိုလ်ချုပ်ဈေးထဲ ဝင်ခဲ့သည်။ ဈေးမှာ ဒေါ်ခင်မိပိုင်သော ဆိုင်ခန်း ရှိသည်။ နှစ်ခန်းတွဲ၊ အလှကုန်ပစ္စည်းတွေ ရောင်းသည်။

အရင်ကတော့ ဒေါ်ခင်မိကိုယ်တိုင် အချိန်ပြည့် ဆိုင်ထိုင်သည်။ ခုတော့ လူငှားက စိတ်ချရသဖြင့် ဒေါ်ခင်မိအနေဖြင့် တစ်နေ့ တစ်ခေါက် ဝင်ကြည့်ရုံသာ ဖြစ်သည်။ လူငှားကိုလည်း လစာသဘော မဟုတ်ဘဲ အမြတ် ငွေပေါ်မှာ ရာခိုင်နှုန်းဖြင့် မက်လောက်အောင် ပေးထားသဖြင့် အဆင်ပြေ သည်။ ဒီဆိုင်က ဒေါ်ခင်မိအတွက် အနည်းဆုံး တစ်လ လေးငါးထောင် လောက် ဝင်နေသည်။

ထိုဝင်ငွေပင် လစဉ်အသုံးစရိတ် ကာမိသည်။ ဘဏ်မှာထားသော ငွေတွေက ဘဏ်တိုးတက်ပြီး တဖြည်းဖြည်း တိုးပွားနေသည်သာ ဖြစ်၏။ ဒါတွေ အားလုံး သမီးအတွက်ချည်းပါပဲ။

ဆိုင်ကိုရောက်တော့ အမာချိုက ပျာပျာသလဲ ဆီးကြိုသည်။ အမာချိုသည် စကားကြောရှည်တတ်သည့်မှလွဲ၍ အစစအရာရာ စိတ်ချရသည်။ ဈေးရောင်းတယ် ဆိုတာကလည်း နည်းနည်း စကားပြောပေးရသည့် အလုပ် ဖြစ်၍ အမာချိုနှင့် သင့်တော်သော ကိစ္စပင် ဖြစ်သည်။

တစ်ဖက်က ပိုက်ဆံအိတ်ဆိုင်ကို လှမ်းနှုတ်ဆက်ပြီး ဆိုင်ခုံပေါ် တက်လိုက်သည်။ ဆိုင်မှာ ကူဖော်လောင်ဖက်အဖြစ် ခေါ်ထားသော မောင်အေးမြင့်က

“ဘာစားမလဲ ဒေါ်လေးမိ၊ ဘာမှာပေးရဦးမလဲ”ဟု မေးသည်။

“နေပါစေကွယ်၊ ပြီးမှ ဒေါ်လေးဘာသာ သွားစားတော့မယ်””

ဟု ပြောပြီး တစ်ဆက်တည်း အမာချိုကို မေးသည်။

“““ဘာထူးသေးလဲဟေ့”

“မနက်က ပွဲစားလာတယ် မမ”

“ဘာတွေ ပြောသွားသေးလဲ”

“ဒီနေ့ ပစ္စည်းအသစ်တွေ ထပ်ရောက်မယ်လို့ ပြောတယ်၊ နေ့လယ် လာသွင်းမယ် ပြောတာပဲ၊ ကျွန်မကတော့ ကျွန်မဆီ အရင်ဆုံး လာပြလို့ကြိုက်ရင် အကုန်ချုပ်ပြီး ယူမယ်လို့ ပြောထားတယ်”

"ဘာတွေ ပါတယ်တဲ့လဲ"

"တခြားဟာတွေကတော့ သိပ်မထူးပါဘူး၊ အိုင်းလက်ရှ်ပုံစံသစ် တွေ ပါလာတယ်၊ ပြီးတော့ မျက်ခုံးမွေး အတုတွေလည်း ပါတယ်"

"မျက်ခုံးမွေးအတု ဟုတ်လား"

"ဟုတ်တယ် မမ၊ သူက မျက်ခုံးမွေးတွေ ပြောင်အောင် ရိတ်ပစ်ပြီး ကိုယ်လိုချင်တဲ့ပုံစံကို ကပ်ထားလိုက်ရုံပဲ၊ အထူအပါး၊ စင်ရော်တောင်၊လခြမ်းကွေး ကြိုက်တာ ရတယ်"

"ဒါဆို ရသမျှ အကုန်သာ ယူထားလိုက်"

"ဟုတ်ကဲ့၊ ကောင်မလေးတွေကတော့ သိပ်ကြိုက်ကြမှာပဲ၊ မခိုင် ဖို့လည်း ယူထားလိုက်ပါလား မမ"

"နေပါစေကွယ် သမီးက ဒါမျိုးတွေ မကြိုက်တတ်ပါဘူး"

"ဟုတ်တယ်နော်၊ မခိုင်က သိပ်ရိုးတာပဲ၊ ဆိုင်မှာ သူကြိုက်တာ ယူသုံးလို့ရရက်သားနဲ့ သိပ်ပြီး အလှမပြင်တတ်ဘူး"

ဒေါ်ခင်မိက ခေါင်းသာညိတ်ပြလိုက်သည်။ ဟုတ်လည်း ဟုတ်၏။ သမီးကို ဆိုင်က အလှပြင်ပစ္စည်း မျိုးစုံအောင် ပေးထားဖူးသည်။ သမီးက မသုံးချေ။ သမီးသည် ရှန်ပူခေါင်းလျှော်ရည်ထက် တရော် ကင်ပွန်းက ပို၍ ခေါင်းအေးသည်ဟု ဆိုတတ်သူ ဖြစ်သည်။ ခရင်ပတ်ဖိတစ်ဘူးနှင့် တမေ့ တမြော ကြာမှ တစ်ခါတလေ စိတ်လိုလက်ရ ဆိုးတတ်သော နှုတ်ခမ်းနီ တစ်ဘူးလောက်သာ လိုအပ်သည်။

"ပစ္စည်းဈေးတွေကော ဘယ်လိုနေလဲ"

ဒေါ်ခင်မိက မေးသည်။

"ထုံးစံအတိုင်းပဲမမ၊ နည်းနည်းတော့ တက်လိမ့်မယ်"

"ကိစ္စ မရှိပါဘူးလေ"

အလှကုန်ပစ္စည်းဆိုတာက ဈေးတက်လည်း ဝယ်တဲ့သူကတော့ ဝယ်ကြမှာပဲဟု သိနေသည်။ အထူးသဖြင့် ဗိုလ်ချုပ်ဈေးလို နေရာမျိုးမှာ လာဝယ်သူများသည် ဈေးနှုန်းကို အဓိက မထားပေ။ ပစ္စည်းကောင်းဖို့၊ နာမည်ကြီးပစ္စည်းဖြစ်ဖို့သာ အရေးကြီးသည်။

ပြီးတော့ အမာချိုက ဈေးခေါ် ကျွမ်းကျင်သည်။ တခြားဆိုင်တွေက ဆိုသောဈေးထက် နည်းနည်းလေး လျှော့ပြီး ပြောတတ်သည်။ ဈေးဆစ်ကြသောအခါ

"အစ်မတို့ဆိုင်က ဘယ်တော့မှ ပိုမပြောဘူး၊ ညီမလည်း လိုက်မေးကြည့်ဦး၊ သူများဆိုင်ထက် သက်သာရမယ်၊ အစ်မ အမျိုးသားက သင်္ဘောကမို့လို့ တိုက်ရိုက်ရလို့ လျှော့ရောင်းနိုင်တာ ဟု ပြောတတ်သည်။ တခြားဆိုင်တွေထက်

ဆိုဈေး လျှော့ထား ကတည်းက ဝယ်မည့်သူက ဈေးမှန်သည်ဟု ထင်သွားပြီ။ သိပ်အများကြီး မဆစ်တော့။ ထို့ကြောင့် ဆိုဈေးကို လျှော့ပြောသည့်တိုင် သူများဆိုင်တွေထက် အနည်းဆုံး ငါးကျပ်၊ တစ်ဆယ်တော့ ပိုရလိုက်သည်ချည်း ဖြစ်သည်။

အမာခိုျကို မှာစရာရှိတာ မှာပြီးနောက် စားသောက်ဆိုင်တန်းဘက် ထွက်လာခဲ့သည်။ . ကြက်သားလိပ် စားသည်။ ရွှေရင်အေးတစ်ခွက် သောက်သည်။ ပြီးတော့ အရှေ့ဘက်တန်းရှိ အချွန်တို့ ရွှေဆိုင်သို့ သွားသည်။ မကောအတွက် နားကပ်လေးတစ်ရန် ဝယ်ဖို့ ဖြစ်သည်။ သမီးက သူ ဝယ်ပေး ချင်သည် ဆိုပြီး ငွေရှစ်ရာ ပေးလိုက်သည်။ ဝယ်နေကျ ဖောက်သည် ဖြစ်သောကြောင့် ပျူပျူငှာငှာ ကြိုဆိုသည်။ ကျောက်နီ နားကပ်လေးတစ်ရန် ခြောက်ရာအစိတ်ဖြင့် ဝယ်လိုက်သည်။ အချွန်တို့ဆိုင်က ထွက်လာပြီးအထည်ဆိုင်တွေ ဝင်ကြည့်သေးသည်။ သူ့ကို သိနေသဖြင့်...

"မမမိ၊ ကြည့်ရုံပဲလား၊ မဝယ်တော့ဘူးလား၊ ဂျပန်ဇာအသစ်တွေ ရောက်တယ်"

ပိတ်စတွေ လှလည်း လှ၊ ကောင်းလည်း ကောင်းသည်။ ဈေးလည်း ကြီးသည်။ ဈေးကြီးတာက အရေးမကြီး။ သူ ဝယ်နိုင်သည်။ သမီးကို ဝယ်ပေးချင်သော်လည်း သမီးက ဝတ်မည်၊ မဝတ်မည် မသေချာ။ အဆင်ရိုးရိုး အဖြူရောင်တစ်စတော့ ဝယ်ဖြစ်လိုက်သည်။ သမီး မဝတ်ချင်လည်း ကိုယ့်ဘာသာကိုယ် ချုပ်ဝတ်လိုက်မည် စိတ်ကူး၏။

ပိတ်စထည့်ထားသော စက္ကူအိတ်ကို လှမ်းယူနေတုန်း ဆိုင်အပြင် ဘက်က ဖြတ်လျှောက်သွားသော ဒေါ်ကြူကြူစိန်ကို လှမ်းတွေ့လိုက်ရသည်။ ပြန်အမ်းသည့်ငွေကို အမြန်ယူပြီး ဆိုင်ပြင်ထွက်လာခဲ့သည်။ ဒေါ်ကြူကြူစိန်က ခြေလှမ်း ဆယ်လှမ်းစာလောက် လွန်သွားပြီဖြစ်သဖြင့် ခပ်သုတ်သုတ် လိုက်ရင်း

"ဟေ့ ကြူကြူ"ဟု လှမ်းခေါ်သည်။ ဒုတိယတစ်ခါ အခေါ်တွင် ကြားသွား၏။ လှည့်ကြည့်သည်။

"ဟယ်.... မိမိ"

ဒေါ်ကြူကြူစိန်က ဒေါ်ခင်မိ လက်မောင်းကို ပြေးကိုင်လိုက်သည်။

"ကြူတို့က နေနိုင်လိုက်တာ၊ ဈေးထဲရောက်တာ ဆိုင်ဘက်တောင်မဝင်တော့ဘူး"

ဒေါ်ခင်မိက အပြစ်တင်သည့် လေသံဖြင့် ပြောရာ

"အံမယ်၊ သူကဖြင့် ဆိုင်မှာမရှိဘဲ လျှောက်သွားနေပြီးတော့များ၊ ခုပဲ မိတို့ဆိုင် ရောက်ခဲ့ပြီးပြီ၊ မိ စားသောက်ဆိုင်ဘက် ထွက်သွားတယ် ဆိုလို့ လိုက်ရှာတာ၊ မတွေ့တာနဲ့ ဒီဘက်လှည့်ပြီး ပြန်တော့မလို့"

"အေးကွယ်၊ ဒီဘက် အထည်ဆိုင်လေးတွေ လှည့်ကြည့်နေမိလို့၊ ကဲ ... တွေ့တုန်း အေးအေးဆေးဆေး စကားပြောရအောင်၊ ဆိုင်မှာပဲ သွားထိုင် မလား၊

တစ်ခုခု စားရင်းသောက်ရင်း ထိုင်ကြမလား”

ဒေါ်ကြူကြူစိန်က စဉ်းစားနေပြီး

“မိ အားသလားဟင်”

“အားပါတယ်၊ ဆိုင်ကိုလည်း မှာစရာရှိတာ မှာပြီးပြီပဲ”

”ကားရော ပါသလား”

“ပါတယ်၊ ကြူ ဘယ်သွားချင်လို့လဲ၊ မိ လိုက်ပို့ပေးပါ့မယ်”

“တို့သူငယ်ချင်းတွေ တွေ့တုန်းကြုံတုန်း စကားလေး ဘာလေးပြောရအောင်ကွာ၊ နွယ်တို့အိမ် သွားကြမလား”

“သွားလေ၊ ကောင်းသားပဲ၊ မိ အချိန်ရပါတယ်”

“သတင်းလေး ဘာလေးလည်း မေးရင်းပေါ့ကွာ”

“ဟင်.. နွယ် နေမကောင်းလို့လား”

“လူက နေကောင်းပါတယ်”

“ဘာလဲ၊ နွယ့်မှာ စိတ်မချမ်းသာစရာ တွေ့နေပြီပေါ့”

“ကားပေါ်ကျမှ ပြောပြမယ်”

ကားထွက်လာသောအခါ ဒေါ်ကြူကြူစိန်က စီးကရက်တစ်လိပ်ကိုမီးညှိပြီး ဖွာသည်။ “မိ သောက်ဦးမလားမေးသည်။

“မိမှ ဆေးလိပ် မသောက်တတ်ဘဲ”

“အင်း... မိကတော့ ဘာမှ မပြောင်းလဲသေးဘူးနော်”

“အပြောင်းလဲကြီး ပြောင်းလဲခဲ့ပြီးပြီပဲ”ဟု စိတ်ထဲက ပြောသည်။နှုတ်ကတော့

“ကြူလည်း သိပ်မပြောင်းလဲသေးဘူးနော်”ဟု ပြောလိုက်သည်။

“ပြောင်းတာပေါ့ မိရဲ့ ခု ကိုယ့်မှာ ကား မရှိတော့ဘူးလေ၊ အဲ... ခု တော့ ရှိသေးတယ်၊ မောင်းလို့ မရတော့ဘူး”

““ဘာဖြစ်လို့”

““ကြူတို့ကားက “ ဃ” နံပါတ်လေ၊ အယူခံတော့ တင်ထားတာပဲ ပြန်ရမယ် မရဘူး မပြောနိုင်သေးဘူး”

“ဟုတ်သားပဲ၊ ဒါဆို ကိုဘမင်းကရော ဘာနဲ့ သွားနေသလဲ”

“သူ့ကိုတော့ ရုံးကားက အပို့အကြိုလုပ်ပေးလို့ တော်သေးတာပေါ့၊ ကြူကြာတော့ တက္ကစီပဲ စီးတဲ့အခါစီး၊ တစ်ကျပ်ကားရတဲ့ခါလည်း စီးပေါ့၊ ခု မနက် ဈေးသွားရင်တောင် ဆိုက်ကားနဲ့ လိမ့်နေရတယ်၊ ဒီလိုပေါ့ သူငယ်ချင်းရယ်၊ ဘဝဆိုတာ အမြဲတမ်းတော့ ဘယ်အဆင်ပြေနေပါ့မလဲ၊အဆင်မပြေတာနဲ့ ကြုံတဲ့အခါလည်း ကြုံသလို အလိုက်အထိုက်နေလိုက်ရင် စိတ်ချမ်းသာတာပါပဲ””

ကြူကိုတော့ ဒေါ်ခင်မိ ချီးကျူးမိသည်။ ကြူသည် အမြဲ ပျော်ပျော် ပါးပါးပင် နေတတ်ခဲ့သည်။ ကြူ စိတ်ပျက် ညည်းညူနေသည်ကို တစ်ခါမျှ မမြင်ခဲ့ဖူးချေ၊ ကြူကို အားကျမိ၏။

“ဒါနဲ့ နေပါဦး၊ ခုန ပြောလက်စ စကား ပြတ်သွားတာ၊ နွယ့်အကြောင်းလေ၊ နွယ် ဘာဖြစ်လို့လဲ”

ဒေါ်ခင်မိက စကားလမ်းကြောင်း ပြောင်းလိုက်သည်။

“ဘာမှ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ မိရွှေနွယ် အစိုးရိမ်ကြီးနေတာပဲ”

““ဘာကိစ္စလဲ ပြောပါဦး”

ဒေါ်ကြူကြူစိန်က ကားထဲက ပြာခွက်အဖုံးကိုဖွင့်၍ စီးကရက်ပြာ ခြွေလိုက်ပြီး

““ဘာရှိဦးမှာလဲ၊ ကိုခင်မောင်မြင့် ကိစ္စပဲပေါ့”

““ကိုခင်မောင်မြင့်က ဘာတွေ ဖြစ်နေလို့လဲ”

““ဒီလိုကွ၊ ကိုခင်မောင်မြင့်က အရွယ်တင်တယ် မဟုတ်လား၊ အသက်လေးဆယ်ကျော်ပေမယ့် သုံးဆယ်ကျော်လောက် ထင်ရတာ၊ ဆံပင်လည်း တစ်ချောင်းမှ မဖြူသေးဘူး၊ ငယ်ငယ်ကလည်း အားကစားသမားလေ၊ ခုထိလည်း မှန်မှန်ကစားတုန်းဆိုတော့ မကျဘူးပေါ့၊ လူက နရတဲ့အထဲ အာတ်အစားကလည်း အရောင်နန့ ဝတ်တတ်တော့ တကယ် လူငယ်လေးလို ဖြစ်နေတာကိုး၊ လူကလည်း လူချော၊ ပြီးတော့ မိ သိတဲ့အတိုင်း ပျော်ပျော် ရွှင်ရွှင်လည်း နေတတ်တယ် မဟုတ်လား”

“ဒီတော့ ဇာတ်လမ်းကလေးတွေ ရှုပ်လာရော ဆိုပါတော့”

“တကယ်ရှုပ်တာတော့ မဟုတ်ပါဘူး၊ ကိုခင်မောင်မြင့်က အပေါင်း အသင်းကလည်း ခပ်များများ၊ အာဝဇ္ဇန်းကလည်း ရွှင်တော့ မိန်းကလေး မိတ်ဆွေတွေ ဘာတွေ ရှိတာပေါ့လေ၊ ဒါကို နွယ်က စိုးရိမ်နေတာ”

“မိ သိသလောက်တော့ ကိုခင်မောင်မြင့်က ရှုပ်ရှုပ်ယှက်ယှက် လုပ်မယ့်လူမျိုး မဟုတ်ပါဘူး၊ ပြီးတော့ နွယ့်ကိုလည်း တော်တော်ချစ်တာ မဟုတ်လား”

”အင်း... ဟုတ်တယ်လေ၊ ကိုခင်မောင်မြင့်က ဘာမှ ဖြစ်တာ မဟုတ်ဘူး၊ နွယ်က ရိုးတော့ စိုးရိမ်မိတာပေါ့လေ၊ အဲဒါကြောင့် တို့တွေက နွယ့်ကို အားပေးစကားလေး ဘာလေး ပြောရင်း ဖျောင်းဖျဖို့ပေါ့”

ဒေါ်ခင်နွယ်ညွှန့်တို့အိမ်က ကမာရွတ် စံရိပ်ငြိမ်ထဲမှာ ဖြစ်သည်။ ကားဒရိုင်ဘာ ဦးဝင်းမြင့်က အိမ်သိနေပြီဖြစ်၍ လမ်းညွှန်နေစရာ မလိုတော့။ သူတို့ကား ဝင်လာသည်ကို ဒေါ်ခင်နွယ်ညွှန့်၏ သားငယ်လေးကခြံထဲမှာ စက်ဘီးစီးနေရာမှ မြင်သွားသည်။

"မေမေရေ၊ အန်တီမိတို့ လာတယ်၊ အန်တီကြူလည်း ပါတယ်"

ဟု အော်ရင်း အိမ်ထဲ ပြေးဝင်သွားသည်။ သူတို့ ကားပေါ်ကဆင်းပြီး အိမ်တံခါးဝ အရောက်မှာပင် ဒေါ်ခင်နွယ်ညွှန့် ထွက်လာသည်။

"ဟယ်... မိတို့၊ ကြူတို့၊ ဝမ်းသာလိုက်တာ" ဆိုပြီး သူတို့ကို လက်တစ်ဖက်ဖြင့်ဆွဲ၍ အိမ်ထဲသို့ ခေါ်သွားသည်။

ဧည့်ခန်းထဲ ရောက်လာသော်လည်း မထိုင်ဖြစ်ကြသေးဘဲ "ဘယ်က ဆုံလာကြတာလဲဟင်"

ဒေါ်ခင်နွယ်ညွှန့်က မေးလိုက်သည်။ "မိုလ်ချုပ်ဈေးမှာ သွားဆုံတာ၊ အဲဒါနဲ့ နွယ့်ဆီကို တမင်ပဲလာခဲ့တာ"

ဒေါ်ကြူကြူစိန်က ပြန်ပြောသည်။

"အေးကွယ်၊ တို့တွေ မဆုံရတာကြာတော့ သိပ်တွေ့ချင်နေတာ"

ထို့နောက် သားသမီးတွေ နေကောင်းလားဟု အပြန်အလှန် မေးကြသည်။ ပြီးတော့ အမျိုးသားတွေ နေကောင်းလားဆိုသည့် အကြောင်း၊ ထိုအကြောင်းမှာတော့ ဒေါ်ခင်မိကသာ မေးရသည်။ သူ့ကိုတော့ ပြန်မမေး ဖြစ်ကြချေ။

"ဟောတော့ ... စကားရှည်နေလိုက်တာ ထိုင်တောင် မထိုင်မိကြ သေးဘူး၊ ကဲ အေးအေးဆေးဆေး ထိုင်ဦး၊ နွယ် တစ်ခုခု သွားစီစဉ် လိုက်မယ်၊ ကော်ဖီသောက်ကြမလား၊ အအေးသောက်ကြမလား"

"တော်ပြီ နွယ်၊ အဲဒါတွေ မသောက်ချင်ဘူး၊ နွယ့်ဆီရောက်မှတော့ နွယ့်လက်ရာ လက်ဖက်သုပ်ပဲ စားချင်တယ်"

"အင်း... ဟုတ်တာပေါ့၊ အတော်ပဲ ဒီနေ့မှ ပုစွန်ခြောက် အကောင်ကြီးတွေရလို့ ဝယ်ထားသေးတယ်၊ ခဏစောင့်နော်၊ ဪ..ဒီလို လုပ်ကွာ၊ ထမင်းစားခန်းထဲ လိုက်ခဲ့ကြ၊ နွယ့်ကိုလည်း လက်ဖက်သုပ်တာ ဝိုင်းကူကြဦး"

ထမင်းစားခန်းထဲ သွားကြသည်။ လက်ဖက်သုပ်ဖို့ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်တို့ လှီးကြရင်း စကားပြောကြသည်။

""ကျောင်းမှာတုန်းက အဆောင်မှာ ညညလက်ဖက်သုပ်စား ကြတာ သွားသတိရမိတယ်"

ဒေါ်ခင်နွယ်ညွှန့်က ပြောသည်။ ဒေါ်ခင်မိက

"နွယ်က အဲဒီတုန်းကတည်းက လက်ဖက်သုပ် ကောင်းတာနော်"

“ဟုတ်တယ်လေ၊ ကိုခင်မောင်မြင့်တို့ သီချင်းဆိုလာရင် လက်ဖက်ရည် ဓာတ်ဘူး ပေးရတာတို့၊ လက်ဖက်သုပ် ပေးရတာတို့”

အဆောင်ရှေ့မှာ သီချင်းဆိုလာသည့်အကြောင်း ပြောတော့ ဒေါ်ခင်မိ ဖျတ်ခနဲ သတိရလိုက်မိသည်၊ ချွန်ခွဲ့သော တယောသံကို ကြားယောင်လိုက်ရသလိုပင်။

လက်ဖက်သုပ်ပြီးတော့ ထမင်းစားခန်းထဲမှာပင် ထိုင်စားကြသည်။

“ကြူ အစားအသောက်လေးဘာလေး၊ ဆင်ခြင်ဦးနော်၊ လေ့ကျင့်ခန်းလုပ်ချင်လည်း လုပ်၊ ဗိုက်ခေါက် ထွက်ချင်နေပြီ”

ဒေါ်ကြူကြူစိန်က သူ့ဗိုက်ကို ငုံ့ကြည့်ပြီး

“ဟုတ်တယ် နွယ်ရဲ့ အသက်ကလည်း လေးဆယ်ကျော်လာပြီ မဟုတ်လား၊ နောက်ပြီး ခုတစ်လော စားကောင်းသောက်ကောင်း ဖြစ်နေ တယ်၊ ကြွေ့ကိုတော့ ပြောတယ်၊ နွယ်ကတော့ ပြောင်းပြန်ပါလား၊ နွယ် နည်းနည်း ပိန်သွားတယ်နော်”

သူတို့သုံးယောက်ထဲမှာ ဒေါ်ကြူကြူစိန်က နည်းနည်းဝစပြုနေပြီ။ ဒေါ်ခင်နွယ်ညွှန့်ကတော့ နဂိုက ခပ်သွယ်သွယ်။ ခုတော့ ပို၍ ပိန်နေသည်။ ဒေါ်ခင်မိတစ်ယောက်သာ။

“မိကတော့ ခုထိ မကျသေးဘူးနော်၊ ကိုယ်လုံးရော၊ အသားအရေ ရော လှတုန်းပဲ”

ဒေါ်ခင်နွယ်ညွှန့်က ပြောရာ ဒေါ်ကြူကြူစိန်က

““သူကတော့ အပျိုကြီး လုပ်နေတာကိုး”

ဒေါ်ခင်မိက ပြုံးရုံသာ ပြုံးလိုက်ပြီး

“နွယ် ကျန်းမာရေးလေး ဘာလေး ဂရုစိုက်ပါဦး၊ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား”

“နေလို့တော့ ကောင်းပါတယ်၊ စိတ်နည်းနည်းရှုပ်လို့ပါ”

“စိတ်ရှုပ်စရာ ဘာများရှိလို့လဲ နွယ်ရယ်၊ တို့အမြင်တော့ အားလုံးအဆင်ပြေနေတာပဲ”

ဒေါ်ကြူကြူစိန်က လက်ဖက်သုပ်တစ်ဇွန်း ခပ်ပြီးမှ မစားသေးဘဲ ပြောလိုက်သည်။ ဒေါ်ခင်နွယ်ညွှန့်က

“သူငယ်ချင်းတို့ ဘာမှ မသိသေးပါဘူး”

“သိအောင် ပြောပြလေ၊ တို့တွေ ကူညီနိုင်တာဆို ကူညီမှာပေါ့”

ဒေါ်ခင်နွယ်ညွှန့်က သက်ပြင်းတစ်ချက် ချလိုက်ပြီး

"ကူညီချင်တယ်ဆိုတော့ မင်းတို့ သူငယ်ချင်းကိုသာ ကြည့်ထိန်းပေးကြပါ"

"ကိုခင်မောင်မြင့်က ဘာဖြစ်လို့လဲ၊ သောက်တာ များလို့လား"

ဒေါ်ကြူကြူစိန်က မသိချင်ယောင်ဆောင်၍ မေးသည်။

"မဟုတ်ပါဘူး၊ သူ အခုဖြတ်ထားတယ်၊ လုံးဝ မသောက်တော့ဘူး၊ တခြားကိစ္စဘက်မှာ စိတ်ရောက်နေတယ် ထင်တယ်၊ သူ နည်းနည်း ခြေများချင်သလားလို့"

"နွယ်က ဘယ်လိုလုပ် သိတာလဲ"

ဒေါ်ခင်မိက ဝင်မေးလိုက်သည်။

"သူ နေပုံထိုင်ပုံ ကြည့်ပြီး ခန့်မှန်းယူရတာပေါ့"

"ဆိုစမ်းပါဦး"

"သူ့ကိုယ်သူ လူပျိုလေးပုံ ဖမ်းနေတယ်လေ၊ အဝတ်အစားဆို နည်းနည်းလေးဟောင်းတာနဲ့ မဝတ်ချင်တော့ဘူး၊ အဆင်နုနု၊ အရောင်နုနုလေးမှ"

"ဒီလောက်ကလေးနဲ့များကွယ်""

"ဒါတင် ဘယ်ကမလဲ၊ ရုံးမှာ စာရေးမလေးတွေနဲ့ တရှုန်းရှုန်း နေတာကျတော့ကော၊ နွယ့်ကို တိုင်တဲ့လူက တိုင်တယ်""

"ကိုခင်မောင်မြင့်က ပျော်ပျော်ပါးပါး နေတတ်တယ် မဟုတ်လား၊ ပြီးတော့ အပေါင်းအသင်း မိတ်ဆွေ များတယ်လေ၊ ဒါကြောင့်ပါ"

"သူ ကျောင်းမှာတုန်းက ရည်းစားများတာ မိတို့၊ ကြူတို့လည်း သိသားပဲ မဟုတ်လား"

ဒေါ်ကြူကြူစိန်က ရယ်လိုက်သည်။ ဒေါ်ခင်နွယ်ညွန့်ကတော့ မျက်ရည်ဝဲစ ပြုပြီ။

"သူငယ်ချင်းကလည်း သိပ် အစိုးရိမ်လွန်တာကိုး၊ လူပျိုဘဝမှာ ရည်းစားများတာ ပြီးခဲ့တဲ့ကိစ္စပါ၊ အိမ်ထောင်သည်ဘဝနဲ့ မဆိုင်ပါဘူး၊ ကိုခင်မောင်မြင့်ကလည်း နွယ်နဲ့ မတွေ့ခင်ကသာ ရည်းစားများခဲ့တာပါ၊ နွယ်နဲ့ တွေ့ပြီးတော့ နွယ်တစ်ယောက်တည်းကို စွဲစွဲမြဲမြဲ ချစ်ခဲ့တာ မဟုတ် လား၊ ကိုဘမင်းဆိုရင် ဘယ်လိုလုပ်မလဲ၊ ကြူနဲ့ ကြိုက်နေတဲ့ အချိန်မှာပဲ တခြား ကောင်မ နှစ်ယောက်နဲ့လည်း တွဲနေသေးတယ်၊ ကြူနဲ့တောင် အဲဒီကောင်မတွေနဲ့ ပြဿနာ ဖြစ်သေးတယ်လေ၊ နောက်ပြီး ကြူကျတော့ ကော၊ ကြူမှာ ကိုဘမင်းနဲ့မတွေ့ခင် ရည်းစားတစ်ယောက် ရှိသေးတာလည်း နွယ်အသိပဲ၊ ဒါဆို ကြူက ခုယောကျ်ားတစ်ယောက် ထပ်ယူရမလို ဖြစ်နေပြီ"

ဒေါ်ကြူကြူစိန်က ပြောသည်။ ဒေါ်ခင်မိကလည်း

“ကိုခင်မောင်မြင့်က နွယ့်ကို တော်တော်လေး ချစ်တာပါ၊ သူကပျော်တတ် နောက်တတ်တာကလွဲလို့ ရှုပ်တတ်ပွေတတ်တယ်လို့ မိ မထင်ဘူး၊ သူ နွယ့်အပေါ်မှာ သစ္စာရှိတယ်လို့ မိတော့ ယုံကြည်တယ်”

“စိတ်သာချစမ်းပါ နွယ်ရာ၊ ကိုခင်မောင်မြင့်နဲ့ ကိုဘမင်းနဲ့ အဆက် အသွယ် ရှိပါတယ်၊ ကိုခင်မောင်မြင့် တစ်ခုခုဖြစ်ရင် ကိုဘမင်း မသိဘဲ မနေပါ ဘူး၊ နောက်ပြီး ကိုခင်မောင်မြင့်ထက်စာရင် ကိုဘမင်းကတောင် ပိုပြီး ပွေနိုင် ရှုပ်နိုင်မယ့် အလားအလာ ပိုရှိသေးတယ်၊ ဒီတော့ ကိုဘမင်း ဘာမှ မဖြစ်မချင်း ကိုခင်မောင်မြင့် ဘာမှ မဖြစ်နိုင်ဘူးလို့သာ မှတ်ထား၊ စိတ်ကို အေးအေး နေစမ်းပါ နွယ်ရာ၊ အလကားတွေးပြီး ပူမနေစမ်းပါနဲ့၊ နွယ့်ကို ကိုခင်မောင်မြင့် ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ပါဘူး၊ ကြူပြောတာ ယုံစမ်းပါ”

ဒေါ်ကြူကြူစိန်က ထပ်ဆင့်ပြီး ရှင်းပြပြန်သည်။ ဒေါ်ခင်မိကလည်း “ဟုတ်ပါတယ် နွယ်ရာ၊ မဖြစ်နိုင်ပါဘူး”ဟု ဝင်၍ ဖျောင်းဖျသည်။

ထိုအခါကျမှ ဒေါ်ခင်နွယ်ညွှန့် မျက်နှာ ကြည်လင်လာပြီး ပြုံးနိုင် ရယ်နိုင်လာသည်။

““ကျေးဇူးပါပဲ သူငယ်ချင်းတို့ရာ၊ နွယ့်မှာ တစ်ယောက်တည်း တိုင်ပင်ဖော် တိုင်ပင်ဖက်ကလည်း မရှိတော့ ဟိုတွေးဒီတွေးနဲ့ ပူမိတာပေ့ါ”

ဒေါ်ခင်နွယ်ညွှန့်က ရေနွေးကြမ်း ပန်းကန်များကို ထပ်ဖြည့်ပေးသည်။ လက်ဖက်သုပ်ကတော့ ပြောရင်းဆိုရင်း စားကြသဖြင့် ကုန်လုနီးပြီ။

“ထပ်သုပ်ပေးရဦးမလား” ဟု မေးသည်။

“တော်ပါပြီ၊ ခုစားတာတောင် တော်တော် များသွားပြီ၊ ငယ်ငယ်ကလို မဟုတ်တော့ဘူးလေ၊ များများ မစားရဲဘူး

ဒေါ်ကြူကြူစိန်က

“ဒါနဲ့ မိကို တစ်ခု မေးစရာ ရှိသေးတယ်”

“ဘာလဲ”ဟု ဒေါ်ခင်မိက ပြန်မေးသည်။

”ဩော်... ကိုမြတ်ထွန်းတစ်ယောက် ဘယ်များ ရောက်နေသလဲ၊ သတင်းလေး ဘာလေးများ မကြားဘူးလားလို့”

ဒေါ်ခင်မိ မျက်နှာမှာ အပြောင်းအလဲတစ်ခု ဖြစ်သွားသည်။

““မကြားဘူး””ဟု ခပ်ဆတ်ဆတ် ပြောသည်။ ဒေါ်ခင်နွယ်ညွှန့်က

“ဟုတ်တယ်နော်၊ ဟိုတစ်ရက်ကပဲ ကိုခင်မောင်မြင့်က ပြောသေးတယ်၊ ကိုမြတ်ထွန်းတစ်ယောက်ကို မတွေ့ရတာ နှစ်ပေါင်း မနည်းတော့ ဘူးတဲ့၊ ဘယ်များ ပျောက်နေသလဲ မသိဘူးနော်”

ဒေါ်ခင်မိက ဘာမျှ ပြန်မပြော။ မျက်နှာထား သုန်မှုန်စွာပင် နေသည်။

ဒေါ်ကြူကြူစိန်က

“ကိုမြတ်ထွန်းရဲ့ စိတ်ဓာတ်ကတော့ အံ့သြစရာပဲနော်။ သမီးတစ် ယောက်လုံး ရှိနေတာတောင် အဆက်အသွယ် လုံးဝမလုပ်ဘဲ နေတယ်ဆိုတော့ ..အင်း.. မပြောကောင်း ပြောကောင်း သူများ...

“ဟုတ်တယ်၊ သူ မရှိတော့ဘူးဆိုရင် ကောင်းမယ်”

”ဟင်..”

ဒေါ်ကြူကြူစိန်နှင့် ဒေါ်ခင်နွယ်ညွန့်တို့.. အံ့အားသင့်သွားရသည်။

အစဉ်အမြဲ သိမ်သိမ်မွေ့မွေ့ နေတတ်သော ဒေါ်ခင်မိနှုတ်မှ ထိုစကားမျိုး ထွက်လာသောကြောင့် ဖြစ်သည်။

“‘‘မိ လုံးဝ မေ့ထားတဲ့ ကိစ္စတစ်ခုကို ဘာဖြစ်လို့ အစဖော်ချင်ကြရတာလဲ သူငယ်ချင်းတို့ရာ”

“‘‘အို... ဆောရီးပဲနော် မိ၊ ကြူတို့က နှစ်တွေကြာခဲ့ပြီမို့ စိတ်ထဲမှာ ဒီလောက် ထိထိခိုက်ခိုက် ဖြစ်သွားလိမ့်မယ် မထင်လို့ ပြောလိုက်တာပါ၊ တို့ကို စိတ်မဆိုးနဲ့နော်”

“မိ စိတ်အနှောင့်ယှက် ဖြစ်သွားအောင် လုပ်မိသလို ဖြစ်နေပြီ”

ဒေါ်ကြူကြူစိန်နှင့် ဒေါ်ခင်နွယ်ညွန့်တို့က ရှေ့ဆင့် နောက်ဆင့်ပြောကြသည်။

“ရပါတယ်ကွယ်၊ ကိစ္စ မရှိပါဘူး”

ဟု ပြောလိုက်သည်။ မျက်နှာပေါ်မှာတော့ သွေးရောင်နည်းနည်း လွှမ်းနေတုန်း။

ဒေါ်ခင်နွယ်ညွန့်တို့အိမ်မှ ပြန်လာသောအခါ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ် နေသလို ဖြစ်နေ၏။ အိမ်ရောက်ရောက်ချင်း လိမ္မော်ရည် တစ်ခွက်သောက်ပြီး ရေချိုးလိုက်သည်။ အနည်းငယ် လန်းဆန်းသွား၏။ လူက လန်းဆန်းသွား သော်လည်း စိတ်က ကြည်လင်မလာခဲ့ချေ။

ရေချိုးခြင်းအားဖြင့် ရုပ်ခန္ဓာကိုသာ အကျိုးသက်ရောက်မှု ဖြစ်စေ နိုင်သည်။ စိတ်ကိုတော့ ဘာမျှ ထူးခြားပြောင်းလဲ မသွားစေနိုင်။

အိမ်နေရင်းဝတ်သော ပေါ့ပေါ့ပါးပါး အဝတ်အစားကို လဲပြီးနောက် အိပ်ရာပေါ်မှာ လှဲနေလိုက်သည်။ ကိုယ်ခန္ဓာက ငြိမ်သက်သွားသောအခါ စိတ်က လှုပ်ရှားလူးလွန့်လာသည်။ အတွေးပင် ဖြစ်၏။

နွယ်တို့၊ ကြူတို့နှင့် ပြောကြဆိုကြသော စကားဝိုင်းတွင် သူတို့ကသူတို့၏ အိမ်ထောင်ရေးအကြောင်းတွေ ပြောကြသည်။ မိမိမှာ ပြောစရာ မရှိ။ သူတို့က သူတို့ ခင်ပွန်းအကြောင်း ပြောကြသည်။ မိမိ ဝင်မပြောနိုင်။ ထို့ကြောင့် ... စကားဝိုင်း၏ဘေးသို့ ရောက်နေသလို ဖြစ်နေသည်။ ထိုအကြောင်းကို ရိပ်မိသဖြင့် သူတို့က ကိုမြတ်ထွန်းအကြောင်း စကား စလာခြင်း ဖြစ်သည်။

ကြျုကနှစ်တွေကြာလာလို့ မိစိတ်ထဲမှာ ဒီလောက်ထိထိခိုက်ခိုက် ဖြစ်သွားမယ် မထင်လို့ ပြောလိုက်တာပါ”ဟု ဆိုသည်။ ခု ပြန်စဉ်းစား ကြည့်တော့ ကြျုပြောတာ မှန်ကြောင်း တွေးမိ၏။

နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၍ ထိုအကြောင်းကို ခပ်ပေါ့ပေါ့ နားထောင်နိုင်စွမ်း ရှိသင့်သည်။ ဘာမျှ အရေးမကြီးသလို ပြန်ပြောနိုင်စွမ်း ရှိသင့်သည်။

ခုတော့ ဒီလို မဟုတ်။ ကိုမြတ်ထွန်းဆိုသော အသံကို ကြားလိုက် သည်နှင့် ချက်ချင်း စိတ်ထဲမှာ တင်းမာမှုတစ်ခု ဖြစ်ပေါ်လာရသည်။ ဘာကြောင့် ဒီလို ဖြစ်ရသနည်း။ ဘာကြောင့် ခုထိ ပြင်းပြင်းထန်ထန် ခံစား နေရဆဲ ရှိသနည်း။ မိမိသည် အမှတ်သည်းခြေကြီးသူ တစ်ယောက်များ ဖြစ်နေလေသလား။

ကိုမြတ်ထွန်းအကြောင်း စကားစမိသဖြင့် မိမိ စိတ်အနှောင့်ယှက် ဖြစ်ရသည်ကို ကြျုတို့၊ နွယ်တို့က တောင်းပန်သည်။ ထိုအခါ ရပါတယ် ကွယ်ဟု ပြန်ပြောခဲ့သည်။ သူတို့ စိတ်မကောင်း ဖြစ်သွားမည် စိုး၍သာ ဤသို့ ပြောခဲ့ခြင်း ဖြစ်သည်။

တကယ်တော့ ထိုအခြင်းအရာသည် ရှင်းရှင်းမပျောက်ဘဲ ငုပ်နေသော ရောဂါတစ်ခုလိုသာ ဖြစ်သည်။ အကြောင်းတိုက်ဆိုင်သည့်အခါတိုင်း ရုတ်ခြည်း ပြန်ပေါ်လာစမြဲ။

သူ မရှိတော့လျှင် ကောင်းမယ်ဟု မိမိ ပြောခဲ့သည်။ သို့ရာတွင် ထိုသူသည် တစ်နေရာရာမှာ သက်ရှိထင်ရှား ရှိနေဆဲပင် ဖြစ်သည်ဟု စိတ်ထဲက အလိုလို သိနေသည်။ တစ်ချိုး တစ်ကွေ့ တစ်ထောင့်မှ သူ ရုတ်တရက် ထွက်ပေါ်လာမည်ကို မိမိ စိုးရိမ်နေခြင်း ဖြစ်ကောင်း ဖြစ်နေ လိမ့်မည်။ ထိုသို့ ဖြစ်နေခြင်းအတွက် ကိုယ့်ကို ကိုယ် မကျေမနပ် ဖြစ်ရသည်။

ကိုခင်မောင်မြင့်တို့၊ ကိုဘမင်းတို့သည် ရည်းစားများခဲ့သူတွေ ဖြစ်သည်။ ကြျုသည်ပင် ချစ်သူနှစ်ယောက် ထားရှိခဲ့ဖူးသည်။ သို့တိုင်အောင် သူတို့၏ အိမ်ထောင်များသည် ခိုင်မြဲလျက် ရှိနေကြဆဲ။ ကိုခင်မောင်မြင့်တို့ ကိုဘမင်းတို့က နွယ်တို့၊ ကြျု တို့အပေါ် သစ္စာရှိနေကြမြဲ။

ကိုမြတ်ထွန်းသည် လည်းကောင်း၊ မိသည် လည်းကောင်း ချစ်သူ တစ်ယောက်တည်းသာ ထားခဲ့ကြဖူးသူများ ဖြစ်သည်။ ထိုတစ်ဦးတည်းသော ချစ်သူကိုပင် လက်ထပ်ခဲ့ကြသူများ ဖြစ်သည်။ သို့ရာတွင် မိမိတို့၏ အိမ်ထောင်သည် နှစ်အနည်းငယ်အတွင်းမှာပင် ပြိုကွဲပျက်စီးသွားခဲ့ရသည်။

မိမိသည် ချစ်ဦးသူကို လက်ထပ်ပြီးခါမှ မအောင်မြင်သော အိမ်ထောင် တစ်ခုအဖြစ် တည်ဆောက်မိခဲ့သူသာ ဖြစ်သည်။ ထို့အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ဖို့ စိတ်မကူးမိပါ။

မှန်သည်။ မိမိသည် အိမ်ထောင်ရေး၏ ပျက်စီးရာ ပျက်စီးကြောင်း ဘာတစ်ခုမျှ မပြုခဲ့။ လမ်းခွဲကြဖို့ စကားကိုလည်း မိမိက စတင် ပြောခဲ့ခြင်း မဟုတ်။ စတင် ပြောကြားခဲ့သူကား။

✻✻✻✻✻

အခန်း [၁၅]

“ကိုဘရွှေ ဆုံးပြီ၊ အမြန်လာ”

ဒေါ်မြရွှေ

ကြေးနန်းစာရွက်ကိုဖတ်ပြီး တုန်လှုပ် ချောက်ချားသွားသည်။ အဖေ ဆုံးပြီတဲ့။ သူသည် ကိုမြတ်ထွန်းနှင့် လက်ထပ်ပြီးကတည်းက အဖေနှင့် မတွေ့ဖြစ်ခဲ့။ အဖေက သူ့ကို စွန့်လွှတ်ခဲ့သောကြောင့် ဖြစ်သည်။ သူကလည်း အဖေ့ဆီ တစ်ခေါက်မျှ မသွားဘဲ နေခဲ့သည်။ အဖေ့ကို တစ်ခါတစ်ခါ သတိရသော်လည်း အဖေနှင့် ပြန်ဆက်သွယ်ဖို့ မကြိုးစားခဲ့ချေ။

အဖေသည် ဆုံးဖြတ်ချက်တစ်ခု ချပြီးလျှင် ပြင်ဖို့ ခဲယဉ်းသည်ကို သိသောကြောင့်လည်း ဖြစ်သည်။ ပြီးတော့ မိမိက အဖေမကြိုက်တာလုပ်ပြီးမှတော့ ပြန်တောင်းပန်နေလို့လည်း အကျိုးထူးလာမည်ဟု မထင်ခဲ့။ သူကလည်း အဖေ့သမီးပီပီ ကိုယ်မှန်တယ်ထင်ရာ လုပ်ခဲ့ပြီးပြီပဲ။ ဘာပဲဖြစ်ဖြစ် အဖေ့ကို သူ မမုန်းခဲ့ပါ။ ခုလို အဖေဆုံးပြီကို သိရ သောအခါ အဖေ့ကို သူ ဘယ်လောက် ချစ်ခဲ့ကြောင်း ပို၍သိရသည်။

သူသည် မီးရာ ရထားဖြင့် လာခဲ့သည်။ သမီးကိုလည်း ခေါ်ခဲ့သည်။ ကိုမြတ်ထွန်းကတော့ လိုက်မလာခဲ့။ ဘူတာရုံကိုသာ လိုက်ပို့သည်။ အဖေ ဆုံးသည့်ကိစ္စနှင့် ပတ်သက်၍လည်း ဘာမျှ ထွေထွေထူးထူး မပြော။ တစ်ခုပဲ မှာသည်။ အဖေ့အမွေကို မယူဘဲ ပြန်လာခဲ့ရန်။

သူ့ရောက်ရှိသွားလျှင် တင်းမာစိမ်းကားသော မျက်လုံးများကို တွေ့ရလိမ့်မည်ဟု ထင်ခဲ့သည်။တကယ်တမ်း သူ ရောက်ရှိသွားသောအခါ ဒေါ်မြရွှေက သမီးကို လှမ်းယူ ပွေ့ချီလိုက်ပြီး

“ညည်းအဖေ အဖြစ်ကို ကြည့်ပါဦး မမိရယ်”ဟု ငိုရှိုက်ရင်း ပြောသည်။ မိထွေးဖြစ်သူ ဒေါ်သန်းခင်က “အစ်ကိုကြီးရေ၊ အစ်ကိုကြီး ချစ်လှချည်ရဲ့ ဆိုတဲ့ သမီးကြီး လာပြီလေ၊ ထကြည့်ပါဦး”ဟု ရင်ဘတ်စည်တီး အော်ငိုသည်။

မထင်မှတ်ဘဲ တင်းမာနေသူက မခင်မိ၏ အစ်မ မခင်အိ ဖြစ် သည်။ သူက မခင်မိကို နှုတ်မဆက်ဘဲ ခပ်စိမ်းစိမ်းသာ ကြည့်နေသည်။ သမီးကိုလည်း တူမလေးရယ်လို့ အသိအမှတ်ပြုပုံ မရ။ တစ်ချက်ကလေး ကောက်ချီခြင်းလောက်တောင် မပြုလုပ်ဘဲ နေသည်။

မခင်မိသည် အဖေ့ရုပ်အလောင်း ပြင်ဆင်ထားရာသို့ လာခဲ့သည်။

မျက်နှာပေါ်မှာ အုပ်ထားသော ဇာပဝါကို ဖယ်လိုက်သည်။ အဖေ့မျက်နှာ သည် သူ အိမ်က ထွက်ခွာလာစဉ်ကနှင့်စာလျှင် များစွာ အိုမင်းသွားခဲ့သည်။ သုံးနှစ်ကျော်ကျော်ခန့် အချိန်တွင်းမှာ အဖေသည် မမှတ်မိနိုင် လောက်အောင် ပြောင်းလဲသွားခဲ့လေပြီ။ ထိုကာလအတွင်း ... အဖေသည် စိတ်ညစ်စရာ အဖြစ်အပျက်ပေါင်း ဘယ်လောက် ကြုံခဲ့ရလေသနည်း။ ထိုအဖြစ်အပျက် များထဲတွင် မိမိ အိမ်က ထွက်ခဲ့သည့် အကြောင်းသည်လည်း အရေးပါသော အချက်တစ်ချက်အဖြစ် ပါဝင်ခဲ့လေသလား။

သူသည် ငယ်စဉ်ကတည်းက အသံထွက်အောင် အော်ဟစ်မငိုကြွေး တတ်ခဲ့။ ခုလည်း အံကိုကြိတ်၍ မျက်ရည်များသာ တွေတွေကျဆင်း နေသည်။ရင်ထဲကတော့ ပြင်းထန်စွာ ငိုကြွေးနေမိ၏။

တစ်စုံတစ်ယောက်က မိမိ၏လက်ကို လာကိုင်သည်။ သမီး ဖြစ်သည်။ နှစ်နှစ်အရွယ် သမီးငယ်သည် ဘာမျှ မသိရှာဘဲ သူ့ကို မော့ကြည့် နေသည်။ သူ မျက်ရည်တွေ ကျနေသည်ကို မြင်သဖြင့် သမီးမျက်နှာကလေး ငယ်နေသည်။ သူက မျက်ရည်တွေ သုတ်လိုက်သည်။

“သမီး၊ ဘိုးဘိုးကြီးကို ကန်တော့ရအောင်နော်”

သူ ဒူးတုပ် ထိုင်ချလိုက်သည်။ သမီးကလည်း သူ့လို လိုက်ပြီး ထိုင်သည်။ အဖေ့ကို သူ ကန်တော့သည်။

“ကျွန်မကို ခွင့်လွှတ်ပါ အဖေရယ်” ဟု ရင်ထဲက မြည်တမ်းသည်။

ရက်လည်ဆွမ်းသွတ်ပြီးသည့် ညတွင် ကျန်ရစ်သူ မိသားစုဆုံပြီး စကားပြောဖြစ်ကြသည်။ စကားဝိုင်းကို အဒေါ်ဖြစ်သူ ဒေါ်မြရွှေက ဦးဆောင် ပြီး ပြောသည်။

”အင်း... ခုလို ပူပူနွေးနွေးကြီး ရှိသေးတဲ့အချိန်မှာ ဒီအကြောင်း ပြောရတာ သိပ်တော့ မကောင်းလှဘူး၊ သို့ပေမဲ့ မမိ ပြန်ဖို့ကလည်း ရှိနေ သေးတော့ ပြောစရာရှိတာ ပြောရတော့မှာပဲ”

ဒေါ်မြရွှေက မခင်မိ၊ မခင်အိ၊ မိထွေးဖြစ်သူ ဒေါ်သန်းခင်တို့ကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး ဆက်ပြောသည်။

”ကိစ္စကတော့ ကိုဘရွှေရဲ့ ကျန်ရစ်ခဲ့တဲ့ အမွေပစ္စည်းတွေနဲ့ ပတ်သက်ပြီး ဘယ်လို စီမံကြမလဲဆိုတာ ပြောဖို့ပဲ၊ ကဲ... ဒီတော့ ဘာဖြစ်စေချင်သလဲပြောကြ”

သုံးယောက်စလုံးက ဘာမျှ မပြောဘဲ ငြိမ်နေသည်။

“မသန်းခင်က စပြောပါ””

ဒေါ်သန်းခင်က အတန်ကြာ တွေးနေပြီးမှ

“ကျွန်မ အစ်ကိုကြီးကို လက်ထပ်ခဲ့တာဟာ သူ့ပစ္စည်းဥစ္စာကို မက်မောလို့ မဟုတ်ပါဘူး၊ သူ့ကို ကျွန်မ အားကိုးခဲ့တာပဲ ရှိပါတယ်”

မျက်ရည်ကလေး စမ်းစမ်းဖြင့် ပြောသည်။ ဒေါ်မြရွှေက

“ဘာပဲဖြစ်ဖြစ်လေ ရသင့်ရထိုက်တာတော့ ရရမှာပေါ့”

ဒေါ်သန်းခင်က

“ဘယ်ရွှေ ဘယ်မျှလို့ ကျွန်မ မပြောချင်ပါဘူး၊ အစ်မတို့ စီစဉ်တဲ့ အတိုင်း ကျွန်မ ကျေနပ်ပါတယ်၊ ကလေးတွေလည်း ရစေချင်ပါတယ်””

မိထွေးဖြစ်သူသည် သူ ထင်သလောက် မဆိုးကြောင်း မခင်မိ သိလိုက်ရသည်။

”အေး ဟုတ်ပြီ၊ ငါတို့ကလည်း မတရား မလုပ်ပါဘူး မသန်းခင်၊ ဒီတော့ မခင်အိတို့၊ မခင်မိတို့ကရော၊ ဘာကို ဘယ်လို ဖြစ်စေချင်သလဲ”

မခင်မိက တစ်ခုခု ပြောမည်ပြုစဉ် မခင်အိက ဦးအောင် ဝင်၍ပြောသည်။

“အဖေက ခင်မိကို စွန့်ပစ်ထားတာပဲ”

ကျန်ရစ်သူ သုံးဦးသည် မခင်အိကို တအံ့တဩ ကြည့်လိုက်ကြသည်။ မခင်မိကတော့ သိပ်မအံ့ဩ။ သူ ရောက်လာခါစကတည်းက မခင်အိ သူ့အပေါ် ခပ်စိမ်းစိမ်း၊ ခပ်တန်းတန်း ဖြစ်နေသည်ကို သတိထားမိခဲ့ပြီး ဖြစ်သော ကြောင့်ပင်။

“ညည်း ဘယ်လို ပြောလိုက်တာလဲ ခင်အိ”

ဒေါ်မြရွှေက ခပ်ဆတ်ဆတ် ပြောလိုက်သည်။ မခင်အိက

“ခင်မိဟာ အဖေရှိတုန်းကတော့ တစ်ခေါက်တောင် လာကန်တော့ဖော် မရဘဲနဲ့ ခုကျမှ ရောက်လာတယ်ဆိုတော့...”

”တော်စမ်း မိခင်အိ”

ဒေါ်မြရွှေက ဟန့်တားလိုက်သည်။ မခင်မိကတော့ စိတ်ဆိုးဟန်မပြဘဲ ခပ်အေးအေးပင် ပြောသည်။

“အစ်မပြောတာ မှန်ပါတယ်၊ အဖေက ကျွန်မကို စွန့်ပစ်ထားတာ၊ ဒါကြောင့် အဖေ့ရဲ့ အမွေကို ကျွန်မ မခံစားထိုက်ပါဘူး။ ခု ကျွန်မ လာတာကလည်း အမွေခွဲဖို့ မဟုတ်ပါဘူး။ အဖေ့ကို နောက်ဆုံးအနေနဲ့ ကြည့်ချင် တာရယ်၊ အဖေ့ကို ကန်တော့ချင်တာရယ်ကြောင့်ပါ””

ဒေါ်မြရွှေက ခေါင်းခါလိုက်ပြီး

“ကိုဘရွှေက ညည်းကို စွန့်ပစ်လိုက်ပြီလို့ ဘယ်လိုလုပ်ပြီး ပြောနိုင်ရတာလဲ”

“ဒါ အားလုံး သိပြီးတဲ့ ကိစ္စပဲ”

မခင်အိက ဝင်ပြောသည်။ ဒေါ်မြရွှေက မခင်အိကို တစ်ချက်

မျက်စောင်းခဲလိုက်ပြီး

"ကိုဘရွှေဟာ ခင်မိကို ဘယ်တုန်းကမှ မစွန့်ပစ်ခဲ့ဘူး၊ သူ သဘော မတူတဲ့သူကို ယူလို့ စိတ်ဆိုးပြီး မခေါ်ဘဲနေတာပဲ ရှိတယ်။ သူသာ မခင်မိကို စွန့်ပစ်ချင်တယ်ဆိုရင် သတင်းစာထဲမှာ အမွေပြတ် ကြော်ငြာ ထည့်မှာပေါ့၊ ဘာဖြစ်လို့ မထည့်သလဲ"

"အစ်မပြောတာ ဟုတ်ပါတယ်၊ အစ်ကိုကြီးဟာ မခင်မိကို သမီး အဖြစ်က စွန့်လွှတ်တယ်လို့ တစ်ခါမှ မပြောဖူးပါဘူး"

ဒေါ်သန်းခင်ကပါ ဝင်ပြောသည်။ ခု တစ်ခါမှာတော့ မခင်အိက ဒေါ်သန်းခင်ကို မသိမသာ မျက်စောင်းခဲသည်။ မခင်မိကတော့ ဘာမျှ မပြော သေးဘဲနားသာထောင်နေ၏။ ဒေါ်မြရွှေက စကားဆက်သည်။

"ကိုဘရွှေဟာ ဆုံးဖြတ်ချက်တစ်ခုကို ချပြီးရင် ပြန်ပြင်လေ့မရှိတဲ့ သူ့အကျင့်ကြောင့်သာ မခင်မိကို အဆက်အသွယ် ဖြတ်ထားတာပဲ၊ ဒါပေမဲ့ သူဟာ ခင်မိရဲ့ အကြောင်းကို အမြဲစုံစမ်းနေခဲ့တယ်။ ဘယ်မှာနေတယ်၊ ဘယ်လို နေထိုင်စားသောက်တယ်ဆိုတာ၊ ဒါကြောင့်လည်း မခင်မိရဲ့ လိပ်စာကို သိပြီး ကြေးနန်း ရိုက်နိုင်တာပေါ့၊ ငါ ထင်တယ်၊ ခင်မိသာ ဒုက္ခရောက်နေခဲ့ရင် သူ့.ပစ်ထားမှာ မဟုတ်ဘူး"

မခင်မိသည် စိတ်တင်းထားသည့်ကြားက မျက်ရည် ဝေ့ခနဲ ဝဲလာသည်။

"နောက်ပြီး ကိုဘရွှေဟာ ရုတ်တရက် သတိလစ်ပြီး လဲကျသွား ခါနီးမှာ တခြား ဘယ်သူ့ကိုမှ မတဘူး၊ ခင်မိရဲ့ နာမည်ကိုပဲ တသွားတယ်၊ ဒါဟာ ခင်မိကို သူ ဘယ်လောက် သံယောဇဉ် ရှိတယ်ဆိုတာ ပြနေတာပဲ"

အဖေသည် နောက်ဆုံးအချိန်ထိ သူ့ကို ချစ်သွားခဲ့ပါလားဟု သိရ သဖြင့် လှိုက်ခနဲ ဖြစ်သွားသည်။ အဖေ့အချစ်ကို မဆုံးရှုံးခဲ့ဟု အနည်းငယ် ဖြေသာသည်။ သို့ရာတွင် အဖေ့ဆီကို တစ်ခေါက်တလေတောင် မရောက် ဖြစ်ခဲ့သည့်အတွက် ယူကျုံးမရ ဖြစ်ရသည်။ ခုမှာတော့ လွန်ခဲ့ပြီ။ သူသည် လေသံကို မှန်အောင် ထိန်း၍

"ကျွန်မဟာ အဖေ မကြိုက်တာကို လုပ်ခဲ့တဲ့သူပါ၊ ကျွန်မလည်း ကျွန်မ မှန်တယ်ထင်တာကို လုပ်ခဲ့တာပဲပေါ့၊ ဘာပဲဖြစ်ဖြစ် အဖေ့ပေါ်မှာ ကျွန်မဘက်က ဝတ္တရား ပျက်ကွက်ခဲ့တာတော့ အမှန်ပါပဲ၊ ဒါကြောင့် အဖေ့ရဲ့အမွေကို ကျွန်မ မယူချင်ဘူး"

"မယူချင်လို့ ဘယ်ဖြစ်မလဲ ခင်မိ၊ မိဘရဲ့ အမွေအနှစ်ဆိုတာမငြင်းပယ်ကောင်းဘူး၊ သားသမီးဝတ်ထဲမှာ မွေခံထိုက်စေဆိုတာ ပါတယ်မဟုတ်လား"

"ကျွန်မက အမွေခံထိုက်တဲ့လူ မဟုတ်ပါဘူး ဒေါ်ဒေါ်"

"အင်း... ခုလို ပြတ်သားတဲ့စိတ်ဓာတ် ရှိတာကိုက ညည်းဟာ ညည်းအဖေရဲ့အမွေကို ရထားတာလို့ ဆိုလို့ရတယ်၊ ထားတော့လေ၊ ညည်းက မလိုချင်ဘူးဆိုပေမယ့် ညည်းသမီးကလေးအတွက်တော့ ထည့်စဉ်းစားဦး၊

ဒီကလေးဟာ ဘာအပြစ်မှ ရှိတဲ့လူ မဟုတ်ဘူး၊ ပြီးတော့ ဦးဘရွှေရဲ့ မြေးအရင်း၊ သူကတော့ သူ့အဘိုးရဲ့ အမွေကို ခံစားထိုက်တယ်”

မခင်မိ တစ်ချက် တွေခနဲ ဖြစ်သွားသည်။ ဒေါ်မြရွှေ၏ ပေါင်ပေါ် ထိုင်နေသော သမီးကိုကြည့်သည်။ သမီးက လူကြီးတွေ ပြောနေသော စကား များကို နားမလည်။ မျက်လုံးကလေး ကလယ် ကလယ်နှင့် တစ်ယောက်စီ၏ မျက်နှာများကို လိုက်ကြည့်နေသည်။

“ငါ ရှင်းရှင်းပဲ ပြောမယ် ခင်မိ၊ ညည်း စိတ်ဆိုးချင်လည်း ဆိုး၊ ညည်းယောကျာ်းဟာ ညည်းတို့ကို ကျွေးထားချင် ကျွေးထားနိုင်မယ်၊ ဒါပေမဲ့ ငါ့မြေးလေးကိုတော့ ချမ်းချမ်းသာသာ ထားနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ညည်း မလိုချင်ပေမဲ့.. ဒီကလေးအတွက်တော့ အမွေကို ယူကို ယူရမယ်၊”

ဒေါ်မြရွှေက ကျန်နှစ်ယောက်ဘက် လှည့်၍

”ကိုဘရွှေ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းကို မသန်းခင်ရယ်၊ မခင်အိရယ်၊ မခင်မိရယ် သုံးယောက် ခွဲဝေယူကြမယ်၊ သဘောတူကြသလား”

“တူပါတယ်”ဟု ဒေါ်သန်းခင်က အရင်ပြောသည်။ ခဏကြာမှ မခင်အိကလည်း“တူပါတယ်” ဟု ခပ်ဆိုင်းဆိုင်း ပြောသည်။ မခင်မိကတော့ ဘာမျှ မပြော။

❊❊❊❊❊

အခန်း [၁၆]

ကျန်ရစ်သောအမွေပစ္စည်းများကို ဦးဘရွှေ၏ ရှေ့နေ အကူအညီဖြင့် ခွဲဝေကြသည်။

ဦးဘရွှေ အစုရှယ်ယာဝင်ထားသော ရန်ကုန်မှ ဦးတောက်ထိန် သစ်စက်မှာ ပြည့်သူပိုင် ဖြစ်သွားသောကြောင့် အမွေစာရင်းမှာ မပါတော့။ ထို့အပြင် ဦးဘရွှေ၏ သစ်လုပ်ငန်းသည်လည်း ရပ်ဆိုင်းထားရသည်။ ဦးဘရွှေ ပိုင်သော ဆင်များကို ဦးဘရွှေ မကွယ်လွန်မီ လပိုင်း အလိုက ရောင်းချခဲ့ပြီး ဖြစ်သည်။သည်။ ထို့ကြောင့် တိုက်၊ အတွင်းပစ္စည်းနှင့် ငွေများကိုသာ ခွဲဝေကြရသည်။

မခင်အိနှင့် မခင်မိတို့က စိန်တစ်ဆင်စာစီနှင့် ငွေငါးသောင်းစီ ရရှိကြသည်။ ကျန်သော ငွေနှစ်သောင်းကျော်၊ လက်ဝတ်လက်စားများနှင့် တိုက်ကို ဒေါ်သန်းခင်ကို ပေးသည်။

ဒေါ်မြရွှေကတော့ လောလောဆယ် ဒေါ်သန်းခင်နှင့်အတူ လက်ရှိ တိုက်မှာပင် နေဦးမည် ဖြစ်သည်။ မခင်မိက ဒေါ်မြရွှေကို သူနှင့်အတူ ခေါ်သွားချင်သော်လည်း ကိုမြတ်ထွန်း၏ သဘောထားကို မသိရသေးသဖြင့် ဘာမျှ မပြောဖြစ်တော့။

သူသည် ငွေနှင့် ပစ္စည်းတွေယူပြီး ပြန်လာခဲ့သည်။ ထိုပစ္စည်းများကို မမက်မောလှသော်လည်း လိုအပ်သည်ဟု ယူဆထားပြီး ဖြစ်၏။ ဒေါ်မြရွှေ ပြောသော စကားက ထိုအချက်ကို အတည်ပြုပေးခဲ့သည်။

သမီးအတွက်။ မှန်သည်။ ကိုမြတ်ထွန်းသည် မိမိတို့ သားအမိကို ပုံမှန် ကျွေးမွေးထားနိုင်သော်လည်း ရှေ့ရေးအတွက် အာမခံချက်ရှိဖို့ မသေချာ။ ကိုမြတ်ထွန်းသည် စီးပွားဥစ္စာ တိုးတက်ချမ်းသာလာအောင် ရှာဖွေလိုသောသူ မဟုတ်ချေ။ သူလုပ်နေသော ဂျာနယ် အယ်ဒီတာအလုပ်က ကြီးပွားနိုင်သော အလုပ် မဟုတ်။

မိမိသည် အယ်ဒီတာ တစ်ယောက်၏ ဇနီးအဖြစ် ချို့တဲ့သည်ပင် ဖြစ်စေ နေနိုင်ပါသည်။ သို့ရာတွင် သမီးလေးကိုတော့ တင့်တင့်တယ်တယ် ထားချင်သည်။ ဖြစ်နိုင်လျှင် လိုလေသေးမရှိအောင် ဖြည့်စွက်ပေးချင်သည်။ ထို့ကြောင့်ပင် အမွေအဖြစ် ရရှိခဲ့သော ပစ္စည်းများ၊ ငွေများသည် လိုအပ် သည်ဟု ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ကိုမြတ်ထွန်းကတော့

"ကိုယ် သေသေချာချာမှာလိုက်ရက်သားနဲ့ မိရယ်၊ ဘာမှ မယူခဲ့ပါနဲ့လို့"

"မိ မယူချင်ဘူးလို့ ငြင်းပါသေးတယ်၊ ဒေါ်ဒေါ်က အတင်းပေးလို့နောက်ပြီး ဒီပစ္စည်းတွေကို မိအတွက် ယူခဲ့တာ မဟုတ်ပါဘူး၊ သမီး အတွက်ပါ"

"သမီးအတွက်""

"ဟုတ်တယ်လေ၊ သမီးရဲ့ ရှေ့ရေး အတွက်ပေါ့"

"ရှေ့ရေး ရှေ့ရေး ...

ကိုမြတ်ထွန်းက ပဲ့တင်ထပ် ရေရွတ်နေပြီးမှ-

"သမီးရဲ့ ရှေ့ရေးအတွက် ကိုယ်က တာဝန်မယူနိုင်ဘူးလို့ ထင်လို့လား"

ဒေါ်မြရွှေ ပြောလိုက်သော စကားကို ဖျတ်ခနဲ သတိရသည်။ ပြန်တော့ မပြောဖြစ်။

"ဒီလိုတော့ မဟုတ်ပါဘူး ကိုမြတ်ထွန်း၊ သမီးဟာ အဖေ့ရဲ့ မြေး အရင်းပဲ၊ ဒါကြောင့် သူ့အဘိုးရဲ့အမွေကို သမီး ခံစားထိုက်တယ်လို့ ယူဆပြီး ယူခဲ့တာပါ၊ တခြား အကြောင်း မရှိပါဘူး"

ကိုမြတ်ထွန်းက အတန်ကြာအခေါင်တွေးပြီး စဉ်းစားနေသည်။ပြီးမှ

"ကောင်းပြီလေ၊ ကိုယ်ဟာ သမီးရဲ့ အဖေ ဖြစ်သလို မိဟာလည်း သမီးရဲ့အမေ ဖြစ်နေတာကိုး၊ ဒီတော့ မိရဲ့ အဖေဟာလည်း သမီးရဲ့ အဘိုး တော်စပ်ခွင့် ရှိတာပေါ့"

ကိုမြတ်ထွန်းသည် ဆွေမျိုးတော်စပ်ပုံကို အစဉ်အလာအတိုင်း အထက်မှ အောက်သို့ ဆင်းမလာဘဲ အောက်မှ အထက်သို့ ပြန်ပြီး ပြောနေသည်။ ဆက်လက်၍

"ဆွေမျိုးတော်စပ်မှု ဆိုတာကိုတော့ ကိုယ် မငြင်းပယ်ချင်ပါဘူး၊ သမီးဟာ သူ့အဘိုးရဲ့အမွေကို ခံစားထိုက်တယ်လို့ မိမှာ ဆုံးဖြတ်ပိုင်ခွင့် ရှိပါတယ်၊ ဒါပေမဲ့ ဒီပစ္စည်းတွေ၊ ငွေကြေးတွေကိုတော့ ကိုယ်နဲ့ လုံးဝ မပတ်သက်စေချင်ဘူး"

"ကိုမြတ်ထွန်း"

မခင်မိက တုန်ယင်သော လေသံဖြင့်-

"""ကိုမြတ်ထွန်းရယ်၊ ကျွန်မဟာ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကမှ အဖေတစ်ယောက်ကို ဆုံးရှုံးထားရတဲ့သူပါ၊ အဖေဆုံးတာနဲ့ ပတ်သက်ပြီး ကိုမြတ်ထွန်းအနေနဲ့ ခုထိ အားပေးစကားလေး တစ်ခွန်းတောင် မပြောရသေးဘူးနော်"

ကိုမြတ်ထွန်း၏ မျက်နှာပေါ်မှ တင်းမာမှု အရိပ်အယောင်များပျောက်ကွယ်သွားသည်။

"""မိရဲ့အဖေ ဆုံးသွားတဲ့အတွက် ကိုယ် တကယ်ပဲ စိတ်မကောင်း ဖြစ်ရပါတယ်"

ဟု လှိုက်လှဲစွာ ပြောသည်။ မခင်မိသည် ရက်အတော်ကြာအခေါင်တင်းထားရသည့် စိတ်များ ရုတ်တရက် လျော့ကျသွားသည်။ ကိုမြတ်ထွန်း၏ ရင်ခွင်မှာ အလိုအလျောက် မျက်နှာအပ်မိပြီး ဖြစ်သွား၏။ သူ ရှိုက်ငိုသည်။ အသံတော့ မထွက်ချေ။ သူ ကိုမြတ်ထွန်းက သူ့ကျောကို သိုင်းဖက်ထားသည်။

*****

အခန်း [၁၇]

ကိုမြတ်ထွန်းသည် သမီးကိုတော့ တော်တော်ချစ်သည်။ သူချစ်ပုံမှာ တချို့ အဖေတွေလို ကလေးတွေကို ချော့လိုက်၊ မြှူလိုက်၊ ကလေးတွေနှင့်အတူ ကစားလိုက်၊ ဆင်ကြီးလုပ်ပြီး စီးခိုင်းလိုက်နှင့် သည်းသည်းလှုပ်နေတာမျိုး မဟုတ်။

အပေါ်ယံအားဖြင့်ကြည့်လျှင် သမီးကို အရော သိပ်မဝင်၊ ခပ်တန်း တန်းသာ နေသည်ဟု ထင်ရသည်။ သို့ရာတွင် တစ်ခါတစ်ရံ သူ့အပြုအမူ တစ်ခုခု၊ သူ့စကား တစ်ခွန်းခွန်းက သမီးကို ချစ်ကြောင်း သိသာစေသည်။ တစ်ခါက သမီး နေမကောင်း ဖြစ်သည်။ နှာစေးချောင်းဆိုးသည်။

ဖျားလည်းဖျားသည်။ ကိုမြတ်ထွန်းက သမီး နှာခေါင်းထဲမှာ ပိတ်ခဲနေ သော နှပ်ချေးတွေကို ပါးစပ်နှင့် စုပ်ထုတ်သည်။ ရင်တွေ ကျပ်နေသဖြင့် အသက်ရှူ၍ မဝ။ အိပ်ရာပေါ်မှာ လှဲသိပ်လျှင် မအိပ်နိုင်ဘဲ အော်ငိုနေသည်။ ချီထားမှ အသက်ရှူပြီး အိပ်နိုင်သည်။ ကိုမြတ်ထွန်းက သမီးကို တစ်ညလုံး ပခုံးပေါ် ထမ်းထားလေသည်။

တစ်ခါကျတော့ သမီးနှင့်ပတ်သက်၍ ကိုမြတ်ထွန်းပြောသော စကား သည် တခြားလူတွေအဖို့ ရယ်စရာတောင် ဖြစ်ချင် ဖြစ်နေပေလိမ့်မည်။

“ညတုန်းက ကိုယ် အိပ်မယ်လို့ ခြင်ထောင်ထဲဝင်လာတော့ အထဲမှာ ခြင်တစ်ကောင် ဝင်နေတယ်၊ မီးဖွင့်ပြီး ထသတ်လိုက်ရင်လည်း သမီး နိုးသွားမှာ စိုးလို့ မဖွင့်ရဲဘူး၊ ခြင်ကလည်းဗီမ်နဲ့ ပျံနေတာ၊ ခဏကြာတော့ အသံတိတ် သွားတယ်၊ ကိုယ့်ခြေသလုံးမှာ နားနေတာကိုး၊ နောက် စူးခနဲ နာသွားတော့ ကိုယ်ဝမ်းသာသွားတယ်”

“ဟင်... ဘာကြောင့် ဝမ်းသာရတာလဲ”

“ဒီလိုလေ ခြင်က ကိုယ့်ကို ကိုက်လိုက်ပြီ မဟုတ်လား၊ ကိုယ့်သွေးကိုစုပ်ရလို့ ဝသွားပြီဆိုရင် သမီးကို ထပ်ကိုက်နိုင်တော့မှာ မဟုတ်လို့ပေါ့”

သူသည် သမီးကို အလိုတော့ လိုက်လေ့ မရှိ။ စည်းကမ်းတင်းကျပ် ပြီး ထိန်းချုပ်ထားတာမျိုးလည်း မဟုတ်ချေ။ တစ်ခါ တစ်ခါ သမီးအတွက် သကြားလုံးတွေ၊ ချောကလက်တွေ ဝယ်လာတတ်သော်လည်း ကလေးကပူဆာတိုင်း ပေးတာမျိုးတော့ သူမကြိုက်။

ကစားစရာ ဆိုလျှင်လည်း နိုင်ငံခြားဖြစ်တွေ ဝယ်မပေး။ ပြည်တွင်း ဖြစ် ဖိုးဝရုပ်တို့၊ ဇီးကွက်ရုပ်တို့၊ အိုးပုတ်တို့သာ ဝယ်ပေးထားသည်။ သမီးကလည်း သူ့အဖေထက်တောင် သာသေးသည်။ ကစားစရာတစ်ခုရလျှင် ခဏတစ်ဖြုတ်သာ

ကစားသည်။ ပြီးလျှင် စိတ်မဝင်စားတော့။

ကာတွန်းရုပ်ကလေးတွေပါသော စာအုပ်တစ်အုပ် ရလျှင်တော့ စိတ်ဝင်စားစွာ ငြိမ်ပြီး ထိုင်ကြည့်နေတတ်သည်။ တစ်ခါတလေ သူ့အဖေကို အတုခိုး၍ အိပ်ရာပေါ်မှာ ခေါင်းအုံးကိုမှီပြီး ဂျာနယ်တစ်အုပ်ကို ဖတ်နေ တာတွေ့လျှင် ကိုမြတ်ထွန်းက သိပ်သဘောကျသည်။သမီး ပြေးရင်းလွှားရင်း လဲကျလို့ မခင်မိက ပြေးထူပေးမည် ပြုလျှင် ကိုမြတ်ထွန်းက

"မထူနဲ့ မိ၊ သူ့ဘာသာသူ ထပါစေ၊ ဒါမှ ကိုယ့်အားကိုယ်ကိုးတတ်တဲ့အကျင့်ရမှာ" ဟု ပြောတတ်သည်။

သမီးက နည်းနည်းပါးပါး ထိခိုက်မိလို့ ငိုလျှင်လည်း မချော့ဘဲနေခိုင်းသည်။

"ထစ်ခနဲ ရှိတာနဲ့ ချော့နေရင် ကလေးရဲ့စိတ်ဓာတ် ပျော့ညံ့သွား လိမ့်မယ်၊ တော်ရုံတန်ရုံ နာတာကျင်တာလောက်ကို ခံနိုင်ရည်ရှိအောင် လုပ်ပေးရတယ်"

ဟုဆိုသည်။ သူက သမီးကို မကြောက်တတ်အောင်လည်း လေ့ကျင့်ပေးသည်။ သမီးကို အမှောင်ထဲမှာ တစ်ယောက်တည်း နေခိုင်းသည်။

"အမှောင်ဆိုတာ ဘာမှ ကြောက်စရာ မရှိဘူး။ ညမီးချုပ်ပြီဆိုရင် မှောင်တတ်တာပဲ၊ ဘာမှ မထူးဆန်းဘူး" စသည်ဖြင့် အားပေးသည်။ သမီးကလည်း သူခိုင်းသည့်အတိုင်း လုပ်သည်။

ကိုမြတ်ထွန်းက ပြောသေးသည်။

""ကလေးကို ကြောက်အောင် ဒေဝါကြီး လာပြီ၊ ကြောင်ကြီး ကိုက်လိမ့်မယ် စသည်ဖြင့် မခြောက်လှန့်ရဘူး၊ ကလေးက ကြောက်တတ် သွားရင် လူတော မတိုးရဲတော့ဘူး၊ ပြီးတော့ ကလေးကို မညာရဘူး၊ ဘာကြောင့်လဲဆိုတော့ ကလေးရဲ့ စိတ်ထဲမှာ ဖေဖေတို့၊ မေမေတို့တောင် ညာသေးတာပဲ၊ ညာတာ အပြစ် မရှိဘူးလို့ စွဲသွားတတ်တယ်""

""အမယ်လေး ကိုမြတ်ထွန်းရယ်၊ ဖြစ်နေလိုက်တာ၊ သမီးက ခုမှ နှစ်နှစ်သာသာ ရှိသေးတာ၊ ဒါတွေ ဘယ်နားလည်ပါ့မလဲ"

"ဘယ်ဟုတ်မလဲ မိ၊ ကလေးဆိုတာ ဒီအရွယ်ကတည်းက လေ့ကျင့်ပေးထားရတယ်၊ သမီးကလည်း အရွယ်နဲ့ မလိုက်အောင် အသိဉာဏ် ရှိပါတယ်"

မခင်မိက သမီးကို လိုလေသေး မရှိအောင် ထားချင်သည်။ ဂါဝန်လှလှလေးတွေ၊ နိုင်ငံခြားဖြစ် ကစားစရာတွေ ဝယ်ပေးချင်သည်။ ချောကလက် အကောင်းစားတို့၊ ပန်းသီးတို့ ကျွေးချင်သည်။

"တစ်ခါတလေ စားဖူးတယ်ရှိအောင် ပန်းသီးတို့ဘာတို့ ကျွေးတာလည်းကျွေးပေါ့၊ ဒါပေမဲ့ ပါးစပ်က အကျင့်ပါအောင်တော့ မလုပ်နဲ့ ၊ တို့မြန်မာလူမျိုး ဆိုတာ ပန်းသီးစားတဲ့လူမျိုး မဟုတ်ဘူး၊ ငှက်ပျောသီးစားတဲ့ လူမျိုးပါကွ၊ သမီးမှာ အထက်တန်းလွှာ စိတ်ဓာတ်မျိုး ဝင်မသွားစေချင်ဘူး၊ သမီးဟာ ဘယ်လို အခြေအနေမျိုးမှာပဲ ဖြစ်ဖြစ် နေတတ်စားတတ်အောင် ကိုယ်တို့က

သင်ကြားပေးထားရမယ်၊ သမီးဟာ ဂျာနယ်သမား တစ်ယောက်ရဲ့သမီး မဟုတ်လား’

ဟု ကိုမြတ်ထွန်းက ဆိုသည်။

“သမီးဟာ သစ်လုပ်ငန်းပိုင်ရှင် သူဌေးကြီးတစ်ယောက်ရဲ့ အမွေ တွေကို ဆက်ခံထားတဲ့ မြေးတစ်ယောက်ဆိုတာလည်း သတိရပါဦး” ဟူ၍တော့ မခင်မီ ပြန်မပြောဖြစ်လိုက်ချေ။

✳✳✳✳✳

အခန်း [၁၈]

ဘာပဲဖြစ်ဖြစ် မိမိတို့သည် ဟိုအရင်ကလို စိစိစစ်စစ် သုံးစွဲနေထိုင်ရမည့် အခြေအနေမျိုး မဟုတ်တော့တာ သေချာသည်။ လက်ထဲ ငွေငါးသောင်းနှင့် စိန်တစ်ဆင်စာ ရှိနေပြီ။ နည်းနည်းနောနော ပစ္စည်းများ မဟုတ်။ စိန်တစ်ဆင်စာကို ဖယ်ထားဦး၊ ငွေငါးသောင်းဆိုသည်က တော်တော်လေးများနေပြီ။ အတန်အသင့် သပ်ရပ်သော တိုက်ကလေးတစ်လုံးရနိုင်သည်။ ခပ်လတ်လတ် မော်တော်ကားတစ်စီး ရနိုင်သည်။ မခင်မိ စိတ်ကူးက တိုက်ကလေးတစ်လုံး ဝယ်မည်။ ကားတော့ မဝယ်ချင်သေး။ ပိုသောငွေဖြင့် လုပ်ငန်းတစ်ခုခု လုပ်ချင်သည်။

တစ်ခုခက်တာက ကိုမြတ်ထွန်း သဘောတူဖို့ မလွယ်သည့်ကိစ္စပင် ဖြစ်သည်။ ဒီပစ္စည်းတွေနှင့် ကင်းကင်းရှင်းရှင်း နေလိုသည်ဟု ကိုမြတ်ထွန်းက ပြောခဲ့သည် မဟုတ်လား။

တစ်ဖက်က စဉ်းစားကြည့်ပြန်တော့ ငွေတွေ ရှိနေလျက်သားနှင့် ခုလို အိမ်ခန်း ကျဉ်းကျဉ်းကလေးမှာ ငှားနေရမယ်ဆိုတာ လုံးဝ သဘာဝ မကျချေ။ ထို့ကြောင့် လောလောဆယ်မှာ အိမ်တစ်လုံးဝယ်ဖို့ ဖြစ်အောင်ကြိုးစားရမည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုအကြောင်းကို ပြောပြတော့

“ဘာလဲ၊ မိက ဒီအိမ်ခန်းလေးမှာ မနေချင်တော့ဘူးလား”

ကိုမြတ်ထွန်း. ဒီလို ပြောလိမ့်မည်ဟု သူ. တွက်ဆထားပြီးသား ဖြစ်သည်။ တစ်ခုပဲ လွဲသွားသည်။ အိမ်ဝယ်ဖို့ပြောလျှင် ကိုမြတ်ထွန်းမျက်နှာတင်းမာသွားလိမ့်မည်ဟု ထင်ခဲ့သည်။ ခုတော့ ပြုံးထေ့ထေ့ အမူအရာသာ ရှိနေသည်။ ထင်သလောက်တော့ မဆိုးလှဘူးဟု တွေးမိပြီး အားတက်သွား၏။

“ဒီလို သဘောတော့ မဟုတ်ပါဘူး၊ ကိုယ့်အိမ်လေးနဲ့ ကိုယ်ဆိုတော့ လွတ်လွတ်လပ်လပ် နေလို့ ရတာပေ့ါ”

“ဒီမှာတော့ မလွတ်လပ်လို့လား”

“ဒီအခန်းလေးကကျဉ်းတယ်လေ၊ သမီးအတွက်လည်း ကစားရတာ ကျယ်ကျယ်ဝန်းဝန်း မရှိဘူး”

“တခြားလူတွေလည်း ဒီလိုပဲ နေကြရတာပါပဲ မိရယ်၊ တချို့ဆိုရင် ဒီထက်တောင် ဆိုးသေးတယ်၊ ကိုယ်တို့ကမှ သားမိသားဖ သုံးယောက်တည်း၊ သူများတွေမှာ ခုထက်ကျဉ်းတဲ့ အခန်းထဲ လူဆယ့်လေးငါးယောက် ပြွတ်သိပ်ပြီး

နေကြရတာပဲ”

“ဒါပေမဲ့ စဉ်းစားလည်း ကြည့်စမ်းပါဦး၊ မိတို့မှာ ငွေလည်း ရှိရက် သားနဲ့ အိမ်ပိုင်ရာပိုင် မနေရဘူးဆိုရင် ဘယ်သဘာဝကျမလဲ”

”ဒီငွေတွေက သမီးရဲ့ငွေတွေပဲ၊ အကောင်းဆုံးက ဒီငွေတွေကို ဘဏ်မှာ အပ်ထားလိုက်ပေါ့၊ သမီး အရွယ်ရောက်လာတော့မှ ထုတ်ယူ ပစေပေါ့”

“သိပ်ခက်တာပဲ၊ ကိုမြတ်ထွန်းဟာ တစ်ခါ တစ်ခါကျရင် အတွေး ခေါင်သလိုပဲ၊ မိဘဆိုတာ သားသမီးအတွက် ပစ္စည်းဥစ္စာကို ထိန်းသိမ်း စောင့်ရှောက်ပေးဖို့ ဝတ္တရားရှိတယ် မဟုတ်လား၊ ကဲ...ခုန ကိုမြတ်ထွန်း ပြောသလို ဒါ သမီးရဲ့ငွေတွေပဲ ထားပါတော့၊ သမီးရဲ့ ငွေနဲ့ ဝယ်တဲ့အိမ်ဟာ သမီးရဲ့အိမ် မဟုတ်လား၊ သမီးပိုင်တဲ့အိမ်မှာ အဖေ၊ အမေက နေတာဘာဖြစ် သလဲ၊ မနေသင့်ဘူးလို့ ထင်သလား”

ကိုမြတ်ထွန်းက ပြုံးသည်။

“ရှင်းရှင်းပြောစမ်းပါ မိရယ်၊ မိက တိုက်နဲ့ နေချင်လို့လား”

မခင်မိက ကိုမြတ်ထွန်းကို ဖျတ်ခနဲ ကြည့်လိုက်သည်။ အနောက် အပြောင်သဘော မေးတာလား၊ သွေးတိုးစမ်းတာလား၊ အဖြေက အရေး ကြီးသည်။ မခင်မိသည် ခဏမျှ စဉ်းစားပြီး“နေချင်တယ်”ဟု ပြောလိုက်သည်။

“နေချင်တယ်ရယ်တော့ မဟုတ်ပါဘူး”ဟု အစချီပြီး ရှည်ရှည်လျားလျား ရှင်းပြလိမ့်မည်ဟု ကိုမြတ်ထွန်း ထင်ထားပုံ ရသည်။ ခုလို ခပ်ရှင်းရှင်းပြတ်ပြတ် ပြောလိုက်သဖြင့် ကိုမြတ်ထွန်း ဘာမျှ ပြန်မပြောနိုင်ဘဲ ဖြစ်သွားသည်။ အတန်ကြာမှ

“ကောင်းပြီလေ၊ ဒါဆိုလည်း ပြီးရောပေါ့” ဟု ခပ်လေးလေး ပြောလိုက်သည်။

*****

အခန်း [၁၉]

ကျောက်ကုန်းက တစ်ထပ်တိုက်ကလေးကို ဝယ်ဖြစ်သွားသည်။ သုံးသောင်းခွဲ ပေးရသည်။ တိုက်ကလေးသည် ကောင်းသည်။ သပ်ရပ်သည်။ ခြံဝင်းလည်း အသင့်အတင့်ကျယ်သည်။ ရပ်ကွက်ကလည်း အေးချမ်းတိတ်ဆိတ်သည်။

တိုက်ဝယ်သည့်ကိစ္စကို ကိုခင်မောင်မြင့်တို့၊ ကိုမောင်မောင်ကြီးတို့၊ ကိုစိန်မြင့်တို့နှင့်သာ တိုင်ပင်ပြီး ဆောင်ရွက်လိုက်ရသည်။ ကိုမြတ်ထွန်းကတော့ အလုပ် သိပ်များနေသည်ဟု အကြောင်းပြပြီး ရှောင်နေသည်။ နောက်ဆုံး သင့်တော်သည့်အိမ်ကို တွေ့သဖြင့် လိုက်ကြည့်ပါဟုပြောသည်ကိုပင် "မိပဲ ကြည့်လုပ်လိုက်ပါ၊ မိ ကြိုက်ရင် ပြီးတာပဲ"

ဟု ပြောသည်။ ထို့အတွက် မခင်မိက ဘယ်လိုမျှ မအောက်မေ့ခဲ့ချေ။ တိုက်ဝယ်ဖို့ကိစ္စကို ပြင်းပြင်းထန်ထန် အတိုက်အခံ မလုပ်ဘဲ နေခဲ့တာ ကိုပင် ကျေနပ်စရာဟု ယူဆရလိမ့်မည်။

အိမ်ပြောင်းသည့်နေ့ကျမှပဲ ကိုမြတ်ထွန်းက တိုက်ကို မြင်ဖူးတော့သည်။

"ဘယ်လိုနေလဲဟင် ကိုမြတ်ထွန်း" ဟု မခင်မိက မေးသောအခါ -

"ကောင်းတာပေ့ါ တိုက်ပဲဟာ""

ဟု ပြောသည်။ သူ့ဟန်ပန်မှာ တခြား လူတစ်ယောက်ပိုင်သော တိုက်ကို ကြည့်ပြီး ပြောလိုက်သလိုမျိုး။

တိုက်ဝယ်သည့်ကိစ္စနှင့် ပတ်သက်၍ သူ့စိတ်ထဲမှာ ရှောရှောရှူရှူ မဖြစ်သေးကြောင်း သိသာသည်။ အိပ်ခန်းရွေးသည့်ကိစ္စ၊ ပစ္စည်းတွေ နေရာ ချသည့်ကိစ္စကစ၍ မခင်မိကသာ စီစဉ်ရသည်။ ကိုမြတ်ထွန်းက ဘာမျှ ဝင်မပြော။ အခန်း ခပ်ငယ်ငယ်တစ်ခန်းကို ကိုမြတ်ထွန်းအတွက် စာကြည့်ခန်းလုပ်ပေးလိုက်သည်။ ကိုမြတ်ထွန်းက ကန့်လည်း မကန့်ကွက်၊ သဘောတူသည့် အမူအရာလည်း မပြချေ။

သူတို့မှာ ပါလာသော ပစ္စည်းက နည်းနည်းလေးသာ ဖြစ်သည်။ များများစားစား ပါလာတာဆိုလို့ ကိုမြတ်ထွန်း၏ စာအုပ်တွေပဲ ရှိသည်။ တိုက်က ကျယ်နေသည်။

သို့ဖြင့် ဧည့်ခန်းမှာထားဖို့ စားပွဲ ကုလားထိုင်တွေ ဝယ်ရသည်။ လိုက်ကာတွေ၊ ခန်းဆီးတွေ တပ်ရသည်။ မီးချောင်းတွေ၊ မီးလုံးတွေဆင်ရသည်။ ကိုမြတ်ထွန်းကတော့ ဘာသိဘာသာ နေမြဲ။

ကိုမြတ်ထွန်း၏ စာကြည့်ခန်းသည် မရှင်းလင်းရသေးချေ။ စာရေးစားပွဲတစ်ခုသာ နေရာချထားရသေးသည်။ စာအုပ်တွေ ထည့်ထားသော ထင်းရှူးသေတ္တာကြီး သုံးလုံးက အခန်းထောင့်မှာ ချထားသည်။ အခြား စာအုပ်များနှင့် စာရွက်စာတမ်း အတိုအစတွေ ထည့်ထားသော ဂုန်နီအိတ် နှစ်လုံးကလည်း ဒီအတိုင်းပဲ ရှိနေသည်။

နံရံကပ်စာအုပ်စင်တစ်ခု ဝယ်သည်။ လျှောတိုက် မှန်တံခါး တပ်ထား သဖြင့် သားသားနားနား ရှိသည်။ စာအုပ်တွေ သပ်သပ်ရပ်ရပ် စီထည့်လိုက်သည်။ စာရွက်စာတမ်းတွေကိုတော့ ကိုမြတ်ထွန်းက ကိုင်တာ မကြိုက်သဖြင့် ဒီအတိုင်း ထားလိုက်ရသည်။ ဘာပဲဖြစ်ဖြစ် စာကြည့်ခန်းကလေးသည် သန့်ရှင်း သပ်ရပ်သွားသည်မှာ အမှန်ပင်။

ကိုမြတ်ထွန်းသည် ဒီစာကြည့်ခန်းထဲမှာပင် အလုပ်လုပ်လေ့ရှိသည်။ ဂျာနယ်အတွက် ဆောင်းပါးတွေ ရေးတာ၊ စာမူဖတ်တာတို့ ဖြစ်သည်။ ကိုမြတ်ထွန်း အလုပ်ခန်းကို ခုလိုပြင်ဆင်ပေးလိုက်ရသဖြင့် မခင်မိ ပျော်နေ သည်။

သူ ပြင်ဆင်လုပ်ကိုင်ထားတာတွေ ကိုမြတ်ထွန်း မသိသေးချေ။ ပြန်လာမှ ရုတ်တရက် အံ့သြသွားစေရန် ဖြစ်သည်။ နောက်တစ်ခုက ကြိုပြီး ပြောလျှင် ကန့်ကွက်နေမည် စိုးသောကြောင့် ဖြစ်သည်။

ထိုနေ့က ကိုမြတ်ထွန်း စောစောပင် ပြန်ရောက်လာသည်။ မခင်မိကဆီးကြိုရင်း-

“ကိုမြတ်ထွန်းကို ပြစရာ ရှိတယ်”

ဟု ပြောသည်။ ကိုမြတ်ထွန်းက သမီးကို ကောက်ချီပြီး မခင်မိ နောက်က လိုက်လာသည်။ စာကြည့်ခန်းထဲ ရောက်သောအခါ မခင်မိက ဘာမျှ မပြောတော့ဘဲ စာအုပ်စင်ရှိရာသို့ လှမ်းကြည့်လိုက်သည်။ ကိုမြတ် ထွန်းကလည်း စာအုပ်စင်ကို ကြည့်သည်။

“ဘယ်လိုလဲဟင် ကောင်းရဲ့လား”

"“ကောင်းသားပဲ”"

ကိုမြတ်ထွန်းသည် စာအုပ်စင်ကို နှစ်သက်သဘောကျသော အမူ အရာပြသဖြင့် မခင်မိ စိတ်အေးသွားသည်။ ကိုမြတ်ထွန်းက စာအုပ်စင် တံခါးကို ဆွဲဖွင့်သည်။ ပြန်တွန်းပြီး ပိတ်သည်။ ထို့နောက် “ဘယ်လောက်ကျသလဲ”

“နှစ်ရာကျော်လောက် ကျတယ်”"

ကိုမြတ်ထွန်းက ခေါင်းတညိတ်ညိတ် လုပ်နေပြီးနောက်-

“ကိုယ် ပြန်ပေးပါ့မယ်”"

"အို... ဘာဖြစ်လို့ ပေးရမှာလဲ၊ ဒါ ကိုမြတ်ထွန်းကို မိ ဝယ်ပေးတာပါ"

ပြောပြီးမှ သူ့စကားက တစ်မျိုး အဓိပ္ပာယ် ပေါက်သွားကြောင်း

သတိပြုမိလိုက်သည်။ သူက ဝယ်ပေးတာဟု ဆိုလိုက်သဖြင့် သူ့မှာ ရှိနေသော ငွေများသည် ကိုမြတ်ထွန်းနှင့် မဆိုင်၊ ကိုမြတ်ထွန်းငွေ မဟုတ်ဟု ဆိုလိုရာ ရောက်သည်။ တစ်ဖက်က ပြန်စဉ်းစားကြည့်တော့လည်း သူ့စကားက မမှား။ ကိုမြတ်ထွန်း ကိုယ်တိုင်ကပင် ထိုသို့ သဘောထားနေသည် မဟုတ်လား။

““မိက ကိုမြတ်ထွန်းကို လက်ဆောင်ပေးတာပါ”

“လက်ဆောင် ဟုတ်လား”

““အင်း... ဒီနေ့ ဘာနေ့လဲဟင်”

““ကြာသပတေးနေ့လေ”

“မဟုတ်ဘူးလေ၊ ရက်စွဲကိုပြောတာ”

“ရက်စွဲ၊ အင်း လေးရက်နေ့”

“နိုဝင်ဘာ လေးရက်နေ့ပေါ့၊ ကဲ..သိပြီလား”

ကိုမြတ်ထွန်းက တွေ့၍ စဉ်းစားနေပြီး-

“ဘာဖြစ်လို့လဲ၊ နိုဝင်ဘာ လေးရက်က”

““ဟင်... ကိုမြတ်ထွန်း တကယ် မသိဘူးလား”

ကိုမြတ်ထွန်းက ခေါင်းခါပြသည်။ မခင်မိ ဝမ်းနည်းသလို ဖြစ်သွား၏။

“ဒီနေ့ဟာ ကိုမြတ်ထွန်းနဲ့ မိတို့ လက်ထပ်တာ လေးနှစ်မြောက်တဲ့ နေ့လေ၊ အဲဒီ အထိမ်းအမှတ်အဖြစ်နဲ့ ဒီစာအုပ်စင်လေးကို လက်ဆောင်ပေးတာ”

““ဪ.. ဟုတ်လား”

“ကိုမြတ်ထွန်းရယ် ကိုယ်လက်ထပ်တဲ့ နှစ်ပတ်လည်နေ့တောင် မမှတ်မိတော့ဘူးလား ဟင်”

“ကိုယ် မမှတ်မိတာ အမှန်ပဲ မိ၊ အခုလေ ကိုယ်က ကိုယ့်မွေးနေ့ တောင် သတိရတာမှ မဟုတ်ဘဲ”

မခင်မိ စိတ်မကောင်း ဖြစ်ရသည်။ သုံးလေးရက်လောက်ကြာအောင် ရင်ထဲမှာ တင်းခံနေသည်။ ကိုမြတ်ထွန်းဟာ ဒီလောက်တောင်ပဲ ကိုယ့်မိသားစု အပေါ်မှာ စိတ်ဝင်စားမှု နည်းနေပြီလားဟု တွေးမိသည်။ သူဟာ လူတစ်မျိုး မို့လို့ပေါ့လေဟု စိတ်ကို ဆုံးမပြီး ဖြေယူရပြန်သည်။

အိမ်က ကျယ်လာသဖြင့် လုပ်စရာတွေ များလာသည်။ လှည်းရ၊ ကျင်းရ၊ သန့်ရှင်းရေးလုပ်ရသည့် နေရာက ပိုလာသည်။ ချက်ရေး ပြုတ်ရေး တာဝန်က တစ်ဖက်၊ လျှော်ရဖွပ်ရတာက တစ်ဖက်၊ သမီး၏ ဝေယျာဝစ္စ တစ်ဖက်မို့ တစ်ယောက်တည်း မနိုင်အောင် ဖြစ်လာ၏။

ပြီးတော့ နေ့လယ်ဆိုရင် အိမ်တစ်အိမ်လုံးမှာ သားအမိနှစ်ယောက် တည်း ကျန်ခဲ့သည်။ ရပ်ကွက်က ကိုယ့်ဝင်းကိုယ့်ခြံ နေကြသောကြောင့် တစ်အိမ်နှင့်တစ်အိမ် အလှမ်းဝေးသည်။ ဟိုဘက်ဒီဘက် ခြံချင်းကပ်လျက် အိမ်က လူများနှင့် မခင်မိ သိကျွမ်းနေပြီ ဖြစ်သော်လည်း ကူးသန်းသွားလာမှု သိပ်မရှိသေး။

မခင်မိ နေ့လယ်နေ့ခင်း စကားပြောဖော်ပင် မရှိ။ သမီးကိုသာ အဖော်ပြုနေရသည်။ သမီးက တွတ်တီးတွတ်တာ ပြောနေပြီ ဖြစ်သည့်တိုင် ကလေးတစ်ယောက်နှင့် နေ့စဉ်နေ့တိုင်း အာလာပသလ္လာပပြောလို့ ဘယ်မှာဖြစ်နိုင်ပါ့မည်နည်း။ အရေးဟယ်၊ အကြောင်းဟယ် ဖြစ်လာလျှင်တောင် ဟိုဘက်ဒီဘက်တွေကို လှမ်းအော်လို့ တော်တော်နှင့် မကြားနိုင်။

အဖော်တစ်ယောက်လောက်တော့ ရှာဖို့ လိုလာပြီ။ အိမ်ဖော်လိုဟာ မျိုးတော့ လောလောဆယ် သူ စိုးရိမ်သည်။ အကြောင်း မသိသေးသူကို ခေါ်ထားရမှာ သူ စိုးရိမ်သည်။ ကိုယ်က အိမ်မှာ တစ်ယောက်တည်း မဟုတ်လား။ မတော်တဆ ကိုယ့်ကို ရန်မူပြီး ပစ္စည်းတွေ ယူသွားလျှင် ခက်မည်။

ဆွေမျိုးထဲကဆိုလျှင် ကောင်းမည်။ အထူးသဖြင့် အိမ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်သော လူကြီးသူမမျိုး။ ဒေါ်ဒေါ် ဒေါ်မြရွှေကို ချက်ချင်း သတိရလာသည်။ ခုအခါတွင်ဒေါ်ဒေါ်သည် ဒေါ်သန်းခင်နှင့် အတူနေနေသည်။ ဒေါ်သန်းခင်က ဒေါ်ဒေ အပေါ် ကြည်ဖြူသည်ဆိုသည့်တိုင် ဒေါ်ဒေါ်က ကြာရှည်နေနိုင်မည် မဟုတ်။ အမှန်အားဖြင့် ဒေါ်ဒေါ်ဆန္ဒမှာ တူမတစ်ယောက်ယောက်နှင့် နေချင်ကြောင်း ခင်မိ သိသည်။ အစ်မ မခင်အိနှင့်တော့ နေနိုင်မည် မဟုတ်။ မခင်မိနှင့်တော့ နေချင်မှာ သေချာသည်။ သို့ရာတွင် မခင်မိက စကားမစခဲ့သဖြင့် ဒေါ်သန်းခင်နှင့် နေနေရခြင်း ဖြစ်လိမ့်မည်။

အရင်ကတော့ အိမ်ခန်းက ကျဉ်းသောကြောင့် တစ်ကြောင်း၊ ဒေါ်မြရွှေမှာ မိမိအဒေါ် ဖြစ်နေသဖြင့် ကိုမြတ်ထွန်း၏ သဘောထားကို မသိရသေးသဖြင့် တစ်ကြောင်း မခေါ်ခဲ့ခြင်း ဖြစ်သည်။ ခုတော့ အိမ်က ကျယ်ဝန်းလာပြီ။ အိမ်မှာ လူကြီးတစ်ယောက် ရှိဖို့လည်း လိုအပ်လာပြီ ဖြစ်သဖြင့် ဒေါ်ဒေါ်ကို ခေါ်ရင် ကောင်းမလားဟု ကိုမြတ်ထွန်းကို မေးကြည့်သည်။

ကိုမြတ်ထွန်းက“ကောင်းသားပဲ၊ မိလည်း အဖော်ရတာပေါ့”

ဟု ကြည်ကြည်ဖြူဖြူ သဘောတူသဖြင့် ဒေါ်ဒေ့ါဆီ စာရေးပြီး ခေါ်လိုက်သည်။

ဆယ့်ငါးရက်လောက်အကြာတွင် ဒေါ်မြရွှေ ရောက်လာသည်။ သူ ရောက်လာသည်နှင့် တစ်ပြိုင်နက် မီးဖိုချောင်ကို လုံးဝ တာဝန်လွှဲယူ လိုက်လေတော့ သည်။ ကိုမြတ်ထွန်းက ဒေါ်မြရွှေကို ရိုရိုသေသေ၊ လေးလေးစားစား ဆက်ဆံ သည်။ ဒေါ်မြရွှေကလည်း ကိုမြတ်ထွန်းနှင့် ပတ်သက်၍-

“မောင်မြတ်ထွန်းဟာ မဆိုးပါဘူး၊ မှန်တာတွေချည်း လုပ်၊ မှန်တာချည်းပြောလို့ တစ်မျိုးကြီး ဖြစ်နေတာပါ”ဟု မှတ်ချက်ချသည်။

ဒေါ်မြရွှေ ရောက်လာသဖြင့် မခင်မိသည် အားလည်း တက်မိသည်။ ချက်ရေးပြုတ်ရေးတွင် ဝင်ကူရုံသာ လုပ်ရတော့သဖြင့် အိမ်၏ တခြားကိစ္စတွေကို ပိုမို

နိုင်နင်းစွာ ပြုလုပ်နိုင်လာသည်။ ထို့ကြောင့် အိမ်သည် ပို၍ နေချင့်စဖွယ် သာယာလာသည်။

သို့ရာတွင် ထိုအချိန်ကျမှ ကိုမြတ်ထွန်းသည် အိမ်မှာ အနေနည်း လာပြန်သည်။ မနက်စောစော အိမ်ကထွက်ပြီး ညမိုးချုပ်မှ ပြန်လာသည်။ အလုပ်တွေ များလို့လား၊ အိမ်မှာ ဒေါ်မြရွှေ ရှိနေပြီဖြစ်၍ စိတ်ချရပြီ ဖြစ်သောကြောင့်လား၊ တခြား အကြောင်းတစ်ခုခု ရှိသေးလား။

အိမ်တက်မင်္ဂလာ ပြုလုပ်သည့်နေ့တွင် တစ်ခုထပ်ပြီး သိလိုက်ရပြန်သည်။ ထိုအလှူပွဲသို့ မခင်မိ၏ မိတ်ဆွေ အပေါင်းအသင်းတွေ အားလုံးလာ ကြသည်။ ကိုမောင်မောင်ကြီးနှင့် ကိုစိန်မြင့်တို့ နှစ်ယောက်သာ နယ်သို့ ရောက်နေကြသဖြင့် မလာနိုင်။

မခင်မိ သတိထားမိသည်မှာ စာနယ်ဇင်းလောကမှ ကိုမြတ်ထွန်း၏ မိတ်ဆွေ တစ်စုံတစ်ယောက်မျှ ရောက်ရှိမလာခြင်းပင် ဖြစ်၏။ ဖိတ်လျက် သားနှင့် မအားလပ်လို့ မလာတာ မဖြစ်နိုင်။ တစ်ယောက်မဟုတ် တစ်ယောက် ကတော့ လာကို လာရမည်။ ကိုမြတ်ထွန်းက မဖိတ်ဘဲ နေခဲ့ခြင်းသာ ဖြစ်နိုင် သည်။

သူက ဘာကြောင့် မဖိတ်ဘဲ နေသနည်း။စားသောက်ပြီးကြတော့ ရင်းနှီးသူတွေက တိုက်ကို လှည့်ပတ်ကြည့် ကြသည်။ ကိုမြတ်ထွန်း၏ စာကြည့်ခန်းထဲ ရောက်သောအခါ ကိုခင်မောင် မြင့်က-

““ကောင်းလိုက်တဲ့ အခန်းလေးဗျာ၊ အလင်းရောင် ဝင်ပုံရော၊ တိတ်ဆိတ် အေးချမ်းတာရော ဘာမှ ပြောစရာမရှိဘူး။ စာရေး၊ စာဖတ်လုပ်လို့ သိပ်ကောင်းမယ့် အခန်းပဲ”

ကိုမြတ်ထွန်းက ဘာမျှ ပြန်မပြော။ ကိုခင်မောင်မြင့် စကားအတွက် ကျေနပ်နှစ်သိမ့်သွားသည့် အမူအရာလည်းမပြ။ မကြားမိလိုက်သလို နေနေသည်။

“ခင်ဗျားကို ကျွန်တော်တောင် အားကျလာပြီ ကိုမြတ်ထွန်း”

“ဘာကို အားကျတာလဲ ခင်ဗျားက”

ကိုမြတ်ထွန်းက ပြန်မေးသည်။

“မိန်းမရ ကံကောင်းတာကိုပေါ့ဗျ၊ ကိုယ်ဝါသနာပါတဲ့ အလုပ်ကို အေးအေးဆေးဆေး လုပ်နေရုံပဲ၊ နောက်ပိုင်းကို လှည့်ကြည့်စရာ မလိုတော့အောင် ပြည့်စုံနေပြီ မဟုတ်လား”

ကိုမြတ်ထွန်းက ပြန်လည် မချေပသော်လည်း ထိုစကားကိုတော့ နှစ်သက်ပုံမရချေ။ ထို့နောက်ပိုင်းတွင် ကိုမြတ်ထွန်းက တစ်မျိုး ထပ်ဖြစ်သွားပြန်သည်။

ဒီတိုက်မှာ နေနေရသည်ကို မပျော်မွေ့သည့် ဟန်ပန်မျိုး မကြာခဏ မြင်ရသည်။ အိမ်မှာ ရှိနေသည့် အချိန်များတွင် သူမှာ စိတ်ကျဉ်းကျပ်နေပုံ ရလေသည်။ ဒီတိုက်ကို ဝယ်မိတာ မှားသလားဟုပင် တစ်ခါတစ်ခါ တွေးမိသည်။

ဟိုအရင် အိမ်ခန်းလေးမှာ နေတုန်းက သေးနုပ်ကျဉ်းကျုပ်သည့်တိုင် ပျော်စရာ ဖြစ်ခဲ့ကြသည်။ ခုတော့ တိုက်နှင့်တာနှင့် နေရပါလျက် အရင်ကလောက် စိုစိုပြည်ပြည် မရှိတော့သည်မှာ အံ့သြဖို့ ကောင်းသည်။

ကိုမြတ်ထွန်းက အဖေ့ဆီက အမွေရသောငွေဖြင့် ဝယ်သော တိုက်မို့လို့ နေရထိုင်ရ ခက်နေတာလားမသိ။ တဖြည်းဖြည်းတော့ အဆင်ပြေ တန်ကောင်းရဲ့ဟု စိတ်ဖြေရပြန်သည်။

ကိုမြတ်ထွန်းမှာ မပြောင်းလဲသေးတာ တစ်ခုတော့ ရှိသည်။ လစဉ် ပေးနေကျ ငွေနှစ်ရာကို ပေးမြဲ ပေးနေခြင်းပင် ဖြစ်သည်။

အိမ်စရိတ်သည် နှစ်ရာနှင့် မလောက်တော့။ လစဉ် သုံးရာနား ကပ်သွားသည်။ တချို့ လတွေဆိုရင် သုံးရာကျော် လေးရာနီးပါး၊ လေးရာ ကျော်သွားသည်။ အရေးမကြီး။ မခင်မိမှာ ငွေတွေ ရှိနေသည်။

တစ်ခုပဲ စဉ်းစားမိသည်။ ကိုမြတ်ထွန်း လခ သုံးရာရသည်။ အိမ်စရိတ် နှစ်ရာပေးလျှင် တစ်ရာ ကျန်မည်။ ထိုငွေတစ်ရာဖြင့် ကိုမြတ်ထွန်းသည် စိစိစစ်စစ် သုံးစွဲနေရပေလိမ့်မည်။

ကိုမြတ်ထွန်း အနေဖြင့် သူရသည့်လခကို သူ့ဘာသာသုံးဖို့ ပြောချင် သည်။ သို့ရာတွင် ပြောလို့ မဖြစ်ချေ။ ကိုမြတ်ထွန်း၏ စိတ်သဘောထားမှာ မခင်မိတို့ သားအမိကို လုပ်ကျွေးရန် သူ့တာဝန်ဟု စွဲစွဲမြဲမြဲ ယူဆထားဟန် တူသည်။

ပေးနေကျငွေကို မပေးတော့ဖို့ပြောရင် သူ့ကို စော်ကားရာကျလိမ့်မည်။

အိမ်ထောင်ဦးစီး ယောက်ျားတစ်ယောက်အဖြစ် အသိအမှတ် မပြုတော့သလိုဖြစ်သွားလိမ့်မည်။ သို့ဖြင့် မခင်မိသည် ကိုမြတ်ထွန်းထံမှ ငွေကို ယူမြဲ ယူနေရသည်။ တစ်ခါတော့ အရိပ်အမြွက်လောက် ပြောဖြစ်သွားသည်။

“ကိုမြတ်ထွန်း မိကို တစ်လ နှစ်ရာ ပေးနေရတော့ ကျန်တဲ့ငွေနဲ့ သုံးလောက်ရဲ့လား”

“လောက်အောင် သုံးရင် လောက်တာပေါ့၊ ဘာဖြစ်လို့လဲ”

“ဩော်.... ခုနောက်ပိုင်း အလုပ်တွေက များတော့ အပြင်မှာ ထမင်း ဝယ်ဝယ်စားနေရတဲ့ရက်က များနေတယ် မဟုတ်လား၊ အဲဒါကြောင့် မေးတာပါ၊ တကယ်လို့ မလောက်ဘူး ဆိုရင်လည်း မိကို လျှော့ပေးချင် ပေးပါလား”

“ဒီမှာ မိ၊ မိမှာ ငွေတွေရှိနေတယ်ဆိုတာ ကိုယ်သိပါတယ်၊ ဒါပေမဲ့ အဲဒီ ငွေတွေကို မရှိဘူးလို့ပဲ ကိုယ် သဘောထားတယ်၊ မိတို့ သားအမိရဲ့ စားဝတ်နေရေးဟာ ကိုယ့်တာဝန်ပဲ၊ ကိုယ်က လုပ်ကျွေးစရာ မလိုတော့လောက်အောင် မိမှာ ပြည့်စုံနေပြီလို့ ထင်နေတယ် ဆိုရင်တော့...

“အို... မိက ဒီလိုသဘောမျိုး ပြောတာ မဟုတ်ပါဘူး၊ ကိုမြတ်ထွန်း လောက်လောက်ငငေ သုံးစေချင်လို့”

“တော်တော့ မိ၊ အဲဒီ အကြောင်း ထပ်မပြောနဲ့တော့”

ဤသို့ဖြင့် ကိုမြတ်ထွန်းက လစဉ် ငွေနှစ်ရာကို ပေးမြဲ ပေးနေသည်။ ထိုငွေကို လက်ခံရယူသည့် အခါတိုင်း မခင်မိ စိတ်ထဲမှာ တစ်မျိုးကြီး ခံစားရသည်။

ကိုမြတ်ထွန်းဘက်က ကြည့်လျှင်တော့ လစဉ် ငွေပေးသည့်ကိစ္စမှာမှန်သည်ဟု ဆိုနိုင်သည်။ မခင်မိဘက်က ကြည့်ပြန်တော့လည်း သူ့မှာ ငွေတွေ ရှိနေလျက်နှင့် ထိုငွေများကို ကိုမြတ်ထွန်းက အသိအမှတ် မပြုဘဲ နေသည်။ တကယ်ဆိုရင် ဒီလို ခွဲခြား သတ်မှတ်နေစရာ မလို။

မယားငွေသည်လင်၏ငွေနှင့် အတူတူပဲ မဟုတ်လား။ ဖြစ်သင့်တာက မခင်မိမှာရှိသော ငွေများကို အရင်းအနှီးပြု၍ ကိုမြတ်ထွန်းက လုပ်ငန်းတစ်ခုခု လုပ်ဖို့ကောင်း သည်။ သူ ဝါသနာပါသော စာနယ်ဇင်းလုပ်ငန်းပဲ ဖြစ်ဖြစ်၊ ကိုယ်ပိုင်ဂျာနယ် တစ်ခုထောင်လျှင်လည်း ဖြစ်နိုင်သည်။

ခုတော့ ဒီလို မဟုတ်။ ကိုမြတ်ထွန်းသည် တိုက်နှင့် နေနေပါလျက် သူ့ကိုယ်သူ လခ သုံးရာစား ဂျာနယ်သမားတစ်ယောက်လိုသာ သဘောထားနေသည်။ အဝတ်အစားကအစ ဘာမျှ မပြောင်းလဲ။ အရင်လို ခပ်စုတ်စုတ်၊ ခပ်နုပ်နုပ်သာ နေနေသည်။

သူနှင့် မခင်မိတို့ကြားတွင် ရင်းနှီးမှု နည်းနည်းချင်း လျော့ပါးလာ နေခြင်းသာ ပြောင်းလဲမှု ရှိသည်။

*****

အခန်း [၂၀]

သိမ်ကြီးဈေးထဲ ဝင်ခဲ့သည် မြို့ထဲဘက် မရောက်တာတောင် တော်တော်ကြာသွားပြီ။ ဈေးကြီးက စည်ကားဆဲ စည်ကားမြဲ။ လက်လီဈေးတွေတော့ နည်းနည်းတက်သည်။ သိပ်များများတော့ မဟုတ်။ ဆယ်ပြား၊ ပြားနှစ်ဆယ် လောက်သာ။

နို့ဆီ တစ်ကျပ် ပြားသုံးဆယ်၊ ဆီတစ်ပုံး သုံးဆယ့်ခြောက်ကျပ်၊ ထောပတ်တစ်ဘူး နှစ်ကျပ်တစ်မတ်၊ ငါးသေတ္တာ တစ်ကျပ် ခြောက်ဆယ်။

နို့ဆီ၊ နို့စိမ်း၊ ထောပတ်၊ ငါးသေတ္တာ၊ ပရုမ်းဆီးသီးဘူး၊ ဘီစကွတ် မုန့်ပုံး ဝယ်သည်။ သမီးနှင့် ဒေါ်ဒေါ့အတွက် ပန်းသီးငါးလုံး ဝယ်သည်။ ကိုမြတ်ထွန်း ကြိုက်တတ်သော ငါးရံ့ခြောက် ဝယ်သည်။ ရောက်လက်စနှင့် ဆိုပြီး စွန်ပလွံယိုပါ ငါးဆယ်သား ဝယ်လိုက်သည်။ လက်ဆွဲ ကြိမ်ခြင်း တောင်းနှင့်အပြည့် တနင့်တပိုး ဖြစ်သွားသည်။ ငွေလည်း ခုနစ်ဆယ်လောက် ထွက်သွားသည်။

ဘတ်စ်ကားနှင့် ပြန်ဖို့ မလွယ်။ တက္ကစီတစ်စီးတော့ ငှားမှ ဖြစ်မည်။ အငှားကားစခန်းရှိရာ ဘုရားလမ်းဘက် ထွက်လာခဲ့၏။ အငှားဂျစ်ကားတွေ တန်းစီပြီး ရပ်ထားသည်။ အငှားကားသမား သုံးလေးယောက် ဝိုင်းလာပြီး ..

"ကားငှားမလား ခင်ဗျာ၊ ခြင်းတောင်းလေးပေး အစ်မ၊ ကားပေါ် တင်ထားလိုက်မယ်"

စသည်ဖြင့် ပျူငှာယဉ်ကျေးစွာ ခေါ်ကြသည်။ အသက်ခပ်ကြီးကြီး ကားသမားလက်ထဲသို့ ခြင်းတောင်းကို ထည့်ပေးလိုက်သည်။ ကားပေါ် ခြင်းတောင်းတင်အပြီးတွင် ဈေးအပြင်တန်းရှိ စာအုပ်ဆိုင်ကို လှမ်းမြင်သည်။

"ခဏနော် ဦးလေး"

"ရပါတယ် တူမ၊ အေးအေးဆေးဆေးသာ လုပ်ပါ၊ ပစ္စည်းတွေလည်း စိတ်ချပါ"

စာအုပ်ဆိုင်ဆီသို့ ပြန်ရောက်လာသည်။ ကိုမြတ်ထွန်းတို့ ထုတ်သော ဂျာနယ် ဝယ်ချင်သောကြောင့် ဖြစ်သည်။ ကိုမြတ်ထွန်းသည် အိမ်ကို စာအုပ် ယူမလာခဲ့တာ ဂျာနယ် နှစ်ပတ်၊ သုံးပတ်စာလောက် ရှိဦးမည်။ အလုပ်များပြီး မေ့နေသောကြောင့်လား မသိ။

စာအုပ်ဆိုင်ရှေ့မှာ ရပ်ပြီး ခင်းထားသည့် စာအုပ်တွေ၊ ချိတ်ထားသည့် စာစောင်တွေကြားမှာ ရှာသည်။ ဂျာနယ်အဟောင်း နှစ်စောင်သာ တွေ့သည်။

“အရှေ့မိုးကောင်းကင် ဂျာနယ် မထွက်သေးဘူးလား””

ဟု မေးသည်။ ဆိုင်ရှင်က

“အဲဒီ ဂျာနယ် ပိတ်လိုက်ပြီ ခင်ဗျ”

“ရှင်...”

“ဟုတ်တယ်ဗျာ၊ ပိတ်လိုက်တာ တစ်လခွဲလောက် ရှိပြီ ထင်တယ်၊ နောက်ဆုံးထွက်တာက”

ဆိုပြီး ဆိုင်ပေါ်မှာ ရှာသည်။

“မရှိတော့ဘူး ခင်ဗျ၊ နောက်ဆုံးထုတ်မို့လို့လား မသိဘူး၊ တော်တော်ရောင်းကောင်းတယ်”

ဂျာနယ် ရပ်စဲလိုက်ရကြောင်း ကိုမြတ်ထွန်း မိမိကို ဘာကြောင့် မပြောသလဲဟု စဉ်းစားကြည့်သည်။

စိတ်မကောင်းဖြစ်သွားမှာ စိုးလို့လား။ ပြောစရာ မလိုဘူးဟုထင်လို့လား။

ဂျာနယ်တိုက် ပိတ်လိုက်ကာ တစ်လခွဲလောက် ရှိပြီဟု ဆိုသည်။ ဒါဆို ကိုမြတ်ထွန်း လခမရတာ အနည်းဆုံး တစ်လတော့ ရှိရမည်။ သို့ရာတွင် ပြီးခဲ့သော တစ်ပတ်ခန့် လဆန်းရက်ကတော့ ပေးနေကျအတိုင်း ငွေနှစ်ရာကို ပေးသည်။ ခါတိုင်းလကုန်ရက်၊ သို့မဟုတ် လဆန်းတစ်ရက်နေ့ ပေးနေကျ။ ဒီလတွင် လဆန်းလေးရက်နေ့ကျမှ ပေးဖြစ်သည်ကို သတိရသည်။

ဒီငွေတွေကို သူ ဘယ်က ရှာပြီး ပေးသလဲ။ တခြား အလုပ်တစ်ခုခု ပြောင်းလုပ်နေသလား။ တခြား ဂျာနယ်၊ မဂ္ဂဇင်း တစ်ခုခုမှာ ဝင်လုပ်နေတာလည်း ဖြစ်ချင် ဖြစ်နေမည်။ ရှာကြံချေးငှားပြီး ပေးတာလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

ကိုမြတ်ထွန်းကို ဖွင့်မေးကြည့်မည် စိတ်ကူးသည်။ မမေးဖြစ်ခဲ့။

မေးလို့လည်း အကြောင်းထူးမည် မဟုတ်။ နောက်တော့မှ သိလာရသည်။ ကိုမြတ်ထွန်းသည် ကော်လံစားသတင်းထောက် ဝင်လုပ်နေသည် ဆို၏။ လခနှင့် မဟုတ်။ သူပေးသော သတင်းကို သတင်းစာတိုက်က ထည့်သွင်း ဖော်ပြသောအခါ သတင်းအတို အရှည်ကိုလိုက်၍ သတင်းရေးခ ရသည်။ တစ်ခါတစ်ရံ သတင်းဆောင်းပါး ရေးရသည်။ မဂ္ဂဇင်းတွေမှာလည်း ဆောင်းပါးရေးသည်။ သို့တိုင်အောင် အရင်လောက်တော့ ဝင်ငွေ မရမှာ သေချာသည်။

သို့ဖြစ်လျှင် လစဉ် ငွေနှစ်ရာ ပေးနိုင်ဖို့ သူ တော်တော်ကြိုးစား ရှာဖွေရလိမ့်မည်။ ငွေနှစ်ရာရှာနိုင်သည်ထားဦး။ သူ သုံးဖို့စွဲဖို့က ရှိသေးသည်။

ကိုမြတ်ထွန်းနှင့် ဆုံသည့်အခါတိုင်း ထိုငွေနှစ်ရာကို မပေးပါနှင့်တော့ ဟု ပြောဖို့ ပါးစပ်တပြင်ပြင် ရှိခဲ့သည်။ ပြောကား မပြောဖြစ်၊ ပြောလျှင် ပြဿနာဖြစ်လာနိုင်သည်။ တစ်ခါက ပေးနေကျထက် လျှော့ပေးဖို့ ပြောသည် ကိုပင် ကိုမြတ်ထွန်းက မကျေမနပ် ဖြစ်ခဲ့သေးသည်။

တကယ်တော့ ခုချိန်မှာ ငွေနှစ်ရာဆိုသည်မှာ မခင်မိအဖို့ သိပ်မပြောပလောက်တော့။ ကိုမြတ်ထွန်းအတွက်ကျတော့ ပင်ပင်ပန်းပန်း ရှာရမည့်ငွေ ဖြစ်နေသည်။

မိမိတို့ လင်မယားနှစ်ယောက်အကြောင်း သူများကို ပြောပြလျှင် ယုံမှ ယုံကြပါ့မလား မသိ။ မယားဖြစ်သူမှာ စိန်တစ်ဆင်စာနှင့် ငွေတစ်သောင်း ကျော်ရှိသည်။ တိုက်လည်းရှိသည်။ သို့ပါလျက် လင်ဖြစ်သူသည် ထိုအရာများ ကို သူနှင့် မဆိုင်သလို နေသည်။ ငွေကလေး နှစ်ရာရဖို့ ပင်ပင်ပန်းပန်း လုပ်ကိုင် ရှာဖွေနေသည်။

ပြီးတော့ ... လင်မယားဖြစ်ပါလျက် မယားဖြစ်သူကို လင်က တိုင်တိုင်ပင်ပင် မရှိ။ လင်က ဘာလုပ်နေသည်ကို မယားအား အသိမပေး။ တင်ဆင့်ကြားဖြင့်သာ သိရသည်။

ဘာပဲဖြစ်ဖြစ် ဂျာနယ် ရပ်စဲလိုက်ရသည့် ကိစ္စ၊ တခြားသော အလုပ် တစ်ခု ပြောင်းရသည့် ကိစ္စတွေကို အသိပေးဖို့တော့ ကောင်းသည်ဟု မခင်မိ ထင်သည်။ အသိပေးခြင်း မခံရသည့်အတွက် လျစ်လျူရှု ခံထားရသလို ခံစားရသည်။

မိမိတို့ နှစ်ယောက်သည် ဘာဖြစ်နေကြသနည်း။ ရန်လည်း မဖြစ်ကြ။ မခေါ်မပြောဘဲ နေကြသည်လည်း မဟုတ်။ ပြဿနာ တစ်ခုခုများ ရှိနေသလား။ ဘာလဲဟု စဉ်းစားလို့ကို မရ။ မိမိတို့ နှစ်ယောက်ကြားမှာ တစ်စုံ တစ်ရာ လွဲချော်မှားယွင်းနေတာတော့ အမှန်ပဲဟု အလိုလို သိနေသည်။ ဘာလဲ ဆိုတာတော့ ရှာလို့ မရသေး။

*****

အခန်း [၂၁]

ကိုမြတ်ထွန်း ခရီးထွက်ရာမှ ပြန်ရောက်လာသည်။ သူသည် ခုနောက်ပိုင်း မကြာခဏ ခရီးထွက်လေ့ ရှိသည်။ ဘယ်မြို့ကို သွားမည်၊ ဘယ်နှရက် ကြာမည်ဆိုတာ ပြောသွားတတ်သည်။ ဘာကိစ္စ သွားမည်ဆိုတာ ပြောမသွား။ သတင်းဆောင်းပါးရေးဖို့ သတင်းအချက်အလက်ယူရန် သွားခြင်း

ဖြစ်ကြောင်း မခင်မိ သိနေသည်။ ဒီလအတွက် ပေးနေကျ ငွေနှစ်ရာကို ခုထိ မပေးရသေး။ လဆန်း ဆယ်ရက် ရှိပြီ။ နယ်က ပြန်လာမှ ပေးမည်ဟု ပြောခဲ့သည်။

ကိုမြတ်ထွန်း ခရီးထွက်ရာမှ ပြန်လာသည့်အခါတိုင်း သမီးအတွက်တော့ တစ်ခုခု ဝယ်လာလေ့ရှိသည်။ စားစရာ ဖြစ်စေ၊ ကစားစရာ အရုပ်ကလေးတွေ ဖြစ်စေ။

ဒီနေ့လည်း သူပါလာသည့် မလိုင်လုံးတွေကို သမီးရှေ့မှာ အိုးလိုက် ချပေးထားသည်။ သမီး အားရပါးရ စားတာကြည့်ပြီး ကြည်နူးကျေနပ်နေပုံရသည်။

"စားလို့ကောင်းလား သမီး"

သမီးက ခေါင်းညိတ်သည်။

"ချောကလက်နဲ့ မလိုင်လုံးနဲ့ ဘယ်ဟာကောင်းလဲ သမီး"

"“ဒီဟာ ကောင်းတယ်"

ဟု သမီးက မလိုင်လုံးထည့်ထားသော မြေအိုးကလေးကို လက်ညှိုး ထိုးပြသည်။ ကိုမြတ်ထွန်းက သဘောကျပြီး ရယ်သည်။

"အေးနော်၊ ဒါပဲ သမီး၊ နောက်တော့မှ မေမေ ချောကလက်ဆိုပြီးလာမလုပ်နဲ့"

မခင်မိက ဝင်ပြောသည်။ သမီးက အမေဖြစ်သူကို တစ်လှည့်၊အဖေဖြစ်သူကို တစ်လှည့် ကြည့်ပြီး

"ဒါကုန်ရင် ချောကလက် ကောင်းတယ်" ဟု ပြောသည်။ သမီးပြောပုံကို သဘောကျ၍ ရယ်မိကြသည်။

ကိုမြတ်ထွန်းသည် အသံထွက်အောင်ပင် ရယ်သည်။

"ကောင်မလေးနော်၊ အသက်က သုံးနှစ်တောင် မပြည့်သေးဘူး၊ တော်တော် တတ်နေပြီ"

မခင်မိက ဝင်ပြောပြီး သမီးကို ပွေ့ချီလိုက်သည်။ သမီးပါးနှစ်ဖက်ကိုဘယ်ပြန် ညာပြန် နမ်းလိုက်သည်။ ကိုမြတ်ထွန်းက ပြုံးကြည့်နေ၏။ ခုလပိုင်းတွင်းမှာ မိသားစု သုံးယောက်ဆုံ၍ ခုလို ရယ်ရယ်မောမောပျော်ပျော်ရွှင်ရွှင် နေရသည့်အချိန်မှာ ရှားပါးလှသည်။ ကိုမြတ်ထွန်း ရေချိုး အဝတ်အစားလဲပြီးသောအခါ မခင်မိက

"ကိုမြတ်ထွန်း ထမင်းစားတော့မလား"

မေးသည်။

"မစားတော့ဘူး၊ အပြင် ပြန်ထွက်ရဦးမယ်၊ မြို့ထဲကျမှ စားမယ်"

ကိုမြတ်ထွန်းက အိမ်မှာ ထမင်း မစားဖြစ်တာ ကြာပြီ၊ လဆန်းကတည်းကပဲဟု တွေးလိုက်မိသည်။

"သမီးကော"

"ဒေါ်ဒေါ့်ဆီမှာ"

ကိုမြတ်ထွန်းက ပင်နီတိုက်ပုံကို ဝတ်ရင်း

"ဟို…ငွေနှစ်ရာကို သုံးလေးရက်နေမှ ယူတော့" ဟု ပြောသည်။ မခင်မိက

"ကိုမြတ်ထွန်း အဆင်မပြေသေးရင် မပေးနဲ့ဦးလေ၊ မိမှာ သုံးဖို့စွဲဖို့ ရှိပါသေးတယ်"

"ရပါတယ်၊ နောက် သုံးလေးရက်ဆို အဆင်ပြေမှာပါ"

"မဟုတ်ဘူးလေ၊ အခုလ ကိုမြတ်ထွန်းလည်း ခရီးထွက်ရသေးတယ် မဟုတ်လား၊ အကုန်အကျ များမှာပေ့ါ"

ကိုမြတ်ထွန်းက မခင်မိစကားကို မတုံ့ပြန်ဘဲ

"နောက် သုံးလေးရက်နေရင် ပေးမယ်"

ဟူ၍သာ ထပ်ပြောသည်။ မခင်မိသည် ဆက်လက်ပြီး ဘာသိဘာသာ မသိဟန်ဆောင် မနေနိုင်တော့ဘဲ ဖွင့်မေးသည်။

""" ကိုမြတ်ထွန်း"

ခေါ်လိုက်သည်။ အခန်းအပြင်ထွက်ဖို့ ခြေလှမ်းပြင်လိုက်သောကိုမြတ်ထွန်းက ပြန်လှည့်ကြည့်သည်။

"ဂျာနယ် ပိတ်လိုက်ရတာ မိကို ဘာဖြစ်လို့ မပြောတာလဲ"

ကိုမြတ်ထွန်းက မခင်မိနားသို့ ပြန်လျှောက်လာသည်။ လေသံမှန်မှန်ဖြင့်

"အကြောင်းမထူးဘူးထင်လို့ မပြောတာ၊ ပြောလည်း စိတ်မကောင်း

ဖြစ်ရုံကလွဲပြီး ဘာမှ အကျိုးရှိလာမှာမှ မဟုတ်ဘဲ”

“မဟုတ်သေးဘူး ကိုမြတ်ထွန်း၊ လင်နဲ့မယားဆိုတာ ဆိုးတိုင်ပင်ကောင်းတိုင်ပင်ပဲ၊ သိခွင့် ရှိရမှာပေါ့၊ တစ်အိမ်တည်း တူတူနေကြပြီးတော့တစ်ယောက် ဘာလုပ်နေတယ်၊ ဘာဖြစ်နေတယ် ဆိုတာ တစ်ယောက်ကမသိရဘူးဆိုရင် ဘယ်ကောင်းမလဲ”

“အခုလည်း အဲဒီ ကိစ္စက ပြီးသွားပါပြီ၊ ကိုယ် သတင်းထောက်လုပ်နေပြီပဲ”

ကိုမြတ်ထွန်းက တိုက်ပုံအင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်သည်။ စီးကရက်တစ်လိပ် ထုတ်ယူပြီးမှ မီးမညှိသေးဘဲ

“ကိုယ့်ဘဝမှာ အခက်အခဲတွေ၊ အပြောင်းအလဲတွေ အများကြီး ကြုံခဲ့ဖူးပြီ၊ ထမင်းတစ်နပ်ပဲ စားခဲ့ရတဲ့ ရက်တွေလည်း မနည်းဘူး၊ ဘာမှ အဆန်း မဟုတ်တော့ပါဘူး၊ မိအတွက်သာ ဆန်းချင် ဆန်းနေမယ်”

ပြောပြီး စီးကရက် မီးညှိသည်။ မခင်မိ တစ်ခုခု ပြန်ပြောချင်သည်။ ဘာပြောချင်နေမှန်း ကိုယ့်ဘာသာ မသိ၍ ပြောလို့ မရ။

ခင်နွယ်ညွန့်တို့အိမ် သွားလည်ရင်း ကိုခင်မောင်မြင့်နှင့်ပါ တွေ့သည်။ ကိုခင်မောင်မြင့်ထံမှ ကိုမြတ်ထွန်းအကြောင်း တစ်ခု သိခဲ့ရသည်။

ကိုမြတ်ထွန်းတို့ ဂျာနယ် ပိတ်ပစ်လိုက်ရပြီး နောက်တွင် အရင်က သူတို့ ဂျာနယ်နှင့် ပြိုင်ဘက်ဖြစ်သော ဂျာနယ်တစ်ခုက ကိုမြတ်ထွန်းကို သူတို့ဆီမှာ ဝင်လုပ်ရန် ခေါ်သည်။ လခကိုလည်း မူလဂျာနယ်မှာ ရသည့် အတိုင်း ပေးမည်ဟု ကမ်းလှမ်းသည်။ ကိုမြတ်ထွန်း လက်မခံခဲ့။

ဘာကြောင့် လက်မခံတာလဲဟု ကိုခင်မောင်မြင့်က မေးသောအခါ “အဲဒီဂျာနယ်ဟာ အရင်က ကျွန်တော်တို့ရဲ့ ပြိုင်ဘက်ပဲ။ ခု ကျွန်တော်တို့ဂျာနယ် ရပ်လိုက်ရတော့ ကျွန်တော်တို့ ဝိုင်းတော်သားတွေ အားလုံးလိုလို အလုပ် မရှိကြတော့ဘူး။ အဲဒီလို အချိန်မျိုးမှာ ကျွန်တော်က ဟိုဂျာနယ်မှာ အခံ့သား သွားလုပ်ရင် သစ္စာမဲ့ရာ ကျမှာပေါ့ဗျာ။ နောက် တစ်ချက်ကလည်း ဟိုဂျာနယ်ရဲ့ အယူအဆကို ကျွန်တော် မကြိုက်ဘူး။ သူတို့က စီးပွားရေးသက်သက် လုပ်နေတာမို့လို့ပဲ”ဟု ကိုမြတ်ထွန်းက ပြန်ပြောခဲ့သည် ဆို၏။

မခင်မိအဖို့ စဉ်းစားစရာတွေ ရှိလာသည်။ ကိုမြတ်ထွန်း၏ အကြောင်းကို ပိုသိလာရသောကြောင့်လည်း ဖြစ်သည်။

ကိုမြတ်ထွန်းသည် သူ ဝါသနာပါရာ အလုပ်ကိုသာ လုပ်လိုသူ ဖြစ်သည်။ ထိုသို့ လုပ်ရာမှာပင် သူ့အယူအဆနှင့် ကိုက်ညီမှ လုပ်ချင်သူ။ ငွေ ဘယ်လောက်ရရ လုပ်ချင်မှ လုပ်မည်ဆိုသော သူ။ ငွေကလေး အနည်း အကျဉ်းလောက် ရသော်လည်း သူ လုပ်ချင်လျှင် စူးစူးနစ်နစ် လုပ်မည့်သူ။

သူ့အလုပ်ကို သူ့ကိုယ်သူထက်တောင် ပိုပြီး တန်ဖိုးထားသည် ဆိုသော ကိုမြတ်ထွန်း တစ်ခါက ပြောဖူးသည့် စကားကို သတိရ၏။ သမီး၏ ရှေ့ရေးအတွက် လိုလေသေးမရှိ ထားနိုင်ရန်မှာ ကိုမြတ်ထွန်း

ကို အားကိုး၍ မရနိုင်ဟု ထင်မြင်လာသည်။ ကိုမြတ်ထွန်း အနေဖြင့် ပေးနေကျငွေကို ရအောင် ရှာနိုင်သည့်တိုင် ရှေ့ရေးအတွက်တော့ အာမခံချက် မရှိနိုင်တာ သေချာသည်။

ထို့ကြောင့် ကိုမြတ်ထွန်းလည်း နောက်ပိုင်းအတွက် စိတ်မပူဘဲ သူလုပ်ချင်သည့် အလုပ်ကို လုပ်နိုင်အောင် သမီးရှေ့ရေး အတွက်လည်း စိတ်ချရအောင် မိမိအနေဖြင့် တစ်ဖက်တစ်လမ်းက ဝင်ငွေရှာဖို့ လိုအပ်လာပြီဟု ယူဆသည်။

သူ့မှာ ငွေတစ်သောင်းကျော်လောက် ရှိနေသေးသည်။ လုပ်ငန်း တစ်ခုခုမှာ ရင်းနှီးမြှုပ်နှံထားချင်သည်။ ကြူကြူစိန်နှင့် တိုင်ပင်ကြည့်သည်။ ကြူကြူစိန် အကြံပေး စီစဉ်သည့် ဗိုလ်ချုပ်ဈေးထဲမှာ ဆိုင်ခန်းတစ်ခန်း ဝယ်သည်။ အလှကုန်ဆိုင် ဖွင့်သည်။ လူတစ်ယောက်ကို ငှား၍ ဆိုင်ကို ကြီးကြပ်စေသည်။

အစပိုင်းတွင် မအောင်မြင်။ လူငှားက လုပ်ငန်းကျွမ်းကျင်သော်လည်း ငွေရေးကြေးရေး စိတ်မချရ။ ထို့ကြောင့် မခင်မိကိုယ်တိုင် ဆိုင်ကို ကြီးကြပ်ဖို့ လိုလာသည်။

အရင် ကိုမြတ်ထွန်းကို အသိမပေးခဲ့သော်လည်း ခုလို ကိုယ်တိုင် ဆိုင်ထွက်ဖို့ လိုလာသောအခါ အသိပေးမှ ဖြစ်တော့မည်။ ထို့ကြောင့် ကိုမြတ်ထွန်းကို ဆိုင်ထွက်မည့်အကြောင်း ပြောပြလိုက်သည်။

ကိုမြတ်ထွန်းက မျက်မှောင် တစ်ချက်ကုတ်ပြီး

“မိပိုင်တဲ့ ငွေပဲ၊ မိဘာသာ ဘာပဲလုပ်လုပ် ကိုယ် ပြောပိုင်ခွင့်မရှိပါဘူး”ဟု ဆိုသည်။

“ဒီလိုတော့ မပြောပါနဲ့ ကိုမြတ်ထွန်း၊ ကိုမြတ်ထွန်းက ခွဲခြားတဲ့ စကားကို သိပ်ပြောတယ်၊ လင်နဲ့မယား တစ်ယောက်က ဘာလုပ်နေတယ် ဆိုတာ တစ်ယောက်က စိတ်မဝင်စားဘူးဆိုရင် ဘယ်သွားကောင်းတော့မှာလဲ၊ ငွေကို စိတ်မဝင်စားဘူး ဆိုရင်တောင်...

ကိုမြတ်ထွန်းက လက်ကာပြလိုက်ပြီး...

““ကောင်းပြီ၊ ဒါဆို ပြောမယ်။ မိရဲ့ လင်ယောက်ျားအနေနဲ့ ပြောရရင် မိ ဆိုင်ထွက်မယ့် ကိစ္စကို သဘောမတူဘူး”

““ဘာဖြစ်လို့လဲ””

“ဆိုင်ထွက်ရပြီ ဆိုကတည်းက အိမ်မှုကိစ္စမှာ လစ်ဟင်းတော့မှာပဲ၊သမီးကို ဘယ်သူ ကြည့်မလဲ”

“ဒေါ်ဒေါ် ကြည့်မှာပေါ့၊ ဒေါ်ဒေါ်နဲ့ဆို အားလုံး စိတ်ချရပြီးသားပဲ””

“ဒေါ်ဒေါ် ကြည့်နိုင်တယ် ဆိုပေမယ့် မိခင်နဲ့တော့ ဘယ်တူမလဲ၊ သမီးက ငယ်ငယ်လေးရှိသေးတာ၊ မိခင်က ရင်အုပ်မကွာ ကြည့်ရမယ့် အရွယ်၊ ဒီအရွယ်မှာ

အမေနဲ့ ကင်းကွာပြီးနေရရင် ကလေးအတွက် မကောင်းဘူး"

"ဒါကတော့ သူများတွေလည်း ဒီလိုပဲ လုပ်ကြ၊ ကိုင်ကြရတာပဲ"

"နေပါဦး၊ ကိုယ်တစ်ခုမေးမယ်၊ မိက ဈေးထွက်ရောင်းရမှ ဖြစ်တော့မယ်လို့ ယူဆနေသလား"

"အမှန်တိုင်း ပြောရရင်တော့ အဲဒီအတိုင်း ယူဆတယ်""

"ဘာဖြစ်လို့လဲ"

"သမီးရဲ့ ရှေ့ရေးအတွက်ပေါ့""

"ရှေ့ရေး ဟုတ်လား၊ ကိုယ်က သမီးရဲ့ ရှေ့ရေးအတွက် တာဝန်ယူနိုင်မှာ မဟုတ်ဘူးလို့ ထင်လို့လား"

"ဒါကိုတော့ မိ မပြောချင်ဘူး"

ကိုမြတ်ထွန်းက တစ်ဝက်လောက် ကျန်နေသော စီးကရက်ကိုသုံးလေးဖွာလောက်နှင့် တိုသွားအောင် ဆက်တိုက်ဖွာသည်။ စားပွဲနားသို့ လျှောက်သွားပြီး ဆေးလိပ်ပြာခွက်ထဲမှာ စီးကရက်ကို ထိုးခြေသည်။ ချက်ချင်း မီးမသေသဖြင့် မီးခိုးတွေ တလူလူ တက်နေသည်။မခင်မိဘက်သို့ ပြန်လှည့်လိုက်ပြီး

"ကိုယ်ပေးတဲ့ငွေက နည်းလို့လား"

"လောက်တောင် မလောက်ဘူး"

"အရင်က လောက်သားပဲ၊ ခုမှ ဘာလို့ မလောက်ရတာလဲ"

"ကုန်ဈေးနှုန်းတွေကလည်း တက်နေပြီ၊ အရင်နဲ့ တူတာမှ မဟုတ်ဘဲ၊ နောက်ပြီး အိမ်မှာ ကုန်စရာ၊ ကျစရာတွေ ပိုများလာတယ်"

"လောက်အောင်သုံးရင် လောက်တာပေါ့၊ အပိုတွေ လျှောက်သုံးရင်တော့ ဘယ်လောက်မလဲ"

"မိ ဘာမှအပိုမသုံးဘူး"

ကိုမြတ်ထွန်းက စီးကရက်တစ်လိပ် မီးညှိပြန်သည်။ မီးစွဲသောအခါ တစ်ရှိုက် ရှိုက်ပြီး

"ကိုယ် မပြောချင်ဘူး၊ ဒါပေမဲ့ ပြောရလိမ့်မယ်၊ ထောပတ်တို့၊ ပန်းသီးတို့၊ နိုင်ငံခြား ဘီစကွတ်တို့၊ ဒါတွေဟာ ဇိမ်ခံ အစားအစာတွေပဲ၊ မစားလည်း ရတယ်၊ ဘာလဲ မိက ဟိုအရင် သူဌေးသမီးအဖြစ်နဲ့ နေခဲ့ရတဲ့ ဘဝမျိုး ပြန်နေချင်လို့လား၊ အဲဒီဘဝကို တမ်းတပြီး အလွမ်းဖြေချင် နေသလား"

မခင်မိမျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ကိုမြတ်ထွန်းကို ဘယ်တုန်းကမှမကြည့်ခဲ့ဖူးသော အကြည့်ဖြင့် ကြည့်၍

"မိကို မစော်ကားနဲ့ ကိုမြတ်ထွန်း၊ ကိုမြတ်ထွန်းနဲ့ ယှဉ်ခါစတုန်းကမိဟာ ချမ်းသာတဲ့ အခြေအနေကနေ ချက်ချင်း ပြောင်းလဲသွားရတယ်၊ အိမ်ခန်း ကျဉ်းကျဉ်းကလေးထဲမှာ နေရတယ်၊ ငွေကလေး နှစ်ရာနဲ့ အိမ်ထောင်တစ်ခုလုံး အတွက် လောက်အောင် သုံးရတယ်၊ အစားအသောက်၊ အနေအထိုင်၊ အဝတ် အစား အစစအရာရာ ခြိုးခြံချွေတာရတယ်၊ အပျိုဘဝကနဲ့ တခြားစီပဲ၊ မိ ဘယ်တုန်းကမှ မနေခဲ့ဖူးတဲ့ အခြေအနေနဲ့ ကြုံခဲ့ရတယ်၊ ဒါပေမဲ့ မိ တစ်ချက် မျက်နှာပျက်ခဲ့သလား၊ တစ်ခွန်း ညည်းညူခဲ့သလား၊ ပြန်စဉ်းစားကြည့်စမ်းပါ""

"အစောင့်အည်း သည်းခံခဲ့ရတယ် ဆိုပါတော့၊ အခုတော့ ဒီလိုမနေနိုင်တော့ဘူး မဟုတ်လား"

"ဒါတွေ မသိဘူး၊ မိ အခု လုပ်မယ့် အလုပ်ဟာ သမီးရဲ့ ရှေ့ရေး အတွက် ဘဝ အာမခံချက်ရှိအောင် လုပ်တာ၊ ဒါပဲ မိ သိတယ်"

"ဘဝ အာမခံချက်ဆိုတာ ဘာလဲ၊ ငွေလား၊ ပစ္စည်းဥစ္စာလား၊ ရာထူးဂုဏ်ပုဒ်လား၊ အဲဒါတွေ ရှိနေရင် ဘဝ အာမခံချက် ရှိပြီလို့ ဆိုနိုင် သလား၊ တကယ်တော့ လူတွေအားလုံး ဆင်းရဲ၊ ချမ်းသာ၊ ရာထူးနိမ့်မြင့်မရွေး ဘယ်သူမှ ဘဝအာမခံချက်ဆိုတာ မရှိဘူး၊ ဒီနေ့အတွက်ပဲ အာမခံချက်ရှိတယ်၊ နက်ဖြန်အတွက် မရှိဘူး၊ ဖြစ်ချင်တာ ဖြစ်လာမှာပဲ"

"ဒါတွေ မိ နားမလည်ဘူး၊ မိ နားလည်တာက အာမခံချက်ရှိအောင် ကြိုးစားဖို့ပဲ၊ ဖြစ်လာတာ၊ မဖြစ်လာတာက တစ်ကဏ္ဍ၊ ကိုမြတ်ထွန်းက ဘဝအာမခံချက် ဆိုတာကို မယုံကြည်ဘူး မဟုတ်လား၊ မိက ယုံကြည်ပါတယ်၊ ဒါကြောင့် မိဘာသာ ကြိုးစားမယ် ဒါပဲ"

မခင်မိသည် တစ်ခါမျှ ခုလို ကိုမြတ်ထွန်းကို စကားအချေအတင် ခွန်းတုံ့ပြန် မပြောဖူးခဲ့ချေ။ ထိုအတွက် ကိုမြတ်ထွန်းက အံ့သြ ထိတ်လန့် ဟန်တော့ မပြချေ။ သူက သူ့ထုံးစံအတိုင်း ခက်ခက်ခဲခဲ ပြုံးလိုက်ပြီး

"ရှင်းရှင်း ပြောစမ်းပါလေ၊ မိ ချမ်းသာချင်နေတယ် မဟုတ်လား"

မခင်မိက ကိုမြတ်ထွန်းကို ဖျတ်ခနဲ ကြည့်လိုက်သည်။

"မချမ်းသာချင်တဲ့ လူရယ်လို့ ရှိလို့လား ကိုမြတ်ထွန်း"

"ရှိတယ်၊ ကျုပ်ရှိတယ်"

"ကျုပ်" ဆိုသော အသုံးအနှုန်းကို မခင်မိ ပထမဆုံးအကြိမ် ကြားဖူး ခြင်း ဖြစ်သည်။ မခင်မိ ဘာမျှ ပြန်မပြောဖြစ်ခင် ကိုမြတ်ထွန်း အခန်းထဲက ထွက်သွားသည်။ "ကျုပ်" ဆိုသော အသံသည် အခန်းထဲမှာ ပဲ့တင်ထပ်၍ ကျန်ခဲ့သည်ဟု ထင်သည်။ သူတို့နှစ်ယောက်၏ ဆက်ဆံရေးတွင် အပြောင်း အလဲတစ်ခု ထပ်မံ ဖြစ်ပေါ်လာတော့မည့် အရိပ်လက္ခဏာ ဖြစ်ပေလိမ့်မည်။

*****

အခန်း [၂၂]

"ခက်ပါတယ်အေ၊ ညည်းတို့ လင်မယား ဘာတွေ ဖြစ်နေမှန်း ငါလည်း မသိတော့ပါဘူး၊ ငါ သိတာကတော့ အိမ်ရှေ့မှူ အိမ်နောက် မချမ်းသာ ဆိုသလိုပဲ၊ ညည်းတို့နှစ်ယောက် ခပ်တန်းတန်း လုပ်နေကြတော့ ငါလည်း မနေတတ် မထိုင်တတ်ဘူးကွဲ့၊ တစ်ခါ တစ်ခါတော့လည်း ရိပ်သာမှာပဲ သွားနေလိုက်ရ ကောင်းမလားလို့တောင် တွေးမိတယ်၊ ဟင်း...မြေးမလေး သံယောဇဉ်ကြောင့် သိလား"

ဟု ဒေါ်မြရွှေက ညည်းလေသည်။

သူ ပြောသလိုပင် ကိုမြတ်ထွန်းနှင့် မခင်မိတို့၏ ဆက်ဆံရေးမှာ ခပ်တန်းတန်း ဖြစ်လာသည်။ မေးထူးခေါ်ပြော အဆင့်ကိုပင် နည်းနည်း ကျော်သွားခဲ့ပြီ။ အိမ်မှာ နှစ်ယောက်ဆုံကြသည့် အချိန်သည် အလွန် နည်းပါး နေပြီ ဖြစ်၏။

ကိုမြတ်ထွန်းသည် ခရီးထွက်စရာ မရှိသည့်တိုင် အိမ်မှာ မရှိသည့် ရက်တွေ များလာသည်။ တစ်ပတ်လျှင် နှစ်ရက်၊ သုံးရက်သာ ပြန်လာသည်။ ပြန်လာလျှင်လည်း ညဉ့်နက်မှ ရောက်လာတတ်သည်။ အရက်လည်း သောက်လာတတ်သည်။ ပြီးတော့ စောင်နှင့် ခေါင်းအုံးကို ယူပြီး စာဖတ်ခန်း ထဲမှာ သွားအိပ်သည်။

မခင်မိနှင့် စကားမပြောသလောက်ပင် ဖြစ်သည်။ ဒေါ်မြရွှေကိုတော့ နည်းနည်းပါးပါး ပြောသည်။ များသောအားဖြင့်တော့ သမီးနှင့်သာ အချိန်ကုန်သည်။ သမီးနှင့် စကားပြောလိုက်၊ သမီးအလိုကျ ကစားလိုက်နှင့် နေသည်။ ကိုမြတ်ထွန်းသည် သမီးနှင့် တွေ့ရုံသက်သက် အိမ်ပြန်လာသလို ဖြစ်နေ၏။

ပေးနေကျ ငွေနှစ်ရာကိုတော့ ပေးမြဲပေးသည်။ မခင်မိကို တိုက်ရိုက်တော့ မပေး။ ဒေါ်မြရွှေက တစ်ဆင့် ပေးသည်။ တစ်ခါတလေ သမီးကို ပေးခိုင်းသည်။ အိမ်မှာ ထမင်းမစားတော့။ အပြင်မှာ ဝယ်စားသည်။

ထိုငွေနှစ်ရာကို မခင်မိ မလိုချင်။ ပြန်ပေးခိုင်းလိုက်မည်ဟု မကြာခဏ စိတ်ကူးမိသည်။ မပေးဖြစ်။ ပေးလိုက်လျှင် ပြဿနာတစ်ခု ထပ်တိုးခြင်းသာ ထူးလာမည်။ သူ့သမီးအတွက် ပေးတာပဲဟု သဘောထားပြီး သတ်သတ် သိမ်းထားလိုက်သည်။

မခင်မိကလည်း အိမ်မှာ သိပ်မနေဖြစ်တော့။ ဗိုလ်ချုပ်ဈေးမှာ ဆိုင်ထွက်ရန် မနက် အိမ်က ထွက်သွားပြီး ညနေ မိုးချုပ်ခါနီးမှ ပြန်ရောက် သည်။ တစ်ခါတစ်ခါ သမီးကို ခေါ်သွားသည်။ နေ့တိုင်းတော့ ခေါ်လို့ မဖြစ်ချေ။ ခေါ်သွားလျှင် သမီးကို ဆိုင်ခုံပေါ်မှာပဲ ထားရသည်။ ကလေးအတွက် မကောင်း၊ အညောင်းမိမည်။ နေ့လယ်

အိပ်လျှင်ပင် ဆိုင်ပေါ်မှာပဲ သိပ်ရသည်။ ကျန်းမာရေး ထိခိုက်နိုင်သည်။ အိမ်မှာလို ပြေးလွှား ဆော့ကစားဖို့ နေရာ မရှိ။

တကယ်တော့ မခင်မိသည် သမီးနှင့် ခုလို တစ်နေ့လုံး ခွဲမနေချင်။ ဒေါ်မြရွှေအတွက် အကူအညီရရန် မိန်းကလေးတစ်ယောက် ငှားထား ပေးသည့်တိုင်၊ ဒေါ်မြရွှေက သမီးကို ဂရုစိုက်သည့်တိုင် သူ့မျက်စိအောက်မှာပဲ ရှိနေစေချင်သည်။

သို့ရာတွင် မတတ်နိုင်။ ကိုယ် စထားသည့် အလုပ်ကို ဆုံးအောင် လုပ်ရမည်။ ပြီးတော့ ဒါကလည်း သမီး ရှေ့ရေးအတွက်။ ဆိုင်ကို ဖိဖိစီးစီး လုပ်လို့ အောင်မြင်လာလျှင် စိတ်ချရသည့် လူတစ်ယောက် ငှားမည်။ သူက ကြီးကြပ်ရုံလောက်သာ လုပ်တော့မည်။ ထိုအခါကျမှ သမီးအတွက် အချိန်တွေ အများကြီး ပေးတော့မည်။

နောက်တစ်ချက်က ဒီအလုပ်ကို လုပ်ကို လုပ်မည်ဟု ဆုံးဖြတ်ချက် ချထားခြင်း ဖြစ်သည်။ ကိုမြတ်ထွန်းကိုလည်း လုပ်မည်ဟု ပြောထားခဲ့ပြီး ဖြစ်သည်။ ခုကျမှ နောက်ဆုတ်လို့ မဖြစ်။ ကိုမြတ်ထွန်း မလုပ်စေချင်သောအလုပ်ကို လုပ်ချင်သည်။ ကိုမြတ်ထွန်းကို ဆန့်ကျင်လိုသော စိတ်တွေ ဘာကြောင့် ဝင်လာမှန်း သူ့ဘာသာသူ မသိ။

ကိုမြတ်ထွန်းနှင့် မခင်မိတို့သည် တဖြည်းဖြည်း ပို၍ပို၍ ကင်းကွာ လာသည်။ ဘေးလူတွေ အမြင်မှာတော့ သူတို့သည် တိုက်နှင့်တာနှင့် ပျော်ရွှင် ချမ်းမြေ့နေကြသည်ဟု ထင်နေကြလိမ့်မည်။ အတွင်းမှာ ကျိုတ်ပြီး ဖြစ်နေတာက တစ်အိမ်တည်းမှာ သီးခြားစီ ဖြစ်နေကြသည်။

ဒီတိုက်သည် သာယာစိုပြည်ခြင်း မရှိတော့။ ကိုမြတ်ထွန်းရော မခင်မိပါ အိမ်မှာ ရှိနေသော အချိန်ဆိုလျှင် ပို၍ပင် တိတ်ဆိတ်ခြောက်ကပ် နေသည်ဟု ထင်ရသည်။ အိမ်ရှိ လူတွေထဲတွင် အရင်ကလို ပျော်ရွှင်နေနိုင်သူ ဟူ၍ ဘာမျှ မသိရှာသော သမီးတစ်ယောက်သာ ရှိသည်။

ဒါတောင် သမီးက နားမလည်တဲ့ ဖြစ်နေလို့သာ။ အရင်က အဖေရယ်၊ အမေရယ်၊ သမီးရယ် တူတူအိပ်ကြသည်။ ခုတော့ ဖေဖေက တခြားမှာ ခွဲအိပ်သည်။ ဟိုတုန်းကဆိုလျှင် သူတို့နှစ်ယောက်က သမီးကို စတတ်သည်။ အိပ်ရာပေါ်မှာလှဲပြီး တမင်ဖက်ပြသည်။ ဒီအခါ သမီးက သူတို့နှစ်ယောက်ကို အတင်းဝင်တိုးပြီး အိပ်သည်။ သူတို့က အိပ်ရာ၏ အစွန်းတစ်ဖက်စီကို လှိမ့်သွားကြပြီး

"ကဲ...သမီး၊ ဖေဖေနဲ့ မေမေ ဘယ်သူ့ လာဖက်မလဲ"" ဟု မေးလျှင် သမီးသည် အဖေဘက် သွားရမလို၊ အမေဘက် သွားရမလို ဖြစ်နေပြီးနောက်

"ခေါင်းအုံးကြီးနဲ့ပဲ ဖက်တော့မယ်""

ဟု ပြောတတ်သည်။

ခုတော့ ဒီလို ကြည်နူးစရာ အဖြစ်ကလေးတွေ မရှိတော့ပြီ။

ထိုကဲ့သို့သော အချိန်ကာလမှာပင်...။

ညှော်ခန်းထဲမှာ ထိုင်နေသူကို တွေ့သောအခါ မခင်မိ အံ့အားသင့်သွားရသည်။ ဘယ်လိုမှ မထင်မှတ်သောသူ။ ဘာမျှ အဆက်အစပ် မရှိသောသူ။ အိမ်ကို လာလည်စရာအကြောင်း လုံးဝ မရှိတော့သောသူ။ လုံးဝ အဆက်အဆံ လုပ်စရာ အကြောင်း မရှိတော့သူ။

ဝီလီတောက်ထိန်။ အဖေနှင့် စီးပွားဖက်၊ တစ်ယောက်လုပ်ငန်းမှာ တစ်ယောက် အပြန်အလှန် အစုရှယ်ယာ ဝင်ခဲ့ကြသော ဦးတောက်ထိန်၏ သား ဝီလီတောက်ထိန်။

တစ်ချိန်သော အခါက မိမိနှင့် လက်ထပ်ပေးရန် လူကြီးချင်း သဘောတူခဲ့ဖူးသူ။ သူ ဘာကိစ္စ လာသနည်း။

"ဪ.... ကိုဝီလီ"

ဝီလီတောက်ထိန်က ပြုံး၍ နှုတ်ဆက်သည်။ မခင်မိက မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်ပြီး"အလည် သက်သက်ပဲလား" ဟု ညှော်ထောက်ခံ စကားပြောလိုက်ရသည်။

"အလည်လာရင်း မခင်မိကိုလည်း ပြစရာလေး တစ်ခုရှိလို့"

"ဘာပါလိမ့် ကိုဝီလီ"

ပြောပြီး ဝီလီတောက်ထိန်ကို အကဲခက်သည်။ ကော်ဖီတိုက်ဖို့ သတိရသည်။ သို့ရာတွင် နေရာက မထဖြစ်။ ဝီလီတောက်ထိန် ဘာကြောင့် လာသလဲ ဆိုတာကိုသာ သိချင်စိတ် ကနေ၏။

"အရင်တုန်းက ဖြစ်ခဲ့တာတွေနဲ့ ပတ်သက်ပြီး မခင်မိ အပေါ်မှာ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး။ မိဘချင်းက ခင်မင်ခဲ့ကြတော့ လူငယ်ချင်းလည်း အခင်အမင် မပျက်ဘဲ ဆက်ပြီး နေချင်တယ်"

"ဟုတ်ကဲ့၊ ဒါနဲ့ ကိုဝီလီ ပြောစရာကိစ္စ ဆိုတာက"

""ပြစရာလေးတစ်ခုရှိလို့ပါ၊ မခင်မိလည်း သိပြီးသား ဖြစ်ချင် ဖြစ်မှာပါ၊ မသိရသေးရင်လည်း သိရအောင်ပေါ့၊ သိသင့်တယ် ထင်လို့ပါ"

ဝီလီတောက်ထိန်က စားပွဲပေါ် တင်ထားသော လက်ဆွဲ သားရေအိတ် ငယ်ကို ယူသည်။ အိတ်ကိုဖွင့်ပြီး ဂျာနယ်တစ်စောင်ကို ဆွဲထုတ်သည်။ ကိုမြတ်ထွန်း အယ်ဒီတာ လုပ်ခဲ့သော အရှေ့မိုးကောင်းကင် ဂျာနယ်။

""အဲဒီထဲက ဆောင်းပါးတစ်ပုဒ်ကို ပြချင်လို့ပါ"

ဝီလီတောက်ထိန်က ခေါက်ပြီး မှတ်ထားသော စာမျက်နှာ နေရာကို ဖွင့်လိုက်ပြီး မခင်မိဆီ ကမ်းပေးသည်။ ဆောင်းပါး ခေါင်းစဉ်က

"အဖိနှိပ်ခံ အလုပ်သမားတစ်ဦးနှင့် တွေ့ဆုံခြင်း "ဂျာနယ်ဝိုင်းတော်သားတစ်ဦး တင်ပြသည်"

မခင်မိက ဂျာနယ်အဖုံးကို ကြည့်လိုက်သည်။ သူ မမြင်ဖူးသော အဖုံး။ ဒီဂျာနယ် သူ မဖတ်ရသေး။ ထုတ်ဝေသည့် ရက်စွဲကို ကြည့်သည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က ဒီဂျာနယ်ကို ဘာကြောင့် မဖတ်ခဲ့ဖူးပါလိမ့်ဟု စဉ်းစားသည်။

"ဆောင်းပါးကို ဖတ်ကြည့်လိုက်ပါဦး"

ဟု ဝီလီတောက်ထိန် ပြောသည်။ မခင်မိက သူ့ကို တစ်ချက် ခပ်တည်တည် ကြည့်လိုက်ပြီးမှ ဖတ်သည်။

ဆောင်းပါးကို မဖတ်ခင် ဆောင်းပါးမှာ ပါသော ဓာတ်ပုံကို ကြည့်သည်။ လူတစ်ယောက်က ပြတ်နေသော လက်တစ်ဖက်ကို ထောင်ပြ ထားပုံ ဖြစ်သည်။

ဆောင်းပါးတွင် ဦးတောက်ထိန် ပိုင်သော သစ်စက်မှ အလုပ်သမားတစ်ဦး လွှဝိုင်းနှင့် မတော်တဆ ထိခိုက်မိ၍ ညာလက် ပြတ်သွားသည်။ ဆေးရုံရောက်သည်။ စက်ရုံမန်နေဂျာက တစ်ခေါက် လာကြည့်သည်။ ငွေသုံးရာ ပေးသွားသည်။ နောက်ထပ် မလာတော့။ ဆေးရုံကဆင်းပြီး စက်ရုံကို ပြန်သွားသောအခါသူ့ကို အလုပ်မှ ထုတ်ပယ်လိုက်ပြီဟု သိရသည်။ မန်နေဂျာဆီဝင်ပြီး အမျိုးမျိုး တောင်းပန်သည်။ မရ။ စက်ပိုင်ရှင် သူဌေး ဦးတောက်ထိန်ဆီ သွားသည်။ သူဌေးက လုံးဝ အတွေ့မခံ။ သားဖြစ်သူနှင့်သာ တွေ့သည်။ သားဖြစ်သူက ရိုင်းရိုင်းပျပျ ဆက်ဆံပြီး နှင်ထုတ်သည်။ ထိုအလုပ်သမားသည် ဆေးရုံပေါ်မှာ တုန်းက ရခဲ့သော ငွေသုံးရာမှလွဲ၍ နောက်ထပ် လုံးဝ မရ။ ဘဝတူ အလုပ် သမားများက စုပြီးပေးသော ငွေကလေး တစ်ရာ့ငါးဆယ်လောက်သာ ရသည်။ အလုပ်လုပ်ရင်း ကိုယ်အင်္ဂါ ထိခိုက် ချွတ်ယွင်းသွားရသောကြောင့် လည်းကောင်း၊ အလုပ်ထုတ်ခံရသောကြောင့် လည်းကောင်း လျော်ကြေး၊ ကရုဏာကြေး စသည်တို့ကို လုံးဝ မရခဲ့။

ယင်းသစ်စက်တွင် လက်ရှိ အလုပ်လုပ်နေကြသော အလုပ်သမား များသည်လည်း အလွန်နည်းပါးသည့် လုပ်ခကို ရရှိနေခြင်း၊ ခွင့်ရက် ခံစားမှု မရှိခြင်း၊ လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ်မှု မရှိခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အလုပ်ခွင် မဟုတ်ခြင်း၊ အလုပ်ရှင် များက မောက်မာစော်ကားခြင်း စသည်ဖြင့် အဖိနှိပ်ခံနေရဆဲပင် ဖြစ်ကြောင်း၊ ဤကဲ့သို့ ငွေရှင် အရင်းရှင်များ၏ လက်ထဲတွင် စက်ရုံ၊ အလုပ်ရုံများ ရှိနေ သမျှ အလုပ်သမားထုမှာ သွေးစုပ်ခြယ်လှယ် ခံနေရဦးမည်ပင် ဖြစ်ကြောင်း... ရေးသားထားသည်။

မခင်မိက ဂျာနယ်ကို စားပွဲပေါ် တင်လိုက်သည်။ ဝီလီတောက်ထိန် သည် စီးကရက် တစ်လိပ်ကိုဖွာရင်း ဘယ့်နယ်လဲဆိုသော အကြည့်ဖြင့် ကြည့်နေ၏။

"ကိုဝီလီ၊ ကျွန်မကို ဒီဂျာနယ် ဘာသဘောနဲ့ လာပြရတာလဲ"

မခင်မိက မေးသည်။

""မခင်မိ သိသွားစေချင်လို့ပါ၊ ဒီဆောင်းပါးကို ဟိုးအရင်ကတည်းက မခင်မိ ဖတ်ခဲ့ဖူးလိမ့်မယ် ထင်နေတာ၊ ခုလိုဆိုတော့ အံ့ဩစရာပဲ၊ ကိုမြတ်ထွန်းက ဒီဆောင်းပါး မခင်မိကို မပြဘူးလား"

မခင်မိ ဘာမျှ ပြန်မပြော။ သူ့ဘာသာ သူလည်း ထိုမေးခွန်းကိုပင် စိတ်ထဲက

မေးကြည့်နေသည်။ ဝီလီတောက်ထိန်က ဆက်လက်၍

”မခင်မိက အိမ်တွင်းပုန်း လုပ်နေတာကိုး ဒါကြောင့် ဘာမှ မသိခဲ့တာပေါ့။ နောက်တစ်ခု စဉ်းစားလို့ မရတာက ကိုမြတ်ထွန်းဟာ သူ့ယောက္ခမရှယ်ယာဝင်ထားတဲ့ သစ်စက်တစ်ခုရဲ့ မကောင်းကြောင်း ရေးထားတဲ့ ဆောင်းပါး ကို သူ အယ်ဒီတာလုပ်တဲ့ ဂျာနယ်မှာ ဘာဖြစ်လို့ ထည့်ရတာလဲ ဆိုတာပဲ”

ဘာဖြစ်လို့ ထည့်သလဲ။ ထိုသစ်စက်မှာ အဖေ၏ အစုရှယ်ယာများပါဝင်ကြောင်း သူ မသိလို့လား။ မဖြစ်နိုင်။ သူသိသည်။ ဝီလီတောက်ထိန် ကရော ဘာသဘောနှင့် ခုကျမှ ဒီကိစ္စကို လာအစဖော်နေရသလဲ။ အဖြစ်နိုင် ဆုံးကတော့ ထိုဆောင်းပါးကြောင့် သူတို့လုပ်ငန်း ထိခိုက်ခဲ့လိမ့်မည်။ သို့ဖြစ်၍ ကိုမြတ်ထွန်းကို တစ်စုံတစ်ခု ပြန်လည်ထိခိုက်စေရန် ကြိုးစားနေခြင်း ဖြစ်မည်။ အမှန်တော့ သူတို့တွင်သာမက အဖေ့စီးပွားရေးကိုလည်း ထိခိုက်ခဲ့ရသည်ကို မငြင်းနိုင်။

“ဒီဆောင်းပါးကြောင့် သစ်စက်အလုပ်သမားတွေ တော်တော် သွေးကြွ လာတယ်။ လိုလားချက်တွေ တောင်းလာကြတယ်၊ ကျွန်တော်တို့က မပေးတော့ သပိတ်မှောက်ကြတယ်၊ သပိတ်ခေါင်းဆောင် အလုပ်သမားက ကိုမြတ်ထွန်းရဲ့ မိတ်ဆွေ၊ ဒီတော့ သပိတ်ကိစ္စမှာ ကိုမြတ်ထွန်းရဲ့ အကြံဉာဏ်ယူမှာ ကျိန်းသေတယ်၊ နောက်တော့ သက်ဆိုင်ရာက ကြားဝင်ပြီး ဖြေရှင်းပေးတယ်၊ အလုပ်သမားတွေရဲ့ တောင်းဆိုချက် တော်တော်များများ ပေးလိုက်ရတယ်၊ နောက်ဆုံးတော့ ကျုပ်တို့စက်ရုံ အသိမ်းခံလိုက်ရတာပဲ မဟုတ်လား”

ဘာပဲဖြစ်ဖြစ် လောလောဆယ်မှာတော့ ဝီလီတောက်ထိန်ကို ထောက်ခံသည့် စကားမျိုး မပြောချင်။ ထို့ကြောင့် “ဒီကိစ္စက ပြီးခဲ့ပြီပဲ၊ ခုမှ ဘာကြောင့် ကျွန်မကို လာပြောနေရ တာလဲ”

““ဒီကိစ္စ တစ်ခုတည်း မဟုတ်ပါဘူး၊ မခင်မိ မသိသေးတဲ့ ကိစ္စတစ်ခု ရှိပါသေးတယ်၊ ကျွန်တော် အခု လာတာက အဲဒါ ပြောချင်တဲ့ အကြောင်းက အဓိကပါ”

ဝီလီတောက်ထိန်က သူ့စကားကို မခင်မိ စိတ်ဝင်စားမှု ရှိ၊ မရှိ အကဲခတ်လိုက်ပြီးမှ

”ကိုမြတ်ထွန်းဟာ သစ်စက်ကိစ္စတင် မကဘူး၊ မခင်မိတို့ အဖေရဲ့ သစ်လုပ်ငန်းကိစ္စမှာပါဝင်ရှုပ်ဖို့ ကြိုးစားခဲ့ပါသေးတယ်”

”ဘာ…”

မခင်မိ ဝီလီတောက်ထိန်ကို စူးစူးရဲရဲ ကြည့်လိုက်သည်။ ဝီလီတောက်ထိန် ပြုံးလိုက်သည်။ သူ့စကားကို မခင်မိ အလေးအနက်ပြုရပြီမှန်း သိလိုက်၍။

“ဟုတ်တယ် မခင်မိ၊ မခင်မိတို့ အဖေဟာ သစ်လုပ်ငန်းလုပ်တဲ့ နေရာမှာ ဆင်သမားတွေကို ရက်ရက်စက်စက်ခိုင်းပြီး တောထဲမှာ ဆေးပါ မပို့၊ ရိက္ခာ နည်းနည်းပါးပါးလောက်ပဲ ပေးတဲ့အကြောင်း၊ သစ်တော ကြိုးဝိုင်းကို ကန်ထရိုက်ဆွဲရာမှာ သတ်မှတ်ထားတဲ့ စည်းကမ်းကို ဖောက်ဖျက်တဲ့အကြောင်း၊

သတ်မှတ်ချက်ထဲမှာ မပါတဲ့ သစ်တောထဲက သစ်တွေ ခိုးလှဲတဲ့အကြောင်း လိုက်စုံစမ်းတယ်၊ ဘယ်လောက်ထိလဲဆိုရင် တောထဲက ဆင်သမားတွေဆီထိ လိုက်ပြီး ဓာတ်ပုံတွေဘာတွေ ရိုက်ဖို့တောင် ကြိုးစားတယ်၊ မခင်မိတို့ အဖေက ကြိုတင်သိသွားလို့ မနည်းကြိုးစားပြီး လိုက်ပိတ်ဆို့ ဖြတ်တောက်လိုက်တာ ကြောင့် သူ့အကြံအစည် မအောင်မြင်ဘဲ ဖြစ်သွားရတာ”

မခင်မိသည် ဘာမျှ ပြန်မပြောနိုင်။ ဝီလီတောက်ထိန်ကို နှစ်မြို့ခြင်း မရှိသော်လည်း ခု ပြောနေတာတွေကတော့ အမှန်တွေ ဖြစ်ကြောင်း ယုံကြည် လိုက်ရသည်။

““ကိုမြတ်ထွန်းက ဘာကြောင့် ဒီသတင်းမျိုးကို ဒီလောက်ပဲ သဲကြီး မဲကြီး လိုက်ရတာလဲဆိုတာတော့ မခင်မိ စဉ်းစားကြည့်ပေါ့၊ ဘာပဲဖြစ်ဖြစ် သူ့ကြောင့် ကျွန်တော်တို့ သစ်စက်ရော၊ မခင်မိတို့ အဖေရဲ့ သစ်လုပ်ငန်းရောအများကြီး ထိခိုက်ခဲ့တာ အမှန်ပဲ”

မခင်မိ ဝုန်းခနဲ ထရပ်လိုက်သည်။

“ရှင် ဘာသဘောနဲ့ ဒါတွေ လာပြောနေတာလဲ”

ဟု ထပ်မေးသည်။ ဝီလီတောက်ထိန် ကျေနပ်အားရစွာ ရယ်သည်။

“မခင်မိ သိပ်အထင်ကြီးတဲ့ လူတစ်ယောက်ရဲ့ အတွင်းသရုပ်ကိုသိစေချင်လို့ပါ”

“ရှင် အခု ကျွန်မအိမ်ထဲက ထွက်သွားပါ”

“သွားမှာပါဗျာ၊ ကျွန်တော် ပြောချင်တာ ပြောပြီးပြီပဲ၊ သွားမှာပါ”

ဝီလီတောက်ထိန်က လှောင်ပြုံး ပြုံးလိုက်ပြီး လှည့်ထွက်သွားသည်။

မခင်မိသည် အသားတွေ တဆတ်ဆတ်တုန်ရင်း ကျန်ခဲ့သည်။ သူ တစ်ခါမျှ ဒီလောက် ဒေါသ မဖြစ်ခဲ့ဖူးချေ။ ဝီလီတောက်ထိန်ကို ဒေါသဖြစ်နေတာ မဟုတ်မှန်းတော့ သူ့ကိုယ်သူ သိသည်။ ဘယ်သူ့ အပေါ် ဖြစ်နေသနည်း။ ဝီလီတောက်ထိန် ယူလာသော အရှေ့မိုးကောင်းကင် ဂျာနယ်ကတော့ စားပွဲပေါ်မှာ ခေါက်လျက်သား။

✳✳✳✳✳

အခန်း [၂၃]

အိမ်ထောင်သက် တစ်လျှောက်လုံး မခင်မိ အကြီးအကျယ် ဒေါသဖြစ်နေသည်ကို ဒီတစ်ခါပဲ မြင်ရဖူးသည်။ မခင်မိသည် မခင်မိနှင့်တောင် မတူတော့ဟု ပြောနိုင်သည်။ အသံတောင်မှ ပြောင်းသွားသည် ထင်ရ၏။ အရင်က မခင်မိ သည် စကားကို တိုးတိုးညင်သာ ပြောလေ့ရှိသည်။ ခုတော့ သူ့လေသံသည် မာကျောနေ၏။

ကိုမြတ်ထွန်းကတော့ မပြောင်းမလဲ။ သူ့ထုံးစံအတိုင်း တည်တည် ငြိမ်ငြိမ်ပင်။ မခင်မိ ပြောသမျှကို မတုန်မလှုပ် နားထောင်နေသည်။ မခင်မိက ဂျာနယ်ကို ကိုမြတ်ထွန်းမျက်နှာနား ကပ်ပြပြီး

““ဒီဆောင်းပါးကို ဂျာနယ်ထဲမှာ ဘာသဘောနဲ့ ထည့်တာလဲ ကိုမြတ်ထွန်း”ဟု မေးသည်။

“ဒီဆောင်းပါးထဲမှာ ပါတာတွေက တကယ့် ဖြစ်ရပ်မှန်တွေပဲ၊ ဒါကြောင့် ထည့်သင့်တယ်ထင်လို့ ထည့်တာပဲ”

“အဲဒီ သစ်စက်ဟာ ကျွန်မအဖေ ရှယ်ယာတစ်ဝက် ပါတယ်ဆိုတာရှင် မသိဘူးလား”

“သိတယ်”

“ဪ… သိရက်သားနဲ့ တမင်ထည့်တာပေါ့ ဟုတ်လား”

“ဒါတော့ မဟုတ်ဘူး၊ ကျုပ် ဒီဆောင်းပါးကိုထည့်တာ တကယ် နစ်နာခဲ့ရတဲ့ လူတစ်ယောက်ရဲ့ အဖြစ်အနေနဲ့ ထည့်တာပဲ၊ ခင်ဗျားအဖေတစ်ဝက်ပိုင်တဲ့ စက်ရုံအကြောင်းမို့ ထည့်တာ မဟုတ်ဘူး၊ ခင်ဗျားကိုယ်တိုင် ပိုင်တဲ့ စက်ရုံအကြောင်းဆိုရင်လည်း ကျုပ်ထည့်မှာပဲ၊ ကျုပ်အဖို့တော့ စက်ရုံ ပိုင်ရှင်ဟာ ဘယ်သူလဲဆိုတာ အရေးမကြီးဘူး၊ အဲဒီ စက်ရုံမှာ ဘာတွေ ဖြစ်နေသလဲဆိုတာပဲ အရေးကြီးတယ်၊ ဒါဟာ စာနယ်ဇင်းသမားတွေရဲ့ စိတ်သဘော သဘာဝပဲ၊ ခင်ဗျားနားလည်ချင်မှ နားလည်မယ်၊ အမှန်အတိုင်း ပြောရရင် အဲဒီ အချိန်မှာ ခင်ဗျားအဖေကို ကျုပ် သတိတောင် မရဘူး”

“ရှင် ညာတာ”

မခင်မိ ဂျာနယ်ကို စားပွဲပေါ် ပစ်ချလိုက်သည်။ ဂျာနယ် စားပွဲပေါ် အကျတွင် လေဟပ်ပြီး စာမျက်နှာ လန်သွားသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုဆောင်းပါးနေရာ

ဖြစ်နေ၏။ မခင်မိ၏ ဒေါသကို ပိုဆွပေးလိုက်သလို ဖြစ်သွားသည်။

"ဒီမှာ ရှင် ဒီကိစ္စကို သဘောရိုးနဲ့ လုပ်ခဲ့တာဆိုရင် ဒီဂျာနယ်ကို ဘာဖြစ်လို့ အိမ်ကို ယူမလာသလဲ၊ ဘာဖြစ်လို့ ကျွန်မကို မပြသလဲ"

"ခင်ဗျား စိတ်မကောင်းဖြစ်မှာစိုးလို့ပဲ၊ ဒါကျုပ် အမှန်အတိုင်း ပြောတာ၊ ခင်ဗျား ယုံချင်မှ ယုံနိုင်တယ်"

"မယုံဘူး၊ ရှင် အဖေ့ကို အငြိုးထားပြီး လုပ်တာပဲ"

ကိုမြတ်ထွန်း တစ်စုံတစ်ခု ပြောမည်အပြုတွင် မခင်မိက အပြောမခံဘဲ

"ရှင် မငြင်းပါနဲ့၊ ကျွန်မ ယုံမှာ မဟုတ်ဘူး၊ ဒီဆောင်းပါးကိစ္စ တစ်ခုတည်းလည်း မဟုတ်သေးဘူး၊ အဖေ့ရဲ့ သစ်လုပ်ငန်းတွေအကြောင်း ရှင် လိုက်စုံစမ်းတာကျတော့ကော၊ အဖေ့ကို အပုပ်ချဖို့ ကြိုးစားတာကကော၊ သစ်စက် အလုပ်သမားတွေ သပိတ်မှောက်ဖို့ သွေးထိုးပေးခဲ့တာကကော"

"ကျုပ် စိတ်ထဲမှာ ဦးဘရွှေကို ခင်ဗျားအဖေလို့ မမြင်ဘူး၊ စီးပွားရေး သမားတစ်ယောက်လို့ပဲ မြင်တယ်။ ကျုပ်ဆိုလိုတာက ခင်ဗျားအဖေက တခြား၊ စီးပွားရေးသမားက တခြား၊ ဒီလိုပဲ ခွဲခြားပြီး မြင်တယ်"

"စီးပွားရေးသမားတွေ ရာနဲ့ထောင်နဲ့ချီပြီး ရှိတဲ့ကြားက အဖေ့ကိုမှ ဘာဖြစ်လို့ ရွေးပြီး တိုက်ခိုက်ရတာလဲ"

"ဒါတော့ ကျုပ် ရှင်းမပြချင်ဘူး"

"ကျွန်မ ရှင်းပြမယ်၊ ရှင်နဲ့ ကျွန်မကို အဖေက သဘောမတူခဲ့ဘူး၊ ရှင့်ကို အသိအမှတ် မပြုဘူး၊ ရှင့်ကို အထင်အမြင်သေးတယ်လို့ ရှင်ထင်တယ်၊ဒါကြောင့် အဖေ့ကို ရှင် ကလဲ့စား ပြန်ချေတယ်၊ အဖေ့ စီးပွားရေး လုပ်ငန်း တွေကို ထိခိုက်အောင် ရှင် သဲကြီးမဲကြီး လိုက်ပြီး တိုက်ခိုက်တယ်"

"ကျုပ် ဒီလောက် အောက်တန်းမကျပါဘူး၊ ခင်ဗျားအဖေ အပေါ်မှာ ကျုပ် ဘယ်တုန်းကမှ အာဃာတ မထားခဲ့ပါဘူး၊ ရှင်းရှင်း ပြောရရင် ခင်ဗျားနဲ့ လက်ထပ်ပြီးတဲ့ အချိန်ကစပြီး ခင်ဗျားတစ်ယောက်ကိုပဲ ကျုပ် အသိမှတ် ထားတယ်၊ ခင်ဗျားအဖေကို ကျုပ်ခေါင်းထဲမှာ လုံးဝ ထည့်မထားဘူး"

မခင်မိက ကိုမြတ်ထွန်းစကားကို ဂရုမထားဘဲ ပြန်ပြောသည်။

"ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ ရှင်ဖြစ်စေချင်သလို ဖြစ်ခဲ့တာပါပဲ၊ ရှင် ဘာကြီးပဲ ပြောနေပြောနေ ရှင့်အတွင်းစိတ်ကတော့ အဖေ့ကို မုန်းတီးနေတာ သိသာပါတယ်၊ အဖေ့ စီးပွားရေး လုပ်ငန်းတွေ ဆုံးရှုံးသွားရတဲ့အတွက် ရှင် ကျိတ်ပြီး ဝမ်းသာနေမှာပါ၊ အဖေဟာ စီးပွားပျက်သွားရလို့ စိတ်ထိခိုက်ပြီး မကျန်းမာ ဖြစ်ခဲ့ရာက အသက်ပါ ဆုံးရှုံးသွားခဲ့ရတဲ့ အတွက်လည်း ရှင် ပျော်နေမှာပဲ မဟုတ်လား ကိုမြတ်ထွန်း"

"သမီးတစ်ယောက်ကို စိန်တစ်ဆင်ဆာနဲ့ ငွေငါးသောင်းလောက်ပဲ အမွေပေးနိုင်ခဲ့လောက်အောင် စီးပွားပျက်သွားတဲ့အတွက် ကျုပ်ဝမ်းနည်း ပါတယ်"

မခင်မိက ခြောက်ကပ်စွာ ရယ်သည်။ လှောင်သံတစ်ဝက်၊ နာကြည်း သံတစ်ဝက် ပါသည်။

"ခုလို ရှင် ငေါ့လိုက်တာက ရှင့်စိတ်သဘောထားကို ပိုပြီး ပေါ်လွင်သွားစေတယ်၊ အင်း ခုမှ ပိုပြီး ရှင်းသွားတာပေါ့လေ။ ရှင်ဟာ အဖေ့ကို မုန်းတီးပြီး ရှုတ်ချတိုက်ခိုက်ဖို့ ကြိုးစားခဲ့တယ်။ အဖေဆုံးပြီးတော့ အဖေ့အမွေ ကို ကျွန်မရတော့ အဲဒီငွေကို လက်ခံရမှာ ရှင် ရှက်နေတယ် မဟုတ်လား၊ အဲဒီငွေနဲ့ ဝယ်ထားတဲ့ ဒီတိုက်ပေါ်မှာ နေရတာကိုလည်း ရှင် လိပ်ပြာမသန့် ဖြစ်နေတယ် မဟုတ်လား၊ အဲဒီငွေနဲ့ မတည်ရင်းနှီးပြီး ကျွန်မ အလုပ်လုပ်လို့ ချမ်းသာကြွယ်ဝလာမှာကို ရှင် မကြည့်ရဲဘူး မဟုတ်လား၊ ဒါကြောင့် ရှင် ကျွန်မ လုပ်သမျှကို လိုက်ကန့်ကွက်နေတာပေါ့"

ကိုမြတ်ထွန်း ပြုံး သည်။ အေးစက်စက် အပြုံး။

"ခင်ဗျား ထင်ချင်သလို ထင်နိုင်တယ်၊ ကျုပ် ရှင်းမပြချင်တော့ဘူး၊ ကျုပ်ကို ထပ်ပြီးတော့လည်း မစော်ကားနဲ့တော့၊ အဲ .. တစ်ခုတော့ ခင်ဗျားကိုအသိပေးစရာရှိသေးတယ်၊ မပြောဘဲနေရင် ကျုပ် မရိုးသားဘူးလို့ ထပ်စွပ်စွဲနေမှာစိုးလို့၊ တခြားတော့ မဟုတ်ဘူး၊ ဒီဂျာနယ်ထဲမှာ ထည့်ခဲ့တဲ့ ဆောင်းပါးကို ရေးတဲ့ ဂျာနယ် ဝိုင်းတော်သားတစ်ဦး ဆိုတာလည်း တခြားလူ မဟုတ်ဘူး ကျုပ်ပဲ""

"ဘာ ...

မခင်မိ အသံက တုန်ခါနှုန်း အမြင့်ဆုံး ဖြစ်သွားသည်။ သူ့မျက်လုံး များသည် အေးဆေးတည်ငြိမ်သော၊ အစဉ်အားငယ်နေဟန်ရှိသော မျက်လုံးများ မဟုတ်။ နီရဲတောက်ပနေသော မီးသီးနှစ်လုံးကို အစားထိုး တပ်ဆင်လိုက် သလိုပင်။

"ရှင့်ကို ... ရှင့်ကို ကျွန်မ..."

သူ စကားမဆက်။ ကိုမြတ်ထွန်းကို တစ်ချက် စိုက်ကြည့်လိုက်သည်။ ချာခနဲ လှည့်ထွက်သွား၏။ ကိုမြတ်ထွန်းက.. ကုလားထိုင်ပေါ်မှာ မတုန်မလှုပ် ထိုင်လျက် ကျန်ရစ်သည်။ စီးကရက်ဘူးကို ယူ၍ ဖွင့်သည်။ စီးကရက် တစ်လိပ်မျှမကျန်တော့။

✳✳✳✳✳

အခန်း [၂၄]

တစ်ခြမ်းက ကြွေသား၊ တစ်ခြမ်းက ဖန်သားဖြင့် ပြုလုပ်ထားသော ဖန်ကြွေခွက် တစ်လုံးကဲ့သို့သာ ဖြစ်သည်။ ဖွဲ့စည်းပုံချင်း၊ ခိုင်ခံ့မှုချင်း၊ သဘောသဘာဝချင်း မတူသော အရာနှစ်ခု တွဲစပ်ထားခြင်းပင်။ တဖြည်းဖြည်း အက်ကြောင်းများ ထင်လာခဲ့သည်။

နောက်ဆုံး ဖြစ်ခဲ့သော အဖြစ်အပျက်ကား ထိုခွက်ကို ပစ်ပေါက် ခွဲလိုက်ခြင်းပင် ဖြစ်၏။ တစ်ပိုင်း တစ်စစီ ဖြစ်သွားသော အကွဲစများကို ပြန်လည် ဆက်စပ်ပုံဖော်၍ မရနိုင်တော့။ အပိုင်းအစ တစ်ခုစီသည် အကြောင်း ခြင်းရာ တစ်ခုစီ ဖြစ်ချင် ဖြစ်မည်။ သို့ရာတွင် မည်သည့် အပိုင်းအစသည် မည်သည့် အကြောင်းခြင်းရာ ဖြစ်ကြောင်း ခွဲခြား၍ကား မရနိုင်တော့။ မူလ ပကတိအတိုင်း လုံးဝ ပြန်မဖြစ်နိုင်တော့သည်မှာ သေချာသည်။

ကိုမြတ်ထွန်းနှင့် မခင်မိတို့သည် လုံးဝ စကားမပြောတော့။ သူတို့ အိမ်သည် လူသူ စွန့်ပစ်ထားသော အိမ်နှင့် ဘာမျှ မခြား။ တစ်ခါ တစ်ခါ ထွက်ပေါ်လာသော သမီး၏ ရယ်သံ၊ ငိုသံတို့သည်ပင် ချောက်ချားစရာ ဖြစ်နေသည်ဟု ဆိုကောင်း ဆိုနိုင်သည်။

ကိုမြတ်ထွန်းသည် နောက်ဆုံးပြဿနာ ဖြစ်ပြီးနောက်တွင် အိမ်မှာ ပို၍ အနေများလာသည်။ ဒါကလည်း ကောင်းသောလက္ခဏာ မဟုတ်ချေ။ သူ အိမ်မှာ ရှိသောအခါ သမီးကို သူ၏ စာကြည့်ခန်းလည်းဖြစ်၊ အိပ်ခန်းလည်းဖြစ်နေသော အခန်းထဲသို့ခေါ်ပြီး တစ်ချိန်လုံး သမီးနှင့် စကားပြောနေသည်။ သူ့ အပြုအမူမှာ စားမေးပွဲ အချိန်စေ့ခါနီး ရနိုင်သလောက် အချိန်လုပြီး ဖြေချနေသည်နှင့် တူနေသည်။

ထိုအတောအတွင်း သမီး၏ သုံးနှစ်ပြည့် မွေးနေ့သို့ ရောက်လာသည်။ အစကတော့ သမီးမွေးနေ့တွင် ဘုန်းကြီး ငါးပါးလောက် ဆွမ်းကျွေးပြီး ရင်းနှီးသော မိတ်ဆွေ၊ သူငယ်ချင်းများကို အုန်းနို့ခေါက်ဆွဲဖြစ်ဖြစ်၊ ရှမ်းတောင် ခေါက်ဆွဲဖြစ်ဖြစ် ကျွေးမည်ဟု စိတ်ကူးထားသည်။ အခုတော့ အစီအစဉ် ပြောင်းလိုက်၏။ မွေးနေ့ပွဲကို ဖျက်ပစ်လိုက်ခြင်း မဟုတ်၊ ပို၍ ခမ်းနားအောင် တိုးချဲ့လိုက်ခြင်း ဖြစ်သည်။

မွေးနေ့ပွဲကို ညနေစောင်းမှာ ကျင်းပသည်။ ပန်းခြံထဲမှာ စားပွဲ ကုလားထိုင်တွေ ချသည်။ သစ်ပင်တွေမှာ ရောင်စုံ မီးသီးတွေ သွယ်တန်းသည်။ ဆန်းကဖေးမှ အကောင်းဆုံး ထောပတ်ထမင်း အော်ဒါမှာသည်။ ဟင်းအဖြစ် ကြက်သား၊ ဆိတ်ကလီစာ၊ အမဲသား သုံးမျိုးထည့်သည်။ အချိုပွဲအဖြစ် နာနတ်သီးဘူး၊ မစံပယ် ရွှေခြည်နန္ဒင်းမကင်း၊ ရေခဲမုန့်နှင့် အချိုရည်၊ ပြီးတော့ မွေးနေ့ပွဲသို့ ကြွရောက်လာသော ဧည့်သည်တိုင်းကို မျက်နှာသုတ် ပဝါ အငယ်စား တစ်ထည်စီ ကမ်းသည်။

ဧည့်သည်တွေကလည်း သမီးအတွက် အဖိုးတန် မွေးနေ့လက်ဆောင်တွေ ယူလာကြသည်။ နိုင်ငံခြားဖြစ် ကစားစရာ အရုပ်တွေ၊ အကောင်းစား ဂါဝန် ကလေးတွေ၊ ဦးထုပ်တွေ၊ ဖိနပ်တွေ။ သမီးသည် ငွေပြာရောင် တောက်နေသော ဂါဝန်ကလေးနှင့် အလွန်လှပပြီး ချစ်စရာ ကောင်းနေသည်။ မြင်သူတိုင်း- ““ဟယ် ချစ်စရာကလေး” ...

“လှလိုက်တာနော်”

စသည်ဖြင့် ပြောကြရသည်။ စိတ်ထဲက ပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ မွေးနေ့ပိုင်ရှင်ကို ဟန်ဆောင်ပန်ဆောင် ချီးကျူးရသည့် ထုံးစံကြောင့်ချည်း မဟုတ်။ သမီးသည် တကယ်ကို ချစ်စရာကောင်းနေခြင်း ဖြစ်သည်။

မခင်မိသည် သမီးအတွက် အလွန်ဂုဏ်ယူသော မျက်နှာထားဖြင့် ရှိနေသည်။ စိတ်ထဲကလည်း ငါ့သမီး၊ ငါ့သမီးဟု ရေရွတ်ရင်း ပီတိဖြစ်နေ၏။

မွေးနေ့ ဧည့်ခံပွဲသည် စည်ကားသိုက်မြိုက်လှသည်။ မခင်မိ၏

မိတ်ဆွေ အပေါင်းအသင်းများ၊ မိုလ်ချုပ်ဈေးရှိ ဆိုင်ခန်းပိုင်ရှင်များနှင့် ၎င်းတို့နှင့် ပတ်သက်သော အရာရှိ အသိုင်းအဝိုင်းများ စုံစုံညီညီ ရောက်ရှိလာကြသည်။ တစ်ယောက်ပဲ ပျက်ကွက်သည်။ ကိုမြတ်ထွန်း ဖြစ်၏။ သူ့အသိုင်း အဝိုင်းဖြစ်သော စာနယ်ဇင်းသမားတွေကိုတော့ နဂိုကတည်းက မခင်မိက မွေးနေ့ပွဲဖိတ်ဖို့ စာရင်းထဲ ထည့်မထားခဲ့။

ဧည့်သည်တွေက ကိုမြတ်ထွန်းကို မမြင်သဖြင့် မေးသည်။ မခင်မိက- “သူ အရေးကြီးတဲ့ သတင်းတစ်ခုအတွက် နယ်ကို ရုတ်တရက် ထွက်သွားရလို့ပါ”

ဟု မခင်မိက စကားလှအောင် ပြောရသည်။ ကိုခင်မောင်မြင့်တို့၊ ခင်နွယ်ညွှန့်တို့ကတော့ ကိုမြတ်ထွန်း တမင်ရှောင်နေမှန်း ရိပ်စားမိသဖြင့် ဘာမျှ မမေးကြ။

တကယ်တော့ အိမ်မှာ ကိုမြတ်ထွန်း ရှိနေသည်။ မွေးနေ့ပွဲ အခမ်းအနား ပြုလုပ်နေချိန်တွင် သူက စာကြည့်ခန်းထဲမှာ အရက်ပုလင်း တစ်လုံးနှင့် သမီး၏ မွေးနေ့ပွဲကို သူ့ဘာသာ စင်ပြိုင် ကျင်းပသည့် သဘော။

ည ရှစ်နာရီလောက်တွင် ဧည့်သည်တွေ စဲသွားသည်။ ကိုခင်မောင်မြင့် နှင့် ခင်နွယ်ညွှန့်၊ ကိုဘမင်းနှင့် ကြူကြူစိန်တို့က ခဏ စကားပြောပြီး ပြန်သွားကြသည်။

သမီးသည် တစ်ချိန်လုံး ဟိုလျှောက်၊ ဒီလျှောက်၊ ဟိုလူကချီ၊ ဒီလူက ချီ၊ ဟိုလူ မေးတာဖြေ၊ ဒီလူ မေးတာဖြေ လုပ်ရသဖြင့် ပင်ပန်းနေသည်။ မျက်တောင်ကလေး စင်းပြီး အိပ်လည်း အိပ်ချင်နေသည်။

“ကဲ ... မခင်မိ၊ ညည်းလည်း ပင်ပန်းပြီ၊ ကလေးလည်း အိပ်ချင်ပြီး သွားသိပ်လိုက်တော့၊ စားပွဲတွေ ပစ္စည်းတွေ သိမ်းတာ ငါကြည့်စီစဉ်လိုက်မယ်၊ ဘွိုင်တွေ ပေးဖို့ ပိုက်ဆံသာ ငါ့ကို ပေးထားခဲ့”

ဟု ဒေါ်မြရွှေက ပြောသည်။ မခင်မိက အလုပ်သမားတွေ ရှင်းဖို့ငွေ ပေးခဲ့ပြီး

သမီးကိုချီ၍ အိမ်ထဲ ဝင်ခဲ့သည်။ သမီးသည် ဘယ်လောက် ပင်ပန်း သွားလည်း မသိ။ လမ်းမှာပင် အိပ်ပျော်သွားသည်။

သမီးကို မွေ့ရာပေါ် တင်လိုက်သည်။ ထိုစဉ်မှာပင် ခြေသံလိုလိုကြား၍ လှည့်ကြည့်သည်။ အံ့သြသွား၏။ အခန်းဝမှာ ကိုမြတ်ထွန်း ရပ်နေသည်။ သူက

"“ကျုပ် ဝင်ခဲ့လို့ ရမလား”ဟု ပြောသည်။

“ကိစ္စရှိလို့လား ကိုမြတ်ထွန်း”

“ပြောစရာ ရှိလို့ပါ”

“ရပါတယ်၊ ဝင်ခဲ့ပါ”

ကိုမြတ်ထွန်း အခန်းထဲ ဝင်လာသည်။ သူသည် အရက်တော်တော် သောက်ထားပုံ ရသည်။ သိပ်မူးနေပုံတော့ မရ။ ခြေလှမ်းတော့ မမှား။ ခုတင်ဘေးမှာ ရပ်သည်။ ဘာမျှမပြောဘဲ အိပ်ပျော်နေသော သမီးကို စိုက်ကြည့် နေသည်။

“ပြောစရာရှိရင် ပြောပါ”

မခင်မိက အသံပြတ်ဖြင့် ပြောသည်။ ကိုမြတ်ထွန်းက ချက်ချင်းမပြောသေး။ သူ ခုလို တုံ့ဆိုင်းဆိုင်း အမူအရာမျိုး တစ်ခါမျှ မပြခဲ့ဖူးချေ။ သမီးကို ကြည့်နေရာမှ မျက်နှာလွှဲလိုက်ပြီး သူပြောသည်။

“ကျုပ်တို့ လမ်းခွဲလိုက်ကြတာ..အကောင်းဆုံး ဖြစ်လိမ့်မယ် ထင်တယ်””

✻✻✻✻✻

အခန်း [၂၅]

"သဘောထားချင်း မတိုက်ဆိုင်မှတော့ ဒီအတိုင်း ဆက်နေလို့ အပိုပဲပေ့၊ ကောင်းပါတယ်လေ၊ ကျွန်မ ကွာပေးမယ်၊ ကွာရှင်းတယ်ဆိုတော့ ပစ္စည်းတွေ ကိုပါ ခွဲကြရမှာပေ့၊ ဒီတော့ ရှင်ဘာလိုချင်သလဲ ပြော"

မခင်မိက လေသံမှန်မှန်ဖြင့် ပြောသည်။ ခုချိန်မှာ မခင်မိက တည်တည်ငြိမ်ငြိမ် ရှိနေပြီး ကိုမြတ်ထွန်းက ထူးထူးခြားခြား စိတ်လှုပ်ရှားနေပုံ ရသည်။ သူက -

"ကျုပ် တခြား ဘာမှ မလိုချင်ဘူး၊ သမီးကိုပဲ လိုချင်တယ်"

"ဘာ...

မခင်မိ ဆတ်ခနဲ ဖြစ်သွားသည်။

"သမီးကို ဟုတ်လား၊ မပေးနိုင်ဘူး၊ ဘယ်တော့မှ မပေးနိုင်ဘူး"

"ကျုပ်ကလည်း အဖေပါ၊ သမီးကို ပိုင်ဆိုင်ခွင့် ရှိပါတယ်"

"ဒီမှာ ကိုမြတ်ထွန်း၊ တခြား ရှင် ဘာလိုချင်သလဲ ပြောပါ၊ ငွေ ဘယ်လောက် လိုချင်တယ်၊ ဒါမှ မဟုတ် ဒီတိုက် လိုချင်သလား၊ ကျွန်မ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းသွားမယ်၊ သမီးကိုတော့ တစ်သက်လုံး မရဘူး မှတ်ပါ"

ကိုမြတ်ထွန်းက ပြုံးသည်။

"ကျုပ် သမီးကို ပထွေး စော်ကားတာ မကြည့်ချင်ဘူး"

မခင်မိက ကိုမြတ်ထွန်းကို တည့်တည့် စိုက်ကြည့်ပြီး-

"ကျွန်မ နောက်ထပ် အိမ်ထောင်ပြုဖို့ လုံးဝ စိတ်မကူးဘူး၊ ရှင် မယုံရင် ကွာရှင်းစာချုပ်ထဲမှာ အဲဒါပါ ထည့်ရေးပေးမယ်၊ ကျွန်မ နောက်အိမ်ထောင် ပြုတာနဲ့ ရှင့်ကို သမီးပေးပါ့မယ်လို့၊ အင်း ရှင့်လို ပြောကြေးဆိုရင် ကျွန်မ သမီးလေးကို မိထွေးနှိပ်စက်တာလည်း ကျွန်မ မကြည့်ရက်နိုင်ဘူး"

"ကျုပ်လည်း နောက်အိမ်ထောင်ပြုဖို့ စိတ်မကူးပါဘူး"

"သမီး မိန်းကလေးဆိုတာ အမေနဲ့ပဲ နေရမှာပဲ၊ သမီးကို ကျွန်မ လုံးဝ မပေးနိုင်ဘူး ဒါပဲ"

“ကျုပ် တရားရုံးက တစ်ဆင့် တောင်းမယ်””

“ကျွန်မကို တရားစွဲဖို့ ရှင့်မှာ ငွေရှိလို့လား၊ ရှိတယ် ထားပါတော့ ရုံးရောက်ရင် ရှင် ရှုံးမှာပဲ၊ သမီး မိန်းကလေးဖြစ်တဲ့အတွက် အမေနဲ့နေတာ သဘာဝကျတယ်၊ ပြီးတော့ တရားရုံးက သမီးကို ကျွေးမွေးဖို့၊ ပညာဆုံးခန်းတိုင် သင်ပေးဖို့ အခြေအနေရှိတဲ့လူဆီမှာပဲ ထားဖို့ အမိန့်ချမှာ သေချာတယ်၊ ရှင့်လို ပုံမှန် အလုပ် မရှိတဲ့လူကို ဘယ်တရားရုံးကများ အထင်ကြီးမှာလဲ”

မခင်မိပြောသော စကားတွေသည် အမှန်တွေချည်း ဖြစ်သည်။ ကိုမြတ်ထွန်းနေဖြင့် မခင်မိကို ဘယ်လိုမျှ မနိုင်နိုင်။ မခင်မိဘက်က အစစ အရာရာ သာနေသည်။ ပြီးတော့ လမ်းခွဲဖို့ စကားကို သူက စပြောခြင်းဖြစ်သည်။ ထို့ကြောင့် သူ့ဘက်က အလျှော့ပေးလိုက်ဖို့ပင် ရှိတော့သည်။

ဤသို့ဖြင့် သမီးကို မခင်မိနှင့် ထားခဲ့ရန် သဘောတူလိုက်ရသည်။ ကိုမြတ်ထွန်းက သမီးကို တစ်လတစ်ကြိမ် တွေ့ခွင့်တောင်းသည်။ ဒါကိုတော့ မခင်မိ ငြင်းလို့မဖြစ်။ တစ်ခုပဲ သူပြောသည်။ သမီးကို တွေ့ချင်ရင် အိမ်မှာပဲ လာတွေ့ရမည်။ အပြင်ကို ခေါ်မသွားရ။ ကိုမြတ်ထွန်းက သဘောတူသည်။

✳✳✳✳✳

အခန်း [၂၆]

ကိုမြတ်ထွန်းသည် ခြောက်လလောက် ကြာသည်အထိ လစဉ်မှန်မှန် သမီးကို လာတွေ့သည်။ သူလာသည့်အခါတိုင်း သမီးအတွက် မုန့်ပဲသရေစာ၊ ကစားစရာ၊ အဝတ်အစား စသည်ဖြင့် ပါလာတတ်သည်။ တစ်ခါတလေ ကလေးမုန့်ဖိုး ဆိုပြီး ငွေငါးဆယ် တစ်ရာလောက် ဒေါ်မြရွှေအား ပေးထားခဲ့သည်။

ဒါတွေကို မခင်မိက လက်မခံချင်။ သို့ရာတွင် ဒေါ်မြရွှေက "ညည်းနဲ့ မောင်မြတ်ထွန်းနဲ့ ကွဲကြကွာကြတာကြောင့် ဘာမှ မသက်ဆိုင်တော့ဘူး ဆိုတာ ငါ လက်ခံပါတယ်၊ ဒါပေမဲ့ မောင်မြတ်ထွန်းနဲ့ သမီးနဲ့ကတော့ ခုထိ သားအဖ တော်တုန်းပဲ၊ ညည်းတားချင်လို့လည်း မရဘူး၊ သူ့သမီးသူ ပေးပိုင်ခွင့် ရှိတယ်၊ ကလေးကို ညည်းရထားပြီပဲ၊ ကျန်တာတော့ ခွင့်ပြုရမှာပေါ့"

ဟု ဆိုသဖြင့် မတားသာဘဲ ဖြစ်နေသည်။ ခုချိန်ထိ ဒေါ်ဒွေး၏အနေဖြင့် ကိုမြတ်ထွန်းအပေါ် အပြစ် တစ်စုံတစ်ရာ မပြောခဲ့သည်မှာ အံ့သြစရာ ကောင်းသည်။

"ညည်းတို့ ကိစ္စ ညည်းတို့ဘာသာ ဆုံးဖြတ်တာ ငါ ဘာမှ ပြောစရာ မလိုဘူး၊ ငါကတော့ ဘယ်ဘက်ကမှ မပါချင်ဘူး၊ ငါ့မြေးဘက်ကပဲ ငါ ပါတယ်"

ဟု အဓိပ္ပာယ် လေးနက်သော စကားတစ်ခွန်းသာ ပြောသည်။

သူတို့နှစ်ယောက် ကွာရှင်းလိုက်ကြပြီဆိုသော သတင်းကို ကြားရ သောအခါ မိတ်ဆွေ အပေါင်းအသင်း၊ အသိုင်းအဝိုင်းက တုန်လှုပ်အံ့သြ သွားကြ သည်။ မပြေမလည် ဖြစ်နေကြောင်း တစ်စွန်းတစ်စ သိနေသည့် ခင်နွယ်ညွှန့်တို့၊ ကြူကြူစိန်တို့ပင်.. ဒီလောက်ထိတော့ မဖြစ်နိုင်ဟု တွက်ဆထားခဲ့မိကြ ပေသည်။

ထို့ကြောင့် သူတို့သည် မခင်မိထံလာပြီး အားပေးစကား ပြောရင်း ပြန်လည်စေ့စပ်ပေးဖို့ စကားစသည်။ မခင်မိက အပြောမခံဘဲ နေသည်။ ကိုခင်မောင်မြင့်တို့၊ ကိုဘမင်းတို့ကလည်း ကိုမြတ်ထွန်းကိုရှာပြီး ညှိနှိုင်းဖို့ ကြိုးစားကြသည်။ ကိုမြတ်ထွန်းက အတွေ့မခံဘဲ ရှောင်နေသည်ဟု သိရ၏။

ကိုမြတ်ထွန်းသည် သမီးဆီ လာသောအခါ မခင်မိ မရှိသည့် အချိန်မှာ လာသည်။ ကြားရက် မခင်မိ ဆိုင်သို့ သွားလောက်သည့် အချိန်မှာ ရောက်လာသည်။ သမီးနှင့် တစ်နေ့လုံး နေသည်။ ညနေ မခင်မိ ပြန်လာခါနီးတွင် ပြန်သည်။ ရောက်သည့်အခါ ဒေါ်မြရွှေနှင့် စကားစမြည် ပြောတတ်သည်။ ကိုမြတ်ထွန်းကလည်း ခုထိ ဒေါ်မြရွှေကို လေးစားရိုသေစွာ ဆက်ဆံတုန်း။

သူသည် ခြောက်လလောက် သမီးဆီ လစဉ်မှန်မှန် လာခဲ့ပြီး နောက်

လုံးဝမလာတော့ဘဲ အစပျောက်သွားသည်။ နောက်ဆုံး တစ်ခေါက် လာစဉ်က သူ ခရီးထွက်စရာ ရှိသည်ဟု ဒေါ်မြရွှေကို ပြောသွားတာလောက်သာ ရှိသည်။ နောက်ပိုင်းကျတော့ သူ တောခိုသွားသလိုလို၊ တောထဲမှာ ကျသွားသလိုလို၊ နယ်မှာ နောက်အိမ်ထောင် ပြုသလိုလို မရေမရာ သတင်းများသာ တစ်ဆင့် စကား ကြားရ၏။

မခင်မိအဖို့တော့ ကိုမြတ်ထွန်း ဘာတွေ ဖြစ်နေသည်ကို စိတ်မဝင်စား ချေ။ သမီးဆီ ကိုမြတ်ထွန်း ရောက်မလာဘဲ နေခြင်းကိုပင် ကျေနပ်မိ သေးသည်။ သို့မှသာ သမီးသည် မိမိ တစ်ယောက်တည်းကိုပင် စွဲစွဲမြဲမြဲ ချစ်နိုင်လိမ့်မည်။

သမီးက "ဖေဖေကောဟင်" ဟု မေးသောအခါမှာတော့ သမီးအတွက် စိတ်မကောင်း ဖြစ်ရသည်။ ကိုမြတ်ထွန်း တစ်ခါ တစ်ခါ လာနေစဉ်ကတော့ ပြဿနာ မရှိ။ သူ့အဖေသည် ခါတိုင်းလို ခရီးထွက်နေရသဖြင့် သူနှင့် တစ်ခါ တလေမှ ဆုံသည်ဟု သမီး ထင်လိမ့်မည်။

နှစ်လ၊ သုံးလကြာအခေါင် သူ့အဖေ ရောက်မလာဘဲ ရှိသောအခါ "ဖေဖေကော" ဟု မေးလာသည်။ "လာမှာပါသမီးရယ်၊ အလုပ်သွားနေလို့ပါ" ဟု ဖြေပြော ပြောရသည်။ ထိုသို့ ပြောရသည့် အခါတိုင်း ရင်ထဲမှာ နာကျင်ရသည်။ မိမိအတွက်တော့ မဟုတ်၊ သမီးအတွက်။ သမီးသည် အဖေရော အမေပါ ရှိပါလျက်အဖေ၊ အမေနှင့် အတူတကွ မနေရရှာချေ။ မိမိကိုယ်တိုင် ဖခင်နှင့်ဝေးပြီး နေခဲ့ရသဖြင့် ကိုယ်ချင်းစာမိသည်။ သို့ရာတွင် ဘာတတ်နိုင်မည်နည်း။

နောက်တော့ စိတ်ကူးတစ်မျိုး ပေါက်လာခဲ့သည်။ အဖေရှိပါလျက် အဖေနှင့် ခွဲနေရတာထက်စာလျှင် အဖေ သေသွားပြီဟု သမီးစိတ်ထဲမှာ မှတ်ယူထားတာက ပို၍ ဖြေသာလိမ့်မည် ထင်သည်။ ကိုမြတ်ထွန်းကလည်း သမီးဆီ မလာတော့။ သူ ရောက်မလာတာ တစ်နှစ်နီးနီးတောင် ရှိလာပြီ။ အကယ်၍ သူ ရောက်လာခဲ့လျှင်လည်း သမီးနှင့် တွေ့ခွင့်မပေးတော့ဟု ဆုံးဖြတ်လိုက်သည်။ ကိုမြတ်ထွန်းကတော့ လုံးဝ မပေါ်လာတော့ချေ။

"ဖေဖေက မလာသေးဘူးလားဟင်"

ဟု သမီးက တစ်ခါ တစ်ခါ သတိရပြီး မေးသောအခါ "သမီးအဖေ မရှိတော့ဘူး"ပြန်ပြောသည်။

"မရှိတော့ဘူးဆိုတာ ဘယ်သွားလို့လဲ"

သမီးက ထပ်မေးသည်။ ထိုအခါ ကျတော့လည်း

"“သေသွားပြီ”ဟု ပြောမထွက်ပြန်။

"မရှိတာ မရှိလို့ပေါ့ သမီးရယ်"

"ဖေဖေက သမီးကို မချစ်တော့လို့ မလာတာလားဟင်"

အဖြေရခက်သော မေးခွန်း။ မခင်မိသည် ကိုမြတ်ထွန်းအပေါ် သံယောဇဉ် မရှိတော့သည်မှာ သေချာသည်။ ထိုသူကို တမ်းတနေသော စိတ်လည်းမရှိ။ စိတ်ကုန်သွားပြီဟု ဆိုနိုင်သည်။ သို့ရာတွင် သူ့ကွယ်ရာမှာ သူ့ကို အပြစ်ပုံချခြင်းတော့

မပြုလုပ်လို။ လူတစ်ဖက်သားကို ကွယ်ရာမှာ သိက္ခာချခြင်းသည် အဆင့်အတန်းရှိသော အလုပ် မဟုတ်ဟု ယူဆသည်။

တကယ့် တကယ်ကျတော့လည်း ကိုမြတ်ထွန်းသည် သမီးကိုပါ သံယောဇဉ် ပြတ်သွားတာကြောင့် လာမတွေ့တော့ဘဲ နေတာ ဖြစ်နိုင်စရာရှိနေသည်။ ထားတော့။

“သမီး မေမေ့ကို ချစ်လား”ဟု ပြန်မေးသည်။

“ချစ်တာပေါ့ မေမေ”

““ဒါဆိုရင် နောက်ကို အဲဒီလို မမေးနဲ့တော့နော်၊ သမီးအဖေ မရှိတော့ ဘူးလို့သာ မှတ်ထားလိုက်၊ သမီးအဖေ မရှိပေမဲ့ မေမေ တစ်ယောက်လုံး ရှိပါတယ် သမီးရယ်”

သမီးကို ဖက်ထားလိုက်ရင်း ပြောသည်။ နောက်နောင်တွင် သမီးက သူ့အဖေအကြောင်း လုံးဝ မမေးတော့ချေ။

သက်ပြင်းတစ်ချက်နှင့်အတူ အတိတ်က ဖြစ်ရပ်များကို ထုတ်ပစ်လိုက်သည်။ သို့ရာတွင် အဖျားပျောက်သည့်တိုင် ခန္ဓာကိုယ်၏ အင်အားများ လျော့ပါး ပါဝင်သွားသကဲ့သို့ အတိတ်ဖြစ်ရပ် အတွေးများ လွင့်စဉ်သွားသည့်တိုင် အငွေ့ အသက်က ကျန်ရစ်တုန်းပင်။

သူသည် သူ့အချစ်တွေအားလုံး သမီးအပေါ် ပုံအပ်ထားလိုက်သည်။ သမီးသည်ပင် သူ့ဘဝ။ သမီးသည်ပင် သူ၏ မျှော်လင့်ချက်။ သမီးကို လိုလေသေး မရှိအောင် ထားနိုင်ဖို့ သူ ကြိုးစားသည်။

ဗိုလ်ချုပ်ဈေးကဆိုင်သည် တဖြည်းဖြည်း တိုးတက် ကောင်းမွန်လာ သည်။ ကားလေး တစ်စီးတောင် ဝယ်နိုင်လာသည်။ နောက်တော့ စားဖို့ သောက်ဖို့ သုံးစွဲဖို့သာမက ငွေပိုငွေလျှံတွေ ရှိလာသည်။ သူ့ဘဝသည် ငွေရေး ကြေးရေးကအစ ဘာမျှ ပူပင်စရာ မရှိတော့။

တစ်ခုပဲ ရှိသည်။ ကိုမြတ်ထွန်းသည် နှစ်ပေါင်းများစွာ ပျောက်ကွယ် နေသည့်တိုင် တစ်နေ့ကျလျှင် ဘွားခနဲ ပေါ်လာလိမ့်မည်ဟု သူ ထင်နေသည်။ ထိုသို့ ပေါ်လာပြီးနောက် သမီးကို သူ့ဆီက လုယူဖို့ ကြိုးစားလိမ့်မည် ဟူ၍လည်း ထင်နေသည်။ ထိုသို့ တစ်ခါ တစ်ခါ တွေးမိလျှင် စိတ်အနှောင့် အယှက် ဖြစ်ရတတ်လေသည်။

တစ်ခါ တစ်ခါ အိပ်မက်ထဲမှာ ကိုမြတ်ထွန်း ပေါ်လာတတ်သည်။ သမီး၏ လက်ကိုဆွဲပြီး ခေါ်သွားတတ်၏။ အိပ်မက်ထဲမှာ သမီးသည် သူ့အဖေနှင့်ရယ်ကာမောကာ စကားပြောပြီး လိုက်သွားတတ်သည်လည်း ရှိ၏။ တစ်ခါတော့ ကိုမြတ်ထွန်းကို သူ ဓားနှင့်ထိုးသတ်လိုက်ကြောင်းပင် အိပ်မက် မက်ဖူးသည်။ ဒေါ်ခင်မိသည် သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။ သူ့ဘဝတွင် ဟက်ဟက်ပက်ပက် ရယ်မောရသော အကြိမ်ပေါင်းနှင့် သက်ပြင်းချခဲ့ရသောအကြိမ်ပေါင်း ဘယ်ဟာက ပိုများလေသနည်း။

အခန်းပေါက်ဝမှာ လူရိပ်မြင်၍ ခုတင်ပေါ် လှဲနေရာမှ ထထိုင်လိုက် သည်။

သမီးဖြစ်သည်။ သမီးက သူ့ဆီကို လျှောက်လာနေသည်။

သူသည် ရုတ်တရက် အံ့သြသလိုဖြစ်ပြီး သမီးကို ငေးကြည့်နေ မိသည်။ သမီးက ဒီလောက်တောင် ကြီးနေပြီလား။ စောစောက အတိတ် အတွေးထဲတွင် သမီးက ကလေးလေးသာ ရှိနေသေးသောကြောင့် ဖြစ်သည်။

"မေမေ နေမကောင်းဘူးလား၊ သမီး ပြန်ရောက်တာတောင် ကြာပြီ"

သမီးက ခုတင်ပေါ် ဝင်ထိုင်ရင်း မေးသည်။

"ကောင်းပါတယ် သမီးရယ်၊ ဒီနေ့ နည်းနည်း ပူလို့လား မသိဘူး၊ မောနှဲ့နှဲ့ ဖြစ်နေလို့ ခဏလှဲတာပါ"

"ဂလူးကို့စ်နဲ့ သံပရာရည် သောက်လိုက်ပါလား မေမေ

"ရပါတယ် သမီး၊ အခု ကောင်းသွားပါပြီ"

သမီးသည် ဘာသိဘာသာ နေတတ်သူဖြစ်၍ ခုလို သူ့ကို ဂရုတစိုက်လာမေးသည်ကို ဒေါ်ခင်မိ ကျေနပ်နေမိသည်။ ပြီးတော့ သမီးသည် သူ့ အခန်းထဲကို တကူးတက ဝင်လာလေ့ မရှိသောကြောင့်

"သမီး မေမေ့ကို ပြောစရာများ ရှိလို့လား"

"မရှိပါဘူး မေမေ၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ ဪ... သမီး ထမင်းစားပြီးပြီလား"

"မစားရသေးဘူး မေမေ"

"စားလိုက်ရောပေါ့ သမီးရယ်"

"မေမေက သမီးနဲ့ ညနေစာ အတူစားနေကျမို့ စောင့်နေတာ၊ မေမေ ဆင်းမလာတာနဲ့ နေများမကောင်းလို့လားလို့ တက်ကြည့်တာ"

"အခေါင်မယ်လေး သမီးရယ်၊ ခုလို မေးလိုက်တာနဲ့ပဲ တကယ်နေမကောင်း ဖြစ်နေရင်တောင် ချက်ချင်း ပျောက်သွားမှာပဲ"

"ကဲ ... ထ မေမေ၊ ထမင်းစားရအောင်"

"အေး ... ဟုတ်သားပဲ၊ သမီး ဆာနေရောပေါ့"

ဒေါ်ခင်မိ အိပ်ရာပေါ်က အဆင်းတွင် သမီးက လက်မောင်းကို ကိုင်၍ တွဲလိုက်သည်။ သူ နေမကောင်း ဖြစ်နေခြင်း မဟုတ်သဖြင့် တွဲရန် မလိုသော်လည်း သမီးက ခုလို ဂရုတစိုက် ယုယသည်ကို အကျေနပ်ကြီး ကျေနပ်ပြီး သာယာမိသဖြင့် ဘာမျှ မပြောဘဲ သမီး၏ ပခုံးပေါ် လက်တင်၍ပင် အားပြုဟန်ဆောင်လိုက်သည်။

စိတ်ထဲကလည်း သမီးဟာ ဘာသိဘာသာ နေတတ်တဲ့ အကျင့်ရှိလို့ သူနဲ့

အနေစိမ်းတယ် ထင်ရပေမယ့် တကယ်တမ်းကျတော့ အမေကို ပြုံစု ယုယလိုစိတ် ရှိသားပဲဟု တွေးသည်။

✳✳✳✳✳

အခန်း [၂၇]

အရောင်းအဝယ်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်းတို့သည် တစ်ခါ တစ်ခါ အံ့ဩစရာ ကောင်းလောက်အောင် ထင်သလို မဖြစ်ဘဲ ရှိတတ်သည်။ ယေဘုယျအားဖြင့်တော့ ကုန်ပစ္စည်းက နည်းနေလျှင် ဝယ်လိုအား များသည်။ ထိုအခါ ဈေးတက်သည်။ တစ်ခါတစ်ခါတော့လည်း ကုန်ပစ္စည်းတွေ များသဖြင့် ဈေးကျ ပြီး ဝယ်လိုအား ပါးလာတတ်သည်။

ခုတစ်လော ဖြစ်နေပုံကတော့ တစ်မျိုး။ ပစ္စည်းအဝင်များသည်။ ဈေးကလည်း တက်နေသည်။ ဒီကြားထဲက အဝယ်ပါလိုက်ခြင်းပင် ဖြစ်သည်။ မိန်းကလေးတွေကလည်း ပိုပြီး အလှပြင်လာကြသောကြောင့်လားတော့ မသိ။

တစ်ခုတော့ရှိသည်။ ခုအချိန်သည် အလှပြင်နည်းစနစ်တစ်ခု ပြောင်းစပြုနေသောအချိန် ဖြစ်သည်။ ထို့ကြောင့် မိန်းကလေးတို့ အလှပြင်ပစ္စည်း အသစ်တွေ ဝယ်နေကြရသည်။

နှုတ်ခမ်းနီရဲရဲ ဆိုးလာကြသည်။ နားသန်သီး ပန်လာကြသည်။ ထိုတစ်ချိန်က ခေတ်စားခဲ့သော နဖူးထိပ်နားမှာတင် ဆံပင်ကို ကောက်တာ မျိုး လုပ်လာကြသည်။ တချို့ ပါးနီ ပြန်ဆိုးလာသည်။

ဘာပဲဖြစ်ဖြစ် ဒေါ်ခင်မိ၏ ဆိုင်သည် ဒီလ ဝင်ငွေ စံချိန်တင်မှာ သေချာသည်။ ဒီငွေတွေဟာ သမီးအတွက်ချည်းပါပဲ။ ခက်တာက သမီးသည် ငွေကို သိပ်မသုံးစွဲတတ်ခြင်းပင် ဖြစ်သည်။ သမီးကို တစ်လ ငွေတစ်ထောင် ပေးသည်။ သမီးက -

"""များပါတယ် မေမေရယ်၊ သမီးမှာ သိပ်သုံးစရာ မရှိပါဘူး" ဆိုပြီး သုံးရာသာ ယူသည်။ ထိုငွေ သုံးရာကိုတောင် သမီးသည် များသောအားဖြင့် ကုန်အောင် မသုံးတတ်။ ဒေါ်ခင်မိကတော့ သမီးသုံးဖို့ လိုလာလျှင် အဆင်သင့် သုံးနိုင်အောင်ဆိုပြီး သမီး၏ စားပွဲ အံဆွဲထဲမှာ ငွေတစ်ထောင် ထည့်ပေးထားသည်။ ထိုငွေသည်လည်း လပေါင်းအတော် ကြာအောင် မလျော့ဘဲ ရှိနေတတ်သည်။ တစ်ခါတလေ သူ့ သူငယ်ချင်းတွေကို ပိုက်ဆံချေးချင်သည့်အခါကျမှ ထိုငွေကို ထုတ်ယူလေ့ ရှိသည်။

သမီးအဖို့ ငွေသိပ်မကုန်ရသည့် အကြောင်းတစ်ခုမှာ မိန်းကလေး တစ်ယောက်အနေဖြင့် ငွေအကုန်အကျ အများဆုံးဖြစ်သော အလှပြင်သည့် စရိတ် မရှိခြင်းပင် ဖြစ်သည်။

တခြား မိန်းကလေးတွေ ဘယ်လို အဆင်ဆန်းတွေ၊ အင်္ကျီဆန်းတွေ ဝတ်ဝတ်၊ ပုံစံတွေ ဘယ်လို ပြောင်းပြောင်း သမီးကတော့ ဒီအတိုင်းပင်။ ဆံပင်ကို

နောက်ကစုပြီး စည်း၊ မျက်နှာမှာ အလိမ်းအခြယ် မရှိ သလောက်၊ အင်္ကျီပုံစံ ရိုးရိုး၊ အဖြူ သို့မဟုတ် ခပ်ပြေပြေ၊ ခပ်မှိုင်းမှိုင်း

အရောင်၊ ထဘီက အရောင်ရင့်ရင့် ပြောင်၊ မန္တလေး သားရေဖိနပ် အပါး။ သမီးအတွက် အများဆုံး ကုန်တာက စာအုပ်ဖိုးသာ ဖြစ်သည်။ မဂ္ဂဇင်း သုံးစောင်လောက် လစဉ်ဝယ်သည်။ သူကြိုက်သည့် စာရေးဆရာ၏ စာအုပ်ထွက်လျှင် အပိုင် ဝယ်သိမ်းထားတတ်သည်။

သမီးကို ငွေအသုံးနည်းရကောင်းလားဆိုပြီး အပြစ်ပြောဖို့ ဆိုတာ ကျတော့လည်း လုံးဝ သဘာဝမကျချေ။ သမီးအတွက် ကုန်ကျသော တစ်လ အသုံးစရိတ်သည် ဆိုင်က ဝင်ငွေနစ်ရက်စာတောင် မရှိ။ တစ်ဦးတည်းသော သမီးလေးမို့ ဖူးဖူးမှုတ်ထားပြီး လိုလေသေးမရှိအောင် ထားနိုင်ပါလျက် သမီးက မယူမငင် မသုံးမစွဲသောအခါ အားမလို အားမရ ဖြစ်ရုံသာရှိ၏။ တစ်ဖက်က ကြည့်တော့လည်း သမီးကို ပေ့ါပေ့ါနေ ပေ့ါပေ့ါစား မဟုတ်ဘဲ လိမ္မာရေးခြား ရှိသော သမီးဟု ဆိုရမည်ပင်။

ဒေါ်ခင်မိသည် ဗိုလ်ချုပ်ဈေးက အပြန် ကားပေါ်မှာ သမီးအကြောင်း စဉ်းစားနေမိခြင်း ဖြစ်သည်။ သူ့အဖို့တော့ သမီးအကြောင်း စဉ်းစားနေရ တာကိုက ပြုမြဲအလေ့အထ တစ်ခုလို ဖြစ်နေပြီ။

“ဘယ်သွားဦးမလဲ မိမိ”

ဒရိုင်ဘာ ဦးဝင်းမြင့်က မေးသည်။ ဒေါ်ခင်မိ နာရီကြည့်သည်။ တစ်နာရီ မခွဲသေး။ တစ်ခုခုစားပြီး ရုပ်ရှင်ကြည့်မည်ဟု စိတ်ကူးသည်။

“ရွှေလမင်းကို မောင်းပါ ကိုဝင်းမြင့် ”

ကားက ဗိုလ်ချုပ်လမ်းအတိုင်း သွားရန် လမ်းကြောကို ယူပြီးပြီ ဖြစ်သဖြင့် ဆူးလေဘုရားလမ်းကို တစ်ခါတည်း ချိုးကွေ့လို့ မရတော့။ ပန်းဆိုးတန်းမှ ပြန်ကွေ့ရသည်။ ကားကို ရှေ့ဆောင်ရုံရှေ့မှာပင် ရပ်ခိုင်းလိုက် သည်။

မြန်မာဇာတ်ကားပင် ကြည့်တော့မည်ဟု စိတ်ကူးသည်။ ရွှေလမင်းမှာ ကြာဆံချက် သွားသောက်ချင်သော်လည်း ဟိုဘက်လမ်းကို ကူးချင်လျှင် အလျားလိုက် ကာထားသော သံဆန်ခါ စည်းရိုးတန်းကို ကွေ့ပတ်ပြီးမှ သွားလို့ရမည် ဖြစ်သဖြင့် ဒဂုန်ဟိုတယ်မှာပဲ တစ်ခုခု စားသောက်တော့မည်ဟု စိတ်ကူးလိုက်သည်။

ဒဂုန်ဟိုတယ် အောက်ဆုံးထပ် လက်ဖက်ရည်ဆိုင်ထဲဝင်ရန် ခြေလှမ်း ပြင်လိုက်စဉ်တွင် တုံ့ခနဲ ဖြစ်သွားသည်။ သမီးကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ တစ်ယောက်တည်း မဟုတ်။ ကောင်လေး တစ်ယောက်နှင့်အတူ ထိုင်နေသည်။

သမီးက ဝင်ပေါက်ဘက်ကို ကျောပေးထားသောကြောင့် သူ့ကို မမြင်။ ကောင်ကလေးက သူနှင့် မျက်နှာချင်းဆိုင် ဖြစ်သော်လည်း သူ့ကို မသိသဖြင့် အရှိန်မပျက် စကား ဆက်ပြောနေသည်။

ဒေါ်ခင်မိ ဆိုင်ထဲ မဝင်တော့ဘဲ ပြန်ထွက်လာသည်။ ကားရှိရာသို့ ပြန်သွားသည်။ ကားထဲ ဝင်ထိုင်သည်။

“““အိမ်ပဲပြန်တော့မယ်”””

သမီးတောင် တော်တော် ကြီးနေပါပကောလား။ ရည်းစားသနံတွေ ဘာတွေနဲ့တောင် ဖြစ်နေပြီ။ ဩော်... ဟုတ်လည်း ဟုတ်တာပေါ့။ သမီးဟာ ဘွဲ့တောင် ရတော့မှာပဲဟာ။

သမီးရဲ့ ချစ်သူ ကောင်ကလေးက ဘယ်လို ကောင်ကလေးလဲ။ တက္ကသိုလ် အသိုင်းအဝိုင်းထဲကပဲ ဖြစ်နိုင်သည်။ မိဘတွေက ဘာတွေ လုပ်ကိုင်ကြသလဲ။ သမီးက ရွေးချယ်လိုက်သော ချစ်သူသည် အညံ့စားတော့ မဖြစ်နိုင်။ သမီးကို သူ ယုံသည်။ အထင်ကြီးသည်။ တစ်ခုတော့ရှိသည်။ သမီး၏ ချစ်သူသည် ချမ်းသာကြွယ်ဝသူတော့ ဟုတ်ချင်မှ ဟုတ်မည်။

သိပ်တော့ ကိစ္စ မရှိ။ ငွေက သူ့ဆီမှာ ရှိပြီးသား။ ရိုးသားသူ၊ ပညာတတ်သောသူ ဖြစ်ဖို့ လိုသည်။ မိဘတွေက မချမ်းသာသည့်တိုင် ကောင်းမွန်သော မျိုးရိုးနှင့် ရာထူးဂုဏ်ပုဒ် အထိုက်အလျောက် ရှိလျှင် သူ ကျေနပ်နိုင်ပါသည်။

ဩော်... သမီးရဲ့ အိမ်ထောင်ရေးအတွက်တောင် စဉ်းစားရသည့်အရွယ်ကို ရောက်လာခဲ့ပါရောလား။

✳✳✳✳✳

အခန်း [၂၈]

သမီးက ထမင်းစားပြီးနောက် လမ်းလျှောက်ရန် ပန်းခြံထဲ ဆင်းသွားသည်။ ဒေါ်ခင်မိလည်း ခဏအကြာတွင် ပန်းခြံထဲ လိုက်သွား၏။

သမီးကို ကြည့်ရသည်မှာ ခါတိုင်းနေ့များနှင့် မတူဟု ထင်ရသည်။

ဒီနေ့ သမီး ပြောပုံဆိုပုံတို့မှာ သွက်လက်မြူးကြွနေသလိုပင်။ ချစ်သူနှင့်တွေ့လာရလို့ ဖြစ်မှာပဲဟု ဒေါ်ခင်မိ တွေးသည်။

ပန်းခြံထဲရောက်တော့လည်း သမီးသည် သစ်ခွပန်းတွေကို စိတ်ဝင်စားစွာကြည့်နေသည်ကို တွေ့ရသည်။ သူက သမီးရှိရာသို့ လျှောက် သွားသည်။ သမီးက လှည့်ကြည့်ပြီး ပြုံးပြသည်။

"မေမေလည်း ထမင်းစားများသွားတယ် ထင်တယ်၊ အစာကြေအောင်လမ်းလျှောက်ထွက်လာတာလား"

"ဟုတ်တယ်သမီး၊ သမီးနဲ့လည်း အေးအေးဆေးဆေး စကား မပြောဖြစ်တာ ကြာလို့"

သမီးက သူ့ကိုကြည့်ပြီး

"မေမေ နည်းနည်းဝလာတယ်နော်"

ဒေါ်ခင်မိက သူ့ဗိုက်ကို ငုံ့ကြည့်ပြီး

"ဗိုက်ခေါက်ထွက်လာလို့လား"

"မဟုတ်ပါဘူး မေမေရဲ့ ပြည့်လာတာကို ပြောတာပါ၊ ပုံမပျက်သေးပါဘူး၊ မေမေက လှတုန်းပါပဲ"

"မေမေက အဘွားကြီး ဖြစ်နေပါပြီ သမီးရယ်"

"ဘယ်ကလာ အဘွားကြီးရမှာလဲ၊ မေမေ့အသက် လေးဆယ်ကျော်လေးရှိသေးတာ"

"ဒါပေမဲ့ မြေးထိန်းရမယ့်အရွယ် ရောက်ပြီကွယ်"

ဒေါ်ခင်မိက သွေးတိုးစမ်းသည့် စကားကို စလိုက်သည်။ သမီးကအနည်းငယ်

ရယ်သည်။

"မေမေက မြေးချီချင်နေပြီလား၊ ဒီကိစ္စအတွက်တော့ သမီးကို အားကိုးလို့ မရဘူးနော်"

သမီးသည် အနောက်အပြောင် စကားကို ပြောခဲ့သည်။ ဒီနေ့ သမီး ရွှင်နေသည်မှာ ထူးခြား၏။

"သမီးကို မေမေ ပြောစရာတစ်ခု ရှိလို့"

"ဘာလဲ မေမေ"

ဒေါ်ခင်မိက လမ်းစလျှောက်သည်။ သမီးက ဘေးမှ လျှောက်လိုက် လာ၏။ မြက်ခင်းကိုပတ်၍ ဖောက်ထားသော လမ်းအတိုင်း လျှောက်လာ ကြရင်း

"သမီးက မကြာခင် ဘွဲ့ရတော့မှာ မဟုတ်လား၊ ဘွဲ့ရပြီးရင် သမီးဘာလုပ်မယ် စိတ်ကူးလဲ"

ဒေါ်ခင်မိက မေးသည်။ သမီးက

"အလုပ်တစ်ခုခု လုပ်မယ် စိတ်ကူးတယ် မေမေ"

"မဟာဝိဇ္ဇာ ဆက်မတက်ဘူးလား"

"အမှတ်မီရင်တော့ ဆက်တက်မှာပေါ့"

"သမီးက ဉာဏ်ကောင်းတာပဲ၊ ရမှာပါ"

"သမီးလည်း ရမယ်ထင်ပါတယ်၊ သမီး စိတ်ကူးတာက ကျောင်းလည်း ဆက်တက်ရင်း ကျောင်းမှာပဲ အလုပ် ပြန်လုပ်မလားလို့၊ ဌာနကလည်း သမီးကို ခေါ်မှာပါ၊ အချိန်ပိုင်းပေါ့၊ အားတဲ့အချိန်မှာ စာရေးမယ်"

မြက်ခင်းကို တစ်ပတ် ပတ်မိပြီးနောက် စောစောက နေရာသို့ ပြန်ရောက်လာသည်။ ဒေါ်ခင်မိက လမ်းလျှောက်နေရာမှ ရပ်လိုက်သည်။ သမီးဘက် မျက်နှာမူသည်။

"ဘွဲ့ရပြီးတဲ့အခါ သမီး အိမ်ထောင်ရေးကို စဉ်းစားမှာပေါ့၊ဟုတ်လား"

သမီး ပြုံးသည်။ သစ်ခွပန်းတွေကို လက်ဖြင့် သပ်ကြည့်ရင်း

"သမီးက ငယ်ပါသေးတယ် မေမေရယ်၊ အိမ်ထောင်ပြုဖို့ စိတ်မကူးသေးပါဘူး"

ဒေါ်ခင်မိ သမီးကို တစ်ချက် စိုက်ကြည့်သည်။

"“သမီးမှာ ချစ်သူတွေ ဘာတွေကော ရှိနေပြီလား"

"မရှိသေးပါဘူး"

သမီး ညာနေတာ ဖြစ်ရမည်။ သို့ရာတွင် သမီး၏ မျက်နှာ လိမ်ညာနေသည့် အရိပ်လက္ခဏာကို အကဲခတ်လို့ မရ။

"တို့မှာ သားအမိနှစ်ယောက်တည်း ရှိတာပဲ၊ သမီးအနေနဲ့ တိုင်ပင်စရာ ပြောစရာရှိရင် မေမေ့ကို ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်"

သမီး အံ့သြသလို ဖြစ်သွားပြီး

"မေမေက ဘာတွေ ပြောနေတာလဲ၊ ဘယ်လို ထင်နေလို့လဲ"

"ထင်တာ မဟုတ်ဘူး သမီး၊ မေမေ တွေ့တာ"

"ဘာတွေ့လို့လဲ မေမေရဲ့"

"နေ့လယ်ကလေ ဒဂုန်ဟိုတယ်အစောက်ထပ် လက်ဖက်ရည်ဆိုင်မှာ"

ထိုအခါကျမှ သမီးသည် အံ့သြခြင်းများ ပြေပျောက်သွားပြီး အသံထွက်အစောင်ပင် ရယ်သည်။

"ဪ... ဒါလား""

"အဲဒါ သမီး ချစ်သူလား"

"""မဟုတ်ပါဘူး မေမေ၊ သမီး မိတ်ဆွေပါ"

"""မိတ်ဆွေ၊ ဟုတ်လား"

"ဘာလဲ မေမေက မယုံဘူးပေါ့"

"မယုံဘူးတော့ မဟုတ်ပါဘူးကွယ်၊ နှစ်ယောက်တည်း တွေ့တာဆိုတော့"

"ဪ .. မေမေရယ်၊ ခုခေတ်မှာ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေဟာဒီလိုပဲ သွားလာနေကြတာပါပဲ၊ အတူတူ တွဲသွားတိုင်း၊ လက်ဖက်ရည်ဆိုင်တူတူထိုင်တိုင်း သမီးရည်းစားလို့ ပြောလို့ မရဘူးလေ""

ချစ်သူ မဟုတ်သေးဘူး ဆိုတာတောင် ကောင်ကလေးက သမီးကို ချဉ်းကပ်နေတာ ဖြစ်ကောင်း ဖြစ်မည်။ သူက ဘယ်သူလဲဆိုတာ သိထားဖို့ လိုမည်။ ထို့ကြောင့်

"အဲဒီ သူငယ်က ဘယ်သူတဲ့လဲ"ဟု မေးလိုက်သည်။

"ဆေးတက္ကသိုလ်ကပါ"

သမီးက ခပ်အေးအေးပင် ပြောသည်။ ဆေးတက္ကသိုလ်ကဟု ဆိုသဖြင့်ဒေါ်ခင်မိ နည်းနည်း စိတ်အေးသွားသည်။

“သမီးနဲ့ တော်တော် ခင်သလား”

“အရမ်း ခင်တယ်တော့ မဟုတ်ပါဘူး၊ သူက စာလည်း ရေးတယ်လေ၊ မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုလေးတွေ ပါဖူးတယ်၊ နေ့လယ်က သုံးဆယ့်သုံးလမ်း စာအုပ်ဆိုင်မှာဆုံလို့ လက်ဖက်ရည်သောက်ရင်း စာအကြောင်း ပေအကြောင်းပြောကြတာ”

“သမီးကလည်း ဒီလောက်တောင် ရှင်းပြနေစရာ မလိုပါဘူးကွယ်”” .. ဟု ဒေါ်ခင်မိက နောက်သလို ပြောင်သလို မျက်နှာထားဖြင့် ပြောလိုက်သည်။

“မေမေ သမီးကို ခုထိ မယုံသေးဘဲကိုး”

“ယုံပါတယ် သမီးရယ်၊ ဒါနဲ့ မေးပါရစေဦး၊ သမီးကို စိတ်ဝင်စားတဲ့သူတွေတော့ ရှိမှာပေ့ါနော်”

“ရှိတာပေ့ါ၊ လေးငါးယောက်ပဲ””

“သမီးက ဘယ်သူ့မှ ပြန်ပြီး စိတ်မဝင်စားဘူးလား”

သမီးက ခေါင်းခါပြီး

“မေမေက ဘာလို့ မေးတာလဲ”

“သမီးက ပြန်ပြီး စိတ်ဝင်စားတဲ့လူ ရှိတယ်ဆိုရင် မေမေ သဘော တူမလို့ ”

သမီး ရယ်သည်။

“ဘယ်သူမှန်း မသိသေးဘဲနဲ့တောင် မေမေက ကြိုပြီး သဘောတူမလို့လား”

“အင်းပေ့ါ၊ မေမေက သမီးကို ယုံတယ်လေ၊ သမီးက ရွေးတဲ့လူဟာ တော်ရုံတန်ရုံတော့ ဘယ်ဖြစ်နိုင်မလဲ”

“အမှန်တိုင်း ပြောရရင်တော့ အဲဒီလို ကိစ္စမျိုးတွေ သမီး စိတ်တောင်မကူးမိသေးပါဘူး”

“စိတ်ကူးတဲ့အခါကျရင်တော့ မေမေ သိပါရစေနော်”

”ဩော်… မေမေရယ်၊ သမီးမှာ တခြား အသိပေးစရာ ဘယ်သူများ ရှိသေးလို့လဲ”

ဒေါ်ခင်မိ တစ်ချက် တွေခနဲ ဖြစ်သွားသည်။ သမီးကို မရဲတရဲ ကြည့်သည်။ သမီးမျက်နှာက တည်တည်ငြိမ်ငြိမ်ပင်။

❊❊❊❊❊

အခန်း [၂၉]

သမီး နောက်ဆုံးနှစ် စာမေးပွဲ ဖြေပြီးသွားသည်။ အစောင်မှာ သေချာသည်။ အမှတ်ကောင်းမှာလည်း သေချာသည်။ သမီးသည် မဟာဝိဇ္ဇာ ဆက်တက်လိမ့်မည် ထင်သည်။ အဆင်ပြေလျှင် ကျောင်းမှာ နည်းပြဆရာမ ပြန်လုပ်မည်။ သမီး၏ အခြေအနေကို ဒေါ်ခင်မိ ကျေနပ်သည်။ သမီးသည် ဉာဏ်ကောင်းသူဖြစ်၍ မဟာဝိဇ္ဇာကို ထူးချွန်စွာ အစောင်မြင်လိမ့်မည်။ ထို့နောက် ပညာတော်သင် ရွေးချယ်ခံရမည်။ နိုင်ငံခြားမှာ ပါရဂူဘွဲ့သွားယူမည်။ နည်းပြ ဆရာမမှ ကထိက။ ထို့နောက် ပါမောက္ခကြီးအထိ အဆင့်ဆင့် တိုးတက်သွား လိမ့်မည်။

သမီး စာရေးတာ ဝါသနာ ပါသည့်အတွက်လည်း သူ မကန့်ကွက် လိုပါ။ ပညာရေးကို ပစ်ပယ်ပြီး စာပေလောကထဲ ခြေစုံပစ်မသွားလျှင် ပြီးရောဟု သဘောထားနိုင်ခဲ့သည်။ တစ်ဖက်က တက္ကသိုလ်ကျောင်းဆရာ လုပ်ရင်း စာပေပညာရှင် ဖြစ်နေသော ပုဂ္ဂိုလ်တွေလို ဖြစ်စေချင်သည်။ နောက်တစ်ခု စဉ်းစားရမှာက သမီး၏ အိမ်ထောင်ရေး။

သမီးက ဒါ့တွေ စိတ်မဝင်စားသေးပါဟု ဆိုသည်။ သူ့အနေနှင့်တော့ သမီးမှာ ချစ်သူရှိသွားစေချင်သည်။ သမီးကို သင့်တော်သောသူ တစ်ယောက် ယောက်နှင့် အိမ်ထောင်ပြုပေးလိုက်ပြီးလျှင် စိတ်ချလက်ချနှင့် အေးချမ်းစွာ နေထိုင်သွားနိုင်တော့မည်။ သမီး အိမ်ထောင်ပြုလျှင်လည်း ဒီအိမ်မှာပင် နေခိုင်းမည်။ သို့ဆိုလျှင် သမီးနှင့်သူ တစ်သက်လုံး မခွဲမခွာ နေသွားရပေ လိမ့်မည်။

သမီးနှင့် သင့်တော်မည့်သူကို စိတ်ကူးဖြင့် ရှာကြည့်သည်။ သူ မျက်စိအကျဆုံးကတော့ နွယ့်သားအကြီး ရဲလင်းညွန့် ဖြစ်၏။ သို့ရာတွင် ကောင်ကလေးက သမီးထက် ငယ်သည်။ ပြီးတော့ ခုမှ စက်မှုတက္ကသိုလ်မှာ ဒုတိယနှစ် ရှိသေးသည်။

သမီးသည် ဗိုလ်ချုပ်ဈေးဆိုင်ကို တစ်ခါတစ်ရံ လာတတ်သည်။ သမီးကို တွေ့ပြီးနောက် ကပ်လျက်ဆိုင်က ဒေါ်အေးအေးလွင်က တော်တော် သဘောကျသွားသည်။ သမီးအကြောင်း မကြာခဏ မေးသည်။ သူ့မှာ သား တစ်ယောက်ရှိကြောင်း ပြောသည်။ သူ့သားက နိုင်ငံခြား သင်္ဘောလိုင်းမှာ လိုက်နေသည်။ ဒေါ်ခင်မိကတော့ သင်္ဘောအလုပ်ကို သိပ်မကြိုက်လှချေ။ မိမိတို့အဖို့ အိမ်မှာ အမြဲရှိပြီး ဦးစီးဦးဆောင်လုပ်မည့် သူမျိုးကိုသာ လိုချင်သည်။ မကြာခဏ ခရီးထွက်နေရသူမျိုး မဖြစ်စေချင်။

ဒေါ်ခင်မိ၏ မိတ်ဆွေတွေထဲက သမီးကို ချွေးမတော်ချင်သူတွေ ရှိသေးသည်။ အားလုံးမှာ ချမ်းသာကြွယ်ဝသူ၊ ရာထူးရာခံ ရှိသူတွေချည်း။ တကယ်တော့ သမီးနှင့် သင့်တော်မည် ထင်တာကို လျှောက်သာစဉ်းစားနေသည်။ သမီးက မိဘရှာပေးတိုင်း

သဘောကျမည့်သူမျိုး မဟုတ်။ သူ့စိတ်ကြိုက်သာ သူ့ဘာသာ ရွေးပေလိမ့်မည်။ ဒေါ်ခင်မိသည် သမီးနှင့် ပတ်သက်၍ အမြဲ တွေးတောနေသူ ဖြစ်သောကြောင့် လျှောက်စဉ်းစားနေမိ ခြင်းသာ ဖြစ်၏။

သမီးအကြောင်း စဉ်းစားသည့်အတိုင်း ဖြစ်မြဲထုံးစံအရ နောက်ဆက်တွဲ အတွေးတွေ ဝင်လာသည်။ သမီးအဖေ အကြောင်းပင် ဖြစ်သည်။

သမီးအဖေ မရှိတော့ဘူးဟု ပြောထားခဲ့သည်။ တစ်သက်လုံး ဒီအတိုင်း ဖုံးကွယ်ထားလို့တော့ ရမည်မဟုတ်။ တစ်နေ့မဟုတ် တစ်နေ့တော့ သမီးကို အသိပေးရမည် ဖြစ်သည်။

ကိုမြတ်ထွန်းသည် လုံးဝ အဆက်အသွယ် မပြုလုပ်ဘဲ နှစ်ပေါင်း များစွာ ပျောက်ဆုံးနေခဲ့သည်။ တချို့လူတွေ ထင်သလို သေဆုံးသွားတာ ဖြစ်ကောင်း ဖြစ်လိမ့်မည်။ ဒေါ်ခင်မိကတော့ သူ ရှိနေသေးသည်ဟုပင် ယုံကြည်နေမိဆဲ။

ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာတော့ မိမိနှင့် ကိုမြတ်ထွန်းတို့ တွေ့ဆုံ ဖြစ်ပျက်ခွဲခွာခဲ့သည့် အကြောင်းများကို သမီးအား ဖွင့်ပြောပြရပေလိမ့်မည်။ ဘယ်တော့ ဖွင့်ပြောမည် ဆိုတာတော့ မဆုံးဖြတ်နိုင်သေး။

သမီး အရွယ်ရောက်လာသည့် အချိန်ကစ၍ ဖွင့်ပြောမည်ဟုမကြာခဏ စိတ်ကူးမိသည်။ မပြောဖြစ်ခဲ့။ ဘာကြောင့် မပြောဖြစ်ခဲ့သည် ကိုတော့ သူ့ဘာသာ သူလည်း သေသေချာချာ မသိခဲ့ချေ။ သမီးက ငယ်သေးသည်။ ဖြစ်ပျက်ခဲ့သမျှကို နားလည် သဘောပေါက်ပြီး လက်ခံနိုင်မည့် အသိဉာဏ် မရှိနိုင်သေးဟု တစ်ခါ တစ်ခါ တွေးသည်။

တစ်ခါတလေကျတော့ ပြောပြလိုက်မည်ဟု စိတ်ကူးပြီးမှ စိတ် မကောင်းစရာ အကြောင်းတို့ကို နားထောင်ရသည့်ဒဏ်ကို သမီး ခံနိုင်ရည် ရှိပါ့မလား။ သမီးစိတ်မှာ ထိခိုက်စရာ ဖြစ်သွားလျှင် ပညာသင်ကြားရေးမှာ အနှောင့်အယှက် ဖြစ်မည်ဟု တွက်ဆမိသည်။

တစ်ခါတစ်ရံလည်း သမီးသိလို့ ဘာမှထူးပြီး ကောင်းလာနိုင်စရာ မမြင်။ စိတ်မကောင်းဖြစ်ရတာသာ အဖတ်တင်မည်။ ခုလို အဖေမရှိတော့ဟု ထင်နေခြင်းသာ သမီးအတွက် အကောင်းဆုံးဟု ဆုံးဖြတ်မိပြန်သည်။

ဤသို့ဖြင့် သမီးကို အသိမပေးဖြစ်ဘဲ ရှိနေခဲ့သည်။ ခုတော့သမီးသည် ဘွဲ့လည်း ရပြီ။ စဉ်းစားဆင်ခြင်နိုင်သော အသိဉာဏ်လည်းရှိနေပြီ။ သို့ရာတွင် သူကတော့ သမီးကို အကြောင်းစုံ၊ အဖြစ်အပျက်အစုံကို ဖွင့်ပြောဖို့ နှုတ်ဆွံ့နေဆဲပင်။

ဤကဲ့သို့သော အချိန်ကာလတွင်...။

*****

အခန်း [၃၀]

သမီး၏ မွေးနေ့ဖြစ်သော ကြာသပတေးနေ့တိုင်း ဘုရားစင်ကို သန့်ရှင်းရေး လုပ်လေ့ရှိသည်။ သောက်တော်ရေခွက်များ၊ ပန်းအိုးများကို ဆေးကြောသည်။ ဘုရားကျောင်းဆောင်မှ မှန်ကို မှန်သန့်ဆေးဖြင့်တိုက်သည်။ သောက်တော်ရေ အသစ်လဲသည်။ ပန်းအိုးတွေမှာ သစ္စာပန်း၊ မေမြို့ပန်းများ ဝေနေအောင် ကပ်သည်။ ပြီးတော့ အမွှေးတိုင် ပူဇော်သည်။ ရွှေရောင် ဖယောင်းတိုင်ကြီး တစ်တိုင်တည်း ထွန်းသည်။

ထိုအလုပ်များကို သူကိုယ်တိုင်လုပ်သည်။ ဘယ်သူ့မျှ မခိုင်း။ ပြီးလျှင် သမီး ကျန်းမာချမ်းသာစေကြောင်း ဆုတောင်း၍ ဘုရားရှိခိုးမြဲ ဖြစ်သည်။ သူသည် ကြမ်းပြင်မှာ ခင်းထားသော ကော်ဇောပေါ်တွင် ကျုံ့ကျုံ့ ထိုင်ပြီး ဘုရားကို ကြည့်နေသည်။ ဆင်းတု ရုပ်ပွားတော်သည် လက်ရာ အလွန်မြောက်ပြီး ကြည်ညိုဖွယ် သပ္ပာယ်လျက်ရှိ၏။ နီပေါနိုင်ငံမှ လက်ရာ ဖြစ်သည်။ ကျောင်းဆောင်ကတော့ နာမည်ကျော် နိမ္မာန်ကုန်သည် ဦးစိုးထွန်း ဆိုင်မှ အော်ဒါ မှာယူထားခြင်းဖြစ်၏။ တံကဲမှာ ရွှေပိန်းချထားသဖြင့် ဝင်းလက် နေသည်။

သောက်တော်ရေ ဖန်ခွက်တွေက ဂျာမနီဖြစ်။ ပန်းအိုး၊ အမွှေးတိုင်အိုးများမှာ တရုတ်ကြွေထည်များ ဖြစ်သည်။ ခါတိုင်း ထွန်းနေကျ လျှပ်စစ်မီးစကြာသည် ရောင်ခြည်တော်လွှတ် သကဲ့သို့ ပြိုးပြိုးပြက်ပြက် စိတ်ကြည်နူး တက်ကြွဖွယ်ဖြစ်ပြီး ခုလို ဖယောင်းတိုင်ကြီး ထွန်းထားသောအခါတွင်မူ စိတ်ကို တည်ငြိမ်အေးချမ်းစေလေသည်။ ဘုရားခန်းထဲသို့ အလင်းရောင်ဝင်ပုံမှာ အနေတော်။ သိပ်လည်း မမှောင်၊ သိပ်လည်း မလင်း၊ ဖယောင်းတိုင်မီးရောင်သည် ဘုရားစင်တစ်ဝိုက်ကိုသာ ကွက်၍ လင်းနေစေသည်။ သူသည် တဘက်ကလေးကို ပခုံးပေါ်တင်သည်။ လက်အုပ်ချီ လိုက်သည်။ ထိုအချိန်တွင်

"ဒေါ်လေး"ဟု မကောက လာခေါ်သည်။

"ဟဲ့ ... ဘာလဲ မကော"

""စာလာတယ်"

"ဩော် ... မကောနှယ်၊ စာလာတာများ ယူထားလိုက်ရောပေါ့"

"မဟုတ်ဘူး ဒေါ်လေးမိရဲ့ လက်မှတ်ထိုးပြီး ယူရမယ်တဲ့"

"အေး ... အေး၊ လာခဲ့မယ်လို့ ပြောလိုက်""

သူသည် ဘုရားခန်းထဲမှ ထွက်သည်။ ဧည့်ခန်းကိုဖြတ်၍ တံခါးပေါက် ဆီသို့

သွားသည်။ အဝမှာ ရပ်စောင့်နေသော စာပို့လုလင်က ဘာဂျာတံခါး ကြားမှ စာအိတ်တစ်အိတ်ကို လှမ်းပေးသည်။

"လက်မှတ်ထိုးပါ အန်တီ""

ဟု ပြောရင်း ဘောလ်ပင်ကိုပါ တစ်ခါတည်း ကမ်းပေးသည်။ စာအိတ်ပေါ်မှာ ကပ်ထားသော မှတ်ပုံတင်စာ ဖြတ်ပိုင်းပေါ်တွင် လက်မှတ်ထိုးပြီး ဖြတ်ပိုင်းနှင့် ဘောလ်ပင်ကို ပြန်ပေးလိုက်သည်။ စာပို့လုလင်ထွက်သွားသည်။ စာအိတ်ပေါ်က လိပ်စာရှင်ကို ကြည့်သည်။ မိမိထံသို့ လိပ်မူထား၏။

လက်ရေးက

သူ့ရင်ထဲက တင်းခနဲ ဖြစ်သွားသည်။ နှလုံးခုန် မြန်လာသည်။ ခပ်သော့သော့ လက်ရေး။ သူ ကောင်းကောင်း မှတ်မိနေသော လက်ရေး။

မခင်မိ

လက်ရေးကို မြင်တာနဲ့ ကျုပ်ဆီက စာပဲဆိုတာ သိပါလိမ့်မယ်။ ပထမဆုံး ပြောချင်တာက စာကို ဆုံးအောင် ဖတ်ပါ ဆိုတာပါပဲ။

ဒီစာကို ဖတ်ရလို့ မခင်မိ အံ့ဩချင် အံ့ဩမယ်။ စိတ်ဆိုးချင်လည်း ဆိုးလိမ့်မယ်။ ကျုပ်နဲ့ ပတ်သက်ပြီး မခင်မိအနေနဲ့ သမီးကို အသိမပေးဘဲ ထားချင်ထားခဲ့လိမ့်မယ်။ အသိပေးထားပြီး ဖြစ်ချင်လည်း ဖြစ်နေလိမ့်မယ်။

ကျုပ်ဟာ အကြောင်းကြောင်းကြောင့် နှစ်ပေါင်းများစွာကြာအောင် သမီးနဲ့ လာမတွေ့ဘဲ နေခဲ့တယ်။ အဆက်အသွယ် ပြတ်နေခဲ့တယ်။ ခုတော့ ကျုပ် သမီးကို တွေ့ချင်တဲ့ ဆန္ဒ သိပ်ပြင်းပြနေတယ်။ ဒါပေမဲ့ ကျုပ်အနေနဲ့တော့ သမီးဆီကို လာနိုင်မှာ မဟုတ်ဘူး။ ကျုပ်ရဲ့ကျန်းမာရေး မကောင်းဘူး။ ဒီတော့ သမီးကို ကျုပ်ဆီ ခဏလောက် လွှတ်ပေးစေချင်တယ်။ ကျုပ်နဲ့ သမီးကို တွေ့ခွင့်ပြုလိမ့်မယ်လို့ ထင်ပါတယ်။

အဖေတစ်ယောက်အနေနဲ့ သမီးတစ်ယောက်ကို တွေ့ခွင့်ရှိတယ်ဆိုတာ မခင်မိ သဘောပေါက် နားလည်မှာပါ။ ကျုပ်နဲ့ မခင်မိ လမ်းခွဲခဲ့ကြတုန်းက သမီးကို ထိန်းသိမ်းစောင့်ရှောက်ဖို့ အခွင့်အရေးကို ခင်ဗျား ယူခဲ့တယ်။ ကျုပ်ကတော့ သမီးနဲ့အတူ နေခွင့် မရခဲ့ဘူး။ ခုအချိန်မှာ ကျုပ် သမီးကို တွေ့ချင်တယ်ဆိုတာ တရားမျှတမှု ရှိတယ်လို့ ကျုပ်ယူဆပါတယ်။ မခင်မိ အနေနဲ့ လိုက်လျောသင့်တယ်လို့လည်း ထင်ပါတယ်။

တစ်ခုတော့ ရှိတယ်။ သမီးဟာ ကျုပ်ကို မတွေ့ချင်တော့ဘူး ဆိုရင်တော့ နေပါစေတော့။ ကျုပ်နဲ့တွေ့ဖို့ မတွေ့ဖို့ ဆိုတာကို သမီးကိုယ်တိုင် ဆုံးဖြတ်ပါစေ။

ဒီစာကို သမီးကို ပေးဖတ်ချင် ပေးဖတ်ပါ။ ဒါမှမဟုတ် အကျိုးအကြောင်း ပြောပြပါ။ သမီးကိုတော့ အသိပေးဖြစ်အောင် ပေးစေချင်ပါတယ်။

သမီး စာဖတ်နေသည်ကို ဒေါ်ခင်မိ စောင့်ဆိုင်းနေသည်။ သူသည် စိတ်တွေ

လှုပ်ရှားနေ၏။ စာထဲမှာပါသော အကြောင်းအရာနှင့် သမီး၏ အမူအရာ ပြောင်းလဲပုံတို့ကို တိုက်ဆိုင်ကြည့်နေမိသည်။ သမီး စာဖတ်ပြီးအခေါင် စောင့်ရသော အချိန်တွေက အလွန်ကြာသည်ဟု ထင်သည်။

သမီးက စာကိုဖတ်ပြီးနောက် ခေါက်၍ စာအိတ်ထဲ ပြန်ထည့်သည်။ စာအိတ်ကို စားပွဲပေါ်တင်သည်။ ပြီးတော့ သူ့ကို တစ်ချက် ကြည့်သည်။ သူသည် သမီးနှင့် မျက်လုံးချင်း မဆိုင်ဘဲ အကြည့်ကို လွှဲဖယ်လိုက်သည်။

စားပွဲပေါ်က စာအိတ်ကိုသာ စိုက်ကြည့်ရင်း"မေမေ့ကို ခွင့်လွှတ်ပါ သမီး"ဟု လှိုက်လှဲသော အသံဖြင့် ပြောသည်။

"ဘာအတွက် ခွင့်လွှတ်ရမှာကို ပြောတာလဲ မေမေ"

"သမီး အဖေအကြောင်း သမီးကို ဖွင့်မပြောဘဲ နေခဲ့တဲ့အတွက်ပေါ့"

"ဒါဆိုရင် သမီးကိုလည်း ခွင့်လွှတ်ပါ မေမေ"

"ဘာကြောင့်လဲ သမီး"

"ဖေဖေနဲ့ မေမေ့အကြောင်းကို အရင်ကတည်းက သိနေရက်နဲ့ မသိချင်ယောင် ဆောင်နေတဲ့အတွက်ပေါ့"

"ဘာ ... သမီး သိခဲ့တယ် ဟုတ်လား"

သမီးက ခေါင်းညိတ်သည်။ သမီး ဘယ်လိုလုပ် သိခဲ့သလဲဟု သူတွေးသည်။ သမီးနှင့် ကိုမြတ်ထွန်းတို့သည် ရေးမဆွကပင် အဆက်အသွယ် ရှိနေသလား။ ကိုမြတ်ထွန်း၏ စာထဲက အကြောင်းအရာတွေအရ ဆိုလျှင်တော့ မဖြစ်နိုင်။ သမီးဆီက ထိုအကြောင်းကို ခုချက်ချင်းပင် သိရတော့မည် ဖြစ်ပါလျက် လျှောက်ပြီး တွက်ချက်တွေးတောနေမိသည်။ သမီးက ပြော၏။

"ဒီကိစ္စကို သမီးစိတ်ထဲမှာ မတင်မကျ ဖြစ်နေတာ ကြာပါပြီ၊ ငယ်ငယ်ကတည်းက ဆိုပါတော့၊ ဖေဖေကောလို့ မေးတဲ့အခါ မရှိတော့ဘူး ဆိုတဲ့ အဖြေပဲ မေမေ့ဆီက ရတယ်၊ နောက်ပြီးတော့ အဲဒီလိုမေးတဲ့ အခါတိုင်း မေမေ မျက်နှာ မကောင်းတာကို တွေ့ရတယ်၊ မေမေ သဘောမကျမှန်းသိလို့ သမီး နောက်ထပ် မမေးတော့ဘဲ နေခဲ့ပါတယ်"

သမီးက စကားကို ခဏရပ်သည်။ ဒေါ်ခင်မိကဘာမျှဝင်မပြော။သမီးကသာ ဆက်ပြောသည်။

"ဒါပေမဲ့ သမီးစိတ်ထဲမှာတော့ သိချင်တာတွေ အများကြီးပဲ၊ ဖေဖေ မရှိတော့ဘူးဆိုတာ ဘာကို ပြောတာလဲ၊ ဆုံးပါးသွားတာကို ပြောတာလား၊ တစ်နေရာရာ ထွက်သွားတာကို ပြောတာလား၊ ဆုံးပါးသွားခဲ့တာဆိုရင် သမီး ဘယ်အရွယ်က ဆုံးခဲ့တာလဲ၊ ဖေဖေ့အကြောင်းကို မေမေဟာ သတိတရနဲ့ သမီးကို ပြောပြခဲ့ရမယ်၊ ဒါပေမဲ့ မေမေက ဖေဖေနဲ့ ပတ်သက်ပြီး တစ်ခွန်းမှ မပြောခဲ့ဘူး၊ ဒါကြောင့် ဖေဖေနဲ့ မေမေဟာ အကြောင်းတစ်ခုခုကြောင့် လမ်းခွဲခဲ့ကြတာ ဖြစ်မှာပဲလို့ သမီး တွေးမိတယ်၊ နောက်ပြီး မေမေဟာ ဖေဖေ့အပေါ်မှာ စိတ်နာကြည်းစရာ

တစ်ခုလည်း ရှိနေရမယ်လို့ ထင်တယ်။ ဒါကြောင့်သာ ဖေဖေနဲ့ ပတ်သက်တဲ့ အရာမှန်သမျှ မေမေ လုံးဝ အစဖျောက် ထားခဲ့တာပေါ့။ ယုတ်စွအဆုံး ဖေဖေ့ရဲ့ ဓာတ်ပုံကလေး တစ်ပုံတောင် မကျန်ခဲ့ဘူး မဟုတ်လား မေမေ၊ တစ်ခါတစ်ခါတော့ ဖေဖေဟာ မေမေ့ကို ကျောရရုံကြီးပြီးမှ လက်မထပ်ဘဲ ရှောင်သွားခဲ့လို့လားတောင် တွေးမိပါသေး တယ်၊ နောက်တော့မှ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေကို သမီး သိလာခဲ့ရ တာပါ”

“သမီး ဘယ်သူ့ဆီက သိတာလဲ”ဟု ဒေါ်ခင်မိ မေးသည်။ ကိုခင်မောင်မြင့်၊ နွယ်၊ ကြူကြူစိန် တစ်ယောက်ယောက်ဆီကဟု ထင်သည်။

“ဘွားလေးဆီက သိရတာပါ”

““ဘာ ဒေါ်ဒွေ့ဆီက ဟုတ်လား”

“ဟုတ်တယ် မေမေ၊ ဘွားလေးကိုတော့ အပြစ်မတင်ပါနဲ့၊ ဘွားလေးက မသိချင်ပါနဲ့ သမီးရယ်လို့ အတန်တန် ပြောပါသေးတယ်၊ သမီးက မရမက မေးလို့ ပြောရတာပါ””

“သမီး သိတာ ဘယ်လောက်ကြာပြီလဲ

“သိပ်တော့ မကြာသေးပါဘူး၊ အင်းလေ ကြာပြီလို့ ပြောရင်လည်း ရပါတယ်၊ နှစ်နှစ်လောက်တော့ ရှိပါပြီ၊ အပြည့်အစုံကို သိရတာတော့ မဟုတ်ပါဘူး၊ ဘွားလေးကလည်း သူ သိသလောက်ပဲ ပြောရတာပါ””

ဒေါ်ခင်မိ သမီးကို ကြည့်သည်။ သမီးက အကြောင်းစုံ ပြောပြပါဟု တောင်းဆိုနေသလိုပင်။ ထို့ကြောင့်

ဖြစ်ပျက်ခဲ့သမျှကို အကျဉ်းချုပ်၍ ပြောပြသည်။ သူတို့နှစ်ယောက် လမ်းခွဲခဲ့ကြပုံကို ပြောပြရာတွင် ကိုမြတ်ထွန်း အပေါ်မှာ အပြစ်အားလုံး ပုံမချမိအောင် သတိကြီးစွာထား၍ ပြောသည်။ ကိုမြတ်ထွန်းအပေါ် ထားရှိသော မိမိ၏ သဘောထား ပြောင်းလဲသွားသောကြောင့်ကား မဟုတ်ချေ။ သူနှင့် ပတ်သက်၍ တစ်စုံတစ်ခု ခံစားစရာအကြောင်း မရှိတော့။ နှစ်ပေါင်းများစွာ ကြာသောကြောင့် ခံစားမှုတို့သည် အေးစက်ထုံထိုင်း၍ နေခဲ့လေပြီ။

ထို့ကြောင့် သမီးကို ပြောပြသောအခါ ကိုမြတ်ထွန်းက တစ်ယူသန် စိတ်မျိုးရှိကြောင်း၊ အစွန်းရောက်တတ်ကြောင်း၊ မိမိက သမီးရှေ့ရေးအတွက် စီးပွားရှာသည်ကို ငွေမက်သည်ဟု အထင်လွဲကြောင်း၊ ထိုမှစ၍ သဘောထားချင်း မတိုက်ဆိုင်ခြင်း ဖြစ်လာပြီး နောက်ဆုံး လမ်းခွဲခဲ့ကြကြောင်းလောက်သာ ပြောလိုက်သည်။ သစ်စက်အကြောင်း ဆောင်းပါးရေးသည့် ကိစ္စ၊ အဖေ ဦးဘရွှေ၏ သစ်လုပ်ငန်းကို အနှောင့်အယှက်ပေးသည့် ကိစ္စတွေ မပြောတော့။ ကိုမြတ်ထွန်းအပေါ် အပြစ်ပုံချလျှင် သမီးအနေဖြင့် သူ့အဖေအပေါ် စိတ်နာ အောင် တမင်သာသာထိုးထိုး ပြောနေသည်ဟု သမီး သူ့ကို အထင်အမြင် သေးသွားမည် စိုးသောကြောင့် ဖြစ်သည်။ သူတို့ ဇာတ်ကြောင်းကို ဘေးလူ တစ်ယောက်က ပြောပြနေသည့် ပုံစံမျိုးဖြင့်သာ ပြောလိုက်သည်။

သမီးက စိတ်ဝင်စားစွာ နားထောင်နေသည်။ စကားဆုံးတော့ ဘာမျှ မမေး

မပြောသေးဘဲ တွေ၍ စဉ်းစားနေသည်။ ဒေါ်ခင်မိသည် သမီး မျက်နှာရိပ် မျက်နှာကဲကို စူးစမ်းကြည့်သည်။

` မေမေ မှားသလား သမီး၊ မေမေ့မှာ အပြစ်ရှိသလားဟင်””

“ဘယ်လို ကိစ္စကို ပြောတာလဲ မေမေ၊ မေမေနဲ့ ဖြစ်ခဲ့တဲ့ ကိစ္စလား၊ အဖေ့အကြောင်း သမီးကို မပြောဘဲ ထားခဲ့တဲ့ ကိစ္စလား”

“နှစ်ခုစလုံးပဲ ဆိုပါတော့ကွယ်””

“မေမေ မှားတယ်လို့ သမီး မယူဆပါဘူး၊ တကယ်လို့ မေမေ့ ကိုယ် မေမေ မှားတယ်လို့ ထင်ရင်တောင် သမီး အပြစ်လို့ မမြင်ပါဘူး”

ဒေါ်ခင်မိ ကျေနပ်သွားသည်။ သူ့ အကြောက်ဆုံးက သမီး သူ့ကို အထင်သေးမှာ၊ မုန်းသွားမှာကိုပင် ဖြစ်၏။ မိမိက မမှားဘူးဆိုလျှင် ကိုမြတ် ထွန်းက မှားသည်ဟု သမီး ဆိုလိုသလား။ ဒါကိုတော့ မမေးဖြစ်တော့။မမေးချင်။ ကိုယ့်အထင်နှင့်ကိုယ်သာ နေလိုသည်။

“သမီး တစ်ခုတော့ ပြောချင်တယ် မေမေ”

သမီးက စကားစ ပြန်ကောက်သည်။

“ပြောလေ သမီး”

“ဖေဖေ့ စာထဲက ကိစ္စအကြောင်းပါ”

“ဘာဖြစ်လဲ”

သမီးက ချက်ချင်းမပြော။ သူ့ကို မော့ကြည့်သည်။ သူက မေးစေချင်သည့်သဘော။

“သမီးအဖေကို သမီး သွားတွေ့ချင်လို့လား”

သူ သက်ပြင်းတစ်ချက် ချသည်။

“သမီး သွားတွေ့ချင်တယ်ဆိုရင် မေမေ မတားပါဘူး၊ သူနဲ့ မေမေဟာ ဘာမှ မဆိုင်တော့ပေမဲ့ သမီးနဲ့ သူကတော့ သားအဖ တော်နေ သေးတယ်ဆိုတာ မေမေ မငြင်းပါဘူး၊ သမီးက သမီးအဖေကို တွေ့ချင် တယ်ဆိုတာ သဘာဝကျပါတယ်၊ မေမေ မတားမြစ်ရက်ပါဘူး၊ သမီးဘာသာ ဆုံးဖြတ်ပါ”

ရင်ထဲက ဆန္ဒနှင့် ဆန့်ကျင်သော စကားများဖြစ်ကြောင်း သမီး မရိပ်မိအောင် အမူအရာ၊ လေသံတို့ကို ထိန်း၍ပြောသည်။ မျက်လုံးတွေကတော့ သမီးကို မသွားစေချင်ကြောင်း အပြင်းအထန် တားမြစ်နေပေလိမ့်မည်။

သို့ရာတွင် သမီးက သူ့ကို ကြည့်မနေခဲ့ချေ။

❊❊❊❊❊

အခန်း [၃၀]

ရထားက အမြန်ရထားမဟုတ်၊ စာပို့ရထားဖြစ်သည်။ ဘူတာစဉ် ရပ်သည်။ နှေးကွေးလေးလံစွာ ခုတ်မောင်းနေသည်။ လူကလည်း အလွန်ကျပ်သည်။ ကုန်ပစ္စည်းတွေကလည်း အပြည့်။ ဘူတာတစ်ခုမှာ ရပ်သည့်အခါတိုင်း လူနှင့် ကုန်တွေ ထပ်တက်လာသည်။

သူသည် ထိုင်စရာနေရာ ရလာခဲ့သည်မှာ ကံကောင်းလေစွဟု အောက်မေ့ရသည်။ လူအများစုမှာ နေရာမရကြ။ ကြမ်းပေါ်ထိုင်သူထိုင်၊ ကုန်ပစ္စည်းတွေ ပေါ်ထိုင်သူထိုင်၊ အပေါက်ဝနားမှာ မိုးတိုးမတ်တတ် ရပ်သူ ရပ်။

ကုန်တွေကလည်း နေရာအနှံ့ တင်ထားကြသည်။ ထိုင်ခုံအောက်မှာ ပါမကျန်။ သူ့ထိုင်ခုံရှေ့ ကြမ်းပြင်မှာလည်း ထင်းရှူးသေတ္တာတစ်လုံး ရှိသည်။ ကောင်လေးတစ်ယောက် ဆောင့်ကြောင့် တက်ထိုင်နေ၏။ သူကတော့ ခြေထောက်ကို ကျုံ့ပြီး ထိုင်နေရ၏။

စောစောတုန်းက သူ အိမ်သာ သွားခဲ့သေးသည်။ ထိုင်နေသူတွေကို "ကန်တော့" အခါခါ ရွတ်ဆို၍ တိုးဝှေ့သွားရသည်။ သူက ကန်တော့ဟု ဆိုသည့်တိုင် မည်သူကမျှ ဂရုတစိုက် မော့မကြည့်ကြ။ ကိုယ်ကို တိမ်းပေးရင်း သူတို့ဘာသာ ပြောလက်စ စကား ဆက်ပြောနေကြသည်။ ယောက်ျားကြီး များကလည်း ခုလိုအတွက် ဘယ်လိုမှ သဘောမထားကြ။ နေရာလမ်းမရှိအောင် တင်ထားသော ပင်းရွက်ပေါင်းတွေ၊ အိတ်တွေ၊ သေတ္တာတွေကို ကျော်တန် ကျော်၊ ခွတန် ခွပြီး သွားရသေးသည်။ အိမ်သာရှေ့ရောက်တော့ တံခါးကို မှီပြီး ကြမ်းပေါ် ထိုင်နေသူတွေကို တွေ့ရသည်။

"နည်းနည်းလောက်""ဟု သူပြောသည်။ တကယ်ပင် နည်းနည်းသာ ဖယ်ပေးနိုင်ကြသည်။ အိမ်သာ တံခါးကို ဖွင့်လိုက်သည်။ သူ အံ့ဩသွား၏။ အိမ်သာထဲမှာ ဆန်အိတ်တွေ။ တံခါးကို ပိတ်ပြီး ပြန်ထွက်လာခဲ့ရသည်။ သူ့နေရာနား ပြန်ရောက်တော့ သူ့ထိုင်ခုံမှာ မိန်းမကြီးတစ်ယောက် တက်ထိုင်နေသည်။ ထိုင်ခုံပေါ်တင်ထားခဲ့သော သူ့အဝတ်အစားအိတ်က ဘေးက ခရမ်းသီးတောင်းပေါ် ရောက်နေသည်။ သူက ဘာမျှ မပြောဘဲ ရပ်နေလိုက်သည်။ ထင်းရှူးသေတ္တာပေါ် ထိုင်နေသော ကောင်ကလေးက

"အဒေါ်ကြီး၊ အဲဒါ ဟိုအစ်မလေးရဲ့ နေရာဗျ"ဟု ပြောသည်။ မိန်းမကြီးက ဟုတ်လား၊ ဆင်းသွားပြီမှတ်လို့"ဆိုပြီး နေရာဖယ်ပေးမည်ပြုသည်။ သူက

"နေပါစေ ထိုင်ပါ၊ ကျွန်မက မကြာခင် ဆင်းရတော့မှာ"ဟု ပြောရင်း ထင်းရှူးသေတ္တာ၏ အနည်းငယ် လွတ်နေသော အစွန်းမှာ ဝင်ထိုင်လိုက်သည်။

ရထားတွဲတွေက အပေါင်းတွေ ဖြစ်၏။ လမ်းသိပ်မကောင်းသော နေရာများရောက်လျှင် တွဲကိုယ်ထည်က ဟိုဘက်ဒီဘက် ယမ်းခါပြီး တကျွီကျွီ မြည်သွားတတ်သည်။

စိတ်စောနေသူတစ်ယောက်အဖို့ ပုံမှန်နှုန်းဖြင့် သွားစေသော အချိန် ကာလဆိုသော အရာကိုပင် နှေးသည်ဟု ထင်တတ်သည်။ ခုလို ရထား နှေးနေသောအခါ အချိန်တွေက ကုန်ခဲတာနှင့် ရောပေါင်းပြီး နှစ်မျိုးနှစ်စား စိတ်မသက်မသာ ဖြစ်ရ၏။

ဒီခရီးကို ထွက်လာဖို့ မေမေက သိပ်သဘောမတူချင်တာ သူ သိသည်။ သူ့အဖို့တော့ မလာလို့ လုံးဝမဖြစ်သည့် ခရီး။ သူ့ဘဝတစ်လျှောက် လုံး မျှော်လင့်ခဲ့ရသော အချိန်ပင် ဖြစ်သည်။

လူမှန်း သိတတ်သော အရွယ်ကတည်းက ဖေဖေ့ကို တွေ့ချင်နေ ခဲ့သည်။ မေမေ့ထံမှ ဖေဖေ မရှိတော့ဆိုသော စကားကိုသာ ကြားခဲ့ရသည်။

သို့ရာတွင် သူ့စိတ်ထဲမှာတော့ ဖေဖေ ရှိနေရမည်ဟု အလိုလို သိနေခဲ့၏။ ငယ်ငယ်တုန်းက ဖေဖေ သူ့ဆီ လာသည်ဟု ရေးတေးတေး မှတ်မိနေသည်။ ဖေဖေ့ ရုပ်သွင်ကိုတော့ သေသေချာချာ မမှတ်မိ။ တစ်ခါ တစ်ခါ တော့ ဖေဖေ့ကို အိပ်မက် မက်တတ်သည်။ အိပ်မက်ထဲမှာ ဆိုရင်တော့ ဒါ ဖေဖေပဲဆိုတာ သိနေသည်။ အိပ်ရာက နိုးသည်နှင့် တစ်ပြိုင်နက် အိပ်မက် ထဲမှာ တွေ့ခဲ့ရသော ဖေဖေ့ကို ပြန်လည် ပုံဖော်ကြည့်၍ မရတော့။

ငယ်ငယ်က မြင်ခဲ့ဖူးသော ဖေဖေ့ကို မသိစိတ်က မှတ်မိနေလိမ့် မည်။ ထိုအမှတ်သညာက အိမ်မက်ထဲမှာ ဖျတ်ခနဲ ပေါ်ပေါက်လာခြင်း ဖြစ်ရ မည်။ ထို့ကြောင့်သာ အိမ်မက်ထဲမှာဆိုရင် ဖေဖေ့ကို လူလတ်ပိုင်း အရွယ်ပုံစံ ဖြင့် မြင်ရခြင်း ဖြစ်နိုင်သည်။ မိမိသည်လည်း အိပ်မက်ထဲ ရောက်လျှင် ကိုယ့်ကိုယ်ကိုယ် ကလေးငယ်တစ်ယောက်လို ထင်နေတတ်၏။

ခုချိန်မှာ ဖြစ်ပေါ်နေမည့် ဖေဖေ့ ရုပ်သွင်ကို ခန့်မှန်းကြည့်မိပြန်သည်။ မေမေ့ထက် သုံးလေးနှစ်ကြီးသော လူကြီးတစ်ယောက်ပုံ။ ဒီလောက်ပဲ ခန့်မှန်းလို့ ရသည်။

ရထား၏ အရှိန်သည် နှေးသည့်ထက် နှေးသွားသည်။ ဘူတာကို ဝင်တော့မည်။ သူ ဆင်းရမည့် ဘူတာ။ သူသည် ခရီးဆောင်အိတ်ကို ကောက်လွယ်ပြီး အပေါက်ဝဘက်သို့ တိုးဝှေ့ လျှောက်လာခဲ့သည်။

ရထားရပ်သည်။ သူ ရထားပေါ်မှ ဆင်းသည်။ ဒီဘူတာမှာ ဆင်းသူ၊ တက်သူ အနည်းငယ်သာရှိသည်။ ပလက်ဖောင်းပေါ်မှာ ရပ်ရင်း လာကြိုမည့် သူကို စောင့်သည်။ ဖေဖေ့စာထဲမှာ လာမည့်ရက်ကို နှစ်ရက်လောက်ကြိုပြီး ဖုန်းဆက်ဖို့ ဖုန်းနံပါတ်တစ်ခု ပေးထားသည်။

ဖုန်းနံပါတ်က မြို့ပေါ်ရှိ ရက်ကန်းလုပ်ငန်းတစ်ခုမှ ဖုန်းနံပါတ်။ ထိုမှတစ်ဆင့် လူကြုံဖြင့် ဖေဖေရှိရာ ပြည်သာရွာသို့ အကြောင်းကြားမည်။ လူတစ်ယောက် အကြိုလွှတ်ပေးမည်ဟု ဆိုသည်။

တစ်နေ့က ဖုန်းဆက်ထားခဲ့သည်။ စိတ်ချပါ၊ ပြောပေးပါမည်ဟု ဆိုသည်။ ပြောမှ ပြောဖြစ်ရဲ့လား မသိ။ ပြီးတော့ လာကြိုမည့်သူဆိုတာက မိမိကို မြင်ဖူးမှာ မဟုတ်။ မိမိကလည်း သူ့ကို မမြင်ဖူး။ ဖေဖေကလည်း သူ၏ လက်ရှိ ပုံပန်းသဏ္ဍာန်ကို သိမှာ မဟုတ်။

ထိုသို့ တွေးနေစဉ် လူတစ်ယောက် သူ့ဆီ လျှောက်လာသည်။ လူငယ် တစ်ယောက်ပင်ဖြစ်သည်။ သူ့ထက်တော့ အသက်နည်းနည်းကြီး လိမ့်မည်။ ပင်နီချော တိုက်ပုံ ဝတ်ထားသည်။

သူ့ကို စူးစမ်းသလို ကြည့်သည်။

“မခိုင်မာမာ မဟုတ်လား”ဟု အနားမှာ ရပ်ရင်း မေးသည်။

"“ဟုတ်ပါတယ်”"

“ကျွန်တော် အေးချစ်ပါ၊ ဆရာထွန်း၊ အဲ မခိုင်မာမာကို ကြိုဖို့ လွှတ်လိုက်လာပါ” ... ဆရာ ဦးမြတ်ထွန်းက

“သြော် ... ဟုတ်ကဲ့”

ဖေဖေ့ကို ဆရာတပ်ပြီး ခေါ်သည်ကို သတိပြုမိသည်။ ဖေဖေက ကျောင်းဆရာ လုပ်နေတာလား မသိ။

“ခဏနားပြီး တစ်ခုခု စားဦးမလား၊ တစ်ခါတည်းပဲ သွားမလား ”

“တစ်ခါတည်းပဲ သွားရအောင်၊ ခင်ဗျားအိတ် ကျွန်တော့်ပေးလေ”"

“နေပါစေ၊ ကျွန်မ အဝတ်အစားတွေနဲ့၊ သိပ်လည်း မလေးပါဘူး”

သူတို့ ဘူတာရုံမှ ထွက်လာခဲ့ကြသည်။ မြို့ထဲ ဖြတ်လျှောက်လာခဲ့ သည်။ မြို့ကလေးက ခပ်သေးသေး ဖြစ်သည်။ ဘူတာရုံနားတစ်ဝိုက်မှာသာ အိမ်ခြေစုစုစည်းစည်းနှင့် စည်ကားသည်။ ထိုမှ လွန်သောအခါ အိမ်ရာတွေ ကျဲပါးသွားသည်။ ကတ္တရာလမ်းဟူ၍လည်း မြို့အစွန်ကို ဖြတ်သွားသော အဝေးပြေး ကားလမ်းမကြီးနှင့် ဆက်သော လမ်းတစ်လမ်းသာ ရှိသည်။

“ကျွန်မတို့ ဘာနဲ့ သွားကြမှာလဲ”

ခိုင်မာမာက မေးသည်။

“လှည်းကြို့တွေ ရှိတတ်ပါတယ်”

“ဘယ်လောက် ကြာကြာ သွားရမလဲ

“နှစ်နာရီလောက် သွားရမယ် ထင်တယ်”

“ကားငှားသွားလို့ မရဘူးလား”

"ဒီမြို့မှာ ကားကရှားတယ်ဗျ၊ ပြီးတော့ သွားရမယ့်လမ်းက မကောင်းဘူး၊ လယ်ကွင်းတွေကို ဖြတ်သွားရမှာ၊ တော်ရုံတန်ရုံကားက လိုက်ရဲမှာ မဟုတ်ဘူး၊ လိုက်ရင်တောင် ဈေးကြီးလိမ့်မယ်"

"ဈေးကြီးလည်း ပေးရတော့မှာပေါ့"

ပြောပြီးမှ နွားလှည်း မစီးချင်လို့ဟု ထင်သွားမှာ စိုးသဖြင့် "ကျွန်မ အမြန်ဆုံး ရောက်ချင်လို့ပါ"ဟု ထပ်ပြောလိုက်သည်။ ကိုအေးချစ်က နားလည် သဘောပေါက်ဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်ပြီး

"ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားကြည့်ပါ့မယ်၊ ဒီလိုလုပ်ပါလား၊မခိုင်မာမာ တစ်ခုခုစားရင်း စောင့်ပေါ့၊ ကျွန်တော် ကားသွားရှာနေတုန်း"

"ဟုတ်ကဲ့ ကောင်းပါတယ်၊ ကျွန်မ လက်ဖက်ရည်ပဲ သောက်ပါ့မယ်""

ကားဂိတ်နားက လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်သည်။

"တစ်ခုခု သောက်သွားပါဦးလား" ဟု ခိုင်မာမာက ပြောသည်။

"""တော်ပြီ၊ ခုန ရထားစောင့်ရင်း လက်ဖက်ရည် သောက်ထားသေးတယ်"

ဆိုပြီး ကိုအေးချစ် ထွက်သွားသည်။ သူလည်း လက်ဖက်ရည် တစ်ခွက် မှာလိုက်သည်။ သိပ်မဆာသေးသော်လည်း စားထားတာ မများဘူးဟု နံပြားတစ်ချပ်ပါ မှာလိုက်သည်။

စားရင်းသောက်ရင်း ပတ်ဝန်းကျင်ကို ကြည့်သည်။ ကားဂိတ်မှာ ဘတ်စ်ကားအိုကြီး တစ်စီးတည်းသာ ရှိသည်၊ လူပြည့်နေပြီ။ ကားအမိုးပေါ်က ကုန်ပစ္စည်းတွေပေါ် တက်ထိုင်နေသူတွေပင် ရှိသည်။ အဝေးပြေးလမ်းမကြီး နှင့် ဆက်သွယ်သော တစ်ခုတည်းသောလမ်းတွင် ဒီကား တစ်စင်းတည်းသာ ခေါက်တုံ့ခေါက်ပြန် ပြေးဆွဲနေသလား မသိ။

ခဏအကြာတွင် ကိုအေးချစ် ဂျစ်ကားတစ်စီးနှင့် ရောက်လာသည်။ ခိုင်မာမာ လက်ဖက်ရည်ဖိုး ရှင်းနေတုန်း သူ ကားပေါ်က ဆင်းလာသည်။

"ကျွန်တော့်အသိရဲ့ ကားပဲ၊ ကြည့်ပေးပါလို့ ပြောတယ်"

"ဘယ်လောက်ပေးရင်ကောင်းမလဲ၊ တစ်ရာလောက် ပေးရမလား"

"မဆိုးပါဘူး၊ ဓာတ်ဆီတစ်ဂါလံပဲ ဒီမှာ လေးဆယ်လောက်ရှိနေတာ"

ခိုင်မာမာက ကားနောက်ခုံမှာ ထိုင်သည်။ ကိုအေးချစ်က ယာဉ်မောင်း ဘေးမှာ ထိုင်သည်။ ကားသည် မြို့ထဲမှ ထွက်လာပြီးနောက် အတန်ကြာတွင် ကတ္တရာလမ်းကို ခွဲပြီး လှည်းလမ်းကြောင်းအတိုင်း ဆင်းလာ ခဲ့သည်။ လယ်တွေက ရိတ်သိမ်းပြီးခါစပဲ ရှိသေးသည်။ ရိုးပြတ်တွေ ထိုးထိုး ထောင်ထောင် မြင်နေရတုန်း။

"ကျွန်တော်က ဖုန်တွေ တော်တော်ထမယ် ထင်နေတာ၊ သိပ်သားပဲဆရာ"

ကားသမားက ပြောသည်။ ကိုအေးချစ်က

"မိုးကုန်တာမှ မကြာတတ်သေးပဲ၊ နွေပေါက်လာရင်တော့ ဘယ်ဒီလို နေလိမ့်မလဲဗျာ"

လှည်းလမ်းကြောင်းအတိုင်းတော့ ကားကို မောင်းလို့ မရချေ။ လှည်းဘီးရာတွေက နက်ပြီး အလယ်မြေတွေက မြင့်မောက်နေသည်။ ကားအစေယ်၊ ကရောင်းတို့နှင့် မလွတ်။ ထို့ကြောင့် လှည်းလမ်းတစ်ဖက်ခြမ်းကို ခွပြီး မောင်းရသည်။

လမ်းက တဖြည်းဖြည်း ဆိုးလာ၏။ တစ်မိုးတွင်းလုံး ဗွက်ပေါက်ခဲ့ပြီး နေပူပြင်းလာသောအခါ ခြောက်သွေ့ မာကျောသွားသော မြေကြီးတွေက မညီမညာ ဖြစ်နေသည်။ တစ်ခါနှစ်ခါလောက် ကားရှေ့ကရောင်းနှင့် မြေကမူ တို့ တိုက်မိသေးသည်။

"လမ်းက မလွယ်ပါလား ဆရာ၊ ဘယ်ချက် ရုပ်ကျိုးမလဲ မသိဘူး"

ကားဆရာ ပြောပြန်သည်။ ခိုင်မာမာက အားနာသွားပြီး

"ကျွန်မ ပိုပေးပါ့မယ်ရှင်"

"ဟာ ဆရာမကလည်း ပိုလိုချင်လို့ ပြောတာ မဟုတ်ပါဘူး၊ ဆရာကိုအေးချစ်နဲ့ ကျွန်တော်တို့က ပြောစရာ လူတွေမှ မဟုတ်တာ"

ကိုအေးချစ်ကို ဆရာဟု သုံးနှုန်းတာ နှစ်ခါ ရှိပြီ။ ကိုအေးချစ် ကလည်း ကျောင်းဆရာဖြစ်လိမ့်မည် ထင်သည်။ ကားဆရာက မိမိကိုလည်း ဆရာမဟု ထင်နေဟန်တူသည်။

ဟိုးရှေ့ တူရူမှာ တောင်ရိုးကလေးတစ်ခုကို ပျပျမြင်ရသည်။ ပြီးတော့ အပင်အုပ်အုပ်ကလေးများ စုဝေးနေသော ပြည်သာရွာ၊ ရွာကလေးသည် သာယာလိမ့်မည်ဟု သူ တွေးလိုက်မိသည်။

ကားက ကမူတစ်ခုကို ကွေ့အရှောင်တွင် တစ်ဖက်သို့ စောင်းနိမ့်ပြီးရပ်သွားသည်။

"ဘာဖြစ်တာလဲဗျ"

ကိုအေးချစ်က မေးသည်။ ကားဆရာက ကားအပြင်ကို ခေါင်းထုတ်ကြည့်ပြီး

"နောက်ဘီး ရွှံ့ထဲ နစ်သွားတာ"

ကိုအေးချစ် ကားပေါ်ကဆင်းပြီး ကြည့်သည်။

"မြကြီးက အပေါ်ယံကလေးတင် တင်ပြီး ခြောက်နေတော့ မြေမာလို့ ထင်ရတာပေါ့၊ ဂီယာပြောင်းပြီး တက်ကြည့်ပါဦး'

ကားဆရာက နံပါတ်တစ် ဂီယာပြောင်းပြီး တက်ကြည့်သည်။ မရ။ ဂီယာပြောင်းပြီး နောက်ပြန် တက်ကြည့်ပြန်သည်။

“မရဘူးဗျ၊ ဘီးချည်းပဲ လည်နေတယ်၊ ညာဘက်ဘီးကလည်း .. ယက်အား မရှိဘူး၊ ကျွန်တော် နောက်ကနေ တွန်းပေးမယ်ဗျာ”

ခိုင်မာမာလည်း ကားပေါ်က ဆင်းသည်။ နောက်ဘက်ကို သွားပြီးကားကို ကူတွန်းပေးသည်။

“မခိုင်မာမာ နေပါ”

“ရပါတယ်၊ နှစ်ယောက်အားဆို ပိုပြီး ရမလားလို့”

လူတွန်းအားပါ ကူပြီး မောင်းတက်ကြည့်ပြန်သည်။ ဘီးချည်းပဲလည်နေသည်။ ကားက မရွေ့။ ဘီးက ယက်ထုတ်လိုက်သဖြင့် ထွက်လာသော ရွှံ့စက်တွေက ခိုင်မာမာ့ ထဘီစွန်းကို လာစဉ်သည်။

“မရတော့ဘူး၊ နွားလှည်းနဲ့ ဆွဲတင်မှ ရမယ်”

“အရင်လိုမှ အနေးဖြစ်ရတယ်ဗျာ၊ နွားလှည်းတစ်စီးစီးတော့လာကောင်းပါရဲ့”

ခိုင်မာမာက ရွာရှိရာဘက်သို့ လှမ်းမျှော်ကြည့်ပြီး

“ဘယ်လောက် ဝေးသေးသလဲ”

မေးသည်။ ကိုအေးချစ်က

“နှစ်မိုင်နီးပါးတော့ လိုမယ် ထင်တာပဲ”

“ကျွန်မတို့ လမ်းလျှောက်သွားရအောင်””

“ဖြစ်ပါ့မလား”

“ကျွန်မလျှောက်နိုင်ပါတယ်၊ တစ်နာရီလောက်ပဲ လျှောက်ရ လိမ့်မယ် ထင်တယ်””

ကိုအေးချစ်က ခဏ စဉ်းစား၍

“လျှောက်ချင် လျှောက်လေ”

ကားဆရာဘက် လှည့်ပြီး

“ခင်ဗျားကတော့ နွားလှည်းတစ်စီးစီးလာမှ ဆွဲတင်ပြီး ပြန်ပေတော့”

ခိုင်မာမာက ကားဆရာကို ငွေတစ်ရာ ပေးလိုက်သည်။ ပြီးတော့ သူတို့ လျှောက်လာခဲ့ကြ၏။ ခပ်လှမ်းလှမ်း အရောက်တွင်

“အိတ်ကို ကျွန်တော် ဆွဲခဲ့မယ်””

ကိုအေးချစ်က ပြောပြီး လက်လှမ်းသည်။

"နေပါစေ၊ ကျွန်မ လွယ်နိုင်ပါတယ်""

ကိုအေးချစ် ပြုံးလိုက်သည်။ နတ်တော်လ ရောက်ပြီဖြစ်သည့်တိုင် ကျနေကတော့ ပူပြင်းတုန်းပင် ရှိသေးသည်။ ကွင်းခေါင်ခေါင်ကို ဖြတ်နေရသောကြောင့် နေရောင်က တိုက်ရိုက်ကျနေသည်။ ကိုအေးချစ်က ခိုင်မာမာလိုက်မီအောင် ခြေလှမ်းနှေးပြီး လျှောက်၏။ မိုင်ဝက်လောက် လျှောက်ပြီးတော့ မန်ကျည်းပင်ကြီး တစ်ပင်နားရောက်လာသည်။

"ခဏနားဦးမလား"

ဟု ကိုအေးချစ်က မေးသည်။

"မနားတော့ပါဘူး ရပါတယ်"

ဆက်လျှောက်လာရင်း ကိုအေးချစ်က ခိုင်မာမာကို အကဲခတ်ကြည့် သည်။ ခိုင်မာမာ၏ မျက်နှာပေါ်မှာ ချွေးတွေပြန်နေသည်။ သို့ရာတွင် ခိုင်မာမာက ခြေလှမ်းမှန်မှန် လျှောက်နေဆဲ။

"မခိုင်မာမာက လျှောက်နိုင်သားပဲ""

ခိုင်မာမာက ပြုံးသည်။

"ရန်ကုန်မှာလည်း ကျွန်မ တတ်နိုင်သမျှ လမ်းလျှောက်တယ်၊ တစ်ခါတလေ မြို့ထဲက စာအုပ်ဆိုင်တန်းတွေမှာ နှစ်နာရီ၊ သုံးနာရီကြာအောင် လျှောက်ကြည့်နေတာပဲ၊ ရပ်စောင့်နေရတာက လမ်းလျှောက်ရတာထက် ပိုပြီးညောင်းတယ်လို့ ထင်တယ်""

ကိုအေးချစ်၏ စိတ်ထဲတွင် ဆရာထွန်းသမီး ပီသပါပေတယ်ဟု ကျိတ်၍ မှတ်ချက်ချမိ၏။ ခိုင်မာမာကို အထင်ထည်း ကြီးသွားမိသည်။

တစ်နာရီသာသာ လျှောက်ပြီးနောက် ပြည်သာရွာသို့ ရောက်လာသည်။ ရွာလယ်လမ်းအတိုင်း ဝင်လိုက်သောအခါ ရွာထဲမှ ကလေးများ၊ မိန်းမများ၊ လူငယ်များက ကိုအေးချစ်ကို နှုတ်ဆက်ကြသည်။ "ဆရာလေး မြို့က ပြန်လာတာလား"

"ဆရာချစ်"

"ဆရာချစ်၊ ရွှေသွေး ပါလား၊ လှပ ပါလား"

ကိုအေးချစ်ကလည်း ပြန်၍ နှုတ်ဆက်သည်။ ကိုအေးချစ်သည် ရွာမှာ လူချစ်လူခင် ပေါများသူတစ်ယောက်ဖြစ်ကြောင်း သိသာသည်။ ရွာရှိ လူများက ခိုင်မာမာကိုလည်း အကဲခတ်ကြသည်။ သူသည် ခပ်ရိုးရိုးပင် ဝတ်စားထားသော်လည်း သူ့ဟန်ပန်၊ သူ့လှုပ်ရှားပုံမှာ ရန်ကုန်မြို့သူဖြစ်ကြောင်း ပေါ်လွင်နေသည်။

ကိုအေးချစ်က သူ့ကို လာနှုတ်ဆက်သော ဆယ်နှစ်အရွယ်ခန့်ရှိ ကလေးတစ်ယောက်အား ခိုင်မာမာ့ အဝတ်အစားအိတ်ကို သယ်သွား ခိုင်းသည်။ နိုင်ငံခြားဖြစ် မိုးကာအပြာရောင် အစဖြင့် ချုပ်ထားသောအိတ်ကို ကောင်လေးက

ကျေနပ်သဘောကျစွာ ကြည့်ပြီး လွယ်လျက် ရှေ့က ပြေးသွားသည်။

“ဟို မူလတန်းကျောင်းလေး ကျော်ရင် ရောက်ပါပြီ”ဟု ကိုအေးချစ်က ပြောသည်။

ခိုင်မာမာ ရင်ခုန်နှုန်း မြန်လာ၏။ အဖေ့ကို တွေ့ရတော့မည်။ သူ့ တစ်သက်တာတွင် တစ်ခါမျှ ခုလောက် စိတ်လှုပ်ရှားမှု မရှိခဲ့ဟုထင်သည်။ မူလတန်းကျောင်းကို ကျော်လာသည်။ ကျောင်းဝင်းနှင့် ကပ်လျက် ဝင်းထဲရှိ အိမ်ကလေးတစ်လုံးထဲသို့ စောစောက အိတ်သယ်သွားသော ကလေး သည် ပြေးဝင်သွား၏။ ဖေဖေ့အိမ်၊ အိမ်ကလေးက ခပ်သေးသေး ဖြစ်၏။

ဝါးကပ်ကာ၊ အထပ်သားမိုး၊ သပ်သပ်ရပ်ရပ်တော့ ရှိသည်။ အိမ်အာမှာ ရပ်သည်။ ကိုအေးချစ်က နည်းနည်းနောက်ချန်၍ နေခဲ့၏။ ခိုင်မာမာ အိမ်ထဲသို့ ဝင်လိုက်သည်။ အထဲမှာ အလင်းရောင် ခပ်အုံ့အုံ့၊ဖေဖေသည် အိမ်ရှေ့ခန်းတွင် ပက်လက်ကုလားထိုင် တစ်လုံးပေါ်မှာ အိပ်နေ သည်။ မှိန်းနေတာလည်း ဖြစ်ချင်ဖြစ်မည်။ ကိုယ်အောက်ပိုင်းကို စောင်ခြုံထား သည်။ ပက်လက်ကုလားထိုင်ဘေးက ကြမ်းပေါ်မှာ တုတ်ကောက်တစ်ချောင်း။ ဖေဖေ့ရုပ်သွင်သည် သူ့စိတ်ကူး အိပ်မက်ထဲကနှင့် တခြားစီ ဖြစ်နေသည်။ ဖေဖေသည် မေမေ့ထက် အသက် သုံးလေးနှစ်သာ ကြီးပါလျက် များစွာ အိုမင်းရင့်ရော်နေသည်။ ဖေဖေက တော်တော်ပိန်သည်။ မျက်နှာက ချောင်ကျနေပြီး ပါးရိုးငေါငေါထွက်ချင်နေသည်။ ဖေဖေ့ဆံပင်များသည် အဖြူနှင့် အမည်းရောပြီး မီးခိုးရောင် သန်းနေသည်။ နားသယ်စပ်များမှာတော့ သိသိသာသာ ဖြူနေပြီ။ မေးရိုးတွေကတော့ ကြံ့ကြံ့ခိုင်ခိုင် ရှိနေတုန်း။ ဘာပဲ ဖြစ်ဖြစ် ဖေဖေ့လက်ရှိ ရုပ်သွင်သည် တစ်ချိန်သောအခါက မေမေ့ခင်ပွန်း ဖြစ်ခဲ့သည်ဆိုသော အချက်နှင့် ဆက်စပ်ဖို့ မယုံကြည်နိုင်ဖွယ်ပင်။ သို့ရာတွင် ဒါ ဖေဖေပဲ ဆိုတာတော့ သူ လုံးဝ ယုံကြည်သည်။

ဖေဖေ မျက်စိဖွင့်ကြည့်သည်။ သူ့ကို မြင်သည်။ သမီးမှန်း ချက်ချင်း သိသည်။ ဖေဖေ့မျက်လုံးသည် အရောင်လက်လာသည်။

”သမီး”

ဖေဖေ့ကိုယ်က မတ်ခနဲ ဖြစ်သွား၏။ စိတ်ကူးထဲမှာတုန်းကတော့ ဖေဖေ့ကိုတွေ့လျှင် ဖေဖေဟု ခေါ်ပြီး ပြေးဖက်မိလိမ့်မည်ဟု ထင်ခဲ့သည်။ ပြီးတော့ တစ်သက်လုံး အောင့်ထားသမျှ ငိုချမိကောင်း .. ငိုချလိမ့်မည်ဟု တွေးခဲ့သည်။

ခုကျတော့ ဒီလို မဟုတ်။ သူသည် ဖေဖေ့ကို ခဏမျှ ငေးကြည့်နေ ပြီးမှ အနားသို့ လျှောက်သွားသည်။ ဖေဖေ့ဘေးမှာ ဒူးထောက် ထိုင်ချလိုက် သည်။ ဖေဖေက သူ့ကိုပြန်၍ ငေးကြည့်နေ၏။ နှစ်ဦးစလုံးသည် တစ်ဦးကို တစ်ဦး ငေးကြည့်ရင်း မှင်တက်မိသလို ဖြစ်နေသည်။

သမီးနှင့် အဖေ။

နှစ်ပေါင်းများစွာ ကွဲကွာနေကြသော၊ မမြင်မတွေ့ခဲ့ရသော သမီးနှင့် အဖေ။ ဒါ တကယ်ဖြစ်နေတာ၊ အိပ်မက်မဟုတ်ဘူးဟု ခိုင်မာမာ စိတ်ထဲက အထပ်ထပ် ရေရွတ်နေသည်။

ကုလားထိုင်လက်တန်းပေါ် တင်ထားသော ဖေဖေ့လက်ကို ကြည့်လိုက်သည်။ စိုပြည်ခြင်းမရှိသော ဖေဖေ့လက်များသည် အကြောပြိုင်းပြိုင်းထနေသည်။ ကုလားထိုင် လက်တန်းကို ညှောင်မြစ်လို ဆုပ်တွယ်ထားသည်။ ခိုင်မာမာသည် ဖေဖေ့လက်ကို ဆုပ်ကိုင်ထားလိုက်၏။ ဖေဖေ့လက်က မာကျောသော်လည်း နွေးထွေးနေသည် ထင်ရ၏။ ဖေဖေ၏ လက်တစ်ဖက်က သူ့ဆံပင်များကို ပွတ်သပ်နေသည်။

"သမီးရဲ့ရုပ်က ဖေဖေ မှန်းထားတဲ့ အတိုင်းပဲ၊ တစ်ခုပဲ လွဲသွား တယ်၊ သမီး အသက် နှစ်ဆယ်ကျော်ပြီမှန်း သိနေပေမယ့် ဖေဖေ့စိတ်ထဲမှာ ကလေးလို ထင်နေတာတစ်ခုပဲ၊ သမီးက ဖေဖေ ထင်ထားတာထက် အများကြီး ပိုပြီး ရင့်ကျက်ပုံရတယ်"

ဟု ဦးမြတ်ထွန်းက ပြောသည်။ ကိုအေးချစ်ကတော့ သူတို့ သားအဖ နှစ်ယောက် ရုပ်ချင်းလည်း တူတယ်ဟု တွေးနေသည်။ ခိုင်မာမာက

"ဖေဖေ နေမကောင်းဘူးဆို ဘာဖြစ်တာလဲ"

"ဟုတ်တယ် သမီး၊ ခုတော့ သက်သာသွားပါပြီ"

"ဆရာထွန်းက သိပ်ပေတာကိုး၊ ကျွန်တော်တို့လည်း ပြောလို့မရဘူး၊ ခုဖြစ်ရတာက စပါးတွေရိတ်ပြီးခါစတုန်းက အခါမဲ့ မိုးတစ်ခါရွာသေးတယ်။ စပါးတွေ မိုးမစိုအောင် အမိုးအကာအောက် ရွှေ့ကြတာမှာ ဆရာထွန်းက ဝင်ကူတာလေ၊ မလုပ်ပါနဲ့ဆိုတာ ဘယ်လိုမှ တားလို့မရဘူး၊ မိုးကလေးကလည်း တဖွဲဖွဲနဲ့ဆိုတော့"

ကိုအေးချစ်က ပြောနေတုန်း ဦးမြတ်ထွန်းက ဝင်၍

"ငါနိုင်သလောက် ဝင်ကူတာပဲကွ၊ အေး ... ငါက သိပ်သန်စွမ်းတာ မဟုတ်တော့ အရာရောက်ချင်မှ ရောက်မယ်၊ ဒါပေမဲ့ ငါကူသယ်ပေးလို့ စပါးတစ်တင်းပဲ ရရ၊ ဒီရွာအတွက် တစ်ခုခု ငါလုပ်လိုက်ရတာကိုတော့ ကျေနပ်တယ်"

"အဲဒီလို လုပ်လို့ ဖြစ်တာပေါ့၊ အဲဒီတုန်းက မိုးကလေးက တဖွဲဖွဲ ရွာလိုက် တိတ်လိုက်နဲ့၊ ဆရာထွန်းက နဂိုကတည်းက ကျန်းမာရေး သိပ်ကောင်း တာ မဟုတ်တော့ လဲတာပေါ့၊ ကျွန်တော်တို့ရွာအဖို့ စပါးတင်း တစ်ရာလောက် မိုးစိုတာထက် ဆရာထွန်း မိုးစိုတာက ပိုပြီး အရေးကြီးတယ်""

ကိုအေးချစ်နှင့် ဦးမြတ်ထွန်းတို့ အပြန်အလှန် ပြောနေကြပံ့မှာ ဆရာရင်း တပည့်ရင်းလို၊ သားအဖလို ပုံစံမျိုး ဖြစ်ကြောင်း ခိုင်မာမာ သိလိုက်ရသည်။ သူတို့နှစ်ဦး၏ ရင်းနှီးမှု အတိုင်းအတာကိုလည်း တွက်မိသည်။ ဦးမြတ်ထွန်းကို ဒီရွာက တော်တော် တန်ဖိုးထားကြကြောင်း သတိပြုမိသည်။

"""ဆရာဝန်မခေါ်ဘူးလား"

ခိုင်မာမာက မေးသည်။

"ကျန်းမာရေးမှူးကတော့ တစ်ပတ်ကိုတစ်ရက် ဒီရွာကို လာတယ်၊ သူပဲ ဝင်ဝင်ကြည့်ပေးနေတယ်"

"ဆရာဝန် ခေါ်ရမှာပေါ့၊ ကျွန်မ မြို့က ဆရာဝန် သွားခေါ်ချင်တယ်"

""ဒီလောက် မလိုသေးပါဘူး သမီးရယ်၊ ဖေဖေလည်း တော်တော် သက်သာသွားပါပြီ၊ ခြေထောက်တွေ ကိုက်တာလောက်ပဲ ကျန်နေပါတယ်၊ အခု ဒီရွာက ဆေးဆရာ ဦးမြဝင်းနဲ့ ကုနေတယ်၊ အခုတော့ ဖေဖေ့ ရောဂါကို လုံးဝ ပျောက်အောင် ကုပေးမယ့်လူ ရောက်လာပြီပဲ၊ အဲဒီလူက သမီးပဲပေါ့"

ခိုင်မာမာက ဦးမြတ်ထွန်း ဝတ်ထားသော စစ်ဆွယ်တာ အဟောင်း ကြီးကို သတိပြုမိလိုက်သည်။ သူ့အဝတ်အစားအိတ်ကို ယူပြီး အထဲက စက္ကူအိတ်ကြီး တစ်ခုကို ထုတ်လိုက်သည်။

"ဖေဖေ့အတွက် ပုဆိုးနဲ့ ဆွယ်တာ ဝယ်လာခဲ့တယ်"

စက္ကူအိတ်ကို ဦးမြတ်ထွန်းပေါင်ပေါ် တင်ပေးသည်။

"ဘာဖြစ်လို့ ဝယ်လာရတာလဲ သမီးရယ်"

"ဖေဖေ့ကို ကန်တော့ဖို့ပါ၊ ဖေဖေ့ကို သမီး တစ်ခါမှ မကန်တော့ ရသေးဘူး မဟုတ်လား"

ခိုင်မာမာက လက်အုပ်ချီသည်။ ဦးချသည်။ ဦးမြတ်ထွန်းက သူ့ ပေါင်ပေါ် လက်တင်ထားလိုက်သည်။

"ဖေဖေ သိပ်ဝမ်းသာတယ် သမီး"ဟူ၍သာ ပြောသည်။

ကိုအေးချစ်သည် သူသွားဖို့ အချိန်တော်ပြီဟု တွေးလိုက်သည်။ သူတို့နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် ပြောစရာတွေ အများကြီး ရှိပေ လိမ့်မည်။ ထို့ကြောင့်

"ဆရာထွန်း၊ ကျွန်တော် သွားဦးမယ်၊ သူ့အတွက် ညနေစာစားဖို့တို့၊ နေဖို့ထိုင်ဖို့တို့ စီစဉ်ရဦးမယ်၊ မခိုင်မာမာ သွားဦးမယ်"

ဟု နှုတ်ဆက်ပြီး ထွက်သွားသည်။

သားအဖနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် အတော် ကြာအောင် ကြည့်မိနေကြသည်။ နှစ်ယောက်စလုံးမှာ ပြောစရာစကားတွေ အများကြီး။ ခိုင်မာမာအတွက် မေးစရာတွေ။ ဦးမြတ်ထွန်းအဖို့တော့ ရှင်းပြစရာတွေ။

သူတို့သည် စကားတွေ အများကြီး ပြောကြသည်။ ဦးမြတ်ထွန်းက ပြောပြီး ခိုင်မာမာက နားထောင်ရသည့်အခါက ပိုသည်။

"အိမ်က ထွက်လာခဲ့ပြီးတဲ့နောက် သမီးကို ဖေဖေနဲ့အတူ ခေါ်ထား မယ်လို့ စိတ်ကူးခဲ့သေးတယ်၊ ဒါပေမဲ့ လက်တွေ့မှာ ဒီကိစ္စဟာ မဖြစ်နိုင်တဲ့ ကိစ္စပဲ၊ အဲဒီအချိန်က ဖေဖေ ဖေဖေ ကိုယ်တိုင်တောင် နေစရာ အတည်တကျ မရှိသေးတဲ့ အချိန်၊ ပြီးတော့ ဖေဖေက ခရီးခဏခဏ ထွက်နေရတဲ့သူ၊ သမီးကို ဘယ်မှာ ထားမလဲ၊ ဘယ်သူနဲ့ ထားခဲ့မလဲ၊ ဒါ့အပြင် ဖေဖေရဲ့ လုပ်ငန်းအခြေအနေက မရေရာဘူး၊ အဲဒါတွေကြောင့် သမီး ဒုက္ခရောက်မှာ စိုးတယ်၊ ဒါကြောင့် သမီးကို သမီးအမေနဲ့ပဲ

ထားဖို့ ဖေဖေ သဘောတူခဲ့ရတယ်၊ တစ်လတစ်ကြိမ် လာတွေ့ရုံနဲ့ ကျေနပ်ခဲ့ရတယ်”

ဦးမြတ်ထွန်း စကားခဏနားသည်။ ရေနွေးကြမ်းအိုးကို ကြည့်သည်။ ခိုင်မာမာက တစ်ပန်းကန် ငှဲ့ပေးသည်။ သိပ်မပူတော့သဖြင့် တစ်ကျိုက်တည်း မော့သောက်လိုက်ပြီး-

.. အဲဒီမှာရှိတဲ့ မှောင်ခိုလုပ်ငန်းအကြောင်း သတင်းလိုချင်လို့ ကြားစခန်းတစ်ခု ဖေဖေ နောက်ဆုံး ခရီးတစ်ခေါက်ထွက်တာက နယ်စပ်ဘက်ကို၊ အရောက်မှာ ပြဿနာ တက်တော့တာပဲ၊ ဖေဖေက မှောင်ခိုလုပ်ငန်းလုပ်မယ့် လူတစ်ယောက် ပုံစံမျိုးနဲ့ သွားတာ၊ ဖြစ်ချင်တော့ အဲဒီ နယ်တစ်ဝိုက်မှာလုပ်ငန်းကို ကြီးကိုင်ထားတဲ့လူက ဖေဖေ့ကို သိနေတယ်၊ အဲဒီလူကတော့ ဝီလီတောက်ထိန်ဆိုတဲ့လူပဲ၊ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရတာပေါ့၊ ဝီလီတောက်ထိန် ဆိုတာ သမီး သိချင်မှ သိမယ်၊ သူ့အဖေက သမီးအဘိုးနဲ့ လုပ်ငန်းစပ်တူ လုပ်ခဲ့တာ၊ ပြီးတော့ သမီးမေမေကို သူနဲ့ နေရာချထားပေးဖို့လည်း လူကြီးတွေက စီစဉ်ခဲ့ဖူးတယ်၊ သမီးအမေက ဖေဖေ့ကို လက်ထပ်လိုက်တဲ့အတွက် သူ တော်တော်ခံပြင်းသွားတယ်၊ ဒီကြားထဲမှာ ဖေဖေက သူတို့ သစ်စက် အလုပ် သမားတွေ အကြောင်း ဆောင်းပါးရေးခဲ့လို့ ပိုပြီး အခဲမကျေ ဖြစ်သွားတယ်၊ နောက်တစ်ခါ သူတို့ မှောင်ခိုလုပ်ငန်းအကြောင်း သတင်းယူဖို့ ရောက်လာ ပြန်ပြီဆိုတော့ ပိုဆိုးတာပေါ့”

ခိုင်မာမာ စိတ်ဝင်စားစွာ နားထောင်နေသည်။ ဦးမြတ်ထွန်း ဆက်ပြောသည်။

““ဖေဖေကတော့ သူ အဲဒီမှာ ရှိနေမှန်း မသိခဲ့ဘူး၊ သူက ဖေဖေ့ကို အပျောက်ရှင်းဖို့ ကြံစည်တယ်၊ သူ လက်သပ်မွေးထားတဲ့ လူမိုက်တွေကို ခိုင်းတာပေါ့၊ တစ်နေ့မှာ အဲဒီလူတွေက ဖေဖေ့ကို သူတို့ ခေါင်းဆောင်နဲ့ မိတ်ဆက်ပေးမယ်လို့ ပြောပြီး ခေါ်သွားတယ်၊ ဖေဖေကလည်း ဘာမှ မသိ သေးတော့ ဝမ်းသာအားရ လိုက်သွားတာပေါ့၊ တောထဲရောက်မှ ဖေဖေ ရိပ်မိလာတယ်၊ ဒါနဲ့ သူတို့ကို ဖေဖေ လှည့်စားပြီး ထွက်ပြေးတယ်၊ သူတို့က နောက်က ထက်ကြပ်မကွာ လိုက်တယ်၊ ဖေဖေ့ကို သေနတ်နဲ့ လှမ်းပစ်တာ ခြေထောက်ကို ရှပ်မှန်သွားတယ်၊ ဒါပေမဲ့ သူတို့ မျက်ခြည်ပြတ်ပြီး ကျန်ခဲ့တယ်”

ခိုင်မာမာသည် ထိုစဉ်က ဖေဖေ လွတ်မြောက်လာခဲ့ကြောင်း သိနေပါလျက် ရင်တဖိုဖို ဖြစ်နေရသည်။

“ဖေဖေလည်း သေနတ်ဒဏ်ရာကြောင့် ခရီးမတွင်တာက တစ်ကြောင်း၊ လမ်းပျောက်ပြီး တဝဲလည်လည် ဖြစ်နေတာက တစ်ကြောင်း သုံးရက်လောက် တောထဲမှာ ကြာနေတယ်၊ နောက်ဆုံး ပောဟိုတောင်ရိုးရဲ့ တစ်ဖက် တောစပ် ကိုအရောက်မှာ မခံနိုင်တော့ဘဲ သတိလစ် လဲကျသွားတယ်၊ ဒီရွာက အမဲလိုက် ထွက်လာတဲ့ လူတွေက တွေ့လို့ ရွာကို သယ်လာခဲ့ကြတယ်၊ ရွာက လူတွေက ဖေဖေ့ကို ဆေးကုပေးကြ၊ ကျွေးမွေး ပြုစုကြနဲ့ ဖေဖေ အသက်ရှင်ခဲ့ရတယ်၊ဒါပေမဲ့ ဖေဖေ့ ခြေထောက်တွေကတော့ သေနတ်ဒဏ်ရာနဲ့ သုံးရက်လောက် ကြာခဲ့တဲ့အတွက် ကောင်းကောင်း မသန်တော့ဘူး၊ အစပိုင်းတုန်းက လမ်းတောင် မလျှောက်နိုင်ဘူး၊ ခြေတစ်လှမ်း လှမ်းဖို့ကို တုန်တုန်ချည့်ချည့်နဲ့ မ နေရတယ်” မနည်းအားယူ

ခိုင်မာမာ သက်ပြင်းချသည်။ စောင်ခြုံထားသော ဖေဖေ့ခြေထောက် များကို ကြည့်သည်။

"ဖေဖေ့ခြေထောက်တွေ ခုလောက် ပြန်ကောင်းလာတာ အံ့ဩစရာပဲ၊ ဟိုအချိန်ကတော့ တကယ့် ဒုက္ခိတတစ်ယောက်နဲ့ ဘာမှ မထူးဘူး သမီး၊ အဲဒီလို အခြေအနေမျိုးမှာ ဖေဖေ ရန်ကုန်ကို ဘယ်လိုလုပ် ပြန်လာ မလဲ၊ ဘာလုပ်စားမလဲ၊ သတင်းထောက် တစ်ယောက်ဟာ မျက်စိရယ်၊ နားရယ်၊ ခြေထောက်ရယ်ကို အားကိုးနေရတာ မဟုတ်လား၊ ရွာက လူတွေ ကတော့ ဖေဖေ့ကို အားပေးကြပါတယ်၊ သူတို့ရွာမှာပဲ နေဖို့၊ ထမင်းတစ်လုတ် စားရဖို့အတွက်တော့ ပူစရာ မရှိတဲ့အကြောင်း ပြောကြတယ်၊ ဖေဖေ စဉ်းစား ရပြီ၊ ဒီရွာက လူတွေဟာ ဖေဖေ့ အသက်သခင် ကျေးဇူးရှင်တွေ၊ စိတ်သဘောထား သိပ်ဖြူစင်တဲ့လူတွေ၊ ဒီလူတွေကို ကျေးဇူး ပြန်ဆပ်ဖို့လည်း ဖေဖေ့မှာ တာဝန် ရှိသေးတယ်၊ ဒါကြောင့် ဖေဖေ ဒီရွာမှာနေပြီး ဒီရွာရဲ့အကျိုးကို တတ်နိုင်သမျှ ဆောင်ရွက်မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ အဲဒီလို ဆုံးဖြတ်ရာမှာ အကြီးမားဆုံး အခက်အခဲကတော့ သမီးကို မတွေ့ရတော့ဘဲ နေရမယ့် ကိစ္စပါပဲ၊ ဒါပေမဲ့ အခြေအနေအရ ဖေဖေ ဘာတတ်နိုင်မှာလဲ"

ခိုင်မာမာ စကားဝင်မထောက်ဘဲ ဆက်နားထောင်သည်။

"ဖေဖေ လုပ်နိုင်တာက ရွာက ကလေးတွေကို စာသင်ပေးဖို့ပဲ၊ အဲဒီ အချိန်မှာ ဒီမှာ မူလတန်းကျောင်း မရှိသေးဘူး၊ ကလေးတွေက ဘုန်းတော်ကြီး ကျောင်းမှာပဲ စာသင်ကြရတယ်၊ ဒါနဲ့ ဖေဖေလည်း ဘုန်းကြီးကျောင်းမှာ သွားနေပြီး ကလေးတွေကို စာသင်ပေးတယ်၊ တစ်ဖက်ကလည်း မူလတန်း တည်ထောင်နိုင်အောင် ကြိုးစားတယ်၊ လေးငါးနှစ်လောက်ကြာတော့ ကျောင်း ဖေဖေ့ခြေထောက်က တော်တော်လေး ကောင်းလာတယ်၊ ရန်ကုန်ကို ပြန်ရင် ကောင်းမလား စိတ်ကူးကြည့်တယ်၊ အဓိကကတော့ သမီးကို တွေ့ချင်လို့ပေါ့၊ ဒါပေမဲ့ ဒီရွာက လူတွေက ဖေဖေ့ကို ဆွေမျိုးရင်းချာလို သံယောဇဉ် ဖြစ်နေ ကြပြီ၊ ဖေဖေကလည်း သူတို့နဲ့နေရတာ စိတ်ချမ်းသာနေပြီ၊ နောက်ပြီးရန်ကုန်က လူတွေကလည်း ဖေဖေ့ကို သေပြီလို့ ထင်ထားကြမှာ သေချာတယ်၊ သမီး အမေကလည်း သမီးကို အဲဒီလို ပြောထားမှာပဲ၊ ဒီအချိန်ကျမှ ဖေဖေက ရန်ကုန် ပြန်လာလို့ ဘာထူးတော့မှာလဲ၊ ဘာအကျိုး ရှိတော့မှာလဲ၊ နောက်တစ်ချက်ကတော့ အဲဒီအချိန်က သမီးဟာ ငယ်သေးတယ် မရှိတော့ဘူးလို့ ထင်နေရာက ရုတ်တရက် ဖေဖေ ပြန်ရောက်လာရင် သမီးခံနိုင်ရည်ရှိမှာ မဟုတ်သေးဘူး၊ နောက်ပြီးတော့လည်း ဖေဖေဟာ သမီးကို ခဏတစ်ဖြုတ် လာတွေ့ရုံပဲ တွေ့နိုင်မယ်၊ အဖေရော အမေပါ ရှိပါရက်နဲ့ အတူတူ မနေရဘဲ တကွဲစီဖြစ်နေရတာထက်စာရင် အဖေ မရှိတော့ဘူးလို့ ထင်နေရတာ သမီးအတွက် ပိုပြီး ဖြေသာလိမ့်မယ် ထင်လို့ ဖေဖေ လာမတွေ့ဘဲ နေခဲ့တာပဲ"

ခိုင်မာမာ အံ့ဩသွားသည်။ မေမေကလည်း ဖေဖေ မရှိတော့ဘူးဟု ပြောခဲ့ရသည့် အကြောင်းကို ရှင်းပြရာ၌ ထိုစကားမျိုးပင် ပြောခဲ့သည်။ အယူအဆချင်း မတူညီ၍ ကွဲကွာခဲ့ကြသောသူ နှစ်ဦးသည် အဘယ်ကြောင့် စိတ်ကူးချင်း တိုက်ဆိုင်နေရသနည်း။

"ခုတော့ ဖေဖေလည်း အသက်ကြီးလာပြီ၊ သမီးလည်း ခံနိုင်ရည် ရှိလောက်အောင် ရင့်ကျက်လာပြီ၊ နောက်ပြီး မကျန်းမမာ ဖြစ်နေတဲ့အချိန်မှာ သမီးကို ပိုပြီး တွေ့ချင်နေတယ်၊ သမီးကို ဖေဖေ နှစ်ပေါင်းများစွာ ပစ်ထား သလို ဖြစ်နေတဲ့အတွက် ဖေဖေ့ကို ခွင့်လွှတ်နော် သမီး" ..

"ဖေဖေရယ်၊ ဖေဖေ ပြောတာတွေ သမီး နားလည် သဘောပေါက်ပါတယ်၊ သမီးအတွက် ဖေဖေနဲ့ တွေ့ရတာကလွဲပြီး တခြား ဘာမှ ခေါင်းထဲမှာ မထားပါဘူး"

"ဖေဖေ ဝမ်းသာပါတယ် သမီး၊ သမီးကို ဖေဖေ တစ်နေ့မှ မမေ့ခဲ့ဘူးဆိုတာတော့ ယုံပါ"

"သမီး ယုံပါတယ် ဖေဖေ၊ သမီးစိတ်ထဲမှာလည်း ဖေဖေဟာရှိနေတုန်းပါလို့ အမြဲတမ်း ယုံကြည်ခဲ့ပါတယ်"

*****

အခန်း [၃၂]

ပြည်သာရွာကလေးက သာယာသည်။ မူလက ရွာလယ်လမ်း တစ်ဖက် တစ်ချက်မှာ အိမ်ခြေတွေ တည်ထားသော ရွာတန်းရှည်ဖြစ်ဟန် တူသည်။ နောက်တော့ တဖြည်းဖြည်း တိုးချဲ့လာရာ ရွာဝိုင်းပုံသဏ္ဌာန် ဖြစ်လာ ခဲ့သည်။

အိမ်တွေအားလုံး ကိုယ့်ဝင်းနှင့်ကိုယ်။ ရွာအကွက်ချထားပုံက စနစ်ကျသည်။ ရွာ၏ အနောက်ဘက် နှစ်မိုင်၊ သုံးမိုင်ခန့် အကွာတွင် တောင်ရိုးကလေးတစ်ခုက နောက်ခံပန်းချီကား တစ်ချပ်လို ကာရံထားသည်။

ရွာသူ ရွာသားများက ရိုးသားပွင့်လင်းကြသည်။ ကြံ့ခိုင်သန်စွမ်းပြီး ဖျတ်ဖျတ်လတ်လတ် ရှိကြသည်။ ရွာ၏ စီးပွားရေးအခြေအနေသည်လည်း အတန်အသင့် ကောင်းပုံရသည်။

ဖေဖေ့ကို လေးစားကြ၊ ဂရုစိုက်ကြကြောင်းကို မျက်မြင်တွေ့ရသည်။ ဖေဖေ့ကို သတင်းလာမေးကြသူတွေ တဖွဲဖွဲလာကြသည်။ ပျားရည်၊ နွားနို့၊ ကြက်ဥ စသည်တို့ လာပေးကြသည်။

နောက် အကြောင်းတစ်ခုလည်း ရှိသည်။ ဆရာထွန်းသမီး ရောက်နေ တယ်တဲ့ဟု သတင်းကြားသဖြင့် လာကြည့်ကြခြင်း ဖြစ်သည်။ သူတို့က ခိုင်မာမာကိုလည်း သဘောကျဟန်တူသည်။ အမျိုးသမီးများက ဆိုလျှင်

“ဟယ် .. ဆရာထွန်း သမီးက ချောလိုက်တာ”

“ဟုတ်ပါရဲ့ ဖြူဖြူစင်စင်၊ သန့်သန့်ရှင်းရှင်း ချစ်စရာလေး”

ဟူ၍ ပါးစပ်ကပင် ထုတ်ဖော် ချီးကျူးကြသည်။ အစတော့ ခိုင်မာမာ မနေတတ်၊ မထိုင်တတ် ဖြစ်နေသေးသည်။ နောက်မှ ဒီကလူတွေသည် ဝမ်းထဲမှာ မြိုမထားတတ်၊ ပြောစရာရှိ ပွင့်ပွင့်လင်းလင်း ပြောချလိုက်ရမှ ကျေနပ်သူများဖြစ်ကြောင်း တွေးမိသွားသည်။

ဖေဖေသည် သူရောက်လာသည့်အတွက် အလွန်ပျော်ရွှင်နေပုံရသည်။ မကျန်းမာ ဖြစ်နေသဖြင့် အားနည်းနေသော်လည်း လန်းလန်းဆန်းဆန်း ဖြစ်လာ သည်။ အစားအသောက်လည်း ပိုစားလာသည်။ ခိုင်မာမာ ရောက်လာပြီး နှစ်ရက်၊ သုံးရက် အကြာမှာပင် သိသိသာသာ နေကောင်းလာသည်။ ခြံဝင်းထဲမှာ ခဏတစ်ဖြုတ် လမ်းလျှောက်နိုင်လာသည်။

ဖေဖေသည် လမ်းလျှောက်လျှင် တုတ်ကောက်ကို အားပြု၍ လျှောက်ရ သည်။ ဖေဖေ့ ခြေထောက်တစ်ဖက်က ကောင်းကောင်းမသန်ချေ။ ဟိုးအရင်က

သေနတ်ဒဏ်ရာဖြင့် တောထဲမှာ သုံးရက်လုံးလုံး နေခဲ့ရသဖြင့် အနာရင်းပြီး အကြောတွေ ထိခိုက်ခဲ့သောကြောင့် ဖြစ်သည်။ သိပ်ဆိုးဆိုးရွားရွား တော့ မဟုတ်။ တုတ်ကောက်ကို အားပြုပြီး ခပ်ဖြည်းဖြည်း လျှောက်လို့တော့ ရသည်။

အိမ်ဝင်းတွင်းမှာ ဖေဖေ လမ်းလျှောက်သောအခါ ခိုင်မာမာက ဘေးမှ လက်မောင်းကိုကိုင်၍ တွဲပေးသည်။ ဖေဖေက အစပိုင်းတွင် ငြင်းဆန်မည် ပြုသော်လည်း နောက်တော့ ကျေကျေနပ်နပ်ပင် အတွဲခံသည်။ သမီးက အဖေကိုတွဲပြီး လမ်းလျှောက်နေကြသည်ကို မြင်သော

ရွာက လူများက ကြည်နူးကျေနပ်သော မျက်နှာများဖြင့် ကြည့်သွားကြသည်။ ရွာက အနေအထိုင်၊ အစားအသောက်သည် ရန်ကုန်က အခြေအနေ နှင့် အများကြီးကွာသည်။ သူ့အတွက် အစစ အဆင်ပြေအောင် ကိုအေးချစ်က စီစဉ်ပေးသည့်တိုင်အောင် ရန်ကုန်အိမ်အဆင့်၏ သုံးပုံ တစ်ပုံလောက်တောင် မမီတာ သေချာသည်။

သူ အိပ်ရသည့် အိပ်ရာက ဖျာပေါ်မှာ စောင်ကြမ်းတစ်ထည် ခင်းထားခြင်း မျှသာ ဖြစ်သည်။ ရန်ကုန်မှာဆိုလျှင် စပရိန် ရေမြှုပ်မွေ့ရာနှင့်။ သို့ရာတွင် ဒီမှာ ရောက်ရောက်ချင်းညက မျက်စိကြောင်နေတာကလွဲလျှင် နောက်ရက်များ တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်ခဲ့သည်။ အစားအသောက်ကတော့ ခုထိ မဆင်းရဲလှသေး။ သူကြိုက်တတ်သောကော်ဖီခါးခါး မသောက်ရတာ တစ်ခုပဲရှိသည်။ နွားနို့တော့ စစ်စစ် သောက်ရ သည်။ ဖေဖေ့ တပည့်တွေက မနက်တိုင်း လာပို့ကြသည်။

ထမင်းကျတော့လည်း အိမ်မှာ မစားဖြစ်သလောက်ပင် ဖြစ်သည်။ သူရောက်ပြီး နောက်တစ်နေ့မှစ၍ ဟိုအိမ် ဒီအိမ်မှ ထမင်းစား ဖိတ်ကြသဖြင့် လျှောက်စားနေရသည်။ တစ်အိမ်မှာ တစ်နပ်စားလျှင်ပင် ရက်တော်တော်ကြာ အောင် အိမ်စေ့မည် မဟုတ်သေး။

ဟင်းတွေကတော့ သိပ်အကောင်းကြီး မဟုတ်။ သို့ရာတွင် တတ်နိုင် သမျှတော့ ဖွယ်ဖွယ်ရာရာဖြစ်အောင် ကြိုးစားထားကြသည်။ အထူးသဖြင့် ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်များနှင့် ဒီရွာက ဟင်းချက်ပုံ ချက်နည်း သည် သူ့အတွက် အပြောင်းအလဲ တစ်ခုလိုဖြစ်ပြီး ခံတွင်းတွေ့စရာ ဖြစ်နေ သည်။ သူသည် ရန်ကုန်မှာထက်ပိုပြီး ထမင်းစားနိုင်သည်။ ဒါတောင် လူတွေက အစားနည်းသည်ဟု ပြောကြသေးသည်။ ရွာက

သူ သဘောအကျဆုံးကတော့ လှပသော ရှုခင်းများပင် ဖြစ်သည်။ ရွာ၏ အရှေ့ဘက်ကို လမ်းမျှော်ကြည့်လျှင် ညိုညိုမှိုင်းမှိုင်း တောင်ရိုးကလေးကို လှမ်းမြင်ရသည်။ တောင်ရိုးပေါ်မှ နေထွက်လာသည့် မြင်ကွင်းသည် ရှုမငြီး ဖွယ်ပင်။

ဖေဖေသည် ဒီရွာကလေးမှာ ဘာကြောင့် နှစ်ပေါင်းများစွာ ကြာအောင်နေနိုင်ခဲ့သည်ကို သူ သဘောပေါက်လာခဲ့သည်။

ရွာမှာ သူ့အတွက် စကားပြောဖော်ကတော့ ကိုအေးချစ်ပင် ဖြစ်သည်။ ကိုအေးချစ်က မူလတန်းဆရာကလေး ဖြစ်၏။ ကျောင်းအားချိန်များတွင်ဖေဖေ့ကိုကြည့်ရင်း ရောက်လာတတ်သည်။

“ကျွန်တော်က ဆရာထွန်းရဲ့ တပည့်ရင်းပဲဗျာ၊ ဆရာထွန်းကလည်း ကျွန်တော့်ကို သူ့ရဲ့ အရင်းနှီးဆုံး တပည့်လို့ သဘောထားတာ” ဟု သူက ဂုဏ်ယူစွာ ပြောတတ်သည်။ ဖေဖေနှင့် ပတ်သက်၍လည်းသူ့ထံမှ ထပ်ပြီး သိလာရ၏။

“ဆရာထွန်း ရောက်လာမှ ဒီရွာက အရမ်းတိုးတက်လာတာ၊ ဟိုအရင်ကဆိုရင် ဒီမှာ အိမ်သာတောင် ရှိတာ မဟုတ်ဘူး၊ ရွာကလည်းညီညွတ်သွားကြတာ၊ ရွာမှာ မူလတန်းကျောင်း ဖြစ်လာအောင်၊ သောက်ရေ၊ သုံးရေအတွက် အဝီစိတွင်းဖြစ်လာအောင် ဆရာထွန်းပဲ ဦးဆောင်လုပ်ခဲ့တာ၊ ဒါကြောင့် ရွာက ဆရာထွန်းကို အသည်းစွဲ ဖြစ်နေကြတာပေါ့ ”

ခိုင်မာမာသည် ဖေဖေ့အတွက် ဝမ်းမြောက်ဂုဏ်ယူရသည်။ သူ့ကို နှစ်ပေါင်းများစွာ လာမတွေ့ဘဲ နေနေသည့် အချိန်ကာလများတွင် ဖေဖေသည် အကျိုးမဲ့ နေခဲ့ခြင်း မဟုတ်ပါလားဟု တွေးမိသည်။ ဖေဖေသည် မိမိကို ပစ်ထားခဲ့သည်ဟု မယူဆချေ၊ အမြဲ သတိရနေလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်သည်။

“ကိုအေးချစ်ကရော ဒီရွာသားပဲလား”ဟု ခိုင်မာမာက မေးသည်။

“ဟုတ်ပါတယ်၊ ကျွန်တော့် မိဘများက ဒီရွာမှာ လယ်ကလေး ချောင်းကလေး ပိုင်တယ်၊ အတန်အသင့် အခြေအနေ ဆိုပါစို့၊ ဒါပေမဲ့ ဆရာထွန်း နဲ့သာ မတွေ့ရင် ကျွန်တော်လည်း ပညာတတ်တစ်ယောက် ဖြစ်လာမှာ မဟုတ်ဘူး၊ ဆရာထွန်းက ကျွန်တော့်ကို စာသင်ပေးခဲ့တယ်၊ ဆရာထွန်းရဲ့ ကျေးဇူးကြောင့် ကျွန်တော် ဆယ်တန်းအောင်ခဲ့တာပဲ၊ ဆရာထွန်းရဲ့ တိုက်တွန်း ချက်ကြောင့် ကျွန်တော် ဘွဲ့ရခဲ့တာပဲ၊ ကျွန်တော် မြို့မှာ အလုပ်လုပ်မယ်ဆိုရင် ဖြစ်ပါတယ်၊ ဒါပေမဲ့ ဆရာထွန်း သံယောဇဉ်ကြောင့် ကျွန်တော် ဒီမှာပဲ ကျောင်းဆရာ ပြန်လုပ်နေတာပါ”

“မိဘတွေကရော”

““ကျွန်တော့် မိဘတွေက မရှိတော့ပါဘူး၊ အစ်ကိုနဲ့ အစ်မတော့ ရှိသေးတယ်၊ မိဘတွေ ဆုံးပြီးတဲ့နောက် မြို့ပေါ်ပြောင်းပြီး ရက်ကန်းလုပ်နေ ကြတယ်”

”ဩော် ...... ကျွန်မ ရန်ကုန်ကနေ ဖုံးနံပါတ်ပေးထားတဲ့ အိမ်လား”

“မဟုတ်ပါဘူး၊အဲဒီအိမ်က လုပ်ငန်းကြီးတယ်၊ ကျွန်တော့် အစ်ကိုတွေ အစ်မတွေက ရက်ကန်းစင် လေးငါးစင်လောက်နဲ့ လုပ်နေတာပါ၊ ချည်ကြမ်း လုံချည်တွေ ရက်တယ်၊ တစ်ရက်လောက် မခိုင်မာမာ လိုက်လည်ပါလား၊ ရွာမှာချည်း နေရတာ ပျင်းမှာပေါ့”

“ကောင်းသားပဲ၊ ကျွန်မလည်း ဖေဖေ့အတွက် အားဆေးတို့၊ မုန့်တို့ဝယ်ချင်တယ်၊ ပြီးတော့ မေမေ့ဆီလည်း ဖုန်းဆက်ချင်တယ်၊ ကျွန်မ မေမေ့ကို သုံးလေးရက်လောက်ပဲ နေမယ်လို့ ပြောလာတာ၊ ခုတစ်ပတ်ကျော်နေပြီ၊ မေမေ စိတ်ပူနေမှာစိုးလို့”

ကိုအေးချစ် မျက်နှာပေါ်တွင် စူးစမ်းလိုသော အရိပ်လက္ခဏာများ ပေါ်လာသည်။ သို့ရာတွင် သူက မေမေနှင့် ပတ်သက်၍ ဘာမျှ မမေး။

“မခိုင်မာမာ စက်ဘီး စီးတတ်သလား”ဟူ၍သာ စကားပြောင်း၍ မေးသည်။

“စီးတတ်ပါတယ်”

“ဒါဆို ကျွန်တော်တို့ မြို့ကို စက်ဘီးနဲ့ သွားကြရအောင်”

✳✳✳✳✳

အခန်း [၃၃]

သမီးသွားတာ တစ်ပတ်ကျော်ပြီ။ သွားတုန်းကတော့ သုံးလေးရက်သာ ကြာမည် ဟု ပြောသွားခဲ့သည်။ သမီး သွားမည် ဆိုကတည်းက ထို့ထက်မက ကြာနိုင်သည်ဟု ဒေါ်ခင်မိ ခန့်မှန်းခဲ့ပြီးသား ဖြစ်သည်။ နှစ်ပေါင်း ၂၀ နီးပါးကြာအောင် ကွဲကွာနေခဲ့သော ဖခင်ဖြစ်သူနှင့် တွေ့ဖို့သွားသော သမီးသည် ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်ဆီ သွားလည်သကဲ့သို့ သုံးလေးရက်နှင့် ပြန်လာလိမ့်မည် မဟုတ်ကြောင်း သူ ကောင်းကောင်း သိပါသည်။

ဘယ်လောက် ကြာနိုင်သည် ဆိုတာသာ သူမသိခြင်း ဖြစ်သည်။ သမီးနှင့် သူ့အဖေတွေ့လျှင် ဘာတွေ ပြောကြမည်နည်း။ ကိုမြတ်ထွန်းက သမီးဆီ အဆက်အသွယ်မလုပ်ဘဲ ကြာရှည်စွာ နေခဲ့သည့်အကြောင်းကို ရှင်းပြ လိမ့်မည်။ သူက ဘယ်လို အကြောင်းပြမလဲ။ သူ့စကားကို သမီးက ယုံကြည် မလား။ ခုလောက်ဆို ယုံကြည်လောက်ပြီဟု တွက်လိုက်သည်။

မိမိတို့နှစ်ယောက် လမ်းခွဲခဲ့ကြသည့် အကြောင်းကိုလည်း ကိုမြတ်ထွန်း ပြောပြလိမ့်မည်ပင် ဖြစ်သည်။ ထိုပြဿနာတွင် မိမိအပေါ် အပြစ်တွေ ပုံချပြီး ပြောလေမလား။ သမီးက ယုံမလား။ ယုံပြီး မိမိကို အပြစ်တွေ တင်နေမလား။

ကိုမြတ်ထွန်းက သမီးကို သူနှင့် အတူတူနေရန် စည်းရုံးမှာ သေချာသည်။ သမီး ဘယ်လို ဆုံးဖြတ်မလဲ။ "တစ်နေ့ကျရင် သမီးဟာ ကျုပ်ဆီကို ရောက်လာမှာပဲ" ဟု ကိုမြတ်ထွန်း ပြောခဲ့သည့် စကားကို သတိရလိုက်သည်။

တယ်လီဖုန်း မြည်သံ ထွက်ပေါ်လာသည်။ စားပွဲကို ကြက်မွေး တံမြက်စည်းဖြင့် ဖုန်သုတ်နေသော မကောက ဖုန်းကို ကိုင်မည်ပြုသည်။

"နေနေ မကော၊ ဒေါ်လေး ကိုင်မယ်"

တယ်လီဖုန်းရှိရာသို့ သူ ထသွားသည်။ ဒုတိယအကြိမ် ခေါင်းမလာင်းသံမြည်ပြီးနောက် သူ ဖုန်းကိုင်သည်။

"ဟယ်လို အမိန့်ရှိပါရှင်"

"မေမေလား"

"သမီး" ..

"မေမေ နေကောင်းရဲ့လား"

သူသည် ယောင်၍ ခေါင်းညိတ်လိုက်မိပြီးမှ -

"“အင်း.. ကောင်းပါတယ် သမီးရယ်၊ ခု သမီး ဘယ်က.

“မေမေ့ဆီ ဖုန်းဆက်ချင်လို့ မြို့ပေါ် တက်လာတာ၊ မေမေ စိတ်ပူနေမှာစိုးလို့”

“သမီး ဘယ်တော့လောက် ပြန်လာမလဲ”

ဟု သူ ပြောချင်နေသော စကားကို အလျင်အမြန် ပြောလိုက်သည်။

“အဲဒါ ပြောချင်လို့ မေမေ”

သမီးက ခဏဆိုင်းပြီးမှ -

“ဖေဖေက ကောင်းကောင်း မကျန်းမာသေးဘူး”"

"“အဲဒီတော့ -

သူ အလောဆုံးဆယ် စကားထောက်ပေးသည်။

“သမီး ဒီရက်ပိုင်းအတွင်းတော့ ပြန်လာနိုင်မှာ မဟုတ်သေးဘူး”

"“ဘယ်လောက် ကြာမှာလဲ”

သမီး ချက်ချင်း စကားမပြန်သေး။ ပြီးမှ

“မပြောတတ်သေးဘူး မေမေ”

“သမီး ..

သူ ခေါ်လိုက်သည်။ အမြန်ဆုံး ပြန်လာခဲ့ဟု ပြောလိုက်ချင်သော်လည်းနှုတ်ကမူ -

“သမီး ကျန်းမာရေးကို ဂရုစိုက်ဦးနော်”

“ဟုတ်ကဲ့ပါ၊ မေမေလည်း ကျန်းမာရေး ဂရုစိုက်ဦးနော်”

ဒေါ်ခင်မိသည် အချက်အလက် တစ်ခုကို ရုတ်တရက် သတိရလိုက် သည်။

“သမီး မဟာဝိဇ္ဇာ ဆက်တက်ဖို့ ကိစ္စလည်း ရှိသေးတယ်နော်၊ စီစဉ်စရာတွေ ရှိနေမှာပေါ့”

“အဲဒီ ကိစ္စက အဝေးကြီး လိုပါသေးတယ် မေမေ”

သူသည် တယ်လီဖုန်းကို ကိုင်ရင်း ကြက်သေ သေသွားမိသည်သမီးသည် ရက်အတန်ကြာအောင် ပြန်လာလိမ့်ဦးမည် မဟုတ်မှန်း သိလိုက်ရ သောကြောင့်ပင် ဖြစ်သည်။ သမီး တစ်စုံတစ်ခု ပြောသည်ကို သူ မကြားလိုက်။

“ဒါပဲနော် မေမေ၊ နောက်တစ်ခါ မြို့တက်မှ ဖုန်းထပ်ဆက်ဦးမယ်၊ မေမေလည်း ကိစ္စရှိရင် ဒီဖုန်းကိုပဲ ဆက်ပြီး မှာထားလိုက်ပေါ့”

”အေးအေး သမီး” ဟုသာ ပြန်ပြောလိုက်မိသည်။ သမီးက ဖုန်းချသွားသည်။ ဖုန်းထဲမှာအသံရှည် မြည်သံ ကြားရသည်။ တစ်ခုခု ပြောလိုက်ဖို့ ကောင်းတယ်ဟု တွေးမိသည်။ ဘာပြောလိုက်ရမှန်းတော့ မသိ။ ဖုန်းချလိုက်သည်။ ဒီဘက်လှည့် အကြည့်တွင် ကုလားထိုင်မှာထိုင်ရင်း သူတို့ ဖုန်းပြောတာ နားထောင်နေသော ဒေါ်မြရွှေကို တွေ့ရသည်။“ဘာတဲ့လဲ”..ဟု မေးသည်။

“သမီးက ခုလောလောဆယ် ပြန်မလာနိုင်သေးဘူးလို့ ပြောတာ”

“တစ်ပတ်တောင် ကျော်နေပြီပဲ””

“ဟုတ်တယ် ဒေါ်ဒေါ်””

““ပိုက်ဆံတွေ ဘာတွေကော လောက်လောက်cc ပါသွားရဲ့လား”

ထိုအခါကျမှ ခုန သမီးနဲ့ ဖုန်းပြောစဉ် တစ်ခုခု ပြောချင်နေတာ ဘာလဲဟု သတိရသွားသည်။ သမီးမှာ ငွေလိုသေးလားဟု မေးလိုက်ဖို့ပင် ဖြစ်သည်။ သမီး သွားတုန်းက သူက ငွေသုံးထောင် ပေးသည်။ သမီးက မယူ။ သမီးမှာ ငွေတစ်ထောင်လောက် ရှိပါသေးတယ်ဟု ပြောသည်။

“သမီးမှာ အနွေးထည်လည်း ကောင်းကောင်း ပါမသွားဘူးထင်တယ် ဟိုမှာ သိပ်ချမ်းမှာပဲ၊ ရာသီဥတု အေးစပြုလာပြီ”

“ဒါဆိုလည်း ညည်း လိုက်ပေးလိုက်ပါလား”

သူ ဒေါ်မြရွှေကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ဒေါ်မြရွှေက ထိုစကားကို နောက်သလို ပြောင်သလို ပြောလိုက်သည့်ဟန်မျိုး လုပ်နေသည်။

““မပူပါနဲ့အေ၊ ညည်းသမီး ဟိုမှာ ကြာကြာ မနေနိုင်ပါဘူး၊ တောမှာ အနေဆင်းရဲ၊ အစားဆင်းရဲနဲ့ ကြည့်စရာ ရှုစရာလည်း ဘာမှမရှိ၊ တော်ကြာနေ ပြန်လာမှာပါ”

ဒေါ်ခင်မိကတော့ ဟိုမှာ သမီးနေနိုင်ကြောင်း သိသည်။ သမီးသည် ခံနိုင်ရည်ရှိသူ ဖြစ်သည်။သူ သက်ပြင်းချရပြန်လေသည်။

*****

အခန်း [၃၄]

ခိုင်မာမာက ပရုတ်စိမ်ထားသော မုန့်ညှင်းဆီဖြင့် ဦးမြတ်ထွန်း၏ ခြေထောက်များကို လိမ်းပြီး ဆုပ်နယ်ပေးနေသည်။ ဦးမြတ်ထွန်းသည် ကျေနပ်ကြည်နူးသော မျက်နှာဖြင့် ကြည့်ရင်း သမီး လုပ်ပေးသမျှ ငြိမ်ခံနေသည်။

ဦးမြတ်ထွန်းသည် ခိုင်မာမာ ရောက်လာခါစကထက် ပို၍ ပြည့်ပြည့် ဖြိုးဖြိုး ဖြစ်လာသည်။ ပါးပြင်သည် ပြန်လည်အသားပြည့်လာပြီး သွေးရောင် ပြန်တက်လာသည်။ အသားအရေကလည်း ညိုညစ်ညစ် မဟုတ်တော့၊ လတ်လာသည်။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲတွေကို ခိုင်မာမာက အတင်းရိတ်ခိုင်းထားသဖြင့် မျက်နှာသည် သန့်ရှင်းပြီး ပေါ်လွင်လာသည်။ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ပေးထားသဖြင့် ရောက်ခါစကလောက် အိုမင်းရင့်ရော်သည်ဟု မထင်ရတော့။

ကိုအေးချစ်က ပုလင်းတစ်လုံးကိုင်ပြီး အိမ်ထဲ ဝင်လာသည်။ ဦးမြတ်ထွန်း၏ ပက်လက်ကုလားထိုင် တစ်ဖက်တွင် ဝင်ထိုင်သည်။ ဦးမြတ်ထွန်း ပုလင်းကိုကြည့်သည်။ ကိုအေးချစ်က ပုလင်းကိုမြှောက်ပြပြီး

“အတွင်းရေးမှူးက ဆရာထွန်းအတွက် ပေးလိုက်တာ”

“ဘာလဲကွ”

“မျောက်သွေးနဲ့ အာမီရမ် ရောထားတာ”

”ဟာ ငါ အရက်မသောက်တာ ဘယ်လောက် ကြာပြီလဲ”

“ဆေးအဖြစ်နဲ့ သောက်ရမှာပဲ ဆရာထွန်းရဲ့ မျောက်သွေးကသိပ်အားရှိတယ်၊ ညီမှာစိုးလို့ အရက်နဲ့ ရောထားတာ၊ အာမီရမ်ကလည်း ဆေးဖက်ဝင်တာပဲ၊ ပြီးတော့ ဒီဟာ သောက်ဖို့အတွက်က ဆရာ ဦးမြဝင်းက အကြံပေးလို့ အတွင်းရေးမှူးက ရှာလာခဲ့တာ”

“သမီး ဝယ်ထားတဲ့ အားဆေးတွေ ရှိသားပဲ”

““အဲဒါတွေလည်း သောက်ပေါ့၊ မျောက်သွေး ဆိုတာကတော့ ချက်ချင်း အားပြည့်လာစေတယ်လို့ သမီးလည်း ကြားဖူးတာပဲ၊ စေတနာနဲ့ တကူးတက ရှာပေးတာ ဖေဖေ သောက်မှပေါ့”

“အင်း ငါလည်း မင်းတို့နှစ်ယောက် ပေါင်းတော့မှပဲ လူမမာ လုံးလုံး ဖြစ်တော့တယ်””

ဦးမြတ်ထွန်းက ရယ်၍ ပြောသည်။ ကိုအေးချစ်က

"တစ်ခါတလေ လူမမာ လုပ်ရတာ ကောင်းပါတယ် ဆရာထွန်းရဲ့"

ခိုင်မာမာက ပြုံးလိုက်သည်။

"မခိုင်မာမာ ထမင်းစားပြီးပြီလား"

"မစားရသေးဘူး၊ ခဏနေမှ စားမယ်"

"ဒီနေ့ကော ဘယ်အိမ်မှာ သွားရမှာလဲ"

"ဦးစိန်ဝ ပန်းပဲဖိုကတော့ ထမင်းစား ဖိတ်ထားတာပဲ၊ ဒီနေ့တော့ အိမ်မှာပဲ စားပါရစေတော့လို့ ပြောလို့ ပြောင်းဖူးကြော်တစ်ခွက် လာပို့သွား သေးတယ်၊ ရွာမှာလည်း ကျွန်မ ရောက်လာတာနဲ့ တာဝန်ပိုသလို ဖြစ်နေမလား မသိဘူး"

"မဟုတ်တာပဲ၊ ကျွန်တော်တို့ရွာက ဧည့်သည်ကို ထမင်းကျွေးရ တာကို သိပ်ဝါသနာပါတာဗျ၊ ဆရာထွန်းသမီး ဖြစ်နေတော့ ဘာပြောကောင်း မလဲ၊ အခု ရွာထဲမှာ မခိုင်မာမာကို ထမင်းမဖိတ်ကျွေးရသေးတဲ့အိမ်က ဂုဏ်မရှိသလို ဖြစ်နေတယ်လေ"

"ဟုတ်တယ် သမီး၊ ဖေဖေ ဒီရွာက မခွာနိုင်တာ အဲဒီအကြောင်းတွေ ကြောင့်ပေါ့"ဟု ဦးမြတ်ထွန်းက ဝင်ပြောသည်။

"ဒါနဲ့၊ ကျွန်တော် နက်ဖြန် မြို့ပေါ်တက်ဦးမယ်၊ ဘာမှာဦးမလဲ"

ကိုအေးချစ်က မေးသည်။ ခိုင်မာမာက

"တခြားတော့ မှာစရာမရှိပါဘူး၊ အိမ်ကို စာတစ်စောင် ထည့်ချင်တယ်""

"ပေးလိုက်လေ၊ ကျွန်တော် ထည့်ပေးမယ်"

"စာက မရေးရသေးဘူး၊ ညနေကျမှ ရေးရမှာ"

"ဒါဆို မနက် ကျွန်တော် လာယူမယ်"

ပြောပြီး ကိုအေးချစ် နှုတ်ဆက်ထွက်သွားသည်။

"ဖေဖေ ထမင်းစားတော့မလား"

"စားတာပေါ့ သမီးရယ်""

ခိုင်မာမာ ထမင်းပွဲပြင်သည်။ ဟင်းတွေက ဖွယ်ဖွယ်ရာရာရှိသည်။ ဆိတ်သားခြောက်ဖုတ်၊ ကြက်ဥကြော်၊ ပြောင်းဖူးကြော်၊ ဘူးသီးချဉ်ရည်။ ဘူးသီးချဉ်ရည်က ခိုင်မာမာကိုယ်တိုင် ချက်ခြင်းဖြစ်သည်။ ရန်ကုန်မှာတုန်းက မီးဖိုထဲ မဝင်ရသော်လည်း ဟင်းနှစ်မျိုး သုံးမျိုးလောက် ချက်တတ်အောင်တော့ လေ့လာထားဖူးသည်။ အစပ်အဟပ် တည့်၊ မတည့်တော့ မသိ။ ဖေဖေကတော့

"သမီးချက်တဲ့ဟင်းက ခံတွင်း သိပ်တွေ့တာပဲ"

ဟု ပြောသည်။ ဖေဖေ့ကို သူ ဟင်းချက်ကျွေးကြောင်း သိလျှင် မေမေ ဘာပြောမလဲ မသိ။

ထမင်းစားပြီးတော့ ခိုင်မာမာ ဖေဖေ့ကို အားဆေးတိုက်သည်။ ဦးမြတ်ထွန်းသည် သမီးက ပြုစုယုယသည်ကို အရသာခံနေပုံ ရသည်။ မိဘများသည် အသက်အရွယ် ကြီးပြင်းလာ၍ နာမကျန်းဖြစ်သောအခါတွင် သားသမီးများ၏ ပြုစုယုယမှုကို လိုသည်ထက် ပို၍ ခံယူလိုကြသည်ဟု ကြားဖူးသည်။ အထူးသဖြင့် တစ်သက်လုံး ဦးစီးခေါင်းဆောင်နေရာက နေခဲ့ရသော အဖေများ။

ဖေဖေကတော့ မိမိတို့ မိသားစုတွင် ဦးစီးခေါင်းဆောင် မပြုလုပ်ခဲ့ရသော်လည်း နှစ်ပေါင်းများစွာ ကွဲကွာနေသော သမီးဖြစ်သူနှင့် တွေ့တုန်းဆုံတုန်း အချိန်ရသလောက် အတိုးချပြီး အပြုစုခံချင်သလား မသိ။ ကိုအေးချစ်ကပင်

"ဆရာထွန်း အခုလောက် ပျော့ပျော့ပျောင်းပျောင်း ဖြစ်နေတာ တစ်ခါမှ မတွေ့ဖူးဘူး၊ မခိုင်မာမာ ရောက်လာတော့မှပဲ ဆရာထွန်းဟာ သူနာပြုဆရာမ လက်ထဲက ကလေးလေး တစ်ယောက်နဲ့ တူနေတော့တယ်" ဟု ပြောယူရသည်။

ဆေးသောက်ပြီးနောက် သားအဖနှစ်ယောက် ခြံထဲမှာ လမ်းဆင်း လျှောက်ကြသည်။ ဦးမြတ်ထွန်းသည် တုတ်ကောက်ကို အားပြု၍ လမ်းပြန် လျှောက်နေနိုင်ပြီဖြစ်သည်။ သွက်သွက်လက်လက်တော့ မရှိသေး။ အအေးမိ ဖျားခဲ့သဖြင့် ဒဏ်ရာပေါင်းရှိသော ခြေထောက်က အကြောတွေ ပြန်ဆိုင်း ချင်သလိုလို ဖြစ်သွားခဲ့သည်။ ခိုင်မာမာ ရောက်လာပြီးမှ အခြေအနေ တိုးတက်လာခဲ့ခြင်း ဖြစ်သည်။

ဦးမြတ်ထွန်း လမ်းလျှောက်နေရာမှ ရပ်လိုက်ပြီး

"သမီး ဘယ်တော့လောက် ပြန်မယ် စိတ်ကူးသလဲ"ဟု မေးသည်။

"မပြောတတ်သေးဘူး ဖေဖေ၊ ဖေဖေလည်း ရှင်းရှင်း နေကောင်း သေးတာမှ မဟုတ်ဘဲ"

"ဖေဖေ နေကောင်းနေပါပြီ၊ တော်ကြာ သမီးအမေ စိတ်ပူနေလိမ့်မယ်"

မေမေ စိတ်ပူနေမည့် ကိစ္စကို ဘာကြောင့် ထည့်ပြောသလဲဟု အကဲခတ်ကြည့်သည်။ ဖေဖေ့ မျက်နှာပေါ်တွင် စူးစမ်းနိုင်စရာ အမူအရာ မတွေ့ရ။

"မေမေ့ဆီ ဖုန်းဆက်ထားပြီးပါပြီ"

"သမီး ခုန ကိုအေးချစ်ကို ပြောတာ ကြားလိုက်တယ်၊ ရန်ကုန်ကို စာထည့်မလို့ဆို၊ ဒါဆို သမီး ဒီမှာ နည်းနည်း ကြာဦးမယ့် သဘောပေါ့"

ခိုင်မာမာက ဘာမျှ ပြန်မပြော။

"ဖေဖေ့အတွက် ဘာမှ နောက်ဆံမတင်းပါနဲ့ သမီး၊ ပြန်ရမယ့် အချိန်တန်ရင်

ပြန်ပါ၊ နောက်လည်း သမီး ဖေဖေ့ဆီ လာလာလည့်လို့ ရသားပဲ၊ တကယ်တော့ ဖေဖေက သမီးကို အကြာကြီး ပစ်ထားသလို နေခဲ့တာပါ၊ သမီး အမေကသာ သမီးကို တစ်သက်လုံး ပြုစုစောင့်ရှောက်လာတာ၊ သမီး အနေနဲ့ အမေနဲ့ပဲ နေသင့်ပါတယ်"

ခုတစ်ကြိမ်သည် သူရောက်ပြီး ပထမဆုံးအကြိမ် မေမေနှင့် ပတ်သက် သော စကားကို ပြောခြင်း ဖြစ်သည်။ မေမေ့အပေါ်မှာ အပြစ်တင် စကားမျိုး မပြောသည့်အတွက် အံ့သြရသည်။ ဖေဖေ့ကို ကြည့်လိုက်တော့ ခုချက်ချင်းပင်မိမိ ဒီရွာက ပြန်ထွက်သွားတော့မည်ဖြစ်၍ လွမ်းဆွတ်ကြေကွဲ နေသည့်ဟန်မျိုး ဖြစ်နေသည်။ ဖေဖေဟာ မေမေ့ကို သတိမရဘူးလားဟု သူ တွေးမိသည်။

"သမီးဟာ အနှစ်နှစ်ဆယ်လုံးလုံး မေမေနဲ့ နေခဲ့ပြီးပါပြီ။ နောက်ထပ် အနှစ်နှစ်ဆယ် ဖေဖေနဲ့ နေမယ်လို့ ဆုံးဖြတ်ရင်တော့ သမီး တရားပါတယ် ဖေဖေ"ဟု စိတ်ထဲက ပြန်ပြောလိုက်သည်။

သို့ရာတွင် ထိုအခိုက်အတန့်မှာပဲ မေမေ့ကို သတိရလိုက်မိပြန်သည်။ မေမေတော့ လွမ်းနေမှာပဲ။

မေမေရှင့်

သမီး ရှိသေစွာ စာရေးလိုက်ပါတယ်။ သမီး ပြည်သာရွာကို ချောချောမောမော ရောက်ရှိပါတယ်။ နေထိုင်စားသောက်ရေး အစစ အားလုံး အဆင်ပြေပါတယ်။ ရွာက လူတွေကလည်း သဘောကောင်းကြပါတယ်။

သမီးကို လိုလေသေးမရှိ ဂရုစိုက်ကြပါတယ်။ မေမေ သိကောင်း သိချင်မယ်ထင်လို့ ဖေဖေ့အကြောင်း သမီးပြောပြပါရစေ။ မေမေ သိသင့်တယ်ထင်လို့လည်း ပြောပြချင်တာပါ။ ဖေဖေဟာ အိမ်က ထွက်သွားပြီးတဲ့နောက် မှောင်ခိုစခန်း တစ်ခုရဲ့ သတင်းကိုလိုက်ရင်း မှောင်ခိုသမားတွေရဲ့ ရန်ရှာမှုကြောင့် ခြေထောက်မှာ ဒဏ်ရာရပြီး မသန်မစွမ်း ဖြစ်ခဲ့ရပါတယ်။ ပြည်သာရွာက လူတွေက ဖေဖေ့ကို ကယ်ဆယ်ထားလိုက်ရတယ်။ ဒါကြောင့် ဖေဖေ ဒီမှာပဲ ဇာတ်မြှုပ်ပြီး နေခဲ့ တာပါ။ ဖြစ်ပျက်သမျှ အကြောင်းစုံကို နောက်မှာပဲ ပြောပြပါ့မယ်။

အခု သမီး ရောက်သွားတဲ့ အချိန်မှာလည်း ဖေဖေဟာ မကျန်းမာ ဖြစ်နေပါတယ်။ သမီး ရောက်သွားပြီးမှ ထူထူထောင်ထောင် ဖြစ်လာတာပါ။ မေမေ စိတ်ပူနေလိမ့်မယ်ဆိုတာ သမီး သိပါတယ်။ ဒါပေမဲ့ မေမေရယ် နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ရတဲ့ အဖေတစ်ယောက်ကို မမျှော်လင့်ဘဲ ပြန်တွေ့ခဲ့ရပြီး အဲဒီ ဖခင်ဖြစ်သူဟာ မမာမကျန်း ဖြစ်နေတဲ့အခါ သမီး တစ်ယောက်အနေနဲ့ ဘယ်လိုလုပ်ပြီး ပစ်ထားခဲ့ရက်နိုင်ပါ့မလဲ။

ဒါကြောင့် သမီးကို ဖေဖေ ကျန်းမာလာတဲ့အထိ ဒီမှာ ဆက်နေခွင့် ပြုပါ မေမေ၊ မေမေ ခွင့်ပြုလိမ့်မယ်လို့လည်း သမီး ယုံကြည်ပါတယ်။ မေမေလည်း ကျန်းမာရေး ဂရုစိုက်ပါ။ မေမေ့ကို သမီး အမြဲ သတိရနေပါတယ်။ ဘွားလေးကိုလည်း သတိရကြောင်း ပြောလိုက်ပါ မေမေ။

သမီး

ဒေါ်ခင်မိသည် သမီး၏စာကို သုံးခေါက်တိတိ အပြန်ပြန် အလှန်လှန် ဖတ်သည်။ သူသည် အမှုတစ်ခုအတွက် သဲလွန်စ ရထားသော စာတစ်စောင်လို တစ်လုံးချင်းကို အဓိပ္ပာယ် ဖွင့်ကြည့်နေ၏။

ရွာက လူတွေက သမီးကို ဂရုစိုက်ကြတယ်ဟု ဆိုသဖြင့် သမီးသည် ထိုရွာမှာ ပျော်နေသလားဟု တွေးသည်။ သူ့အဖေအကြောင်း ပြောပြရာတွင် ဖြစ်ပျက်သမျှ အကြောင်းစုံကို နောက်မှ ပြောပြတော့မယ်ဆိုသော စကားအရ သမီး သူ့ဆီ မကြာခင် ပြန်လာမှာမို့လို့ပဲ ပြန်လာမှ ပြောပြမယ်လို့ ဆိုလိုတာပဲဟု တွေးပြီး အားတက်မိသည်။

ဖေဖေ ကျန်းမာလာတဲ့အထိ ဆက်နေခွင့်ပြုပါတဲ့။ သူက ဘယ်တော့ ကျန်းမာလာမှာလဲ။ ခြေထောက် မသန်မစွမ်း ဖြစ်နေတယ်လို့လည်း ပြောတယ်။ ဒါဆို တစ်သက်လုံး ဘယ်ကျန်းမာနိုင်ပါတော့မလဲ။

သူ့အဖေနှင့် ဆက်နေဖို့ ခွင့်ပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်တဲ့။ ခွင့်တောင်းပုံမှာ သစ်သီးတစ်လုံးကို တစ်ကိုက် ကိုက်စားပြီးမှ ကျွန်မ စားမယ် နော်ဟု ပြောသလို ဖြစ်နေသည်။ မိမိက ဆက်မနေနဲ့၊ ခု ပြန်လာခဲ့ဟု ပြောလို့ လည်း ဖြစ်သည်မှ မဟုတ်ဘဲ။

ခုအချိန်မှာ သူ အစိုးရိမ်ခဲ့ရဆုံး အချိန်ကာလကို ရောက်ရှိလာပြီ ဖြစ်သည်။ ကိုမြတ်ထွန်းသည် နှစ်အတော်ကြာအောင် ပျောက်ကွယ်နေရာမှ ဘွားခနဲ ပေါ်လာပြီး သူ့ထံမှ သမီးကို လုယူသွားလိမ့်မည်ဟု စိတ်ထင့်နေခဲ့ ရသည်။

ခု အခါ ထိုသူသည် သမီးကို လုယူဖို့ ကြိုးစားနေပြီလား။ သမီး ကကော သူ့အဖေနောက်ကို ကောက်ကောက်ပါအောင် လိုက်ဖို့ ကြံစည်နေပြီလား။

သမီးကို သူ တစ်သက်လုံး ကျွေးမွေးပြုစုလာခဲ့သည်။ အနေကြာ သူကို ပို၍ သံယောဇဉ် ကြီးလိမ့်မည်ဟု စိတ်မချရ။ သမီးကို လိုလေသေး မရှိအောင်၊ အဘက်ဘက်က ပြည့်စုံအောင် ဖန်တီးပေးထားခဲ့သည်။ သို့ရာတွင် သမီးသည် ဘယ်တုန်းကမှ လိုသည်ထက်ပို၍ မတောင်းခဲ့ဖူးချေ။ မတောင်းဘဲ အများကြီး ပုံပေးထားပါလျက် မယူချင် ယူချင် လျှော့ယူခဲ့သူသာ ဖြစ်သည်။

ဆိုကြပါစို့၊ သမီးသည် ငွေကြေးပြည့်စုံကြွယ်ဝသူ တစ်ယောက်၏ သမီး။ သို့ပါလျက် ထိုသို့ မနေခဲ့။

သမီးသည် သူ ကောင်းကောင်း မမှတ်မိသည့် အဖေ၏ အကျင့် စရိုက်တွေ ဝင်နေခဲ့သည်။ သူနှင့်အတူတူမနေရသော အဖေ၏ အတုကို ယူဖြစ်အောင် ယူခဲ့သည်မှာ အံ့ဩဖို့ ကောင်းသည်။

ခုအချိန် ပြန်တွေးကြည့်တော့မှ ထိုအကြောင်းတွေ တရေးရေး ပေါ်လာသည်။ ထိုအချက်အလက်များကို စုစည်းကြည့်လျှင် သမီး၏ ပင်ကို စရိုက် ပေါ်လာသည်။

သမီး ငယ်ငယ်တုန်းက.... ။

❊❊❊❊❊

အခန်း [၃၅]

သမီး သုံးလေးနှစ်သမီးအရွယ်က သုံးဘီး စက်ဘီးကလေးတစ်စီး ဝယ်ပေးဖူးသည်။ သမီး၏ အကျင့်တစ်ခုမှာ ကစားစရာ အသစ်တစ်ခု၊ အင်္ကျီ အဝတ်အစား အသစ်တစ်ခုရလို့ တခြားကလေးတွေလို ဝမ်းသာအားရ ခုန်ပေါက်ပျော်ရွှင်မှု မရှိတတ်ခြင်း ဖြစ်သည်။

ကစားစရာ အသစ်တစ်ခုရလျှင် သေသေချာချာ စေ့စေ့စပ်စပ် ကြည့်သည်။ ပြီးတော့ ခဏ ကစားကြည့်သည်။ သူ သဘောကျလျှင် ဆက်ပြီး ကစားသည်။ သူမကြိုက်လျှင် နောက်တစ်ကြိမ် ဘယ်တော့မှ ထပ်ပြီး မကစား တော့။

သုံးဘီး စက်ဘီးကလေးကိုလည်း သေသေချာချာ ကြည့်ပြီး "စက်ဘီးက သေးသေးကလေးဟု ပြောသည်။

"ကလေးစီးဆိုတော့ သေးတာပေါ့ သမီးရယ်"

"ဘီးကလည်း သုံးဘီးတောင်""

"ဒါမှ သမီး လဲမကျမှာပေါ့"

သမီးက ထိုသုံးဘီး စက်ဘီးကို လေးငါးရက်လောက် စီးပြီးနောက်မစီးဘဲ နေသည်။

"သမီး စက်ဘီးလေး ဘာလို့ မစီးတာလဲ၊ မကြိုက်ဘူးလား"မေးသောအခါ

"သုံးဘီးစက်ဘီး မစီးချင်ဘူး မေမေ၊ လူကြီးတွေ စီးတာမျိုးပဲ စီးချင်တယ်"

"ဪ ... သမီးရယ်၊ လူကြီးစီးတာမျိုးက ဘီးနှစ်ဘီးတည်းပါတာ၊ သမီး စီးတတ်မှာ မဟုတ်ဘူး၊ လဲကျလိမ့်မယ်"

"လဲပစေ မေမေရာ"

"လဲကျရင် သမီး နာမှာပေါ့"

"သမီး သတ္တိရှိပါတယ် မေမေရဲ့"

ထို့ကြောင့် သမီးကို နှစ်ဘီးစက်ဘီး အသေးစားလေးတစ်စီး ဝယ်ပေး ရသည်။ သမီး ခြေထောက်က ခြေနင်းကို မမီသေး။ စက်ဘီးပေါ် တင်ပြီး တွန်းပေးရသည်။ လူကြီးတွေ အလစ်တွင် သမီးက သူ့ဘာသာသူ စမ်းသပ် စီးကြည့်သည်။ ထိုင်ခုံပေါ်

မထိုင်ဘဲ ကြားထိုးစီးသည့်နည်းဖြင့် လေ့ကျင့်သည်။ မကြာခဏ လဲကျသည်။ ခြေထောက်တွေ ပွန်းပဲ့ကုန်သည်။ အံ့ဩစရာ ကောင်းလောက်အောင်ပင် တစ်ပတ်လောက်ကြာမှာပင် သမီး စက်ဘီး စီးတတ် သွားသည်။

သမီးသည် ထိခိုက်ဒဏ်ရာရလျှင် ဘယ်တော့မှ မငိုချေ။ အံကို ကြိတ်ပြီးခံသည်။ သိပ်နာလွန်းလျှင် မျက်ရည်တွေသာ တွေတွေကျလာသည်။ အသံမထွက်။

ဒါ သူ့အဖေ သင်ကြားပေးသွားခြင်း ဖြစ်သည်။ တစ်စုံတစ်ခု ထိမိခိုက်မိ၍ သမီးက ငိုမည်ကြံလျှင် "မငိုနဲ့ သမီး၊ ငိုရင် ပိုပြီး နာတယ်၊ သတ္တိရှိတယ်လို့ စိတ်ထဲမှာ ပြောကြည့်စမ်း၊ နာတာ ပျောက်သွားလိမ့်မယ်""

ဟု ဆိုသည်။ ထို့နောက်ပိုင်းတွင် သမီးသည် မငိုတော့ချေ။ မိမိက သမီးကို အလိုလိုက်တတ်သည်။ ထို့ကြောင့် သမီးက မိမိကို မကြောက်တာဟုပင် ထင်ခဲ့သည်။ သူ့အဖေ စကားကျတော့ သမီးက နားထောင်သည်။ တစ်ခါ ပြောထားရုံဖြင့် မှတ်မိသည်။ သူ့အဖေသည် သမီးကို တစ်ခုခုပြောတော့မည် ဆိုရင် သမီးရှေ့မှာ ထိုင်ချလိုက်ပြီး သမီး မျက်လုံးများကို ညှို့ငင်နေသလို စေ့စေ့စိုက်ကြည့်ပြီး ပြောတတ်သည်။

ထိုမျက်လုံးများသည် သမီး၏ ဗီဇစိတ်ထဲသို့ နစ်ဝင်သွားပြီး နောက်တွင်လည်း ထိုကဲ့သို့သော အကျင့်စရိုက်များ စွဲနေခြင်း ဖြစ်ကောင်း ဖြစ်ပေမည်။

သမီး ကျောင်းစတက်သောအခါ သွားရေးလာရေး အဆင်ပြေစေ ရန် ဟီးလ်မင်ကားလေးတစ်စီး ဝယ်လိုက်သည်။ တစ်သောင်းခွဲ ပေးရသည်။ မနက် မိုလ်ချုပ်ဈေးသွားလျှင် သမီးကိုပါ ခေါ်ပြီး ကျောင်းမှာ ဝင်ထားခဲ့သည်။ ကျောင်းဆင်းချိန်မှာ သွားကြိုပြီး ဆိုင်မှာ ခေါ်ထားသည်။

ညနေ ဆိုင်ပိတ်မှ သားအမိ အတူတူ ပြန်ကြသည်။ သူ့အဖေ မရှိသည့် နောက်ပိုင်း သမီးကို သူ ပို၍ ဂရုစိုက်သည်။ အရင်က သူ ဈေးသွားလျှင် သမီးကို အိမ်မှာ ထားခဲ့ရသည်။ ထို့ကြောင့် သမီးနှင့် တွေ့ရသည့်အချိန် နည်းသည်။ ထို့ကြောင့် သမီး ကျောင်းတက်သော အခါ ကျောင်းဆင်းလျှင် ဆိုင်မှာ ခေါ်ထားခြင်း ဖြစ်သည်။

သမီးသည် ဆိုင်ကိုရောက်လျှင် အိမ်စာတွေ တကုပ်ကုပ် လုပ်နေ တတ်သည်။ သမီးကို စားသောက်ဆိုင် ခေါ်သွားပြီး စားချင်တာ ကျွေးသည်။ တစ်ခါတလေ ဂါဝန်အင်္ကျီလေးတွေ၊ အရုပ်ကလေးတွေ ဝယ်ပေးသည်။

စားသောက်ဆိုင်တန်းသို့ သွားသည့်အခါ အင်္ကျီဆိုင်များ၊ ကစားစရာ ဆိုင်များကို ဖြတ်သွားရသည်။ သမီးသည် တစ်ခါ နှစ်ခါ လှည့်ကြည့်သည်။ ဘာဝယ်ပေးပါဟု တစ်ခါမျှ မပူဆာဖူးချေ။ တူရိယာဆိုင်ရှေ့က ဖြတ်အလျှောက် တွင် ရှိုးကေ့စ်ထဲတွင် ပြထားသော စောင်းကောက်ကြီးကိုတော့ တစ်ခါစိတ်ဝင်စားစွာ ရပ်ကြည့်ဖူးသည်။ ပြီးတော့

"""အဲဒါ ဘာလဲ" ဟု မေးသည်။သမီးသည် အိမ်က ကားနှင့် သွားရာတွင် ပြတင်းမှနေ၍ လမ်းဘေးက မြင်ကွင်းများကို စိတ်ဝင်စားစွာ ကြည့်နေတတ်သည်။ မီးပွိုင့်မှာ ကားရပ်လျှင် သူတောင်းစားကလေးတွေက ကားဘေးမှာ ရပ်ပြီး တောင်းတတ်ကြသည်။ ထိုအခါမျိုးတွင် သမီးသည် မျက်မှောင်တစ်ချက်ကုတ်ပြီး

အမေကို မော့ကြည့် တတ်သည်။ သမီးအလိုကို သိသဖြင့် သူတောင်းစားလေးတွေကို ပိုက်ဆံ ပေးရသည်။

တစ်ခါက သမီးသည် ကျောင်းက အပြန်တွင်”မေမေ ဟိုလိုကားမျိုး စီးချင်တယ်”

ဟု ပြောသည်။ သမီး ညွှန်ပြသော ကားက လူတွေ ပြည့်ကျပ် နေသော ဘတ်စ်ကားကြီး တစ်စီး။

“အို...သမီးကလည်း အဲဒီကားမျိုးက မေမေတို့လို ကိုယ့်ဘာသာ ကားဝယ်မစီးနိုင်တဲ့ လူမျိုးတွေမှ စီးတာ၊ လူကလည်း သိပ်ကျပ်တယ်၊”

“သူတို့က ဘာဖြစ်လို့ ကိုယ့်ဘာသာကိုယ် ကားဝယ်မစီးနိုင်တာလဲမကောင်းဘူး”

သမီးက မေးသည်။

“ဆင်းရဲလို့ပေါ့ သမီးရယ်”

““ဆင်းရဲတယ် ဟုတ်လား”

“ဟုတ်တယ် သမီး၊ ဆင်းရဲတယ်ဆိုတာ မကောင်းဘူး သိလား၊ ထမင်းစားရင်လည်း ဟင်းကောင်းကောင်းနဲ့ မစားရဘူး၊ အင်္ကျီတွေ ဘာတွေ ဆိုလည်း အစုတ်တွေပဲ ဝတ်ရတယ်”

သမီးသည် နောက်မှာ ကျန်ခဲ့သော ဘတ်စ်ကားကြီးကို တစ်ချက်လှည့်ကြည့်၍

“သမီးတို့ ကားကျတော့ ချောင်တယ်နော်၊ သမီးရယ်၊ မေမေရယ်၊ဘာဘာ ဦးမြင့်ရယ်ပဲ ရှိတယ်၊ ဟိုကားကြီးပေါ် မတ်တတ်ရပ်နေတဲ့ လူတွေကို သမီးတို့ ကားပေါ် တင်ခေါ်သွားလို့ မရဘူးလား”

“ဪ ... သမီးရယ်၊ သူတို့က မေမေတို့နဲ့မှ မသိဘဲ၊ ပြီးတော့ သူတို့ သွားမယ့်လမ်းနဲ့ မေမေတို့ သွားမယ့်လမ်းက တခြားစီပဲ”

သမီးသည် ဉာဏ်မမီတော့သောကြောင့်လား မသိ။ ဘာမှ ထပ်မပြောဘဲ ငြိမ်နေသည်။ သမီး လေးတန်းရောက်တုန်းက တစ်ခါ ဖြစ်ဖူးသည်။

တစ်ရက်တွင် သမီးကို ကျောင်းသွားကြိုသည်။ ကျောင်းဆင်းချိန် ထက် ဆယ်မိနစ်လောက် နောက်ကျသွားသည်။ တစ်ခါတစ်ရံ ကားပျက်လျှင် ခုလိုပင် နည်းနည်းပါးပါး နောက်ကျလေ့ရှိသည်။ ထိုအခါမျိုးတွင် သမီးက ကျောင်းဆင်ဝင်အောက်က စောင့်နေတတ်၏။

ထိုနေ့က သမီးကို ဆင်ဝင်အောက်မှာ မတွေ့ရ။ အပေါ့အပါးများ သွားနေသလားဟု စောင့်သည်။ မဟုတ်။ ခေါင်းနားပန်း ကြီးသွားရ၏။ တစ်ယောက်ယောက်ကများ သွေးဆောင်ဖြားယောင်းပြီး ခေါ်သွားသလား။ သူ့အဖေများ ခေါ်သွားသလားဟုတောင် စဉ်းစားမိသေးသည်။ နောက်မှ

ကျောင်းစောင့်ကြီး ရောက်လာပြီး ပြောပြသည်။ သမီးက သူ့ဘာသာပြန်မယ်လို့ ပြောသွားသတဲ့။

ဘတ်စ်ကားမှတ်တိုင်မှာ ရှာသည်။ မတွေ့ရ။ အပြန်လမ်းတစ်လျှောက် မှာလည်း ကားကို ဖြည်းဖြည်းမောင်းခိုင်းပြီး ကြည့်လာခဲ့သည်။ စိတ်တွေလည်း အရမ်းပူမိ၏။ သမီးက ဘတ်စ်ကားကို တစ်ခါမျှ မစီးဖူးချေ။ မတော်တဆ ကားပေါ်က ပြုတ်ကျမလား။ ဆင်းရမည့်မှတ်တိုင် မသိဘဲ ကျော်ပြီး ပါသွား မလား။ မှတ်တိုင်မှားဆင်းပြီး မသွားတတ်၊ မလာတတ် ဖြစ်နေမလား။ အိမ်ရောက်တော့ သမီးက ပြန်ရောက်နေပြီ ဖြစ်သည်။

"ဘယ်လို လုပ်လိုက်တာလဲ သမီးရယ်၊ မေမေဖြင့် စိတ်ပူလိုက် ရတာ၊ ဘာဖြစ်လို့ တစ်ယောက်တည်း ပြန်လာရတာလဲ"

မိမိက အရှိန်မကုန်သေးသော စိုးရိမ်မှုနှင့် မေးသည်။ သမီးကခပ်အေးအေးပင်။

"တစ်ခါတလေ သမီးဘာသာ ပြန်ကြည့်ချင်လို့ပါ၊ ပြီးတော့ ဘတ်စ်ကား လည်း စီးဖူးကြည့်ချင်လို့"

"ဘတ်စ်ကားက ဒီလောက်ကျပ်တာ၊ သမီးမို့ စီးချင်တယ်၊ မတော်တဆ...

"ဘတ်စ်ကား စီးရတာ ပျော်စရာကောင်းတယ် မေမေ၊ ကားပေါ်မှာ လူအမျိုးစုံ တွေ့ရတယ်၊ သူတို့ပြောတဲ့ စကားတွေကလည်း သိပ်နားထောင်လို့ ကောင်းတာပဲ"

"သမီးက ဘယ်မှတ်တိုင်မှာ ဆင်းရမယ်ဆိုတာ သိလို့လား"

"သမီး သူငယ်ချင်းတစ်ယောက် ရှိတယ်၊ သူတို့ အိမ်ကိုပြန်တဲ့ ဘတ်စ်ကားစီးလာရင် သမီးတို့ အိမ်လည်း ရောက်တယ်တဲ့၊ သူဆင်းရတဲ့ မှတ်တိုင်က အရင်လေ၊ သမီးက ဆက်စီးလာပြီး သူ သင်ပေးတဲ့အတိုင်း ကျောက်ကုန်းကွေ့ ပါတယ်လို့ အော်လိုက်တာပေါ့"

သမီးက ဂုဏ်ယူစွာ ပြောလိုက်သည်။

"နောက်ကို ဒါမျိုး မလုပ်ရဘူး သမီး"

မိမိသည် သမီးကို ပထမဆုံးအကြိမ် မျက်နှာထား တင်းတင်းဖြင့်ပြောမိသည်။ သမီးက ဘာမျှ ပြန်မပြောဘဲ နေသည်။ သမီး၏ မျက်နှာကတော့ သူ လုပ်ချင်တာကို လုပ်လိုက်ရသဖြင့်ကျေနပ်နေပုံမျိုး။

နောက်ပိုင်းတွင် ဆိုင်မှာ အချိန်ပြည့် မထိုင်ဖြစ်တော့။ သမီးကျောင်း ဆင်းချိန်ကျလျှင် သမီးကိုကြိုပြီး အိမ်ကို တစ်ခါတည်း ပြန်သည်။ ဆိုင်မှာ သမီး အနေကျုံ့သောကြောင့် ဖြစ်သည်။

တစ်ရက်မှာ သမီးက သူ့ သူငယ်ချင်းဆိုသော ကလေးမတစ်ယောက် ကို ကားပေါ် တင်ခေါ်လာသည်။ "သူတို့အိမ်က သမီးတို့ အိမ်ကိုပြန်တဲ့ လမ်းပေါ်မှာပဲ။ လမ်းကြုံလို့တစ်ခါတည်း ခေါ်ခဲ့တာ၊ သူလည်း လမ်းစရိတ် သက်သာတာပေါ့ မေမေဟု

သမီးက ပြောသည်။

သမီးတို့ကျောင်းသည် တစ်ချိန်က ငွေကြေးတတ်နိုင်သူများသာ ထားနိုင်သော သာသနာပြုကျောင်း ဖြစ်သည်။ ပြည်သူပိုင် သိမ်းပြီး အစိုးရ အထက်တန်းကျောင်း ဖြစ်လာသောအခါ မည်သူမဆို နေနိုင်သည့်ကျောင်း ဖြစ်လာသည်။

တစ်ခါ တစ်ခါ သမီးက ထိုကလေးမလေးကို အိမ်သို့ ခေါ်လာ တတ်သည်။ ပြီးတော့ အိမ်မှာ ရှိသမျှ ချကျွေးလေ့ရှိသည်။ ကလေးမလေးသည် အစပိုင်းတွင် ရွံ့တွန့်တွန့် ဖြစ်နေဟန်တူသည်။ သမီးက နိုင်ငံခြား ဘီစကွတ်နှင့် ရေခဲသေတ္တာထဲက ရေခဲမုန့်ကို ကျွေးသောအခါ မစားရဲဘဲ မိမိကို မော့ကြည့် သည်။ မိမိက

"စားလေ ကလေး"ဟု ပြောမှ စားသည်။ စားတော့လည်း တော်တော် မွတ်သိပ်နေဟန်ဖြင့် အားပါးတရ စားသည်။ ဘာမျှ မကျန်အောင် စားသည်။ သမီးက ဝမ်းသာ နေလေသည်။ သမီး၏ သူငယ်ချင်းများမှာ ထိုကဲ့သို့သော ကလေးတွေချည်းပင်ဖြစ်၏။

သမီးသည် အတန်း နည်းနည်းကြီးလာသောအခါ မကြာခဏပင် သူ့ဘာသာ ဘတ်စ်ကားဖြင့် ကျောင်းသွား၊ ကျောင်းပြန် လုပ်လာသည်။ မိမိကလည်း ဘာမျှ မပြောတော့။

အိမ်က ကားနှင့် လိုက်ပို့သည့် နေ့များဆိုလျှင် ကားကို ကျောင်းရှေ့ အထိ မမောင်းခိုင်း။ ခပ်လှမ်းလှမ်းမှာ ရပ်ခိုင်းပြီး ဆင်းလျှောက်သွားတတ် သည်။ တက္ကသိုလ် ရောက်သည်အထိ ကျောင်းဝင်းထဲ လမ်းလျှောက် ဝင်သွား တတ်သည်။

သမီးက ကိုယ့်ကားကိုယ် စီးတာကိုတောင် ရှက်နေသလား မသိ။ သမီးသည် အပျိုဖြစ်လာပြီး ကတည်းက သူ့ထဘီတွေကို သူ့ဘာသာ လျှော် သည်။

"ဆော်လီမား လျှော်မှာပေါ့ သမီးရယ်"ဟု ပြောသောအခါ

"အင်္ကျီတွေကတော့ အရေးမကြီးပါဘူး၊ ထဘီကျတော့ လျှော်ခိုင်း ရမှာ အားနာစရာကြီး၊ သူက သမီးထက် အသက်အများကြီး ကြီးတယ် မဟုတ်လား"ဟု ဆိုသည်။

ဈေးတောင်း ခေါင်းရွက်ပြီး ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက် နေရသော မိန်းကလေးငယ်များကို တွေ့၍ .

"တွေ့လား သမီး၊ သူတို့ခမျာ ပညာမတတ်လို့ ဆင်းဆင်းရဲရဲနေရရှာတယ်"ဟု ဆုံးမစကား ဆိုလျှင်

"သူတို့ကို ပညာတတ်အောင် သင်ပေးလိုက်ရင် ဘယ်ဆင်းရဲတော့မလဲ နော်"ဟု ပြန်ပြောတတ်သည်။

သမီးသည် ကိုယ့်ကိုယ်ကိုယ်ထက် သူတစ်ပါးကို ပို၍ စိတ်ဝင်စား တတ်သူ ဖြစ်လေသည်။

ဒေါ်ခင်မိသည် သမီးငယ်ငယ်က အကြောင်းတွေ စဉ်းစားနေရင်း

တစ်စုံတစ်ခုကို ဖျတ်ခနဲ တွေးလိုက်မိသည်။

သမီးသည် မိမိ ဖန်တီးပေးထားသော ပတ်ဝန်းကျင်ထက် သူ့အဖေ ကြိုက်တတ်သော ပတ်ဝန်းကျင်မျိုးကို ပို၍ သဘောကျပုံ ရသည်။ သူ့အဖေ၏ စရိုက်တွေ သမီးထံမှာ တဖြည်းဖြည်း ပေါ်လွင်လာသည်။ ထို့အတူ သမီးသည် မိမိ၏ သမီးလည်း ဖြစ်သည်။ ထိုအခါ မိမိ၏

စရိုက်လက္ခဏာတွေကော သမီးထံမှာ မရှိနိုင်ဘူးလား။ မိမိသည် သာမန်အားဖြင့် ကြည့်လျှင် စိတ်ဓာတ် ပျော့ပျောင်းသူ ဖြစ်သော်လည်း ဆုံးဖြတ်ချက် တစ်ခုကို ချပြီးလျှင် ဘယ်တော့မှ မပြင်တတ်။

ပြီးတော့ မိမိသည် တစ်ချိန်က ဖခင်ကို စွန့်ခွာပြီး ထွက်လာခဲ့ဖူးသူ။ ခု သမီးကလည်း ဆုံးဖြတ်ချက် တစ်ခုကို ချတော့မည်လား။ မိမိကို စွန့်ခွာသွားတော့မည်လား။

သူသည် ချက်ချင်းပင် တုန်လှုပ်ချောက်ချားသွားသည်။ မဖြစ်ဘူး၊ မဖြစ်ဘူး။ သမီးကို အမြန်ဆုံး ပြန်ခေါ်မှဟု တွေးသည်။ လူလွှတ်ပြီး ခေါ်ခိုင်းရ မလား။ သမီး ဖုန်းနံပါတ် ပေးထားသည့် မြို့ပေါ်က ရက်ကန်းလုပ်ငန်းဆိုတာသို့ ဖုန်းဆက်ပြီး ပြောရမလား။ ဖြစ်မည်မထင်။ သမီးသည် ပြန်လာခဲ့ဆိုတိုင်း ပြန်လာမည့် သူမျိုး မဟုတ်။ ဒီလို အတင်းပြန်ခေါ်လျှင် ပိုဆိုးသွားနိုင်သည်။

မိမိ အသည်းအသန် ဖြစ်နေသည်ဆိုပြီး ညာခေါ်လျှင်ကော၊ သမီး ပြန်ရောက်လို့ ညာမှန်း သိသွားလျှင် မိမိကို အထင်သေးသွားမည်။ ဪ ... မိမိသည် ကယောင်ကတမ်းတွေ ဖြစ်နေပါပကော။

*****

အခန်း [၃၆]

ဦးမြတ်ထွန်းကဲ့သို့ပင် ကိုအေးချစ်ကိုလည်း ရွာက လူတွေက ချစ်ခင်လေးစား ကြသည်။ သူသည် ရွာသူ ရွာသားများထဲမှ အနည်းငယ်သော ဘွဲ့ရတွေ ထဲတွင် တစ်ယောက် အပါအဝင် ဖြစ်သည်။ တခြားသော ဘွဲ့ရသူတွေက တစ်မြို့ တစ်ရွာမှာ အလုပ်သွားလုပ်ကုန်ကြပြီ။ ကိုအေးချစ်ကတော့ ရွာမှာပင် ကျောင်းဆရာ ပြန်လုပ်ရင်း ရွာ၏ အကျိုးကို သယ်ပိုးနေသူ ဖြစ်သည်။ သူက မူလတန်းကျောင်းကလေးမှာပင် နေသည်။ နှစ်ပတ် တစ်ခါလောက် မြို့ကို တက်တတ်သည်။ သူ ပြန်လာလျှင် ရွာက ကလေးတွေအတွက် ရွှေသွေး၊ တေဇ၊ လုပ၊ တို့ကျောင်းသား စသော စာစောင်များ၊ အရိုင်း၊ မြန်မာဟာသ ပုံပြင်၊ သမိန်ပေါသွပ် စသော ကာတွန်းများ ပါလာတတ်သည်။

သူက ကျောင်းချိန်မှာသာမက ညဘက်များတွင်လည်း ကလေးများကို စာသင်ပေးတတ်သည်။ ကလေးတွေ ဗဟုသုတဖြစ်စေရန် သိပ္ပံပညာအကြောင်း၊ အာကာသအကြောင်း စသည်တို့ကို ပြောပြတတ်သည်။ ကလေးတွေ စာဖတ်သည့် ဝါသနာဖြစ်အောင် ပြုစုပျိုးထောင်ပေးသည်။

ခိုင်မာမာကလည်း ကိုအေးချစ်ကို ဝင်ကူသည်။ သူက ကျောက်ခေတ် လူသားမှ ယနေ့ခေတ် လူသားများ ဖြစ်လာပုံ၊ အီဂျစ်ပြည်က ပိရမစ်များ အကြောင်း၊ မြန်မာသမိုင်းမှ သူရဲကောင်းများအကြောင်း ပြောသည်။ ကလေးတွေက သူ့ကိုလည်း အသည်းစွဲ ဖြစ်နေကြပြီ။ ဆရာမဟုပင် ခေါ်ကြသည်။

“ဟိုတစ်ချိန်ကဆိုရင် ကျွန်တော်တို့ ရွာမှာ ဘွဲ့ရဖို့ နေနေသာသာ ဆယ်တန်းအထိ သင်ဖူးတဲ့လူတောင် တော်တော်ရှားတယ်၊ ဒီမှာက ပညာရေးထက် စားဝတ်နေရေးကို အဓိကထားကြရတာကိုး၊ ဆရာထွန်း ရောက်လာပြီးတော့မှ ပညာတတ်တွေ များလာအောင် စည်းရုံးခဲ့လို့ ဘွဲ့ရတဲ့လူတွေ ပေါ်လာတာ၊ ကျွန်တော်လည်း တစ်ယောက်အပါအဝင်ပေါ့၊ ဆရာထွန်းသာ ရောက်မလာရင် ကျွန်တော် ခုလို ဖြစ်ချင်မှ ဖြစ်မယ်၊ ခုတော့ ကျွန်တော်က ဆရာထွန်းရဲ့ တာဝန် ကို လက်ဆင့်ကမ်းယူထားလိုက်ပြီ၊ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ ရွာက ကလေးတွေထဲက ဆရာဝန်တို့၊ အင်ဂျင်နီယာတို့ ထွက်ပေါ်လာဖို့ပဲ၊ ဟိုတစ်နေ့က ကျွန်တော်တို့ အလှူအိမ် သွားကြတယ် မဟုတ်လား၊ အဲဒီအိမ်က ရွှေထွန်းအောင်ကို ကျွန်တော် အားကိုးတယ်၊ ဒီကောင်က ထက်ထက်မြက်မြက် လည်း ရှိတယ်၊ စာလည်း ကြိုးစားတယ်”

ခိုင်မာမာ ကိုအေးချစ်ကို လေးစားသွားမိသည်။ ကိုအေးချစ်မှာ မိဘတွေ မရှိတော့။ သူ့အစ်ကိုတွေ၊ အစ်မတွေကလည်း သူ့မိသားစုနှင့် သူ၊ သူသည် ဒီရွာမှာ တစ်ကောင်ကြွက်၊ တစ်မျက်နှာဟု ဆိုနိုင်သည်။ သို့ရာတွင် သူ့ဘဝက အဓိပ္ပာယ် ရှိသည်။ သူသည် ရည်ရွယ်ချက် တစ်ခုဖြင့် အလုပ်လုပ်နေသူ ဖြစ်သည်။ မိမိဘဝကကောဟု ခိုင်မာမာ တွေးကြည့်သည်။

အဖေရော အမေပါ ရှိသည်။ သို့ရာတွင် အတူတူတော့ မနေရ။ မေမေသည် ငွေကြေး ကုံလုံကြွယ်ဝသူ ဖြစ်သည်။ မေမေနှင့် တူတူနေရခြင်းသည် ဘာမျှ လိုလေသေးမရှိ။ မပူမပင်ရ။ သို့ရာတွင် ပြီးပြည့်စုံခြင်းတော့ မရှိဟု ထင်သည်။

ဖေဖေနှင့် နေပြန်လျှင်လည်း မေမေတစ်ယောက်တည်း ကျန်ခဲ့မည်။ ပြီးတော့ ဒီရွာမှာ မိမိအတွက် နေရာရှိပါ့မလား။ မိမိသည် လူပိုတစ်ယောက် ဖြစ်နေမလား။ ရည်ရွယ်ချက် ကင်းမဲ့သော လူတစ်ယောက်တော့ မဖြစ်လို။ အဓိပ္ပာယ်မရှိသော ဘဝမျိုးတော့ မလိုချင်။

✳✳✳✳✳

အခန်း [၃၇]

ခိုင်မာမာနှင့် ကိုအေးချစ်တို့သည် အချိန်တိုတို အတွင်းမှာပင် ခင်မင် ရင်းနှီးခဲ့ကြသည်။ ခိုင်မာမာအဖို့ ရွာမှာ ကိုအေးချစ်သည် စကားပြောဖော်ပင် ဖြစ်သည်။ ပြီးတော့ သူက ခိုင်မာမာအတွက် လိုအပ်သမျှကို ကူညီဆောင်ရွက် ပေးနေသူ လည်း ဖြစ်သည်။

ကိုအေးချစ်သည် ဘောကျောင်းဆရာကလေး ဆိုသော်လည်း ခေတ်နှင့် မျက်ခြည်မပြတ်။ ရွာကို သတင်းစာ မရောက်သဖြင့် ရေဒီယို သတင်းတွေ နားထောင်သည်။ မြို့တက်သည့်အခါ သတင်းတွေစုပြီး ယူလာသည်။ လစဉ်ထုတ် စာနယ်ဇင်းတွေ ဖတ်သည်။ ကမ္ဘာ့အရေးအခင်းများ အကြောင်း ခိုင်မာမာနှင့် ဆွေးနွေးကြရာတွင် ရန်ကုန်မြို့ပေါ်က တိုင်းမ်၊ နယူးဝိစ် မဂ္ဂဇင်းများ မှန်မှန် ဖတ်သူများလောက် သူ သိနေကြောင်း တွေ့ရသည်။

သူ့ဆီမှာ စာအုပ်တွေ စုထားတာ ရှိသည်ဆိုသဖြင့် ခိုင်မာမာက ငှားဖတ်သည်။ သူဖတ်သော စာအုပ်များကို ကြည့်၍ သူ့အရည်အချင်းကို သိသာနိုင်သည်။

ခိုင်မာမာက ကဗျာတွေလည်း ရေးလေ့ရှိကြောင်း သူသိသွားသော အခါ စာပေအကြောင်း ဆွေးနွေးဖြစ်ကြသည်။ သူ၏ စာဖတ်အားသည် ခိုင်မာမာထက် မလျော့။ သူသာ စာရေးချင်စိတ် ရှိလျှင် စာရေးဆရာ တစ်ယောက် ဖြစ်လာနိုင်သည်။

ခိုင်မာမာသည် ကိုအေးချစ်ကို အထင်ကြီးမိလေသည်။ သူသည်လူအနည်းငယ်ကိုသာ အထင်ကြီးခဲ့ဖူးသည်။ ကိုအေးချစ်ကလည်း သူ့ကို တလေးတစားရှိကြောင်း သိသည်။

“မခိုင်မာမာ ဘယ်တော့လောက် ပြန်မယ် စိတ်ကူးသလဲ””

ဘုန်းတော်ကြီးကျောင်းကို ခိုင်မာမာက လက်နှိပ်ဓာတ်မီး လှူချင်သည် ဆိုသဖြင့် ကိုအေးချစ်က လိုက်ပို့သည်။ အပြန်တွင် ကိုအေးချစ်က မေးခြင်း ဖြစ်သည်။

“မပြောတတ်သေးဘူး၊ စိတ်ကူးကတော့ ဖေဖေ့ ကျန်းမာရေး ပြန်ကောင်းလာတဲ့ အချိန်လောက်ထိ နေမလားလို့၊ ဘာလဲ၊ ကျွန်မအတွက် ရွာမှာ တာဝန်တွေ ပိုနေပြီလား”

ခိုင်မာမာက နောက်လိုက်သည်။ နောက်မှန်း သိသော်လည်း ကိုအေးချစ် က အတည် ပြန်ပြော၏။

“ဟာဗျာ၊ ဘာဖြစ်လို့ တာဝန်ပိုရမှာလဲ၊ ဆရာထွန်း

သမီးပဲဟာ၊..ကျွန်တော်တို့ရွာက တစ်သက်လုံး ကျေးဇူးတင်နေမှာပါ... ရွာမှာ ... မခိုင်မာမာသာ ဒီရွာမှာ အမြဲနေမယ်ဆိုရင် သိပ်ကောင်းမှာပဲ”

ကိုအေးချစ်ကို ခိုင်မာမာ အကဲခတ်ကြည့်လိုက်သည်။ သူ ဘာကြောင့်ဒီစကား ပြောသလဲဟု တွေးသည်။ ကိုအေးချစ် မျက်နှာထားကတော့အစွန်းထွက်သည့် အမူအရာ မရှိ။ တည်တည်ငြိမ်ငြိမ်ပင်။

“ကျွန်မ ဒီမှာနေရင် လူပိုသက်သက် ဖြစ်နေမှာပေါ့၊ ရွာအတွက်ဘာမှ အကျိုးရှိမှာ မဟုတ်ဘူး၊ ကျွန်မက ကောက်လည်း မစိုက်တတ်ဘူး၊ အမဲလည်း မလိုက်တတ်ဘူး၊ ပျားလည်း မဖွပ်တတ်ဘူး၊ ကျောက်သွေးလည်း မရှာတတ်ဘူး”

ရွာက အဓိက အလုပ်အကိုင်များကို ဥပမာပေး၍ ပြောသည်။

“ကျောင်းဆရာမ လုပ်ရင် ရပါတယ်၊ ကျွန်တော်တို့ မူလတန်း ကျောင်းလေးမှာ ဆရာ လိုနေတာပဲ”

ခိုင်မာမာက ဘာမျှ ပြန်မပြော။ ကိုအေးချစ်က ဆက်၍

“အင်းလေ၊ ဒါလည်း မဖြစ်နိုင်ပါဘူး၊ မခိုင်မာမာက ပြန်ကိုပြန်ရမှာပါ၊ ဟိုမှာ မခိုင်မာမာရဲ့ အမေ ရှိသေးတယ် မဟုတ်လား”

ခိုင်မာမာသည် မေမေ့ကို ရုတ်တရက် သတိရလိုက်သည်။ မေမေ ဘယ်လိုများ နေရှာမလဲ။ သူ့ကို လွမ်းနေမှာ အမှန်ပဲဟု တွေးမိသည်။

စကားဆက်မပြောဖြစ်ဘဲ လျှောက်လာကြသည်။ ဆောင်းနံနက်ခင်း ဖြစ်သောကြောင့် ချမ်းစိမ့်စိမ့် ရှိသည်။ လမ်းလျှောက်လို့တော့ ကောင်း၏။

“မခိုင်မာမာ ပြန်သွားရင် ဆရာထွန်း ဘယ်လိုဖြစ်ပြီး ကျန်နေခဲ့မလဲလို့ ကျွန်တော် စဉ်းစားကြည့်မိတယ်”

”ဟုတ်တယ်၊ ကျွန်မလည်း ဒါကို တွေးနေမိတာပဲ၊ နှစ်ပေါင်း အတော်ကြာအောင် ကွဲနေတဲ့ သမီးကို ပြန်တွေ့ရပြီးနောက် တစ်ခါ ပြန်ခွဲရဦးမယ် ဆိုရင် ဖေဖေ ဘယ်လိုနေမလဲ မသိဘူး၊ ပြောသာ ပြောရတယ်၊ ကျွန်မလည်း ဖေဖေ့ကိုခွဲပြီး ပြန်သွားရမှာ သိပ်ဝန်လေးနေတယ်”

“အေးဗျာ၊ မခိုင်မာမာတို့ အဖြစ်ကလည်း မလွယ်ပါဘူး”

ခိုင်မာမာသည် ဖေဖေနှင့် မေမေတို့ လမ်းခွဲခဲ့ကြသည့် အကြောင်း ကိုအေးချစ်ကို သူ သိသလောက် ပြောပြနေသည်။ သူသည် ကိုအေးချစ်ကို အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်အား ဖွင့်ဟတိုင်ပင် သကဲ့သို့ သဘော ထားနေမိ၏။

“သူများ မိသားစုအရေးကို စပ်စုတယ်၊ ဝင်စွက်ဖက်တယ်လို့တော့ မထင်ပါနဲ့၊ မခိုင်မာမာ အနေနဲ့ အဖေနဲ့ အမေကို ပြန်ဆုံအောင် ကြိုးစားကြည့်ဖို့ စိတ်ကူး မရှိဘူးလား”

ခိုင်မာမာ အံ့သြသွားသည်။ ဖေဖေရယ်၊ မေမေရယ်၊ သူရယ် အတူတူ

နေချင်သည့် ဆန္ဒမှာ သူ၏ အကြီးမားဆုံး ဆန္ဒပင် ဖြစ်သည်။ သို့ရာတွင် ဖြစ်နိုင်လိမ့်မည် မဟုတ်မှန်း သိနေသောကြောင့် ထင်သည်။ ဖေဖေနှင့် မေမေကို ပြန်လည်ဆုံစည်းမိအောင် ကြိုးစားဖို့ စိတ်ကူးရန် သူ သတိမရခဲ့။ သူ့ကိုယ်သူ ရည်ရွယ်ချက် ပျောက်နေသောသူ၊ ဘဝအဓိပ္ပာယ် ကင်းမဲ့သူဟု သံသယ ရှိနေခဲ့ဖူးသည်။ အခု ကိုအေးချစ်က မေးနေပြီ။ ဒါသည်ပင်လျှင် သူ၏ ရည်ရွယ်ချက် ဖြစ်နိုင်သလား။

ကိုအေးချစ် မေးခွန်းကို သူ မဖြေတတ်။ ထို့ကြောင့်

"ကျွန်မ မပြောတတ်ဘူး၊ ကျွန် စိတ်မကူးရဲဘူး၊ မအောင်မြင်ရင် ကျွန်မ ဘယ်လို ဖြစ်သွားမလဲဆိုတာ မတွေးရဲဘူး"

"ကြိုးစားကြည့်စေချင်တယ် မခိုင်မာမာ၊ တကယ်ပါ မခိုင်မာမာ ရောက်လာတဲ့အချိန်ကစပြီး အဲဒီ စိတ်ကူးမျိုး ကျွန်တော် တွေးနေမိတယ်၊ တကယ်တော့ ဆရာထွန်းဟာ ကျွန်တော့်ရဲ့ မွေးစားအဖေလို့ ပြောရင် ရပါတယ်၊"

ရွာက လူတွေက ကျွန်တော့်ကို ဆရာထွန်းသားလို့ပဲ သဘောထားကြတယ်၊ ကျွန်တော်သာ ဆရာထွန်းသား တကယ်ဖြစ်ခဲ့ရင် ဘယ်လောက် ကောင်းမလဲ လို့ ခဏ ခဏ တွေးနေမိပါတယ်"

သူက ဖေဖေ့သား ဖြစ်ချင်တယ်တဲ့။ မိမိကတော့ ဖေဖေ့သမီးစစ်စစ် ဖြစ်ပါလျက် ဖေဖေနှင့် အမြဲတမ်း အတူမနေနိုင်သူ။

စကားတွေက လေးနက်သော အကြောင်းအရာဖြစ်သည်နှင့် အညီ ခြေလှမ်းတွေကလည်း နှေးနေကြသည်။ ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်သော ကြောင့် စကားမပြောဖြစ်ကြ။ အိမ်ကို လှမ်းမြင်ရတော့မှ ကိုအေးချစ်ကစကားတစ်ခွန်း ပြောသည်။

"မခိုင်မာမာတို့ အမေက တော်တော် လှတာပဲနော်"

"ရှင် မေမေ့ကို မြင်ဖူးလို့လား"

"“ဓာတ်ပုံထဲမှာ မြင်ဖူးတာပါ"

"ဓာတ်ပုံ၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဆရာထွန်း နေမကောင်းတုန်းက အဝတ်အစား လဲပေးမလို့ သေတ္တာကိုဖွင့်ရင်း အမှတ်မထင် တွေ့ခဲ့ရတာပါ"

ဖေဖေက မေမေ့ဓာတ်ပုံကို သိမ်းထားတယ်တဲ့။

သူ့ရင်တွေ ခုန်လာသည်။ အဆုံးသတ်နေသော ဇာတ်လမ်းကို လှုပ်နှိုးနိုင်သည့် ကြိုးစတစ်စကို ဆုပ်ကိုင်မိပြေပြီ။

✻✻✻✻✻

အခန်း [၃၈]

အဝတ်အစားအိတ်နှင့် ခြင်းတောင်းကို လှည်းပေါ်တင်သည်။ ရွာက လက်ဆောင် ပေးသမျှသာ အကုန်ယူခဲ့ရမည်ဆိုလျှင် လှည်းသုံးစီးလောက် ငှားရလိမ့်မည် ထင်သည်။ ရထားကျပ်လို့ပါဟု အကြောင်းပြပြီး ပျားရည် နှစ်ပုလင်းနှင့် ဆတ်သားခြောက်တွေသာ ယူခဲ့သည်။ သူပြန်တော့မည်ဖြစ်၍ ရွာသူ၊ ရွာသားတွေ အားလုံး စိတ်မကောင်းကြ။ သူ့ကို ချစ်ခင်နေကြပြီ။

"ဆရာမ နောက်တစ်ခါ လာဦးနော်"

ပန်းပဲဆရာ ဦးစိန်ဝ၏ သမီး ချိုမာကလေးက ပြောရင်း မျက်ရည်တွေ ဝဲလာသည်။ ရွှေထွန်းအခေါင်က -

"ဆရာမ၊ ကျွန်တော့်ကို ဆရာဝန်ကြီးဖြစ်အောင် စာသင်ပေးမယ်ဆိုပြီးတော့"ဟု ပြောရင်း ရှိုက်သံပါလာသည်။

တကယ်တော့ သူတို့သည် ဖေဖေ့ကိုယ်စား ဝမ်းနည်းပေးနေကြခြင်း ဖြစ်သည်ဟု ထင်၏။ ဖေဖေကတော့ ဘာမျှ မဖြစ်သည့် ပုံမျိုးဖြင့် ရယ်မောနောက်ပြောင်နေသည်။

"သမီး ရန်ကုန်ပြန်ရောက်ရင် ကားလမ်းတွေ ဘာတွေ ကြည့်ကူး နော်၊ သမီးက ကားမမြင်ရတာ ကြာတော့ တောသူမကြီးလို ဖြစ်နေလို့""

ဟု နောက်လိုက်သည်။ ခုလို ဖေဖေ ထူးထူးခြားခြား ရွှင်မြူး ပြနေတာကိုက တစ်ခုခု တမင်ဟန်ဆောင် ဖုံးကွယ်လို၍ ဖြစ်ကြောင်း သိသာ လေသည်။ ဖေဖေ့ရင်ထဲမှာတော့ ဘယ်လိုများ ခံစားနေရလိမ့်မှာလဲ။ ခိုင်မာမာနှင့် ကိုအေးချစ်တို့ မျက်လုံးချင်း ဆုံမိကြသည်။ မနေ့ညနေက ကိုအေးချစ် ပြောခဲ့သော စကားကို သတိရ၏။

"မခိုင်မာမာ ပြန်သွားတဲ့အတွက် သတိရ လွမ်းဆွတ်ရမယ့်သူတွေ ထဲမှာ ဆရာထွန်းက နံပါတ်တစ်ဆိုရင် ကျွန်တော်က နံပါတ်နှစ်လို့ ယူဆ ထားလိုက်ပါဗျာ"

သူ မိမိကို သံယောဇဉ်တွယ်တာနေမှန်း ခိုင်မာမာ သိသည်။ အကယ် ၍သာ မိမိ ဒီရွာမှာ နေဖြစ်မည်ဆိုလျှင် သူ ဖွင့်ပြောမှာ သေချာသည်။ ခုတော့ သူသည် ပြောချင်သည့် စကားများကို ရင်ထဲမှာပဲ သိမ်းထားရပေ လိမ့်မည်။ မိမိသည်လည်း ကိုအေးချစ်အပေါ် သံယောဇဉ်.. တွယ်တာနေ မိကြောင်း ခုမှ သိသည်။ ယောကျ်ားတွေထဲမှာ နံပါတ်တစ် အလေးစားဆုံးက ဖေဖေဆိုလျှင် နံပါတ်နှစ်က ကိုအေးချစ် ဖြစ်ပေလိမ့်မည်။

တကယ်တော့ ခု သူသွားမည့် ခရီးသည် သာမန် အိမ်အပြန်ခရီး မဟုတ်။ စွန့်စားမှုတစ်ခုကို ပြုလုပ်ဖို့ သွားမည့်ခရီး ဖြစ်သည်။ သူ့တစ်သက်လုံး မျှော်လင့်ခဲ့ရသော ဆန္ဒတစ်ခုအတွက် အဖြေရှာရမည့် ခရီးစဉ် ဖြစ်သည်။ စွန့်စားပြီဆိုကတည်းက အောင်မြင်ခြင်းနှင့် ဆုံးရှုံးခြင်း နှစ်ခုအနက် တစ်ခုသာ ရရှိနိုင်ပေလိမ့်မည်။ သူကတော့ စွန့်စားဖို့ ဆုံးဖြတ်ပြီးသား ဖြစ်၏။

"သွားကြရအောင်၊ ရထား မမီဘဲ နေမယ်"

ကိုအေးချစ်က ပြောပြီး လှည်းရှေ့ပိုင်းမှာ တက်ထိုင်လိုက်သည်။

ခိုင်မာမာက ဖေဖေ့ကို ထိုင်ကန်တော့သည်။ ဖေဖေ့မျက်နှာက ခုမှတည်တည်ကြီး ဖြစ်သွား၏။

"သွားမယ် ဖေဖေ"

ဖေဖေ ခပ်လေးလေး ခေါင်းညိတ်သည်။ ခိုင်မာမာ လှည်းနောက်မြီးမှာ တက်ထိုင်သည်။ နွားလှည်း စအထွက်တွင် ဖေဖေ့ကို သူ စကားတစ်ခွန်း ပြောသည်။

"ဖေဖေရော မေမေပါ မှန်တယ်ဆိုရင် မှားတဲ့သူက သမီးပဲ ဖြစ်လိမ့်မယ် ဖေဖေ၊ တကယ်တော့ သမီးဟာ အမှန်နှစ်ခုကြားမှာ လွဲမှားစွာ လူဖြစ် လာရတဲ့သူပါ ဖေဖေ"

ဖေဖေ ဆတ်ခနဲ တုန်သွားသည် ထင်၏။ ဖေဖေ ယခုလောက် ချောက်ချောက်ချားချား ဖြစ်သွားသည်ကို မမြင်ဖူးခဲ့။ တုတ်ကောက်ကို ထောက်၍ ထော့နဲ့ ထော့နဲ့ လျှောက်သွားရင်း လှည်းနောက်ကို လိုက်လာသည်။ ဖေဖေ တစ်ခုခု ပြောချင်ဟန်တူသည်။ နှုတ်ခမ်းတွေ တလှုပ်လှုပ် တရွရွ။ သို့ရာတွင် စကားသံ ထွက်မလာ။

"ဖေဖေ နေခဲ့တော့လေ၊ ဘာဖြစ်လို့ လိုက်လာတာလဲ"

ဖေဖေ တုံ့ခနဲ ရပ်လိုက်သည်။ ခိုင်မာမာကို ငေးကြည့်ရင်း ကျန်ရစ် ခဲ့သည်။ လှည်းက တရွေ့ရွေ့ ဝေးကွာသွားသည်။ ဖေဖေကတော့ ရပ်ကြည့် နေဆဲ။ ဖေဖေသည် တစ်သက်လုံး ထိုနေရာမှာပဲ ရပ်နေတော့မလား ထင်ရ၏။

✳✳✳✳✳

အခန်း [၃၉]

သားအမိနှစ်ယောက်တို့သည် တွေ့ဆုံမေးမြန်းခန်းအတွက် အသင့်ပြင်နေကြသလို မျက်နှာချင်းဆိုင် ထိုင်မိကြပေပြီ။ ဘယ်သူက မေးပြီး ဘယ်သူက ဖြေရမည် ဆိုတာသာ မသေချာသေးခြင်း ဖြစ်သည်။

မကောက မခိုင် ပြန်ရောက်လာပြီဟု လာပြောသောအခါ ဒေါ်ခင်မိ ဝမ်းသာအားရ ပြေးထွက်လာခဲ့သည်။ ဧည့်ခန်းထဲက ကုလားထိုင်မှာ ထိုင်နေသော သမီးကို တွေ့လိုက်ရသောအခါ ဝမ်းသာမှု အရှိန် တန့်သွားရ၏။ သမီးသည် သူ့အခန်းရှိရာသို့ မသွားဘဲ ဧည့်ခန်းထဲမှာပင် ဧည့်သည်တစ်ယောက်လို ဘာကြောင့်ထိုင်နေရလေသနည်း။

“မေမေ နေကောင်းတယ်နော်”

သတိရပြီး ဟု သမီးက လှမ်းနှုတ်ဆက်တော့မှ သူ ငေးကြောင်ကြည့်နေမှန်းသိသည်။

”အေး … ကောင်းပါတယ် သမီး”

ဟု ပြန်ပြောရင်း ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။ မကောက ခိုင်မာမာအနားသို့ သွားပြီး လက်ဆွဲခြင်းနှင့် အဝတ်အစားအိတ်ကို သယ်ယူရန် လက်လှမ်းလိုက်သည်။

“ခြင်းတောင်းပဲယူသွား မကော၊ အိတ်ကို ထားခဲ့” ဟု သမီးက ပြောလိုက်သည်။ သမီးကို ကြည့်ရသည်မှာ ကိုယ့်အိမ်ကိုယ့်ရာကို ပြန်ရောက်လာသူ တစ်ဦးနှင့် မတူ။ တောမှာ အနေကြာခဲ့သူမို့ နေသားမကျသေးတာ ဖြစ်လိမ့်မည်ဟု တွက်လိုက်သည်။

“သမီး အသားတွေတောင် ညိုသွားတယ်””

ဟု ဒေါ်ခင်မိက ပြောသည်။ သမီး နည်းနည်း ဝလာတာတော့အမှန်ပဲဟုလည်း တွေးနေမိသည်။ သမီးအဖေကော နေကောင်းသွားပြီလား ဆိုသော စကားကိုတော့ မမေးဖြစ်လိုက်။ သမီးကသာ မမေးဘဲ ပြောသည်။

“ဖေဖေက ရှင်းရှင်းတော့ နေမကောင်းသေးဘူး မေမေ၊ သမီး ရောက်သွားပြီးတဲ့နောက် တော်တော်လေးတော့ သက်သာပါတယ်”

ဆိုပြီး ဖေဖေ အိမ်က ထွက်သွားပြီးနောက် မှောင်ခိုစခန်းသတင်း လိုက်ရင်း အသတ်ခံရလုနီးနီး ဖြစ်ပုံ၊ တောထဲမှာ ဒဏ်ရာနှင့် မျက်စိလည် နေပုံ၊

ပြည်သာရွာသားများက ဖေဖေ့ကို ကယ်ဆယ်စောင့်ရှောက်ထားပုံ၊ ဖေဖေ ခြေထောက်မသန်မစွမ်း ဖြစ်ရပုံတို့ကို ပြောပြသည်။

ဒေါ်ခင်မိက ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ကို နားထောင်နေသည့်ဟန်ဖြင့် ခေါင်းကိုသာ တညိတ်ညိတ် လုပ်နေသည်။

“ဖေဖေနဲ့ မေမေတို့ လမ်းခွဲခဲ့ကြတဲ့ အကြောင်းကို မေမေ့ဆီက .. သိရပြီးသလို ဖေဖေ့ဆီကလည်း သိခဲ့ရပါတယ်၊ ဖေဖေက ဖြစ်ခဲ့တဲ့ ပြဿနာမှာ မေမေ့အပေါ် အပြစ်ပုံမချခဲ့ဘူး၊ မေမေ့ဘက်က ကြည့်ရင်လည်း မေမေ မှန်ပါ တယ်လို့ ပြောပါတယ်”

ခိုင်မာမာက သူ့အဖေနှင့် သူ့အဘိုးတို့ တွေ့ကြသည့်အကြောင်း ပြောပြသောအခါမှာတော့ ဒေါ်ခင်မိ အံ့ဩသွားရသည်။

ဦးဘရွှေ ကမ်းလှမ်းချက်ကို ကိုမြတ်ထွန်းက ပယ်ချလိုက်သည်ဆိုသော ကိစ္စကိုတော့ ဘဝင်မကျ။ ထိုစဉ်က ကိုမြတ်ထွန်းသာ လက်ခံလျှင် အရာရာ အဆင်ပြေသွားလိမ့်မည်ဟု ထင်သည်။ သို့ရာတွင် ကိုမြတ်ထွန်းသည် ဒါမျိုး ဘယ်တုန်းကမျှ မလုပ်ခဲ့သည်ကိုလည်း သူ သိသည်။

“ဖေဖေနဲ့ မေမေတို့ဟာ ဟိုတစ်ချိန်က ကိုယ့်အယူအဆ အသီးသီးကို အလျှော့မပေးဘဲ ဆုပ်ကိုင်ထားခဲ့ကြလို့ ပြဿနာတွေ ဖြစ်ခဲ့ရတာပါ၊ ခုချိန်မှာတော့ ဒါတွေဟာ မရှိသင့်တော့ဘူး ထင်ပါတယ်၊ တကယ်လည်း မရှိတော့ပါဘူး မေမေ၊ ခုချိန်ဟာ သဘောထားတွေ ပြောင်းလဲဖို့ အသင့်တော်ဆုံး အချိန် ...”

“သမီးက မေမေ့ကို သမီးအဖေဆီသွားပြီး တောင်းပန်ခိုင်းနေတာလား”

“တောင်းပန်ခိုင်းတာ မဟုတ်ပါဘူး မေမေ၊ ဖေဖေနဲ့ တွေ့ပြီးဖြေရှင်းဖို့ပါ”

ဒေါ်ခင်မိက ပြုံးလိုက်သည်။

“သင်္ချိုင်းမြေပုံထဲက အရိုးစုတစ်ခုကို တူးဖော်ပြီး စကားပြောခိုင်းတာလား သမီး”

“မေမေဟာ သိပ်မာနကြီးတာပဲ”

“ရှိတဲ့လူရဲ့ မာနထက် မရှိတဲ့လူရဲ့ မာနက ပိုကြီးတတ်တယ် သမီး”

ဦးမြတ်ထွန်းကို ရည်ရွယ်၍ ပြောခြင်း ဖြစ်သည်။

“ဖေဖေ့မှာ ဘာမာနမှ မရှိပါဘူး မေမေ၊ အာဃာတလည်း မရှိပါဘူး၊ ဖေဖေဟာ ခုချိန်မှာ မေမေ့ကို ခွင့်လွှတ်ဖို့ အဆင်သင့် ရှိနေလိမ့်မယ်လို့ထင်ပါတယ်”

““ဘာ ... ခွင့်လွှတ်ဖို့ ဟုတ်လား၊ ဒါဆို မေမေက မှားနေတာပေါ့၊မေမေက အပြစ်ရှိတဲ့လူပေါ့”

”အပြန်အလှန် ခွင့်လွှတ်လိုက်လျှောဖို့ သမီး ပြောနေတာပါ”

“ဒီမှာ သမီး၊ လမ်းခွဲဖို့ စကားကို ဘယ်သူက စပြောခဲ့တာလဲ၊ မေမေက စွန့်ပစ်ခံခဲ့ရတဲ့လူ၊ ကျန်ခဲ့တဲ့လူက လိုက်သွားသင့်သလား၊ ထွက်သွားတဲ့လူက ပြန်လာသင့်သလား”

ခိုင်မာမာ၏ စိတ်ထဲတွင် မျှော်လင့်ချက်တစ်ခု ဖြတ်သန်းသွားသည်။

“တကယ်လို့ ဖေဖေ ပြန်လာမယ်ဆိုရင်ကော”

ဒေါ်ခင်မိက ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းခါသည်။

“သမီးအဖေဟာ နောက်ပြန်လှည့်ကြည့်တတ်တဲ့လူမျိုး မဟုတ်ပါဘူး၊ မေမေကလည်း ပြန်လှည့်ကြည့်ရင် လက်ပြလိုက်မယ်လို့ မျှော်လင့် စောင့်စား နေတဲ့သူ မဟုတ်ပါဘူး၊ စိတ်ကူး မယဉ်ချင်စမ်းပါနဲ့ သမီး၊ ကဲ .. သမီးလည်း ပင်ပန်းလာပြီ၊ နောက်မှ အေးအေးဆေးဆေး ပြောကြသေးတာပေါ့၊ လိမ္မော်ရည် လေးဖြစ်ဖြစ် သောက်ပြီး ခဏတစ်ဖြုတ် လှဲနေလိုက်ပါလား”

ဒေါ်ခင်မိက စကားဖြတ်ပြောဖို့ ကြိုးစားသည်။ ခိုင်မာမာက တိုင်ကပ် နာရီကို လှမ်းကြည့်ပြီး

“သမီး သိပ် အချိန် မရဘူး မေမေ”

ခိုင်မာမာက သူ၏ စွန့်စားခန်းကို စဖွင့်လိုက်ပြီ ဖြစ်သည်။ ဒေါ်ခင်မိ အံ့သြငေးကြောင်နေဆဲ

“သမီး ဒီနေ့ညနေ ရထားနဲ့ ပြန်မယ်၊ အခု မေမေ့ဆီကို ပြောစရာတွေ ရှိလို့ ခဏ လာခဲ့တာပါ”

ဒေါ်ခင်မိ ရင်ထဲတွင် ရှုန်းရင်းဆန်ခတ် ဖြစ်နေသည်။ ဘာပြန်ပြောရမှန်း မသိဖြစ်သွားသည်။

”သြော်... သမီးက မေမေ့ဆီ လာလည်တာကိုး”ဟု မျက်လုံးများဖြင့်သာ ပြောလိုက်သည်။ သမီးက နားလည်သွားသည်။

“ခုန မေမေ ပြောသလိုပဲ သမီးဟာ စိတ်ကူးယဉ်ဆန်တဲ့ စိတ်ကူးကို အကောင်အထည်ဖော်ဖို့ ကြိုးစားခဲ့မိတာပါ၊ သမီးဘဝမှာ အဖြစ်ချင်ဆုံး ဆန္ဒက ဖေဖေရယ်၊ မေမေရယ်၊ သမီးရယ် အတူတူပြန်နေကြဖို့ပါပဲ၊ အဲဒီလိုဖြစ်အောင် သမီး ကြိုးစားကြည့်ခဲ့ပါတယ်၊ ဒါပေမဲ့ ခုတော့ မဖြစ်နိုင်ဘူးဆိုတာ သိရပါပြီ၊ လူသုံးယောက်ဟာ အတူတူ တစ်ပေါင်းတည်း မနေနိုင်ဘူးဆိုရင် နှစ်စု ခွဲရ ပါလိမ့်မယ်၊ လူသုံးယောက်ကို တစ်ဝက်စီ တိတိကျကျ ခွဲဝေဖို့ နှစ်နဲ့စားလို့ မရပါဘူး မေမေ၊ လူတစ်ယောက်နဲ့ လူနှစ်ယောက် အဖြစ်ပဲ ခွဲဝေလို့ ရပါတယ်၊ ဖေဖေကတော့ ချို့တဲ့တဲ့ အပြင် မကျန်းမမာ ဖြစ်နေတဲ့ လူတစ်ယောက်လည်း ဖြစ်နေပါတယ်၊ ဖေဖေ့ကို သမီး ပစ်မထားနိုင်ဘူး၊ ဒါကြောင့် သမီး ဖေဖေနဲ့ပဲ နေဖို့ ဆုံးဖြတ်လိုက်ပြီ”

ဒေါ်ခင်မိ ရင်ထဲတွင် တင်းကျပ်လာသည်။ ပေါက်ကွဲလုဆဲဆဲ အခြေအနေ။ ဒေါသဖြစ်တာလား၊ နာကြည်းတာလား၊ ဝမ်းနည်းတာလား၊ ထိုအရာတို့သည် သုံးပင်လိမ် ကြိုးတစ်ချောင်းလို ဖွဲ့စည်းရစ်ပတ်နေတာလည်း ဖြစ်နိုင်သည်။

”ခဏလေး သမီး”

ဒေါ်ခင်မိသည် သူ့အခန်းသို့ လာခဲ့သည်။ မီးခံသေတ္တာကို ဖွင့်သည်။ သမီး၏ အဘိုးဆီက အမွေရခဲ့သော စိန်တစ်ဆင်စာကို ထုတ်သည်။ ရှိသမျှ ငွေစက္ကူအုပ်တွေကို ယူသည်။ ဧည့်ခန်းသို့ ပြန်ထွက်လာသည်။ သမီးရှေ့က စားပွဲပေါ်မှာ ချပေးလိုက်သည်။

ခိုင်မာမာက ထိုအရာများကို တစ်ချက် တွေကြည့်သည်။ ချက်ချင်း မျက်နှာလွှဲလိုက်သည်။

“သမီးကို အမွေပေးတာလား မေမေ”

”အမွေဆိုတာ သေမှ ပေးရတာပါ သမီးရယ်၊ တကယ်တော့ ဟောဒီပစ္စည်းတွေသာမက တိုက်၊ ကား၊ အို ... အားလုံး သမီးအတွက်ချည်းပါပဲ”

ဘာမှ မလိုချင်ပါဘူး မေမေ၊ သမီးက မရနိုင်တဲ့ အမွေကိုမှ “သမီးလိုချင်ခဲ့တာပါ”

ခိုင်မာမာက ကြမ်းပြင်မှာ ဒူးထောက် ထိုင်ချလိုက်သည်။ လက်အုပ် ချီသည်။ ဦးချသည်။ သမီး ခေါင်းပြန် မော့လိုက်သောအခါ သမီးဆီမှာ ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးသော အရာကို တွေ့ရ၏။ မျက်ရည်စများ။

သမီး မတ်တတ်ရပ်လိုက်သည်။ လက်ဆွဲအိတ်ကို ယူသည်။

““သမီး သွားတော့မယ် မေမေ”

ဒေါ်ခင်မိသည် ခြေတွေ၊ လက်တွေကို ကြိုးတုပ်၊ ပါးစပ် အဝတ်ဆို့ပြီး အနှကြမ်းစီးခံနေရသူ တစ်ယောက်လို ဘာမျှ မပြောနိုင်၊ မလှုပ်ရှားနိုင်ဘဲဖြစ်နေသည်။

သမီးက အပေါက်ဝဆီသို့ လျှောက်သွားသည်။ ဒေါ်ခင်မိကို တစ်ချက် ပြန်လှည့်ကြည့်သည်။ ထို့နောက်

“မေမေ့ကို သမီး နောက်ဆုံးတစ်ခုတော့ ပြောခဲ့ချင်တယ်၊ ဖေဖေဟာ မေမေ့ရဲ့ ဓာတ်ပုံကို ခုထိ အမြတ်တနိုး သိမ်းထားတယ် ဆိုတာပါပဲ”

ဒေါ်ခင်မိ ဆတ်ခနဲ တုန်သွားသည်။ ခိုင်မာမာက ချာခနဲ လှည့်ထွက်သွားသည်။ ဒေါ်ခင်မိသည် မလှုပ်မယှက် ထိုင်နေရာမှ ထရပ်လိုက်သည်။

“သမီး”ဟု ခေါ်လိုက်၏။ သို့ရာတွင် သူ့အသံက ထွက်မလာ။ တံခါးပေါက်ရှိရာသို့ ပြေးသွားသည်။ သမီးသည် ခေါင်းကို ငိုက်စိုက်ချလျက် ခြံဝင်းထဲမှ ထွက်ခွာသွားခဲ့ပြီ။

နောက်ကို တစ်ချက်ကလေးတောင် လှည့်မကြည့်တော့ဘူးလား သမီး။ သမီးက လှည့်ကြည့်ရင်ကော သူ လက်ပြမိမှာလား။

စားပွဲပေါ်မှ ပစ္စည်းများကို ကြည့်လိုက်သည်။ ငွေစက္ကူအုပ်တွေက အသစ်ကျပ်ချွတ်။ စိန်ထည်တွေက အရောင်တဖျပ်ဖျပ်လက်နေသည်။

ဒါတွေက ဘာတွေလဲ။ ဘဝ အာမခံချက်တွေလား။ မဟုတ်။ သူ့အတွက် ဘဝအာမခံချက် ဆိုသည်မှာ သမီးသာ ဖြစ်သည်။ ခုတော့ သူ့မှာ သမီး မရှိတော့။ လောကကြီးတွင် သူတစ်ယောက်တည်းသာ ကျန်ခဲ့ပြီ။ ဘယ်သူ့ဆီမှာမှ ဘဝအာမခံချက်ဆိုတာ မရှိဘူးဟု ပြောခဲ့သော ကိုမြတ်ထွန်း၏ စကားကို ကြားယောင်လာသည်။

သူသည် သမီး၏ အခန်းဆီသို့ လာခဲ့သည်။ အခန်းထဲ ဝင်လိုက်သည်။ အိပ်ရာကို ကြည့်သည်။ အသစ်စက်စက် အိပ်ရာခင်းကို ခင်းထားသော သမီး၏အိပ်ရာသည် ဒီအတိုင်း အရာမယွင်း။ ပိုင်ရှင်မဲ့သွားခဲ့ပြီ။ မေမေက သိပ်မာနကြီးတာပဲဟု သမီးက ပြောသွားသည်။ မိမိသည်ရှေ့တင်မှာ မာနကြီးပြီး ကွယ်ရာကျလျှင် နောင်တရတတ်သူ ဖြစ်ကြောင်း သူတို့ မသိကြဘူးလား။

အိပ်ရာခင်းကို ဆွဲယူ၍ လုံးခြေလိုက်သည်။ ပြီးတော့ နံရံကို ပစ်ပေါက်လိုက်၏။ တစ်ချိန်လုံး တင်းထားသော စိတ်များသည် လဲပြိုခါနီး သစ်ပင်အိုကြီးကဲ့သို့ တဖျစ်ဖျစ်မြည်ကာ ယိမ်းယိုင်နေသည်။ သူသည် သမီး အိပ်ရာပေါ်သို့ လဲကျသွားလေသည်။

*****

အခန်း [၄၀]

"စိုးရိမ်စရာ မရှိပါဘူး၊ အားနည်းပြီး မူးလဲတာပါ၊ အိပ်ရေးလည်း ပျက်တယ် ထင်တယ်"

ဟု ဆရာဝန်က ပြောသည်။ ဒေါ်ခင်မိ ခေါင်းသာညိတ်ပြလိုက်၏။ "အကြောဆေး ထိုးပေးခဲ့တယ်၊ သောက်ဆေးလည်း ပေးခဲ့တယ်၊ အစားအသောက် ပူပူနွေးနွေးစားပြီး အားရှိအောင် အိပ်လိုက်ပါ၊ မနက်ဖြန်ဆို ကောင်းသွားမှာပဲ"

ဆရာဝန်က အကြောဆေး ထိုးပေးသည်။ သောက်ဆေးတွေ ပေးသည်။ ဆရာဝန် ပြန်သွားသောအခါ အခန်းထဲမှာ ဒေါ်ခင်မိနှင့် ဒေါ်ဒေါ်တို့ နှစ်ယောက်သာ ကျန်ခဲ့သည်။

"သမီး လာတုန်းက ငါ ဘုရားသွားနေလို့ပေါ့အေ၊ ငါသာရှိရင်ရအောင် တားတယ်"

ဒေါ်မြရွှေက ပြောသည်။ ဒေါ်ခင်မိက

"သမီးက သူ့အဖေကို ပိုချစ်လို့ ထွက်သွားတာပဲ ဒေါ်ဒေါ်"

"မခင်မိ၊ ညည်းရဲ့ စိတ်တွေ လျှော့လိုက်ဖို့ အချိန်တော်ပါပြီ၊ ညည်းတို့နှစ်ယောက် မာနပြိုင်ပွဲမှာ ငါ့မြေးကလေးက ဝင်ပြီး ဓားစာခံရတာပဲ၊ ညည်းတို့ဟာ အပြစ်မဲ့တဲ့ ကလေးတစ်ယောက်ကို လူ့လောကထဲ သက်သက် ခေါ်ပြီး ညှဉ်းဆဲတာပဲ"

"တော်ပါတော့ ဒေါ်ဒေါ်ရယ်""

ဒေါ်မြရွှေက စီးလာသော မျက်ရည်များကို ရှန်သားအင်္ကျီလက်စဖြင့် တို့၍ သုတ်နေသည်။ ဒေါ်ခင်မိသည် အတော်ကြာအောင် တွေဝေးနေ၏။ပြီးမှ

"ကိုဝင်းမြင့်ကို ခေါ်ပေးပါ ဒေါ်ဒေါ်"

ဒေါ်မြရွှေက ဦးဝင်းမြင့်ကို သွားခေါ်လာသည်။

"ပြောပါ မမိ"

"ကိုဝင်းမြင့်၊ ကားကို ဓာတ်ဆီအပြည့်ထည့်ပြီး အဆင်သင့်လုပ်ထားပါ ကျွန်မ ခရီးထွက်စရာရှိတယ်"

"ဘယ်တော့သွားမှာလဲ မမိ"

"အခုပဲ"

"အို...မခင်မိ၊ ညည်း ကောင်းကောင်းနေကောင်းသေးတာမှ မဟုတ်ဘဲ၊ တစ်ရက်၊ နှစ်ရက်နေမှ သွားချင်သွားပေါ့"

ဒေါ်မြရွှေက ဝင်ပြောသည်။

"ကောင်းပြီလေ၊ ကားကိုသာ အဆင်သင့်လုပ်ထား၊ ကျွန်မတို့ နက်ဖြန်မနက် အစောကြီးထွက်မယ်"

✳✳✳✳✳

အခန်း [၄၁-ဇာတ်သိမ်း]

ကိုဝင်းမြင့်က ကားကို ရပ်လိုက်သည်။ သူတို့သည် တစ်နေ့လုံး မရပ်မနား မောင်းလာခဲ့ကြသည်။

"ကား ဘာဖြစ်လို့လဲ"

ဒေါ်ခင်မိက မေးသည်။ ဦးဝင်းမြင့်က ပြည်သာရွာဆီသို့ လယ်ကွင်းတွေဖြတ်ပြီး မောင်းရမည့် လှည်းလမ်းကြောင်းကို မျှော်ကြည့်၍-

"လမ်းကတော့ တော်တော်ဆိုးမှာပဲ၊ ကားက သိပ်နတယ်" ""မောင်းမှာသာ မောင်းပါ ကိုဝင်းမြင့်၊ ကားကို ညှာနေစရာ မရှိဘူး၊ တစ်စစီဖြစ်ချင် ဖြစ်သွားပါစေ"

ဒရိုင်ဘာ ဦးဝင်းမြင့်က အနည်းငယ် ပြုံးသည်။ ပြီးတော့ ကားကိုလှည်းလမ်းကြောင်းဆီသို့ ဦးတည်လိုက်၏။

လမ်းက ကြမ်းသည်။ လှည်းလမ်းကြောင်းကိုခွပြီး မောင်းရသည်။ တစ်ခါ တစ်ခါတွင် မြေကမူများနှင့် ကားအောက်ပိုင်း တိုက်မိသံ ကြားရသည်။

ဖုန်လုံးတွေ တလိပ်လိပ်တက်ရင်း နောက်မှာ ကျန်ရစ်ခဲ့သည်။ တောင်ရိုးကလေးကို နောက်ခံထားသော ပြည်သာရွာကလေးက တဖြည်းဖြည်း နီးလာပြီ ဖြစ်၏။

ရွာထဲသို့ ဝင်လာသည်နှင့် လူတွေက အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြသည်။ ကားဟူ၍ တစ်ခါတစ်ရံ ရွာသို့ ရောက်လာတတ်သော ဂျစ်ကား၊ ကုန်တင်ကားများသာ မြင်ဖူးသော သူတို့သည် အသစ်စက်စက် နောက်ဆုံးပေါ် ခရက်ဆီဒါ ကားကလေးကို တအံ့တဩ ကြည့်နေကြ၏။

ဦးဝင်းမြင့်က ကားရပ်ပြီး ဦးမြတ်ထွန်းတို့အိမ်ကို မေးသည်။ ရွာလယ် လမ်းမအတိုင်းသွား၊ မူလတန်း ကျောင်းလေးဘေးက အိမ်ပဲဟု ညွှန်လိုက် သည်။ ကလေးတစ်ယောက်ကတော့ ကျွန်တော့်နောက်က လိုက်လာခဲ့ဆိုပြီး ရှေ့ကနေ စွတ်ပြေးလေတော့သည်။

ကားက ခပ်ဖြည်းဖြည်း မောင်းလိုက်သွားသည်။ မူလတန်းကျောင်းကလေးရှေ့ အရောက်တွင် "ခဏရပ်ဦး ကိုဝင်းမြင့် "

ဟု ပြောလိုက်သည်။ ကျောင်းဝင်းထဲက ထွက်လာသော သမီးနှင့် လူရွယ်တစ်ယောက်ကို လှမ်းမြင်လိုက်ရသောကြောင့်ပင်။ သမီးကလည်း ကားကို မြင်သွားသည်။ ကားဆီသို့ ပြေးလာ၏။ ဒေါ်ခင်မိ ကားတံခါးကို ဖွင့်ပြီး ဆင်းသည်။

သမီးက သူ့ကို ဝမ်းသာအားရ ဖက်လိုက်၏။

“မေမေ လိုက်လာတယ်နော်”

သူ ခေါင်းညိတ်ပြသည်။

“သမီး သိတယ် မေမေ၊ မေမေ သမီးနဲ့ ခွဲပြီး မနေနိုင်ဘူးဆိုတာသမီး သိတယ်၊ မေမေ့ကို သမီး မချစ်လို့ ပစ်ထားခဲ့တာ မဟုတ်ပါဘူး မေမေရယ်၊ မေမေ လိုက်လာမယ်ဆိုတာ သိလို့ သမီး ထွက်လာခဲ့တာပါ”

သူက သမီးကို ပြန်ဖက်ထားလိုက်သည်။ စောစောက သမီးနဲ့ အတူတူ လျှောက်လာသော လူရွယ်က အနားမှာ လာရပ်သည်။ သမီးက မိတ်ဆက်ပေးသည်။

“ဒါ ကိုအေးချစ်တဲ့ မေမေ၊ ဒီကျောင်းက ဆရာ”

ကိုအေးချစ်က ပျူငှာစွာ ပြုံးပြသည်။

“ကျွန်တော် သိပ်ဝမ်းသာပါတယ် ဒေါ်ဒေါ်”

ဟုပြောသည်။ တောကျောင်းဆရာကလေးသည် ခေတ်ပညာတတ် ရည်မွန်သော လူငယ်တစ်ယောက်ဟု ဒေါ်ခင်မိ အသိအမှတ် ပြုလိုက်သည်။

ခိုင်မာမာက မေမေ့မျက်နှာကို စေ့စေ့ကြည့်၍

”မေမေ”

ဟု ခေါ်လိုက်ပြီး-

“ဖေဖေနဲ့ တွေ့လိုက်ပါဦးနော်”

ဒေါ်ခင်မိ တွေပြီး ရပ်နေသည်။ သူ့နှလုံးသားကတော့ ရင်ကိုတွန်းကန်နေလေသည်။

”လာ မေမေ”

သမီးက လက်ကိုဆွဲ၍ ခေါ်သည်။ ဒေါ်ခင်မိသည် ခြေလှမ်းကို စလှမ်းလိုက်၏။

ခြံဝင်းထဲ ဝင်လိုက်သည်တွင် အိမ်ရှေ့မှာ တုတ်ကောက်ကို ထောက်၍ ရပ်နေသော ဦးမြတ်ထွန်းကို လှမ်းမြင်လိုက်ရသည်။ ဒေါ်ခင်မိ ရပ်လိုက်၏။ ဦးမြတ်ထွန်းကို ငေးကြည့်နေသည်။ မျက်လုံးချင်း ပြန်ဆုံမိကြလေပြီ။

ကိုမြတ်ထွန်း၏ ရုပ်ရည်သည် များစွာ ပြောင်းလဲသွားသည်။ အရွယ်နှင့် မမျှအောင် အိုမင်း ရင့်ရော်နေသည်။ သို့ရာတွင် မိမိကို ကြည့်နေသော မျက်လုံးများကို တွေ့သောအခါ သူသည် ဘာမျှ မပြောင်းလဲသေးကြောင်း သိလိုက်ရသည်။ သူ့ နှလုံးသားများသည်လည်း ဟို ယခင်အခါဆီကလို နပိုလုန်းဆန်းနေပါစေ။

ဒေါ်ခင်မိက ကိုမြတ်ထွန်းဆီ ခပ်ဖြည်းဖြည်း လျှောက်သွားသည်။

ကိုမြတ်ထွန်းသည်လည်း ဒေါ်ခင်မိကို ငေးကြည့်နေရာမှ တုတ်ကောက်ကို အားပြုဖို့ သတိမရဘဲ ခြေတစ်လှမ်း လှမ်းလိုက်ပြီး .. ဟန်ချက်ပျက်ကာ ယိုင်သွား၏။ ဒေါ်ခင်မိက သူ့လက်မောင်းကို လှမ်းကိုင်ပြီး ဖေးမထားလိုက် သည်။

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ သည်။ စကားတစ်ခွန်းမျှ မပြောဖြစ်ကြ။ သို့ရာတွင် စကားလုံးပေါင်း မြောက်မြားစွာ ပြောခဲ့ကြပြီးသလို နားလည်လိုက်ကြသည်။ နှလုံးခုန်သံ စည်းချက်များသည် စကားလုံးများပင် မဟုတ်လား။

ကိုအေးချစ်သည် ဒီလောက် လှပချောမောပြီး နုပျိုနေဆဲဖြစ်သော အမျိုးသမီးကြီး တစ်ယောက်နှင့် အိုမင်းရင့်ရော်ပြီး ခြေတစ်ဖက် မသန်သော လူကြီးတစ်ယောက်တို့သည် တစ်ချိန်က အလွန်မြတ်နိုးခဲ့ကြသော ဇနီးမောင်နှံ ဖြစ်ခဲ့ကြောင်းကို မယုံကြည်နိုင်သလို တအံ့တသြ ငေးမောကြည့်နေမိသည်။

ခိုင်မာမာကတော့ သူတို့နှစ်ယောက်တို့သည် လောကမှာ လိုက်ဖက်အညီဆုံး လူနှစ်ယောက်ဟု ထင်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ခိုင်မာမာ၏ မိဘများ ဖြစ်ကြသောကြောင့်ပင်။

ကိုအေးချစ်၏ လက်တစ်ဖက်သည် နွေးခနဲ ဖြစ်သွားသည်။ သူ ငုံ့မကြည့်သော်လည်း ခိုင်မာမာက သူ့လက်ကို ဆုပ်ကိုင်ထားလိုက်ခြင်းဖြစ်ကြောင်းသိလေသည်။

မင်းလူ

၈-၄-၁၉၈၆

✳✳✳✳✳

အဆုံးထိ ဖတ်ပေးခဲ့လို့

ကျေးဇူးတင်ပါတယ်

Whispers of Words